

www.burmeseclassic.com
BURMESE CLASSIC
ဖျူး
စင်တင်သည်
ပြောမပြတော့ဘူး
ပန်းချီ သိန်းဆွေကြည်
2010
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

BURMESE CLASSIC

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဆင်သမီး

## ပြောမပြတော့ဘူး

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၈၀၀၅၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၆၇၇၀၆၁၀ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ။ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

ဂ၉၅ . ၈၃

နတ်သမီး

ပြောမပြတော့ဘူး /နတ်သမီး။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၀

၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ပြောမပြတော့ဘူး


## အခန်း (၁)

"မနက်ဖြန် မင်းခန့်ညား ပြန်ရောက်မယ်တဲ့ဟေ့၊ သူ့ဌေးမကြီး ဒေါ်ခင်ထိပ်ထားက ဝန်ထမ်းတွေ အကုန်လုံး ညှိခန်းမှာ လူစုလာပါတဲ့"

ဝန်ထမ်းတွေရဲ့ အကြီးအကဲ ဦးသာအောင် ဆော်ဩလိုက်သည်နှင့် ဝန်ထမ်းတွေ အားလုံး လုပ်လက်စအလုပ်တွေ ရပ်တန့်ကာ ညှိခန်းကျယ်ကြီးထဲကို စုရုန်းရောက်ရှိလာကြသည်။

သိပ်မကြာခင်မှာ အသက်ရှေးဆယ့်ရှစ်နှစ် ဆိုပေမယ့် အရွယ်တင် နုပျိုလန်းဆန်း တက်ကြွနေသေးသော ဒေါ်ခင်ထိပ်ထား ပြုံးရွှင်ကြည်နူးနေသည့် မျက်နှာနှင့် ရောက်ရှိလာသည်။ တစ်ကိုယ်လုံး ရတီပြည့်စိန်အရောင်က လက်လက်တောက်လို့။ ဆံထုံးမြင့်မြင့်မှာ စိန်ဆံထိုးက ဝံ့ထည်စွာ ဂုဏ်ပကာသန ကြွယ်ဝမှုနှင့် လိုက်ဖက်လွန်းလှ၏။

www.burmeseclassic.com



"မနက်ဖြန် သားငယ် မင်းခန့်ညား နိုင်ငံခြားက ပညာသင်ပြီး လို့ ပြန်ရောက်လာမယ်၊ သားငယ်က အဖြူရောင်ကို နှစ်သက်တဲ့အတွက် သူ့စိတ်ကြိုက် သူ့အခန်းကို အဖြူရောင်တွေချည်း ဖြစ်စေချင်တယ်၊ အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံး အသုံးအဆောင်ကအစ သေချာပြင်ဆင်ထားပါ၊ စားဖိုဆောင်ဝန်ထမ်းတွေက ပုစွန်ထုပ်၊ အသား ငါး အားလုံးကို ကြော်မှစားတတ်တဲ့ သားငယ်အတွက် အမှားအယွင်း မရှိပါစေနဲ့၊ နောက်တစ်ချက်က ရေစိမ်းသောက်ရင် ဗိုက်နာတတ်လို့ ရေကျက်အေး မပြတ်တမ်း ကျိုပေးရမှာကိုလည်း ဂရုစိုက်ပါ"

အသံသြဇာ ပြည့်ဝလှသော ဒေါ်ခင်ထိပ်ထားရဲ့ အမိန့်ကို ဝန်ထမ်းအကုန်လုံး ခေါင်းညိတ် နာခံနေကြသည်။ မနှစ်မြို့စွာ မနာလို မရှုစိမ့် ဖြစ်နေသူက သားကြီး မင်းမဟာရဲ့ မိန်းမ မိုးစံပယ်ပင်။

ကိုယ့်ယောကျ်ားကရော ဒေါ်ခင်ထိပ်ထားရဲ့ သားကြီး တစ်ယောက် မဟုတ်ဘူးလား။ တစ်ဝမ်းထဲက မွေးထားပြီး ခွဲခြား ဆက်ဆံရတာ မကျေနပ်နိုင်။

ဒါပေမဲ့ ကိုယ့်ယောကျ်ား ကိုယ်တိုင်က အသုံးမကျတာမို့ ကွယ်ရာကသာ မဲ့ရွဲ့ နှာခေါင်းရှုံ့ရသည်။ လက်တွေ့မှာတော့ ဒေါ်ခင်ထိပ်ထား ပြောသမျှ ဦးမော့၍တောင် မကြည့်ရဲ။

"ဦးသာအောင်က မနက်ဖြန် ဒရိုင်ဘာနဲ့ လိုက်သွားပြီး သား





ယ်ကို လေယာဉ်ကွင်း လိုက်ကြိုပါ၊ ကျွန်မ မလိုက်တာက သားငယ် ပြန်ရောက်လာတဲ့ အထိမ်းအမှတ် ဂုဏ်ပြုပွဲ လုပ်ချင်လို့၊ အိမ်မှာ အစီအစဉ်ကျအောင် စီမံပေးချင်တယ်၊ တကယ်ဆို ကြိုတင်ပြီး စီစဉ်ထားသင့်တာ၊ သားငယ်က အနီးကပ်မှ ပြောလိုက်တော့ အလောတကြီး ဖြစ်သွားရတယ်၊ ဒါပေမဲ့ အားလုံး စေတနာ မေတ္တာနဲ့ ကြိုးစားလိုက်မယ်ဆိုရင် အဆင်ပြေ သွားမှာပါ၊ မာလီတွေက တခြားပန်းအရောင်တွေ ဝေးဝေးမှာထားပြီး ဂန္ဓမာပန်းအဖြူရောင်၊ နှင်းဆီအဖြူနဲ့ စံပယ်ပန်း၊ သစ်ခွပန်းအဖြူရောင်တွေကို သားငယ် အနီးစပ်ဆုံး မြင်နိုင် တွေ့နိုင်မယ့် နေရာတွေမှာ ရွှေ့ပြောင်းထားပါ"

သားငယ် မင်းခန့်ညား အတွက် အစီအစဉ်တွေ ချနေရတာ ဒေါ်ခင်ထိပ်ထား မမောနိုင် မပန်းနိုင်။

ကွဲကွာနေရတာ ဆယ်နှစ်ရှိပြီ မဟုတ်လား။

သားကြီး မင်းမဟာ ပညာရေးနဲ့ပတ်သက်ပြီး ညံ့ဖျင်းလွန်းတော့ သားငယ်ကို အားထားကာ အလယ်တန်းပညာသင်ဖို့ကတည်းက နိုင်ငံခြားမှာ ငွေကုန်ကြေးကျခံကာ ကျောင်းထားခဲ့သည်။

ခုဆို နိုင်ငံခြားပြန် အထူးကု ဆရာဝန်ကြီးအဖြစ်နဲ့ သားငယ် ပြန်ရောက်လာတော့မည်။

အဖေဖြစ်သူက သိရိစံ အထူးကုဆေးခန်းကြီးရဲ့ ပါမောက္ခချုပ်။



www.burmeseclassic.com

www.burmeseclassic.com



ငြီးတော့ MLD ရာထူးနှင့် ထည်ထည်ဝါဝါ။ ဆွေမျိုးအသိုက်အဝန်း မိတ်ဆွေများ အလယ်မှာ ဘယ်လောက် ဂုဏ်ရှိလိုက်မည်လဲ။

သားကြီးကိုလည်း အဲလို ဖြစ်စေချင်သဖြင့် ဂရုစိုက် ပံ့ပိုးခဲ့သေးသည်။ ဒါပေမဲ့ ငယ်ရွယ်စဉ်အရွယ်မှာ သားကြီးက အအိပ်အစား မက်သည်။ အရွယ်ရောက်လာချိန်တွင် ပညာရေးကို အလေးမထားဘဲ လောင်းကစားကိစ္စ၊ မိန်းမကိစ္စများနှင့် ရှုပ်ထွေးလာ၏။

ဖအေက ဆူပူမာန်မဲသလို မအေကလည်း ပြောဆိုဆုံးမပေမယ့် ဘာတစ်ခုမှ လိုက်နာခြင်း မရှိ။

လူချမ်းသာ သမီးဆိုပြီး မိန်းမတစ်ယောက် ခေါ်တင်လာခဲ့သည်။ ကိုယ့်ကိစ္စက အရှိန်အဝါနှင့် တင်တောင်းလိုက်ရတာတင် နည်းသလား။

ခုချိန်ထိလည်း အလုပ်အကိုင် လက်ကြောမတင်းသည့် လင်မယားနှစ်ယောက်လုံးကို အိမ်မှာခေါ်တင် ကျွေးထားရသည်။ အဖေဖြစ်သူက သူ့အလုပ်ပေါ်မှာ အလေးထားပြီး မိသားစုအပေါ် တည်တည်တံ့တံ့ အေးစက်စက်နေနိုင်သူမို့ သောကမများလှသော်လည်း သူမအနေဖြင့်တော့ သားနှစ်ယောက်ကို ချစ်သည့်ဖေနှင့် ပူလောင်လွန်းပါသည်။

ဒါပေမဲ့ မိမိပံ့သွင်းသလို နိုင်ငံခြား ပညာတော်သင်သွားဖို့





သားငယ် နာခံခဲ့တော့ မခွဲနိုင် မခွာရက်သော်လည်း ကျေနပ်အားရခဲ့သည်။ ပျော်ရွှင်ကြည်နူးခဲ့သည်။ မိဘအပေါ် အလိုက်သိ နားလည်သူမို့ အချစ်ပိုခဲ့မိတာလည်း အမှန်ပင်။

ခုဆို သားငယ် ပြန်ရောက်တော့မည်။

ရင်ထဲမှာ လှိုင်းတံပိုးထန် ဣန္ဒြေမရလောက်အောင် ပျော်ရွှင်နေမိသည်။

အလုပ်သမားတွေကို ဟိုဟာလုပ် ဒီဟာခိုင်းနှင့် ညွှန်ပြနေမိရင်း သားအတွက် ဂုဏ်ယူမြောက်ကြွနေ၏။

"ထိပ်ထား မင်းက သားတွေကို ဦးစားပေး မြှောက်စားလွန်းတယ်၊ မိဘတွေက သားသမီးတွေကို ချစ်ရင် အိပ်တဲ့အချိန်မှာ နိုးနမ်းရတယ်၊ သူတို့ မသိစေနဲ့တဲ့၊ ချစ်မှန်းသိရင် ဆိုးနွဲ့အနိုင်ယူပြီး ထင်ရာလုပ်တတ်တယ်၊ ခွင့်လွှတ်မှာပါပဲလေဆိုပြီး ဆင်ခြင်တုံတရား မရှိတော့ ပျက်စီးတတ်တာ ပေါ့၊ သားကြီးကို သာဓကယူပြီး သားငယ် အမှားမဖြစ်ပါစေနဲ့"

သားတို့အဖေက သူမကို သတိပေးခဲ့သည်။ သူ့လိုတော့ သူမ စိမ်းဆန်ဆန် ဥပေက္ခာမပြုနိုင်ပါ။

မိခင်ကောင်း ပီသစွာ နွေးထွေးအေးမြတဲ့ မေတ္တာတရားတွေနဲ့ သားတွေကို မိမိ ပျက်စီးအောက်မှာ ရင်ခွင်အောက်မှာ ထွေးပိုက်ယုယထား



www.burmeseclassic.com

www.burmeseclassic.com



ချင်သည်။

ဥမကွဲသိုက်မပျက် ထားချင်သည့်အတွက် သားကြီးမိန်းမကို မကြည်ဖြူလှသော်လည်း မငြိုငြင်အောင် ပုံပိုးရင်း ဒီအိမ်ကြီးမှာပဲ နေစေခဲ့သည်။

ဒါဟာ မိခင်တစ်ယောက်ရဲ့ ဖြူစင်ပြည့်ဝသော မေတ္တာတွေပါဟု နားလည်ပေးခဲ့လျှင်ဖြင့်. . .။

■ ■ ■



## အခန်း (၂)

ဒေါ်မြသီတာ အပြင်က ပြန်လာပြီး မိမိခြံဝင်းထဲကို ဝင်ဝင်ခြင်း တစ်ဖက်ခြံထဲက လှုပ်လှုပ်ရှရှ ဆူဆူညံညံအသံတွေကြောင့် ခြေလှမ်းတွေက ပုဏ္ဏားရိုပ်ပင်တွေကြားကနေ ထိုခြံဝင်းထဲကို ရောက်လာခဲ့သည်။

ပြုံးရွှင်တက်ကြွနေတဲ့ ဒေါ်ခင်ထိပ်ထား အနားကို သွားကာ

"မမ ထိပ်ထား ဘာတွေများ အပျော်လွန်ပြီး စီမံခန့်ခွဲနေတာလဲ"

"ဩော် မြသီတာ ဟင်း ဟင်း သားငယ် မင်းခန့်ညား မနက်ဖြန် ပြန်ရောက်တော့မှာမို့ အပျော်လွန်နေတာလေကွဲ့၊ သားငယ် အကြိုက်အားလုံး ပြင်ဆင်ပြောင်းလဲနေတာ"

"အို ဟုတ်လား မင်းခန့်ညား ပြန်လာတော့မှာပေါ့ ကလေး



www.burmeseclassic.com

www.burmeseclassic.com



[illegible] အချွန်တာ ထွက်သွားလိုက်တာ လူပျိုကြီးတောင် ဖြစ်နေလောက် ပြီ[illegible] ယော်ယော်ကတည်းက သူ့အစ်ကိုနဲ့ တူတာ မဟုတ်ဘူး၊ အရှင်း ချောပြီး ချစ်စရာကောင်းတာ၊ အံမယ်လေး မမ ထိပ်ထားထက် ပျော်မယ့် သူ တစ်ယောက် ရှိပါသေးတယ်''

''ဟင် ဘယ်သူလဲ မြသီတာရဲ့''

''မြရဲ့ သမီး ကာသစ်နွယ် လေး ခန့်ညားလေး ပြန်လာမယ့် ရက်ကို လက်ချိုး ရေတွက်စောင့်နေရှာတာ၊ မင်းခန့်ညား မွေးနေ့မှာ ခွေးရုပ်လေး လက်ဆောင်ပေးမယ်ဆိုတာ အဲဒီနေ့မှာ ခန့်ညားလေး နိုင်ငံခြား ထွက်သွားတာနဲ့ မပေးလိုက်ရလို့ တသသ ဖြစ်နေရှာတာပေါ့''

''အို ဟုတ်ပါရဲ့ ကာသစ်နွယ်လေးက သားငယ်ကို အရမ်း သံယောဇဉ်ကြီးတာ မမ သိပါတယ်ကွယ်၊ သူလည်း အရမ်းပျော်နေမှာ ပေါ့''

''ဟုတ်တယ် သမီးလေး သိအောင် ပြေးပြောလိုက်ဦးမယ်၊ ဪ ဒါနဲ့ အလုပ်လုပ်စရာ ရှိသေးရင် မြကို ပြောလေ၊ အားမနာနဲ့နော်''

''ကျေးဇူးတင်ပါတယ် မြရယ်၊ လိုလေသေးမရှိအောင် လုပ်ကိုင် ပေးမယ့် အခြွေအရံတွေ အများကြီး ရှိပါတယ်''

''ဟုတ်ကဲ့ ဒါဆို မြကို ခွင့်ပြုပါဦး''

''အင်း အင်း ကောင်းပါပြီကွယ်''





ဒေါ်မြသီတာ ပုဏ္ဏားရိပ်ပင်တွေကြားကနေ သူမတို့အိမ်ဘက် ရောက်သွားတော့ ဒေါ်ခင်ထိပ်ထား အနား မိုးစံပယ် ရောက်လာသည်။

''မာမီ ကာသစ်နွယ်က အရွယ်ရောက်ပြီး မြင်သူငေးအောင် ချောချောလှလှလေး ဖြစ်နေပြီနော်''

''အဲဒါ ဘာဖြစ်လဲ''

''ဘာဖြစ်ရမလဲ မာမီ့သားငယ်လည်း အရွယ်ရောက်နေပြီဆို တော့ အခုပြန်ဆုံရင် ငယ်သူငယ်ချင်း ငယ်သံယောဇဉ်တွေ ဖြစ်နိုင်ပါ တော့မလား''

''ဟင်''

ဒါကို ခေါ်ခင်ထိပ်ထား မေ့လျော့နေသည်။ ကလေးဘဝရဲ့ တွယ်တာမှုကိုသာ မြင်ခဲ့ဖူးတာမို့ ဒီအခြေအနေမျိုး ဖြစ်လာနိုင်သလား တွေးထင်မထားခဲ့။

ဟိုအရင်ကတည်းက ခြံချင်းကပ် နှစ်အိမ်တစ်အိမ်။ လူကြီးချင်း လည်း မိတ်ဆွေရင်းချာများ ဖြစ်ကြသည်။

ကွဲပြားသွားတာက မြသီတာ ယောကျ်ားဆုံးပြီး စီးပွားရေး ကျဆင်းသွားသဖြင့် အခြေအနေမှာ အခွံသက်သက် တိုက်အိုကြီးကိုသာ မြသီတာတို့ ပိုင်ဆိုင်ကြလေ၏။

မိမိတို့ကတော့ ဘိုးဘွားအမွေအနှစ်တွေက ကြွယ်ဝချမ်းသာမှု



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့သလို ဆုတ်ယုတ်မှု မရှိ တိုးတက်ကြီးပွားလာတာမို့ အချမ်းသာဆုံး စာရင်းဝင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

ပညာတတ် ဂုဏ်အင်္ဂါတွေနှင့်လည်း ပြည့်စုံခဲ့၏။ ကိုယ့်ရဲ့ ထည်ဝါ မှုကို မမော်ကြွားချင်သော်လည်း သားတွေကိုတော့ အဆင့် အတန်းတူ ဂုဏ်ရည်တူ မိန်းကလေးတွေနှင့်သာ လက်ဆက်စေချင်သည်။

ထိုဆန္ဒက သားတို့အဖေက ပိုလွန်လိမ့်မည် ထင်၏။ အမြဲတမ်း သူ ကြွေးကြော်လေ့ရှိသည်က ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် ကိုယ်ကျင့် တရားပင် ဖြစ်သည်။

အနေအေးဆေး တည်ငြိမ်သလို သမားဂုဏ်ကိုလည်း အပျက် မခံ။ သားတွေ ရှိသေကြောက်ရွံ့အောင်လည်း အမြဲတမ်း တည်တင်း အေးစက်စွာပင် ဆက်ဆံတတ်၏။

"မမကြီး မနက်ဖြန် သားငယ်ကို ဘယ်အချိန် ကြိုပေးရမှာလဲ ခင်ဗျာ"

"ဟင်"

ဦးသာအောင် အသံကြောင့် ဒေါ်ခင်ထိပ်ထား အတွေးတွေ ပြတ်တောက်လွင့်စင်သွားသည်။

"ဪ မနက်ဖြန် တစ်နာရီ ဖလိုက်နဲ့ ရောက်လာလိမ့်မယ်၊ သားကို အရင်ဆုံး ကျွန်မဆီရောက်အောင် ခေါ်လာခဲ့နော်၊ ဒီမှာ သား





အတွက် ကျွန်မ အပင်ပန်းခံ စီမံထားတာတွေကို သား တအံ့တဩ ဖြစ်သွားစေချင်တယ်"

"ဟုတ်ကဲ့ပါ ခင်ဗျ"

ဦးသာအောင် လှည့်ထွက်သွားတော့ ဒေါ်ခင်ထိပ်ထား ကြည်နူး ပီတိဖြစ်စွာ ပြုံးလိုက်မိသည်။

မနက်ဖြန်ဆို သားငယ် မျက်နှာလေးကို မြင်တွေ့ရတော့မည်။ ဒီတစ်ည သူမ ဘယ်လို အိပ်ပျော်အောင် ကြိုးစားရပါမည်လဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"သမီး သမီးရေ ကသစ်နွယ်"

ကသစ်နွယ်ကို အောက်ထပ်မှာ မတွေ့၍ တကြော်ကြော် အော်ရင်း ဒေါ်မြသီတာ အပေါ်ထပ် ရောက်လာသည်။

ကသစ်နွယ်က ဘုရားခန်းဘက်က ထွက်လာကာ

"မေမေ ဘာလို့ မောကြီးပန်းကြီး အော်လာရတာလဲ၊ အောက်ထပ်မှာ အလတ်ကောင်နဲ့ အငယ်မ စာကြည့်နေတာပဲဥစ္စာ၊ အရေးအကြောင်းရှိရင် ခေါ်ခိုင်းလိုက်တာ မဟုတ်ဘူး။ ကသစ်က ဘုရားပန်းလဲနေတာ မေမေရဲ့"

ဒေါ်မြသီတာက အမောဖြေနေပြီးမှ သမီး မျက်နှာလေးကို ပြုံးပြုံးကြီး စိုက်ကြည့်လိုက်သည်။





"သမီးလေး ဝမ်းသာလုံးဆို့သွားမယ့် စကားကို မေမေ ပြောချင်လို့ပါ၊ မင်းခန့်ညား မနက်ဖြန် ပြန်လာတော့မယ်တဲ့"

"ဟင် တ တကယ်ပြောတာလား မေမေ"

"ဟုတ်တယ် အခုလေးတင် မမ ထိပ်ထား ပြောလိုက်တာ၊ သူ့သားငယ် ရောက်မယ်ဆိုလို့ ပြင်ဆင်မွမ်းမံနေလိုက်တာများ မမောနိုင် မပန်းနိုင်၊ ခြံဝင်းတစ်ခုလုံး အဖြူရောင် ပန်းခင်းကြီးကျနေတာပဲ"

မယုံလို့မဟုတ်သော်လည်း ကိုယ်တိုင် မြင်ချင်တာကြောင့် အိမ်ရှေ့မျက်နှာစာ အလူမီနီယံ မှန်တံခါးပေါက်ကတစ်ဆင့် တစ်ဖက်ခြံဝင်းထဲကို လှမ်းကြည့်မိသည်။

တိမ်တောက်နေသော ညနေခင်းအလှနှင့်အပြိုင် အရာရာ အဖြူရောင် လွှမ်းနေသော ခြံဝင်းလေးက ရင်ခုန်စရာတောင် ကောင်းနေ၏။

"မေ မေမေ ခန့်ညား တကယ်ပြန်လာတော့မှာပေါ့နော်"

"အေးလေ သမီးရဲ့ တဝုတ်ဝုတ် ဟောင်သံပေးနေတဲ့ ခွေးရုပ်လေးနဲ့ သမီး အလွမ်းဖြေစရာ မလိုတော့ဘူး"

ကသစ် ပါးလေးကို ချစ်စနိုး ဖွဖွလိမ်ဆွဲ၍ ပြောလိုက်တာမို့ ကသစ် ရှက်သွေးဖြန်းကာ ထူပူသွား၏။

သားအမိ ဆိုပေမယ့် ဆိုးတိုင်ပင် ကောင်းတိုင်ပင် မှင့်လင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးမှု ရှိသည်မို့ ကသစ် ခံစားချက်ကို မေမေ နားလည်နေသည်။ ဆယ့်သုံးနှစ်အရွယ် ခန့်ညား နိုင်ငံခြားကို ထွက်သွားကတည်းက အိမ်မှာ ရှိနေသည့် အချိန်တိုင်း နေ့ည ခွေးရုပ်ကလေးကိုသာ ကသစ် အဖော် လုပ်နေခဲ့ရသည်ပဲ။

ခုလည်း မေမေ့ရှေ့က ပြေးထွက်လာကာ အခန်းထဲကို ဝင်ပြီး ခွေးရုပ်လေးကို ပွေ့ပိုက်၍ ကသစ် တအားရှိုက်နမ်းပစ်လိုက်သည်။

"ဝုတ် ဝုတ်"

ခွေးရုပ်လေးက သူ့ကို ထိလိုက်သည်နှင့် တဝုတ်ဝုတ် အသံပြု လေ၏။ ကသစ်က ခေါင်းလေးကို ဖွဖွဆုပ်ကိုင်ထားမှ ဟောင်သံ ရပ်သွား ခဲ့သည်။

"ဟိတ် နှင်းသခင် ပြန်လာတော့မယ်တဲ့၊ နှင့်ကို ပေးလိုက်တော့ မှာ၊ နင် သူ့ဆီမှာ လိမ်လိမ်မာမာ နေရမယ်နော်၊ သူက စိတ်ကြီးတယ်၊ စိတ်တိုလို့ ရိုက်ရင် အရမ်းမအော်နဲ့နော်"

ခွေးရုပ်လေးကို ပွေ့ပိုက်ကာ ခုတင်ပေါ် ပစ်လှဲချရင်း ကသစ် အရူးတစ်ယောက်လို တတွတ်တွတ် ပြောနေမိသည်။

ငယ်စဉ်ကလေးဘဝကို ပြန်တွေးရင်းလည်း ခန့်ညား ပုံရိပ်တို့ကို မြင်ယောင်မိ၏။

ခန့်ညား နိုင်ငံခြားကို ထွက်သွားတဲ့ ဆယ်နှစ်အတွင်းမှာ စာ





ငါးစောင်သာ သူမဆီကို ရောက်သည်။

မအားလပ်လို့ အချိန်မပေးနိုင်လို့ဆိုတာ သူမ နားလည်ပါသည်။ နိုင်ငံခြားမှာက အချိန်နှင့်အမျှ ကြိုးစားနိုင်မှ တိုးတက်အောင်မြင်တာတဲ့။

ထိုစာတွေထဲမှာ ဖွဲ့နွဲ့ရေးသားဟန် ခံစားမှုဟန်တွေ ပြောင်းလဲ လာတာနှင့်အမျှ သူမ ရင်ခုန်တတ်လာသည်။

အချစ်ဆိုတဲ့ စကားလုံးကို ပွင့်လင်းစွာ သုံးနှုန်းမထားပေမယ့် အရောင်တွေရဲ့ ပြောင်းလဲမှုကို သိသာစေတာကတော့ အမှန်ပင်ဖြစ်၏။

ဒီတစ်ည လွန်မြောက်လျှင် ခန့်ညားကို သက်ရှိထင်ရှား မြင် တွေ့ရတော့မည်။

ရင်တွေ တလှိုက်လှိုက်ဖိုကာ ဒီတစ်ည မြန်မြန်လွန်မြောက်ပါစေ ဟု ဆုတောင်းနေမိ၏။ ဆယ်နှစ်ဆိုသည့် အချိန်ကာလကြီးကို စောင့်စား ခဲ့ပြီးမှ ဒီတစ်ညအတွက် အချိန်နာရီ မိနစ် စက္ကန့် လက်တံလေးတွေ နှေးကွေးလွန်းတာ သူမ စိတ်မရှည်ချင်တော့။

မျက်လုံးတွေ မှေးမှိတ်မရဘဲ မိုးလင်းခဲ့သည်နှင့် တစ်ဖက်ခြံဝင်း ထဲကို အပြေးအလွှား သွားကြည့်မိပြန်သည်။

"သမီး ကသစ်နှယ် အိပ်လို့ရော ပျော်ရဲ့လားကွယ်"

"အာ မေမေကလည်း"

"ဟင်း ဟင်း မေမေ့ သမီးကြီးကို ချစ်လို့ စတာပါကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားက နေ့လယ် တစ်နာရီ ဖလိုက်နဲ့ ပြန်ရောက်မှာတဲ့ ဟိုတက်အိမ်ကို အလုပ်လေး ဘာလေး ကူလုပ်ပေးဖို့ သွားချည်ပါလား''

''မသွားချင်ပါဘူး ခန့်ညား လာမယ့်နေ့မို့ လာလုပ်ပေးတယ် ထင်သွားရင် ရှက်စရာကြီး''

''ဩော် အရင်ကလည်း သူတို့အိမ်မှာ ကသိုလ်တွေ ဘာတွေ လုပ်ရင် သမီး အွားပြီး ကူညီပေးနေကြပဲဟာ''

''မတူဘူးလေ အာ မသိတော့ဘူး မေမေရာ''

မေမေ့ရှေ့က ကသစ် ပြေးထွက်လာမိသည်။ ဘာမှန်းမသိ ရှက်ရွံ့ထူပူပြီး ရင်တွေ တလှပ်လှပ် ခုန်နေတာ ရိုးသားမှုတော့ မဖြစ်နိုင်။ အဲလိုကြီး ဖြစ်နေတာကိုလည်း ကိုယ့်ကိုယ်ကို မကျေနပ်။

မြီးကောင်ပေါက်လေး အရွယ် မဟုတ်ပါဘဲ။

ဟင်း ဒီလို အတွေ့အကြုံမျိုး မခံစားဘူးလို့ပဲ ဖြစ်မှာပါ။ လူရောက်မလာခင်ကတည်းက သူမကို စိတ်လှုပ်ရှားအောင် ခန့်ညားက လှမ်းမိုးစွမ်းဆောင်နိုင်လွန်းလှပါလား။

■ ■ ■



## အခန်း (၄)

''အန့်တီ မြသီတာ ကသစ် ရှိလား''

''ဟယ် ခန့် ခန့်ညားလေး ရောက်လာပြီလား၊ သမီး သမီး ကသစ်နွယ်ရေ ဒီမှာ ခန့်ညား ရောက်လာပြီကွဲ့၊ အံ့မယ်လေး တကယ့် နိုင်ငံခြားသားကြီးကျနေတာပဲကွယ်၊ ချောလိုက် ခန့်လိုက်တာ''

မေမေ့အသံ စူးစူးလေးကို ကြားလိုက်ရပြီး ဧည့်ခန်းအဝင်ဝမှာ ခန့်ညားကို မြင်လိုက်ရသည်နှင့် ကသစ် ရင်တွေ ဒိုင်းခနဲ ဆောင့်ခုန်သွားသည်။

မျက်လုံးကို ဖျတ်ခနဲ ပိတ်ပစ်လိုက်ပြီး ရင်ဘတ်ကို ဖိထားကာ ခြေလှမ်းတွေကလည်း နေရာက ရွှေ့လို့မရ။

ဟိုးအရင် ကလေးဘဝတုန်းကလို ပွင့်လင်း ရိုးသားမှုတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ရ ဆော်တစ်နှုတ်ဆက်ဖို့ကို ဘာကြောင့် တွန့်ဆုတ်နေရတာလဲ [illegible]

ကသစ်ကို လှမ်းမြင်သွားတဲ့ ခန့်ညားက မေမေ့ကို ကျော်ရှောင်ကာ ကသစ်အနား လျှင်မြန်စွာ ရောက်လာသည်။

"ကသစ်"

လိုက်မောအက်ရှနေသော ခန့်ညားအသံကြောင့် ကသစ် ပြန်ထူးဖို့ မေ့လျော့နေပြီး မျက်လုံးလေး ပင့်ကြည့်ရုံသာ တုံ့ပြန်နိုင်သည်။

"ကသစ် နင့်ကို အရမ်းတွေ့ချင်လို့ နင့်ဆီကို အရင်လာခဲ့တာ"

"ဟင် နင် နင့်အိမ်ဆီကို မရောက်သေးဘူးလား"

"အင်း မြန်မာပြန် ပြန်ရောက်ရောက်ချင်း နင့်မျက်နှာလေးကို အရင်ဆုံး မြင်ချင်လို့၊ ငါ နိုင်ငံခြားသွားတုန်းက နင့်ကို နှုတ်မဆက်ခဲ့ရဘူး မဟုတ်လား၊ တာဝန်မဲ့သလို ခံစားရတယ်"

"အခု တာဝန်ကျေရုံ လာတွေ့တာလား"

"ကြည့် စကားအထအန ကောက်တတ်တဲ့ အကျင့်က မပျောက် သေးပါလား၊ လူကြီးမဖြစ်သေးဘူး ထင်တယ်"

ကသစ် မျက်စောင်းထိုးကာ ဟွန့်ခနဲ ရယ်လိုက်မိသည်။ အခုမှ အရင်က ပွင့်လင်းမှုမျိုး ပြန်ရလိုက်သလို ရင်းနှီးသွားသည် ထင်မိ၏။

"သား ခန့်ညား မင်းအမေက မင်းပြန်လာတဲ့ အထိမ်းအမှတ်နဲ့





ဝုဏ်ပြုပွဲ အမှတ်တရပွဲလုပ်ဖို့ စောင့်နေတာ၊ မင်းအိမ်ကို မြန်မြန်ပြန်သင့်တယ် ထင်တယ်ကွဲ့"

"ဟုတ်ကဲ့ ဦးသာအောင် ပြောလို့ ကျွန်တော် သိပြီးပါပြီ အန်တီ၊ ကျွန်တော် ပြန်မှာပါ။ ကသစ် နင် တစ်ခါတည်း ငါနဲ့လိုက်ခဲ့ပါလား"

"အခု တစ်ခါတည်းတော့ မလိုက်ချင်ဘူးဟာ၊ ငါ လာခဲ့ပါ့မယ်"

"အေး တကယ်လာခဲ့နော်၊ ငါတို့ စကားတွေ တစ်ဝကြီး ပြောကြမယ်"

ကသစ် ခေါင်းညိတ်ပြတော့ ပုဏ္ဏားရိတ်ပင်တွေကြားကနေ ခန့်ညား သူ့အိမ်ဘက် ဝင်သွားသည်။ အပြင်ထွက်ပြီး မျက်စိတဆုံး လိုက်ကြည့်နေမိတဲ့ ကသစ် ပခုံးလေးကို မေမေက ဆွဲလှည့်လိုက်သည်။

"ကိုယ့်ဆီကို အရင်ရောက်အောင် လာလို့ အလေးအနက်ထားတယ်၊ ဦးစားပေးခံရတယ်ဆိုပြီး သမီး ပျော်နေလား"

"ရှင်"

"သမီး ခံစားမှုကို မေမေ နားလည်ပါတယ်၊ ဒါပေမဲ့ မမထား တို့ကတော့ နားလည်ပေးမှာ မဟုတ်ဘူး သမီး"

"အို ခန့်ညားကို ကသစ် ခေါ်တာမှ မဟုတ်တာ"

"သူ့ဟာသူ လာတယ်ဆိုတာ မေမေ သိတယ်၊ ဘာကြောင့် သမီးဆီကို အရင်ရောက်လာတယ်ဆိုတာလည်း မေမေ နားလည်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အင်းလေး မေမေ အစိုးရိမ်လွန်မိသလို မမထားတို့ ဘာမှမဖြစ်ပါစေနဲ့လို့ မေမေ ဆုတောင်းပါတယ်''

ဘာကြောင့်ရယ်မသိ ကသစ် ရင်ထဲ လေးလံသွားသည်။

ဘာတွေဖြစ်လာနိုင်လို့လဲ ခန့်ညားရယ်. . ။

■ ■ ■



## အခန်း (၃)

''ဘာပြောတယ် ဦးသာအောင်၊ သားငယ်က ဟိုဘက်အိမ် ဝင်နေခဲ့တယ် ဟုတ်လား''

''ဟုတ်ကဲ့ သူ့သူငယ်ချင်းမလေးကို တွေ့ချင်လို့ ဖြစ်မယ်၊ ချက်ချင်း လိုက်လာခဲ့ပါမယ်တဲ့''

''တောက်''

တက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်ရင်း မျက်နှာတစ်ခုလုံး တင်းမာနီမြန်းသွားကာ ဒေါ်ခင်ထိပ်ထား အသားတွေ တဆတ်ဆတ် တုန်နေသည်။

ဆယ်နှစ်ကြာ ဝေးကွာနေတဲ့ မိသားစုထက် ကသစ်ငယ်က အရေးကြီးနေသတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



မိုးစံပယ် နှာခေါင်းရှုံ့ မဲ့ရွဲ့လိုက်တာကို ဒေါ်ခင်ထိပ်ထား မမြင်လိုက်ပေ။

"မာမီရယ် အရမ်းကြီး ဒေါသမဖြစ်လိုက်ပါနဲ့ အခုမှ သားငယ် နိုင်ငံခြားက ပြန်ရောက်စပဲ ရှိပါသေးတယ်၊ ဆယ်နှစ်ကြီးများတောင် ခွဲခွာခဲ့ရတဲ့ သူငယ်ချင်းကို မိသားစုထက် အရင်ဆုံး တွေ့ချင်မြင်ချင်လို့ ဖြစ်မှာပါ"

"တော်စမ်း မွေးထုတ်ထားတဲ့ အမေထက် ကသစ်နွယ်က အရေးပါစရာလား၊ ဒီအမေ မျက်နှာကိုရော အရင်ဆုံး မမြင်ချင် မတွေ့ချင်ဘူးတဲ့လား"

"ဩော် မိုး မပြောမိဘူးလား၊ သူငယ်ချင်းအတိုင်းအတာ မကတဲ့ သံယောဇဉ်တွေ ပိုနေပြီလားမှ မသိတာ"

မီးလောင်ရာ လေပင့်စကားတွေကြောင့် ဒေါ်ခင်ထိပ်ထား မျက်စောင်းက မိုးစံပယ်ဆီ ဒိုင်းခနဲ။ မင်းမဟာက အလိုက်တသိ မိခင်နှင့် မိန်းမကြား ဝင်ရပ်လိုက်ကာ

"မိုးကလည်းကွာ မာမီ စိတ်မကောင်းအောင် ပြောမနေပါနဲ့ သွားသွား ညီလေး လာရင် အဆင်သင့် စားဖို့သောက်ဖို့ သွားပြင်ချည်"

"မပြင်နဲ့ ဘာမှမလုပ်နဲ့ ထားလိုက်တော့၊ ဘယ်သူမှလည်း ဒီအနားမှာ မနေနဲ့ သွား"





အလုပ်သမားတွေ ချက်ချင်း လူစုကွဲသွားသလို မင်းမဟာတို့ လင်မယားလည်း မျက်လုံးပြူးလေးတွေနှင့် နောက်ဆုတ် နောက်ဆုတ်။

ဒေါ်ခင်ထိပ်ထားက အဖြူရောင် လွင်နေသော ခန်းစီးစတွေကို ဖန်ခွက်ထဲက လိမ္မော်ရည်တွေနှင့် ဖြန်းခနဲ ပက်ပစ်လိုက်သည်။

"ဟာ မာမီ ဘာတွေ ဒေါသကြီးနေတာလဲ"

မင်းခန့်ညား အသံက စူးခနဲ ဝင်လာပြီး ဒေါ်ခင်ထိပ်ထားကို နောက်ကနေ သိုင်းဖက်လိုက်သည်။ ဒေါ်ခင်ထိပ်ထား နောက်လှည့်မကြည့်ဘဲ မင်းခန့်ညား လက်တွေကို ဖြုန်းခနဲ ဆွဲဖြုတ်ပစ်လိုက်၏။

"ဖယ်စမ်းပါ၊ အခုမှ အလွမ်းသာမသသယ်နဲ့၊ ငါက ကသစ်နွယ်လောက်တောင် အရေးပါလို့လား"

"ဟား ဟား မာမီက စိတ်ကောက်နေတာလား။ သား နိုင်ငံခြားကို သွားတဲ့နေ့က ကသစ်ကို နှုတ်မဆက်ခဲ့ရလို့ အခုဝင်ခဲ့မိတာပါ မာမီရယ်၊ သားဘဝမှာ မာမီက အရေးကြီးဆုံး တန်ဖိုးကြီးဆုံးပါ"

"မင်း ဘာမှ လေပြည်မထိုးနဲ့ မင်းခန့်ညား၊ ဒီမိသားစုရော ကသစ်နွယ်ရော မင်းနဲ့ ဆယ်နှစ်လောက် ဝေးကွာနေရတဲ့ သူတွေချည်းပဲ၊ ဒါပေမဲ့ ကသစ်နွယ် မျက်နှာကို အရင်ဆုံး မြင်တွေ့ချင်တဲ့ မင်းရဲ့ဆန္ဒက ဘာလဲ"

"သား ပြောပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ထိပ်ထား မင်းခန့်ညား မျက်နှာကို စူးခနဲ လှည့်ကြည့်လိုက်သည်။

"အဲဒီ ဆင်ခြေလောက်နဲ့ မလုံလောက်ဘူး မင်းခန့်ညား။ ငါ မင်းကို အရမ်းမျှော်လင့်ထားခဲ့တာ၊ ပြင်ဆင်ထားခဲ့တာ၊ တစ်ညလုံး အိပ်လို့မရအောင် ပျော်နေခဲ့တာ အခုတော့"

"သား တောင်းပန်ပါတယ် မာမီ၊ သားမှားခဲ့တယ်ဆိုရင် ဟို အရင်တုန်းကလိုပဲ သားကို အပြစ်ပေးပါ"

မင်းခန့်ညားက မိခင်ရှေ့ကို လက်ဝါးလေး ထိုးပေးရင်း မျက်ရည်တွေ လည်နေ၏။

ဒေါ်ခင်ထိပ်ထား တွေခနဲ နောက်ခြေတစ်လှမ်း ဆုတ်သွားခဲ့သည်။

ဒီလက်ဝါးလေးကို တုတ်နဲ့ရိုက်ပြီး အပြစ်ပေးတာ သူမမှ မဟုတ်ခဲ့တာ။

ကသစ်နွယ်နဲ့ လျှောက်လည်ပြီး ကျောင်းပြေးလို့ ကစားကွင်းတွေမှာ အချိန်ဖြုန်းလို့ စာမကျက်လို့ မင်းခန့်ညား အဖေကပဲ သွေးစို့အောင် ရိုက်ပြီး အပြစ်ပေးခဲ့တာ။

"ရပြီ မင်းခန့်ညား မင်း သွားနားတော့"

"မာမီ မရိုက်ရက်လို့လား။ ဒယ်ဒီ လာရိုက်ပါလိမ့်မယ်၊ ဒယ်ဒီ





ရှိတယ်မဟုတ်လား မာမီ"

"မရှိဘူး မင်းအဖေ ဆေးခန်း သွားထိုင်တယ်"

"ဩော် သား နိုင်ငံခြား သွားတဲ့နေ့ကလည်း ဒယ်ဒီ လေယာဉ်ကွင်းကို လိုက်မပို့ဘူး။ ကန်တော့ နှုတ်ဆက်ဖို့လည်း အိမ်မှာ ရှိမနေခဲ့ဘူးနော်၊ ခုလည်း သား ပြန်လာတဲ့နေ့မှာ မအားမလပ်နဲ့ ကြိုဆိုဖို့ ဆန္ဒ ရှိမနေဘူးပေါ့"

ကြေကွဲဆို့နင့်နေတဲ့ အသံကြောင့် ဒေါ်ခင်ထိပ်ထား စိတ်မကောင်း ဖြစ်ကာ မျက်ရည်တွေ ဝဲတက်လာသည်။ မကြင်နာတတ်တဲ့ ဒီအဖေကြောင့် ရင်ထဲမှာ ဒဏ်ရာတွေတော့ မရစေချင်။

"အရေးပေါ် လူနာတွေရှိလို့ တိုက်ဆိုင်သွားတာပါ၊ ဘာမှစိတ်မကောင်း ဖြစ်မနေနဲ့ သွား ရေမိုးချိုး အဝတ်အစားလဲပြီး ပြန်ထွက်လာခဲ့ ဆေးခန်းက ဝန်ထမ်းတွေရော မိတ်ဆွေတချို့ရော သား ပြန်လာတဲ့ အထိမ်းအမှတ်နဲ့ မိတ်ဆက်ညစာစားပွဲလေး လုပ်ရအောင် ဖိတ်ထားတယ်၊ ခဏနေ လာကြတော့မှာ"

ဒေါသတွေ ပြေငြိမ်း၍ နူးညံ့ညင်သာသော အသံနှင့် ဒေါ်ခင်ထိပ်ထား ဖျောင်းဖျ နှစ်သိမ့်လိုက်ရသည်။

သားတွေနှင့် ပတ်သက်လျှင် ဒေါ်ခင်ထိပ်ထား ဒေါသတွေ မာနတွေ အတ္တတွေ ယွင်ပါးပျောက်ကွဲမြဲပါ။



www.burmeseclassic.com

www.burmeseclassic.com



အရောင်စွန်းသွားသော ခန်းစီးစလေးကို အသစ်ပြန်လဲဖို့ ဦးသာအောင်ကို တာဝန်ပေးလိုက်ရသည်။

ကသစ်နွယ်အပေါ် သားဘက်က သူငယ်ချင်းအဆင့်ထက် ကျော်လွန်သော ခံစားမှုအရောင်တွေ စွန်းထင်းနေပါက အဲလိုမျိုး ပြောင်းလဲလို့ရလျှင် ဘယ်လောက်များ ကောင်းမည်လဲ။

■ ■ ■



## အခန်း (၆)

"ဒါက ကျွန်မ သားငယ်လေ၊ အင်္ဂလန်က ဆေးပညာဘွဲ့နဲ့ ကျောင်းပြီးလာတာ၊ သီရိစံ ဆေးခန်းကြီးကို ဖအေ အနားယူတာနဲ့ အမွေဆက်ခံစောင့်ရှောက်မယ့်သူပေါ့"

"သားက လူချောပဲ၊ အိမ်ထောင်ဘက်ရော တွေ့ထားပြီလား"

"ဟင်း ဟင်း ဒေါ်ကေသီက သားမက်ပော်ချင်နေပြီ ထင်တယ် သားက သူ့အဖေ ပညာကို ဆက်သင်ရဦးမှာလေ၊ သုံးလလောက် အနားယူပြီးရင် သီရိစံ ဆေးခန်းကြီးမှာ အကျွမ်းတဝင်ဖြစ်အောင် တွဲလုပ်ရမှာ၊ တခြား ဆေးခန်းတွေကလည်း နိုင်ငံခြားပြန်ဆိုတော့ အချိန်ပိုင်း ထိုင်ပေးဖို့ ခုကတည်းက ကမ်းလှမ်းထားကြတာ"

"အားကိုးရပါပေတယ် မမထားရယ်၊ သားငယ်က သူ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



တောင် မျက်နှာလွှဲရတော့မယ် ထင်တယ်၊ သားကြီးက အဲလိုမျိုး မဟုတ်ဘူးနော်”

“အဟင်း အဲဒါက သားဦးဆိုပြီး တင်းတင်းကြပ်ကြပ် မအုပ်ချုပ်မိဘဲ အလိုလိုက်ခဲ့မိလို့လေ၊ ဒါပေမဲ့ လူဆိုး လူမိုက်လေးတော့ မဟုတ်ပါဘူး”

စပ်စုကြတဲ့ စကားတွေကိုရော ဒေါ်ခင်ထိပ်ထား ပြန်ဖြေတဲ့ စကားတွေရော မိုးစံပယ် မနှစ်သက်ပေ။

မင်းခန့်ညားကို ဂုဏ်တင်ချီးမွမ်းပြီး သူ့ယောက်ျားကို နှိမ့်ချ အထင်သေးစရာလား။

မိမိကိုယ်က အရည်အချင်း မရှိတဲ့ ယောက်ျားကို ယူမိလို့ မိဘအသိုက်အဝန်းကအစ အပယ်ခံခဲ့ရတာ။

ရင်ထဲက တက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်ရင်း ထိုနေရာက လှည့်ထွက်လာခဲ့မိသည်။

မင်းခန့်ညားက မိခင်လက်ကို တွဲဆုပ်လို့ စားပွဲဝိုင်းတွေကို လိုက်လံ ညှိခံရင်း မော်တကြွားကြွား ပျော်တပြုံးပြုံး။

“သား ဒါက မြင့်မြင့်မြတ် ဆေးခန်းပိုင်ရှင်တွေလေ၊ ဦးမိုးမြင့်ရဲ့ ဒေါ်မြတ်မြတ်သူ၊ သမီးလေးလည်း ရှိတယ်နော်၊ သားလိုပဲ နိုင်ငံခြားမှာ ဆေးပညာဘွဲ့ သွားယူတယ်၊ အရမ်းတော်ပြီး လိမ္မာတယ် သားရဲ့”





“သမီး မလာခင် ရွှေလမ်း ငွေလမ်းဖောက်ထားရင် ကောင်းမယ်ထင်တယ် နော် မထိပ်ထား၊ တစ်စီးပွားတည်းဖြစ်သွားတာပေါ့”

“ဆန္ဒမစောပါနဲ့ အဆင်ပြေနိုင်ပါတယ် ဦးမိုးမြင့်ရဲ့”

မာမီ ပျော်နေပေမယ့် ခန့်ညား ရင်ထဲက ကလိကလိ ဖြစ်နေသည်။ ဘယ်နှယ့် သမီးရှင်တွေ အဲလောက်ပဲ မျက်နှာပြောင်နေရလား။

ခန့်ညား စိတ်အိုက် လူအိုက်နှင့် မာမီ့လက်ကို ဆွဲဖြုတ်ကာ လူရှင်းတဲ့ စားပွဲဝိုင်းမှာ သွားထိုင်နေလိုက်သည်။

မွေးနေ့လည်း မဟုတ်။ အလှူပွဲလည်း မဟုတ်။ သူ့ကို ပွဲထုတ်ကြွားဝါချင်စိတ်နှင့် လူတွေဖိတ်၊ အစားအသောက်တွေ ကျွေးမွေးပြီး မာမီ ညှိခံနေတာပဲ ဖြစ်လိမ့်မည်။ ဒီပွဲမှာ ဒယ်ဒီ မပါဝင်ပါ။

ဒယ်ဒီ့ကို ပြန်ရောက်ကတည်းက မတွေ့ရတာ ခုချိန်ထိပဲ ဖြစ်သည်။

ရင်ထဲမှာ နာနာကျင်ကျင် စူးရှနေသည်။

ကသစ်နွယ်ကရော ပွဲပြီးကာနီးအချိန်ထိ ဘာကြောင့် ရောက်မလာခဲ့ရတာလဲ။

မာမီ့မိတ်ဆွေတွေ အလှူ့လှူ ပြန်သွားကြတော့ သူ့စိတ်တွေ နေမထိ ထိုင်မထိ မရိုးမရွ ဖြစ်လာသည်။

တစ်ဖက်ခြံဝင်းထဲကို ပုဏ္ဏားရိပ် ပင်တွေကြားကနေ ခြေဖျား



www.burmeseclassic.com

www.burmeseclassic.com



ထောက်ကာ လှမ်းကြည့်မိတော့ သူတို့ ငယ်စဉ်က တမိုးမိုး လွဲ၍ ဆော့ခဲ့ဖူးသော ဒန်းလေးပေါ်မှာ ကသစ်နွယ် ထိုင်နေတာ တွေ့လိုက်ရသည်။

ထိုနေရာကို ခြေသံဖွဖွနှင့် ခန့်ညား ရောက်လာခဲ့၏။ ကွမ်းသီးပင် အုန်းပင်အရိပ်ကနေ ပြည့်ဝန်းသော လရောင်က ကသစ် မျက်နှာလေးပေါ် ဖြာကျနေသည်။

ကျောလယ်ထိ မည်းနက်ပျော့အိ ပြောင်လက်နေတဲ့ ဆံနွယ်တွေက လေအဝေ့မှာ မျက်နှာနှင့်ရင်ဘတ်ရှေ့ကို ကပိုကရို ဝေ့ဝဲကျနေ၏။

နဖူးပြေပြေ နှာတံစင်းစင်း နှုတ်ခမ်းစိုရဲရဲ တွဲတွဲလေးနှင့် ကလေးဘဝကတည်းက မျက်လုံးအလွန်လှသည်ဟု နာမည်ကြီးသော ကသစ်နွယ်က လရောင်နှင့်ပေါင်းစပ်ကာ ကဗျာဆန်စွာ လှရက်လွန်းနေသည်။

"ကသစ်"

"ဟင် ခန့်ညား နင့်ပွဲက ပြီးပြီလား"

"အင်း ပြီးပြီ၊ နင် မလာလို့ လိုက်လာတာ"

အလိုမကျစွာ လေသံမာဆတ်ဆတ်နှင့် ပြောလိုက်ရင်း ကသစ်ဘေးမှာ ဆောင့်အောင့်ကာ ဝင်ထိုင်လိုက်သည်။

အဖြူရောင်ခြယ်ထားသော ဒန်းလေးက ကလေးဘဝက ကျယ်ကျယ်ဝန်းဝန်း ရှိသော်လည်း လူကြီးဖြစ်လာကြသည့်အခါမှာ ကိုယ်ခန္ဓာ





ချင်း ပူးကပ် ကျပ်ညှပ်နေသည်။

ကသစ်က အနေကျပ်ကာ ပခုံးလေး ကျုံ့ထားမိ၏။

"နင် လိုက်လာမယ်ဆိုပြီး ဘာလို့ မလာတာလဲ ကသစ်"

"နင်တို့ မိသားစုချည်းမှ မဟုတ်တာ ခန့်ညားရယ်၊ ကားတွေနဲ့ ဂုဏ်သရေရှိ လူကြီး လူကောင်းတွေ ရောက်လာတာ၊ ငါ ဘယ်လိုလုပ်လာရဲမှာလဲ၊ အဲလောက် ကြီးကြီးကျယ်ကျယ် လုပ်လိမ့်မယ်လို့ ငါ မထင်လို့ လာခဲ့မယ်လို့ ပြောလိုက်တာ"

"ဘာဖြစ်လဲ လာတော့၊ ငါ တစ်ယောက်လုံး ရှိတာပဲ"

"လူတော မတိုးတာ အားငယ်လို့တော့ မဟုတ်ဘူး၊ နင်တို့ဘဝနဲ့ ငါတို့ဘဝက အရမ်းကွာခြားသွားတော့ ကိုယ့်အဆင့်အတန်းကိုယ် နားလည်သင့်တာပေါ့"

"ကသစ်"

"အခြေအနေချင်း မတူတော့တာ စည်းတစ်ခုပဲ ခန့်ညား၊ ငါတို့ တစ်မိသားစုလုံးကို ရှာဖွေကျွေးမွေးခဲ့တဲ့ ဖေဖေ လေဖြတ်ပြီး နာတာရှည်ရောဂါသည် ဖြစ်တော့ စုဆောင်းထားတဲ့ ဘဏ်က ငွေတွေ လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံထားတဲ့ ငွေတွေအားလုံး ကုန်သွားတယ်၊ ဖေဖေ သေပြီး သိပ်မကြာခင်မှာပဲ မေမေ့အစ်မ ငါတို့ ကြီးကြီး ကားအက်ဆီးဒင့်ဖြစ်လို့ အောက်ပိုင်းသေသွားတယ်၊ အတွင်းပစ္စည်းတွေ အကုန်ရောင်းချ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကုသပေးမယ့် အခုထိ ပိုးချဲနဲ့ နေရတုန်းပဲလေ''

ပင့်သက်အရှိုက်မှာ မျက်ရည်စက်က လွင့်ခနဲ ကြွေကျလာ
သည်။ ခန့်ညား အထိတ်တလန့် လှည့်အကြည့်မှာ မျက်နှာချင်း နီးကပ်
စွာ ဆုံစည်းသွား၏။

''ကံဇာတ်ဆရာအလိုကျလေ ဆိုပြီး ငါ စိတ်ဓာတ်မကျ အား
မငယ်ခဲ့ဘူး၊ အဝေးသင်နဲ့ ဘွဲ့တစ်ခုရအောင်ယူခဲ့တယ်၊ မောင်လေးနဲ့
ညီမလေးရဲ့ ပညာရေး၊ အိမ်ရဲ့ စားဝတ်နေရေး၊ ကြီးကြီးရဲ့ ကျန်းမာရေး
အတွက် မေမေက တောက်တိုမည်ရ ပွဲစားအလုပ်ကလေးနဲ့ ငါတို့ကို
ရုန်းကန် ရှာဖွေကျွေးတယ်၊ ငါက ဗာဟီရ အိမ်မှုကိစ္စတွေနဲ့ နပန်းလုံး
ရတာပေါ့''

''ဒါက ဘဝကပေးတဲ့ သင်ခန်းစာတွေပဲ၊ အဆင့်အတန်း
နိမ့်တဲ့ အပြုအမူတွေမှ မဟုတ်တာ''

''မရှိရိုးနိုး မလှစုန်းမိုးလို့ အထင်သေးတတ်ကြတာ နင်လည်း
သိမှာပေါ့၊ မေမေက ငွေရင်းမစိုက်နိုင်တဲ့ ပွဲစားအလုပ်ကို လုပ်တယ်လေ
အိမ်မှာ ယောက်ျားကြီးငယ် မိန်းမကြီးငယ် အဝင်အထွက်ရှိတယ်၊ အလဲ
မရှိတဲ့ ရထား၊ လင်မရှိတဲ့ မယား မတင့်တယ်ဘူး ဆိုသလိုပဲ ဘယ်သူက
ငါတို့ မိသားစုကို အထင်မကြီးချင်တော့ဘူး''

''ဒီအကြောင်းတွေ ငါ ဘာမှမသိခဲ့ရပါလား ကသစ်ရယ်၊ နင်





အရှမ်းစိတ်ပင်ပန်းခဲ့ရမှာပဲ''

''အပူတွေ မျှဝေမပေးချင်ဘူး ခန့်ညားရယ်၊ အဲဒါကြောင့် ဒီ
စိတ်သောကတွေ အစပျိုးနေတဲ့ လေးငါးနှစ်အတွင်းမှာ နင့်ဆီကို စာ
မရေးတော့တာ ရေးမိရင်လည်း အနည်းအကျဉ်းတော့ ရင်ဖွင့်မိမှာပဲ
မဟုတ်လား။ အခု ဖွင့်ပြောရတာကလည်း နှင့်မိတာတွေ တားဆီးမလာခင်
မှာ ငါတို့ ဆင်ခြင်သင့်တယ် ထင်လို့ပါ''

ခန့်ညား ဆတ်ခနဲ ဖြစ်သွားကာ ကသစ် ဘက်ကို တည့်တည့်
လှည့်လိုက်သည်။ ခန္ဓာကိုယ်ချင်း ပို၍ နီးကပ်သွား၏။

''ဟိုအရင်ကတည်းက ငါတို့နှစ်ယောက်ရဲ့ သံယောဇဉ်ကို
ဘယ်သူတွေ တားဆီးရခဲ့လို့လဲ ကသစ်ရယ်၊ ဒယ်ဒီ အပြစ်ပေးလို့ စာ
ရေးလို့ မရအောင် ငါ့လက်ဖဝါးမှာ အရည်ကြည်ဖုတွေ ထခဲ့ဖူးတယ်၊
သွေးစို့ ယောင်ကိုင်း အနာတရ ဖြစ်ခဲ့ဖူးတယ်၊ နင် ငါ့လက်ဖဝါးလေးကို
အာငွေ့ပေးရင်း ငိုခဲ့တာကိုရော မှတ်မိသေးတယ် မဟုတ်လား''

''အဲဒီ ကာလတွေနဲ့ ဝေးကွာခဲ့ရတာ လပေါင်း တစ်ရာနှစ်ဆယ်၊
ရက်ပေါင်း သုံးထောင့်ခြောက်ရာ ငါးဆယ်''

''ကသစ် နာရီတွေ မိနစ်တွေထိ တွက်ပြဦးမလို့လား၊ နင်သချာ
ညံ့မှန်း ငါ သိပါတယ်''

စိတ်သက်သာစေရန် စနောက်လိုက်မိသော်လည်း ကသစ်



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ် အတိမ်အနက်ကို ခန့်မှန်းမိလိုက်၏။ ကသစ်က မျက်ရည်စိုပ် တွေ လက်ဖောက်စွာနှင့်ပင် မျက်စောင်းထိုးသည်။

ဘာကြောင့် ထိုမျက်ဝန်းလေးမှာ ကတုန်ကယင် လှိုက်မောသွားရတာလဲ။

"ကသစ် နင့်မျက်လုံးတွေ မှိတ်ချလိုက်ဟာ"

"ဘာဖြစ်လို့လဲ"

ခန့်ညား ဘာမှပြန်မဖြေဘဲ ကသစ်ကို မေးဆင်း ရီဝေစွာ ကြည့်ရင်း အသက်ရှူသံတွေ ပြင်းနေ၏။ သူ့ရင်ခုန်သံတွေ ကသစ် တိတ်တဆိတ် ကြားသွားခဲ့သည် ထင်ရဲ့။

မျက်လွှာလေးချကာ တစ်ဖက်စောင်းငဲ့သွားသည်။

"ဟာ ကောင်စုတ်"

စိတ်မထိန်းနိုင်တော့၍ နဖူးလေးကို ဖျတ်ခနဲ ခိုးနမ်းပြီး ထွက်ပြေးလာခဲ့သည်။

ကသစ်ရဲ့ ငြိုငြင်သံလေး ပျံ့လွင့်ကာ ကျန်ခဲ့၏။

မပွင့်လင်းရဲသေးလို့ပါ ကသစ်ရယ်…။

■ ■ ■



## အခန်း (၇)

"ဒါ ဘယ်ကပြန်လာတာလဲ"

"ဟင်"

ဧည့်ခန်းထဲ လှမ်းအဝင်မှာ မာဆတ် ပြတ်တောက်စွာ ပြောလိုက်သည့် ဒယ်ဒီ့အသံက ဆယ်နှစ်အကြာ ဝေးကွာနေတဲ့ သားတစ်ယောက်အပေါ် ပျော့ပြောင်းနူးညံ့ခြင်းတို့ ကင်းဝေးနေသည်။

မော်မကြည့်မိသလို ရှောင်လွှဲသွားဖို့လည်း မဖြစ်နိုင်ပါ။

"ကသစ်နှယ်တို့အိမ်ဘက်က ပြန်လာတာပါ ဒယ်ဒီ"

"ဘယ်သူ့ဆီက ခွင့်ပြုချက် ယူသွားလဲ"

"သားတို့က သူငယ်ချင်းတွေပါ ဒယ်ဒီ၊ အခုမှ ပြန်တွေ့ကြတာ"

"မင်းဆီက ဖြေရှင်းချက်တောင်းနေတာ မဟုတ်ဘူး ခန့်ညား၊



www.burmeseclassic.com

www.burmeseclassic.com



ဌါ့အိမ်မှာနေရင် ငါ့စည်းကမ်းအတိုင်း လိုက်နာရမယ်ဆိုတာ မင်း မေ့သွားပြီလား''

ကသစ်နွယ်နှင့် ပတ်သက်လျှင် ကလေးဘဝကတည်းက မလိုက်နာတတ်တာ ဒယ်ဒီလည်း မေ့နေခဲ့သည် ထင်သည်။

''ကိုယ့်ဂုဏ်သိက္ခာ ကိုယ့်အဆင့်အတန်းနဲ့ အဲဒီ မိသားစုကို မပတ်သက်မိအောင် ကြိုးစားပါ၊ အခုမှ ပြန်ရောက်လို့ ပျက်ပြားနေတဲ့ သူတို့ ကိုယ်ကျင့်တရားကို မသိသေးဘူးဆိုရင်လည်း သိလာတဲ့အချိန်ထိ ငါ မစောင့်နိုင်ဘူး။ အခု တစ်ခါတည်း အပြတ်ပြောလိုက်မယ်၊ ကသစ်နွယ်ကို သူငယ်ချင်းအဖြစ် ဆက်ဆံတာတောင် ငါ မကြိုက်ဘူး နားလည်လား ခန့်ညား''

ခန့်ညား ကျစ်ခနဲ အသံပြုမိလျက် ခြေလှမ်းတွေ နောက်ဆုတ်ဖို့ ပြင်လိုက်မိသည်။

''ဟိတ်ကောင် ငါပြောနေတဲ့ အချိန်မှာ ရှောင်ထွက်ဖို့ မစဉ်းစားနဲ့၊ လူဆိုတာ ကိုယ်ရောက်နေတဲ့ နေရာကို တန်ဖိုးထားတတ်ရတယ်ကွ၊ နိုင်ငံခြားပြန် ဆရာဝန်တစ်ယောက်ရဲ့ အဆင့်အတန်း ဂုဏ်ဒြပ်ကို အဲဒီ မိသားစုကြောင့် အထင်သေးခံလို့ ဖြစ်မလား''

''အားကိုးရာမဲ့လို့ ဆင်းရဲသွားတာကြောင့်လား ဒယ်ဒီ၊ လောကဓံကို ရင်ဆိုင်ကြတဲ့နေရာမှာ ကိုယ်ခန္ဓာကို ရင်းရလည်း သူတို့





ဝမ်းစာအတွက်ပါ၊ ကိုယ်ကျင့်စာရားပျက်လို့ ဘဝဆုံးရတာ မဟုတ်ဘူး၊ ဘဝပေး မကောင်းလို့ ကိုယ်ကျင့်တရား ပျက်ရတာပါ ဒယ်ဒီ''

''ဟား ဟိုက ကြိုတင်ပြီး လေပြည်ထိုးထားလို့ အဆုံးထိ တွေးပြီးတောင် ငါ့ကို နှုတ်တုံ့ပြန်ငုံ့နေပြီပေါ့၊ မင်းက မင်းကောင်းမြင်ရဲ့သားနော်၊ ပညာတွေ ဆုံးခန်းတိုင်လာပြီ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီဆိုပြီး ရှေ့ခြေတစ်လှမ်းကျော်ဖို့ မစဉ်းစားနဲ့၊ မင်းကို အဲဒီအတတ်ပညာတွေ သင်ပေးလိုက်တာ အောက်တန်းစားစိတ် မွေးအောင် အခွင့်အရေးပေးလိုက်တာ မဟုတ်ဘူး''

ငဲ့ညှာနားလည်မှုရှိသော ဆိုဆုံးမမှုတွေဟု ခန့်ညား တွေးမရပါ။ အမိန့်တစ်ခုကို တစ်သွေမတိမ်း လိုက်နာစေချင်တဲ့ အတ္တတွေဟု ခန့်ညား တစ်ဖက်သတ် ယူဆပစ်လိုက်သည်။

မာမီ ပြောချင်တဲ့ စကားတွေကိုပါ ဒယ်ဒီ စုပြုံပြောနေသည် ထင်ရဲ့။ အနားကို တစ်ယောက်မှ မလာ။ အခြေအတင်ဖြစ်နေတာကိုပဲ ကွယ်ရာကနေ ကြိတ်ပြီး ဝမ်းသာနေကြသည်လား။

''သား နားချင်ပြီ ဒယ်ဒီ''

ရဲတင်းစွာပင် ခွင့်ပြုချက် တောင်း၍ လှည့်ထွက်လာခဲ့သည်။ တက်ပြင်းပြင်းခေါက်သံ အပေါ်ထပ်ထိ ပျံ့လွင့်ပါလာ၏။

''မင်း ဒယ်ဒီနဲ့ပြဿနာ ဖြစ်လာပြီလား သား''



www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်းဘက်က ထွက်လာသော မာမီက သူ့အခန်းရှေ့က ပိတ်ကာ ရပ်၍ မေးသည်။

ခန့်ညား ခေါင်းညိတ်ပြတော့ သူ့ခေါင်းကို မမီမကမ်းနှင့် မာမီ ဖွဖွလေး လှမ်းပုတ်၏။

"တိုက်ပွဲတစ်ခုလို့ မယူဆပါနဲ့ သားရယ်၊ သား ဒယ်ဒီက သားကို အရမ်းမျှော်လင့်ထားတာ"

"တစ်နေ့ တစ်နေ့ ထောင်ချီနေတဲ့ လူနာတွေကို အပြုံးစိုစို အပြောချိုချိုနဲ့ ကုသပေးနေတဲ့ လူ့ယဉ်ကျေး ပညာတတ်တစ်ယောက်က သားသမီးကို နွားရိုင်းမောင်းသလို ကျုံးသွင်းမရဘူးဆိုတာ နားမလည်ဘူးလား မာမီ၊ သားကို ဂရုစိုက်ပါ၊ ကြင်နာပေးပါလို့ မတောင်းဆိုပါဘူး၊ ဒါပေမဲ့ သားစိတ်ဆန္ဒတွေထိ ကန့်သတ်ချုပ်ချယ်တာမျိုး မဖြစ်စေချင်ဘူး မာမီ"

"အခု သား ရင်ထဲမှာ ဘယ်လိုစိတ်ဆန္ဒတွေ ရှိနေလို့လဲ သားရယ်"

"ကသစ်နွယ်နဲ့ပတ်သက်ပြီး အဲလောက် တားဆီးပိတ်ပင်စရာ လိုသလား မာမီ၊ ဆင်းရဲတာနဲ့ ချမ်းသာတာကို အရမ်းကြီး တိုင်းတာ ခွဲခြားမပစ်ပါနဲ့၊ သားတို့ ငယ်သံယောဇဉ်တွေ အရောင်မစွန်းသေးဘူး။ တွန်းအားပေးသလို ဖြစ်မှာစိုးလို့ သား သတိပေးတာ"





ဒေါ်ခင်ထိပ်ထား ရင်ဘတ်ဖိကာ မျက်လုံးပြူးနှင့် ခန့်ညားကို ကြည့်မိ၏။

"သားက ခြိမ်းခြောက်နေတာလား"

"ဖြစ်လာနိုင်တာကို ကြိုပြောထားတာပါ မာမီ၊ အဆင်တန်ဆာ မဲ့တိုင်း လူတစ်ယောက်ရဲ့ တန်ဖိုး ယုတ်လျော့မသွားပါဘူး။ သားက ကသစ်နွယ်နဲ့ ပတ်သက်ရင် နောက်ဆုတ်မှာ မဟုတ်ဘူး"

"ခန့်ညား သား"

တဖွတ်ထိုး ပြော၍ အခန်းထဲဝင်ကာ တံခါးကို ခန့်ညား ဂျိန်းခနဲ ဆောင့်ပိတ်ပစ်လိုက်သည်။

မာမီ ဘယ်လိုဖြစ်ကျန်ခဲ့မလဲ ခန့်ညား မသိချင်။

ကသစ်နွယ်နှင့် ပတ်သက်မှုကို ဒီလောက်ထိ ပုံကြီးချဲ့စရာ လိုသလား။

ဟိုအရင်ကတည်းက သူတစ်ပါး ခံစားမှုကို နားလည်မပေးတတ်ခဲ့သော ဒယ်ဒီက အခုလည်း အတ္တကြီးနေတာ သဘာဝကျပါသည်။

ကျင့်သားရနေသော သူ့နှလုံးသားက အသားမာတောင် တက်နေပြီပဲလေ။

မာမီကတော့ ကလေးနှစ်ယောက် သံယောဇဉ်ကို နားလည်ပြီး လူကြီးချင်းလည်း ရင်းနှီးကာ နွေးထွေးမှု ရှိခဲ့ပြီးမှ သွေးကွဲစေချင်တာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သင့်ဘူး ထင်သည်။

ကာသစ်နွယ်တို့ မိသားစု ဘဝ ဘယ်လောက်ထိတောင် ဆိုးဝါးနေလို့ ရှုတ်ချစွာ အထင်သေးနေရတာလဲ။

တကယ်ဆို ဒီအချိန်မှာ စာနာမှုနှင့် နှစ်သိမ့်ပေးသင့်သည် ထင်၏။

ဆယ်နှစ်တာ အချိန်ကာလတစ်ခုကို စောင့်ထိန်းသည်းခံလာပြီးမှ ပထမဆုံး ငါတို့နှစ်ယောက်ရဲ့ ပြန်လည် ဆုံတွေ့မှုက နိဒါန်းမလှပါလား ကာသစ်ရယ် . . ။

■ ■ ■



## အခန်း (၈)

"သားငယ် မနက်ကလည်း ဘရိတ်ဖတ် မစားဘဲ အပြင်ထွက်သွားတယ်၊ အခု နေ့လယ်စာလည်း ဆင်းမစားဘူး၊ အပေါ်ထပ် တက်ခေါ်ချည်စမ်း မိုးစံပယ်ရယ် သွား"

"ဪ မာမီရယ် သူက ကာသစ်နွယ်နဲ့ မပတ်သက်ရမှာစိုးလို့ဆန္ဒပြနေတာကို သွားခေါ်ရင် အလျှော့ပေးတယ်ထင်ပြီး ရောင့်တက်သွားမှာပေါ့"

"ဟုတ်သားပဲ မာမီ၊ မာမီက လိုက်လျောချင်နေပြီလား"

မင်းမဟာနှင့် မိုးစံပယ်တို့ လင်မယားက အခွင့်အရေးရသည်နှင့် သွေးတိုးမြှောက်ပင့် စကားလုံးတွေ ထည့်သည်။ ဒေါ်ခင်ထိပ်ထားက နှင်းဆက်ရင်းကို ချွင်ခနဲ ပန်းကန်ပေါ် လွှတ်ချကာ



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို အဲလို စကားမျိုးတွေနဲ့ လာမဆွနဲ့၊ မိဘကတော့ သားသမီး စားချိန်သောက်ချိန်မှန်လား မမှန်လား၊ ကျန်းမာရေးကောင်းလား မကောင်းလား မေတ္တာနဲ့ စိုးရိမ်နေကြတာပဲ၊ နင်တို့သာ အစ်ကို အစ်မ စိတ်မရှိဘဲ နွေးထွေးမှု မရှိကြတာ၊ ငါ့သားလေးက ရောက်တာမှ မကြာသေးဘူး၊ ဖအေနဲ့ ပြဿနာတက်တယ်၊ ငါကလည်း ပြောမိဆိုမိတယ်၊ ဘယ်လောက်များ စိတ်မကောင်း ဖြစ်နေလဲမှ မသိတာ၊ အဲဒါကြောင့် ထမင်းစားဖို့ သွားခေါ်ခိုင်းတာ"

"မာမီက ညီလေးဘက်ကပဲ တွေးပြီး ပြောနေတယ်၊ ကျွန်တော့် မိန်းမကိုရော သူက မိသားစုဝင်လို့ သတ်မှတ်ပြီး အစ်မတစ်ယောက်လို လေးစားလို့လား၊ ခုချိန်ထိ အိမ်က ဝန်ထမ်းတွေလောက်တောင် ရင်းနှီးမှု မရှိဘူး၊ အဲဒါကို မျက်နှာလို မျက်နှာရ သွားခေါ်ပေးစရာလား မာမီ"

"မင်းမဟာ မင်းတော်တော်လေး လူပါးဝတတ်နေပါလား၊ ညီနဲ့ မိန်းမကြားမှာ မင်းက သွေးခွဲနေတာလား၊ ငါက မင်းတို့လင်မယား နှစ်ယောက်လုံးကို ဆန်ကုန်မြေလေးခံပြီး အိမ်ပေါ်ခေါ်တင် ကျွေးထားတဲ့ အမေပါဟဲ့၊ ငါ ခိုင်းတာ မလုပ်၊ ငါ့စကား နားမထောင် မင်းတို့ လွန်လှချည်လား"

ဒေါ်ခင်ထိပ်ထား ရင်ဘတ်ထုကာ အော်တော့ မိုးစံပယ်က တစ်ဖက်လှည့်ကာ မဲ့ရွဲ့နေသည်။





မင်းမဟာက ဖြုန်းခနဲ ထရပ်လိုက်ကာ

"ဆန်ကုန်မြေလေးဆိုတဲ့ စကားနဲ့ ကျွန်တော်တို့ကို မနှိမ်ချပါနဲ့ မာမီ၊ မာမီ့သားငယ် နိုင်ငံခြားမှာ ပညာသင်သွားတဲ့ စရိတ် တစ်ဝက်စာတောင် ကျွန်တော်တို့ကို မာမီ မပံ့ပိုးရသေးပါဘူး၊ ကျွန်တော်တို့အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေတယ်ဆိုရင်လည်း အမွေပေးပြီး ခွဲထုတ်လိုက်လို့ ရတယ် မာမီ"

"ဘာ အမွေပေးရမယ် ဟုတ်လား၊ မင်းလုပ်ငန်းလုပ်မယ်ဆိုလို့ ငါ ထုတ်ပေးခဲ့ရတဲ့ ငွေက နည်းသလား၊ ဟိုဟာ မဖြစ်လို့ ဒီဟာ မကောင်းလို့ လက်ကြောမတင်းဘဲ လုပ်ငန်းသုံးလေးခု ပြောင်းနေတာ၊ ယုံကြည်မှု မရှိတော့လို့ အိမ်ပေါ်မှာ ဇိမ်နဲ့ တင်ကျွေးထားတာတောင် ဒီလို စကားမျိုး ပြောသလား၊ မင်းတို့ တစ်သက်လုံး အိမ်ပေါ်ပြန်တက် မလာဘူးဆိုရင် ထိုက်သင့်တဲ့ အမွေပေးလိုက်မယ်၊ ဆင်းသွားကြ"

ဒေါ်ခင်ထိပ်ထား တင်းပြီဆိုတော့ မိုးစံပယ် ထိတ်လန့်သွားသည်။ ဒီအိမ်ပေါ်ကတော့ ဆင်းလို့ မဖြစ်။

သူမ ယောကျ်ား မင်းမဟာက အမွေဘယ်လောက်ရရ အချိန်ကြာကြာ လူ့မွေးမပြောင်းနိုင်ဘူးဆိုတာ သူမ သိသည်။

လောင်းကစားနှင့် အပျော်မက်သော မင်းမဟာနှင့်နေလျှင် ဘာဂုဏ်ဒြပ်မှလည်း ရှိမှာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ခုဆို သီရိစံ ဆေးခန်းပိုင်ရှင်ကြီးတွေရဲ့ သမီး ချွေးမအဖြစ် ဂုဏ်ထည်ဝါစွာ နေနိုင်သေးသည်။

ငွေဆိုလည်း စိတ်ကြိုက်အလျှံပယ် သုံးစွဲနိုင်၏။

ဟင်းခန် သက်ပြင်းချကာ မင်းမဟာ လက်ကိုဆွဲ၍ ထိုင်နိုင်း လိုက်သည်။

"မောင်ကလေ မာမီ့ကို စကားပြောတာ ဆိုတာ သိပ်ရှိနိုင်းတာပဲ၊ ဒီအိမ်မှာ အတူတူနေနေကြတာ အမွေတောင်းစရာလား၊ မာမီ့ကို ပြန် တောင်းပန်လိုက် မောင်"

"နေပါစေ နောက်ဆင်ခြင်ဖို့သာ သတိထားကြ"

ဒေါ်ခင်ထိပ်ထား စကားပြောချင်စိတ် ကုန်၍ ထမင်းစားပွဲက ထလာခဲ့သည်။

ညှိခန်းထဲ ရောက်တော့ မင်းခန့်ညား အပေါ်ထပ်က ဆင်းလာ တာ တွေ့လိုက်ရ၏။

"ဘယ်သွားမလို့လဲ သား၊ မာမီတို့ ထမင်းစားဖို့ စောင့်နေကြ တာ"

"သား မစားတော့ဘူး မာမီ၊ သူငယ်ချင်းတွေနဲ့ ဟိုတယ်မှာ ဆုံဖို့ ချိန်းထားလို့"

"ဒါဆိုလည်း သားအတွက် ဝယ်ထားတဲ့ ကားယူသွားလေ"





"ဟင့်အင်း သူငယ်ချင်းတွေ ကားနဲ့ သွားကြမှာ"

"အဲဒါတော့ မာမီ မကြိုက်ဘူး သားရယ်၊ ကိုယ့်မှာ ကားရှိရဲ့နဲ့ သူများကားကို ကပ်စီးစရာလား"

"ဟုတ်ကဲ့ အဲဒါဆိုလည်း သား ကားယူသွားလိုက်ပါ့မယ်"

ပေါ်တီကိုအောက်မှာ ရပ်ထားသော ကားကို မင်းခန့်ညား မောင်းပြီး ထွက်သွားမှ ဒေါ်ခင်ထိပ်ထား သက်ပြင်းမောတွေ မှုတ်ထုတ်မိ သည်။

"တွေ့လား ရှင့်အမေက သူ့သားကိုဆိုရင် ဖူးဖူးကို မှုတ်နေတာ ပဲ"

"တော်စမ်းပါကွာ ငါ့အမွေတောင်းတော့ မင်း ဘာလို့ စကား လမ်းကြောင်း လွှဲပစ်တာလဲ"

"ဩော် ရတဲ့အမွေက ရှင့်လို အရည်အချင်းမရှိတဲ့ ယောကျ်ား လက်ထဲရောက်ရင် ဘယ်နှနှစ် ခံမှာမို့လို့လဲ၊ အေးအေးနေ စိမ်နဲ့စား၊ ကြိုက်သလောက်သုံး၊ ဂုဏ်လည်းရှိတယ်၊ ရှင့်မိဘတွေ သေတော့လည်း ကျွန်မတို့ပဲ ရမှာ၊ ဒီအိမ်မှာပဲ နေသင့်တယ်'

"မင်းတို့ မိန်းမတွေပဲ အမျိုးမျိုး၊ အဲဒါဆိုလည်း ပြဿနာ ဖြစ်နိုင်တာကို အစမဖော်နဲ့၊ မင်းလည်း ကလေးရနိုင်တဲ့ အစွမ်းအစ မရှိဘူး၊ ငါ့ကို နှိမ်ချပြောတတ်တာကို ဆင်ခြင်"

www.burmeseclassic.com



ဆွေ့ဆွေ့ခုန် ဆတ်ဆတ်ခါသွားပေမယ့် မိုးစံပယ် ဘာမှမပြော ဖြစ်တော့။

အဖြစ်မရှိတဲ့ မယောက်ျားက ဒီလိုအကွက်ချ ချေပဖို့တော့ တတ်သားပဲ။

■ ■ ■



အခန်း (၉)

တကယ်တော့ ဘယ်သူငယ်ချင်းကို ဘယ်ဟိုတယ်မှာမှ ခန့်ညား နိုန်းမထားပါ။

ကသစ်နွယ်နှင့် တွေ့ဆုံဖို့ အဟာန့်အတား အခက်အခဲတွေ ဖြစ်လွန်း၍ တစ်နေရာမှာ စကားပြောဖို့ ဖန်တီးမိခြင်းပင်။

ဒါပေမဲ့ အပြင်ရောက်မှ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ ကသစ်မှာ ကိုယ်ပိုင်ဟန်းဆက် မရှိ။ သူမတို့အိမ်က ကြိုးဖုန်းကို လှမ်းဆက်လျှင်ရော တခြားလူတွေ ဖုန်းလာကိုင်တာနှင့် သူ ဘာပြောရမလဲ။

မထူးစိတ်ပိုက်ကာ ဖုန်းခလုတ်တွေကို နှိပ်လိုက်သည်။ ဖုန်းမြည်သံက ရင်ကို တဒိတ်ဒိတ် ခုန်စေ၏။

"ဟယ်လို ဘယ်သူပါလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကသစ်နှယ် အသံကြားလိုက်ရတော့ ခန့်ညား ဝမ်းသာသွားသည်။

"ကသစ် ငါပါ ခန့်ညား"

"ဟဲ့ အိမ်ချင်း ဒီလောက်ကပ်နေတာ ဖုန်းတွေဘာတွေ ဆက်လို့ ဘာကိစ္စရှိလို့လဲ"

"ငါ ညစ်နေလို့ဟာ၊ နင်နဲ့ စကားပြောချင်တယ်"

"ဟယ် နင်က ဘယ်ရောက်နေတာလဲ၊ မေမေ မရောက်သေးတော့ ငါ အခုထွက်လို့ မရသေးဘူး"

"အာ ကြီးကြီးကို သေချာ မှာထားခဲ့ပြီး ထွက်လာခဲ့ဟာ နောက်ကျရင် စိတ်မပူဖို့လည်း ပြောခဲ့၊ ငါ မျှော်စင်ကျွန်းရှိုးပွဲ လက်မှတ်နှစ်စောင် ဝယ်ထားတယ်၊ ကြည့်ဖြစ်ရင်လည်း ကြည့်တာပေါ့၊ အဲဒါမှ ငါတို့ ကြာကြာတွေ့ရမှာ"

ဗုဒ္ဓေါ နိုင်ငံခြားပြန် ဆရာဝန်ကြီးက ဂုဏ်သိက္ခာတွေ အလဲ အထပ်လုပ်ပြီး ဘာစိတ်ကူးတွေ ပေါက်နေပါလိမ့်။

အတွေးထဲမှာ ချိတုံချတုံ ဖြစ်သွားသော်လည်း ကသစ် မငြင်း ဖြစ်လိုက်ပါ။

မောင်လေးနှင့် ညီမလေး ကျောင်းပြန် ထမင်းရှူးခပ်ကျွေးပြီး ကြီးကြီးကို မှာထားခဲ့ကာ ခန့်ညား စောင့်နေမယ့် နေရာကို ကသစ်





ရောက်အောင် လာခဲ့သည်။ မိင်းခန့်ညားက ပြုံးစိစိ။

"မမိုက်ပါဘူးဟာ ချစ်သူရည်းစားတွေလို ချိန်းတွေ့နေရတယ်"

"နင့်မိဘတွေ တင်းနေပြီ မဟုတ်လား၊ ဆင်ခြင်ရအောင်လို့ ငါ ကြိုပြောထားသားပဲ"

"ဘယ်လိုပဲ တားဆီး တားဆီး မနာခံဘူးလို့ ငါလည်း ပြောမိ တယ် ထင်ပါတယ်"

"ငါတို့ ကလေးတွေ မဟုတ်တော့ဘူး ခန့်ညား နင်က ဆရာဝန် ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ ပိုပြီး ကလေးမဆန်သင့်တော့ဘူး"

"ဒါဆို ငါနဲ့ ဝေးဝေးနေနိုင်သလား ကသစ်"

ကသစ် အသံတိတ်ကာ မျက်နှာလွှဲသွားသည်။

ခန့်ညားက သူမ မေးဖျားလေးကို ကိုင်ကာ သူ့ဘက် ဆွဲလှည့် လိုက်၏။

"ငါ့အတွက် ဂုဏ်ပုဒ်တွေက အရေးမကြီးဘူး၊ နင်က အရေး ကြီးတယ် ကသစ်"

ချစ်တယ်ဆိုတဲ့ စကားမပါသော်လည်း ကသစ် ရင်ခုန်မြန်သွား သည်။ ဒီထက် လေးနက်တဲ့ စကားကို ထပ်ပြောစေချင်၏။

"အဲဒီအရာတွေနဲ့ ငါ့ကို လဲရမယ်ဆိုရင်ရော"

ကသစ် ပြန်မေးတော့ ခန့်ညား ငိုင်တွေသွားသည်။ ကသစ်



www.burmeseclassic.com

www.burmeseclassic.com



လက်ကို ဆွဲကာ ကားပေါ် ဆွဲတင်လိုက်၏။

"ရှိုးပွဲက ခြောက်နာရီစမှာ သွားချအောင်"

စကားပြန်မရသော်လည်း ကာသစ် ကျေနပ်ပါသည်။

ခန့်ညား နာကျင်တိုင်း မျက်ရည်ကျခဲ့ဖူးသူမို့ ခုလို စိတ်ညစ်နေတဲ့ အချိန်မှာ ဖြစ်ချင်တာတွေ ဖြည့်ဆည်းရင်းဖြင့် နှစ်သိမ့်မှု ပေးချင်သည်။

မျှော်စင်ကျွန်းကို ရောက်တော့ ကားတွေ လူတွေ ပျားပန်းခတ်နေ၏။

"ဟိုမှာ သုံးရာသီ ကောက်ညှင်းပေါင်းနဲ့ အကြော်စုံတဲ့၊ အဲဒီဆိုင်မှာ ခဏထိုင်ရအောင်၊ ဆိုင်လေးကလည်း ချစ်စရာလေး"

"ဘာ တခြားကော်ဖီဆိုင်တွေ အအေးဆိုင်တွေ ထိုင်ပါလား။ ဆရာဝန်ကြီးက ကောက်ညှင်းပေါင်းစားမယ်တဲ့ အံ့ရော"

"ဆရာဝန်ဆိုပြီး ငါက ဘာသားနဲ့ ထုထားလို့လဲ၊ ဒီလို အစားအသောက်မျိုး ဒီလို လွတ်လပ်မှုမျိုး မခံစားရတာ ဆယ်နှစ်ရှိပြီ၊ အရင်တုန်းကဆိုရင် စည်းကမ်းတွေ တင်းကြပ်တဲ့ကြားက သွေးထွက်သံယိုအရိုက်ခံရတဲ့ကြားက နင်နဲ့ငါ အဲလို လျှောက်သွားပြီး စားသောက်လည်ပတ်ရတာ ဘယ်လောက် ပျော်စရာကောင်းလဲ"

"အဲဒီတုန်းက ဆင်ခြင်တုံတရား မရှိသေးတဲ့ ကလေးအရွယ် အခုက လူကြီးဖြစ်လာပြီဆိုတဲ့ အသက်အရွယ်ရယ်၊ ဂုဏ်ပကာသနဆိုတဲ့ အဆင့်အတန်းရယ်က စည်းတစ်ခု ဖြစ်နေပြီ"





"မသိဘူးဟာ နင်နဲ့ငါ့ကြားမှာ အဲဒီ စည်းတွေနဲ့ အပ်ာန့်အတား မဖြစ်ချင်ဘူး။ ငါက မင်းခန့်ညား။ နင်က ကာသစ်နွယ်၊ ပြောင်းလဲရမယ်ဆိုရင်တောင် ငယ်သူငယ်ချင်းကဏ္ဍကို ထားခဲ့ရုံပဲ"

ဘယ်ကဏ္ဍကို ပြောင်းချင်တယ်ဆိုတဲ့ ဦးတည်ချက်ကို ရောက်မလာဘဲ ဆိုင်လေးထဲကို ဝင်ကာ မြိန်မာ့ရှိးရာ အစားအသောက်ကို ခန့်ညား အားရပါးရ စားနေ၏။

ငယ်တုံးက သူမတို့အိမ်က ငါးရံ့ခြောက်ဖုတ်တွေကို လူကြီးတွေ မသိအောင် ယူကာ ဈေးထဲက ကောက်ညှင်းပေါင်းကို ဝယ်ပြီး တစ်နေရာမှာ ခိုးကြောင်ခိုးဝှက် သွားစားကြတာ သတိရသည်။

"ကာသစ် ငါ့လိုပဲ အားရပါးရ စားလေ၊ ရေနွေးလည်းသောက်"

"ဟင့်အင်း အရင်ကတည်းက ငါက နည်းနည်းစားပြီး နင့်ကို များများကျွေးခဲ့တာပဲလေ"

"အာ အရင်က ငါ့မှာပိုက်ဆံနည်းနည်းရှိတာ၊ အခု အများကြီးပါတယ်၊ ကြိုက်သလောက် စား"

"တော်ပါပြီဟယ် ကောက်ညှင်းပေါင်းတွေ အများကြီးစားရင် ဗိုက်တင်းပြီး သေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ အခုမှ မြန်မာပြည် ပြန်ရောက်သလို ခံစားရတယ်၊ နင်လည်း ငါ့အနားမှာ ရှိတယ်၊ ကောက်ညှင်းပေါင်းလည်း စားရတယ်"

နှုတ်မကျွံအောင် တမင်စောင့်ထိန်းနေသလား ခန့်ညားရယ်ဟု ကသစ် ရင်ထဲက ညည်းညူမိသည်။ သံယောဇဉ် စကားတွေကိုသာ အထပ်ထပ် ကြားနေရပြီး အချစ်နှင့် မနီးစပ်သေးဘူးဟု ခံစားရ၏။

ခန့်ညားအတွက် ရေနွေးမပူအောင် တဖူးဖူး မှုတ်ပေးရင်းနှင့်

"ငါလည်း နင် မရှိတဲ့ အချိန်မှာ အသိမိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်း အသစ် မရှာတော့ဘဲ တစ်ယောက်တည်း နေလာခဲ့တာ"

"ဒီအချိန်ထိ"

"အင်း နင်က သူများတွေနဲ့ခင်ရင် မကြိုက်ဘူး မဟုတ်လား"

"ဟုတ်တယ် ကျေးဇူးတင်ပါတယ် ကသစ်၊ ငါ့ကွယ်ရာမှာ ငါ့စကားကို အလေးအနက် ထားပေးလို့"

"နင့်ကိုလည်း ကျေးဇူးတင်ပါတယ်၊ ခြေခြားမြေခြား ဝေးကွာပြီး ပြန်လာတဲ့အချိန်မှာ ငါ့ကို ဂရုစိုက်လို့"

"ငါ ဟိုမှာနေပြီး တစ်နေ့မှ မေ့မရတာ နင့်တစ်ယောက်ပဲ ရှိတယ် ကသစ်"

"အပိုတွေ နင့်မိသားစု အသိုက်အဝန်းက ပထမနေမှာပေါ့"





"သူတို့ကို ဒုတိယအကန့်မှာ ထားတယ်၊ မာမီကအစပေါ့၊ ငါ နာကျင်ရရင် နင့်ဆီကို အရင်ဆုံး ပြေးလာတယ်၊ နင်ပဲ အရင်ဆုံး ချော့မော့နှစ်သိမ့်ခဲ့တယ် မဟုတ်လား၊ ပြီးမှ ငါ ပျောက်ရင် နင့်ကို မာမီ လာရှာခိုင်းခဲ့တာလေ၊ အဲဒီအချိန်ရောက်မှ မာမီ ချော့တော့ ငါက နင့်နှစ်သိမ့်မှုတွေကြောင့် ပြုံးနိုင်နေပြီ"

အတိတ်ကို သတိရနေခြင်းလား။

လက်တွေ့မှာ အသစ်လို ပြန်ခံစားနေခြင်းလား မသိနိုင်။ ခန့်ညား မျက်ဝန်းမှာ ရီဝေစိုလက်နေပြီး နှုတ်ခမ်းထောင့်စွန်းလေး တွန့်ကွေးနေ၏။

ထိုခံစားမှုမျိုးကို သူမ မမြင်တွေ့လိုပါ။

"ခန့်ညား ရှိုးပွဲစတော့မယ် ထင်တယ်၊ ပိုက်ဆံရှင်းပြီး သွားရအောင်"

သူမတို့ နှစ်ယောက် စတိတ်စင်ရှေ့ကို ရောက်တော့ တီးလုံးသံ ဆောင်းဘောက်(စ်)သံ မြူးမြူးကြွကြွနှင့် လူတွေ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။

စင်ရှေ့နားထိ တရွေ့ရွေ့တိုးသွားကာ ခန့်ညားနှင့် ကသစ်လည်း မြူးကြွပျော်ရွှင်လာ၏။

အုန်းအုန်းထ အော်ဟစ် အားပေးသံတွေနှင့် အချိတ်တော်တွေ



www.burmeseclassic.com

www.burmeseclassic.com



တော်ယောက်ပြီး တစ်ယောက် ဆွဲဆောင် စည်းရုံးတဲ့အတိုင်း လက်တွေကို ဘယ်ယိမ်းညာနွဲ့ လှုပ်ရှားနေကြသည်။

စင်ပေါ်က ခုန်လျှင် အောက်က ပရိသတ်တွေ လိုက်ခုန်သည်။ စင်ပေါ်က အော်လျှင် အောက်က လိုက်အော်သည်။ တကယ့်ကို စိတ်ညစ်စရာတွေ ပြေပျောက် သွေးဆူစေသည့် ပွဲပါပဲ။

ခန့်ညားကတော့ တွန့်တိုစွာနှင့် သူမကို တခြားသူတွေနှင့် မထိမိ မတိုးမိအောင် အကာအကွယ် ပေးလျက်ရှိသည်။

သူမ ကိုယ်ခန္ဓာလေးက သူ့ရင်ခွင်ထဲမှာ နိုကပ်မှီတွယ်နေရသလို ဖြစ်ကာ လက်နှစ်ဖက်နှင့် သိုင်းဖက်ခံထားရသလိုလည်း ဖြစ်နေ၏။

ဘောက်(စ်)သံတွေက ရင်ဘတ်တစ်ခုလုံး တဒုန်းဒုန်း ဖြစ်စေကာ ရင်ခုန်သံနှင့် ရောထွေးနေပြီး အသက်ရှူသံ ပြင်းပြင်း လိုက်မောနေခဲ့တာ ခန့်ညား သိချင်မှ သိပေလိမ့်မည်။

ငါ့နှလုံးခုန်သံ ငါပြန်ကြားနေခဲ့တာ တကယ်ပါ ခန့်ညား။



## အခန်း (၁၀)

"ကွို"

ကားမီးရောင် ရှေ့မှာ ဒယ်ဒီ့ကို တင်းမာသော မျက်နှာကြီးနှင့် မားမားကြီး ရပ်နေတာ တွေ့၍ ကားကို ဘရိတ်အုပ်ကာ ခန့်ညားရော တသစ်ရော ကားအောက် ဆင်းလိုက်ရသည်။

အခြေအနေတစ်ခုကို တွက်ဆမိကာ တသစ် လက်ဖျားလေးတွေ အေးစက်တောင့်တင်းသွားပေမယ့် ခန့်ညားကတော့ မတုန်မလှုပ် သွေးအေးစွာပင်။

"သွေးမတော် သားမစပ် သူစိမ်း မိန်းကလေးနဲ့ ယောကျ်ားလေး ဒီအချိန်မှ အတူတူ ပြန်လာကြတာ မင်းတို့ကိုယ် မင်းတို့ အဆင့်အတန်း ရှိလှပြီ ထင်နေလား"



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားက ခပ်ပေါ့ပေါ့ပင် လက်ကနာရီကိုမြှောက်ကြည့်ကာ

"တစ်နာရီထိုးပဲ ရှိပါသေးတယ် ဒယ်ဒီ၊ စတီတ်ရှိုး မပြီးခင် သားတို့ ပြန်လာတာပါ"

"ဟိတ်ကောင် မင်းကို ဘယ်ကပြန်လာတာလဲ၊ ဘယ်အချိန်ရှိပြီလဲ မေးနေတာ မဟုတ်ဘူး။ ညအချိန်မတော် ယောကျ်ားလေး တစ်ယောက်နဲ့ အတူတူ နေရဲတာ၊ ဘယ်လို အကျင့်စာရိတ္တရှိတဲ့ မိန်းကလေးလဲဆိုတာ မင်းကို သိစေချင်တာ"

"ဒယ်ဒီ"

"မင်း ငါ့ကို ဘာမှဆင်ခြေမပေးနဲ့ ခန့်ညား။ သူတို့တွေအတွက် ယောကျ်ားတွေနဲ့ ဘယ်အချိန် ဘယ်လိုပဲ ဆက်ဆံ ဆက်ဆံ မထူးခြားပေမယ့် မင်းကိုတော့ ငါ အဲလို အဖြစ်မခံနိုင်ဘူး။ ငွေတွေ အများကြီး အကုန်အကျခံပြီး ပညာသင်ပေးခဲ့တာ ဂုဏ်ရှိစေချင်လို့၊ အဆင့်အတန်း ရှိစေချင်လို့ကွ နားလည်လား၊ အကျင့်ပျက် မိန်းမတွေနဲ့ ပေါင်းသင်းပြီး သူများမေးငေါ့ လက်ညှိုးထိုးခံစရာလား"

"ဟာ ကသစ် ကသစ် နေဦး"

ဦးရှိက်ကာ နားနှစ်ဖက်ကို လက်နှင့်အုပ်၍ ကသစ် သူမတို့ ခြံဝင်းထဲ ပြေးဝင်သွားသည်မို့ ခန့်ညား အထိတ်တလန့် ပြေးခေါ်မိသည်။

"ခွပ်"





ဦးမင်းကောင်းမြိုင် ခန့်ညားလက်ကို ဖျတ်ခနဲ ဆွဲကာ မျက်နှာကို ခွပ်ခနဲ ထိုးချလိုက်သည်။

လည်ထွက်သွားသော မျက်နှာက ကားဘန်ပါပေါ် မှောက်လျက်ကျသွား၏။ နှာခေါင်းက သွေးတွေ စိမ့်ခနဲ ထွက်လာခြင်းနှင့်အတူ ခေါင်းကို ဆတ်ခနဲ ပြန်ထောင်ကာ ဒယ်ဒီ့ကို ရူးရူးရဲရဲ ကြည့်ပစ်လိုက်သည်။

"လူ့ယဉ်ကျေး ပညာတတ် တစ်ယောက်ရဲ့ ဆုံးမနည်းလား ဒယ်ဒီ၊ ငယ်ကတည်းက အကျင့်ပါလာပေမယ့် သွေးတွေက အရင်ကလို အရောင်မဖျော့တော့ဘူး ဒယ်ဒီ"

"ရဲရဲနီနေပြီဆိုတော့ ငါ့ကို လက်တုံ့ပြန်ချင်တယ်ဆိုတဲ့ သဘောလား၊ ခြေရာချင်းတူလို့ တိုင်းချင်ပြီလား ဟုတ်လား၊ ခန့်ညား၊ မင်း ဘာဖြစ်ချင်လဲ ဘာလုပ်ချင်လဲ စမ်းကြည့်စမ်းပါ"

ခန့်ညား ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆောင့်ကိုင်ခါယမ်း၍ ဒယ်ဒီ ပြောသည်။ အားနှင့် ထိုလက်တွေကို ဖယ်ထုတ်ပစ်လိုက်၏။

"တစ်မိနစ်တစ်အာဏာ ငါမိဘ ဒါပဲဖြစ်ရမယ်လို့ ကြိုးကိုင်ကျူးသွင်းဖို့ မကြိုးစားပါနဲ့ ဒယ်ဒီ၊ လူငယ်တွေမှာလည်း အမှန်တရားဆိုတာ ရှိတယ်၊ ခံစားချက်ဆိုတာ ရှိပါတယ်၊ အမြင့်ရောက်စေချင်လို့ ဆွဲပဲတင်တင်၊ ထမ်းပဲတင်တင်၊ ဆန္ဒမရှိရင် နှစ်ဦးနှစ်ဖက်လုံး အရှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းတယ်ဆိုတာ ဒယ်ဒီက သားထက် ပိုသိမှာပါ''

"ဒါဆိုရင် မိဘတွေရဲ့ မေတ္တာတရားက ဘာမှအသုံးမဝင်ဘူးပေါ့။ ဂုဏ်တင့်တယ်စေချင်လို့ အဆင့်အတန်း မြင့်စေချင်လို့ သွေးနဲ့ချွေးနဲ့ ရင်းပြီး အပင်ပန်းခံ ရှာဖွေထားရတဲ့ ငွေကြေးတွေနဲ့ ထောက်ပံ့ဖြည့်ဆည်းပေးခဲ့တာတွေက အလကားပေါ့ ဟုတ်လား ခန့်ညား''

ဒယ်ဒီ နာကျင်ခံခက်စွာ အော်လိုက်တာလား။

ခန့်ညားကတော့ ပွန့်ခနဲ နှုတ်ခမ်းထောင့်စွန်းလေး တွန့်ကွေးအောင် မဲ့ပြုံးပြုံးလိုက်မိသည်။

"အဲဒါ ပေးဆပ်တဲ့ မေတ္တာတရားတွေမှ မဟုတ်ဘဲ ဒယ်ဒီ၊ ပြန်ရချင်လို့ ရင်းနှီးမြှုပ်နှံခဲ့တာ မဟုတ်ဘူးလား၊ အခု ဒယ်ဒီ မှန်းထားသလောက် ပြန်မရနိုင်မှန်းသိတော့ ဒေါသနဲ့ ပေါက်ကွဲခဲ့တာ မဟုတ်ဘူးလား''

စီးကျနေတဲ့ သွေးတွေကို လက်ဖဝါးတစ်ခုလုံးနှင့် ပွတ်တိုက်ဆွဲသုတ်ကာ ခန့်ညား လက်ထောင်ပြလိုက်သည်။ တင်းမာခက်ထန်နေသော ဒယ်ဒီ့မျက်နှာက လွှဲဖယ်မသွားဘဲ ခန့်ညားကို စိမ်းနေအောင်ကြည့်၏။

"ဒယ်ဒီ ပုံစံသွင်း ချုပ်ကိုင်အမိန့်ပေးခဲ့လို့ သား ဒီဂုဏ်ဒြပ်တွေ ပိုင်ဆိုင်ခွင့်ရခဲ့တာ ကျေးဇူးတင်ပါတယ် ဒယ်ဒီ၊ ဒါပေမဲ့ သား မပက်မော





ပါဘူး။ မလိုချင်လို့ မဟုတ်ပေမယ့် ရချင်တာရှိရင် အလဲအထပ် လုပ်ရမှာပဲ မဟုတ်လား။ ဒယ်ဒီ သင်ပေးလိုက်တဲ့ ပညာတွေကို သားဘဝ ရပ်တည်မှုအတွက် အသုံးမချပါဘူး''

"သား ခန့်ညား ခန့်ညား''

တအားအော်ဟစ် တားဆီးလိုက်ပေမယ့် ပါးစပ်ဖျားက အသံထွက်မလာ။

ဝုန်းခနဲ ကားသံကြားတော့ ရင်ထဲက အုန်းခနဲ မြည်ကာ ဖင်ထိုင်ကျသွားသည်။ ခြံဝင်းထဲက ပြေးထွက်လာတဲ့ ခြေသံတွေက အများအပြား။

"သား သား ဘယ်ရောက်သွားတာလဲ ဘယ်ထွက်သွားတာလဲ တိုကောင်းမြိုင် ရှင် မတားလိုက်ဘူးလား''

"အချိန်မမီလိုက်ဘူး။ သား သား ဘယ်ထွက်သွားတာလဲ မသိဘူး''

"ရှင်နဲ့ စကားပြောနေတာပဲလေ၊ ရှင့်ရှေ့မှာ ရှိနေတာပဲလေ၊ သားကို ဘယ်လောက်ထိများ ကိုယ်ထိလက်ရောက် ခုံးမလိုက်ပြန်ပြီလဲ၊ ငယ်ငယ်လေးကတည်းက အဲလို လုပ်လိုက်ရင် အကြောက်လွန်ပြီး သားထွက်ထွက်ပြေးတတ်တာ ရှင်သိရဲ့သားနဲ့''

"ဒီတစ်ခါ အကြောက်လွန်ပြီး ထွက်ပြေးသွားတာ မဟုတ်ဘူး၊ မခံမရပ်နိုင် ပေါက်ကွဲပြီး ရှောင်ထွက်သွားတာ နေပါစေ၊ သူ့ မိခိုးစရာ



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်ပဲ ရှိတာ ပြန်လာပါလိမ့်မယ်''

"ကလေးဘဝတုန်းကတောင် ကသစ်နွယ် လိုက်ရှာပေးမှ တွေ့တာလေ၊ သူခေါ်မှ ပြန်လာတာလေ၊ သားစိတ်မာတာ အကြောကြီးတာ သိမှ သားနဲ့ ကိုကောင်းမြိုင်ရယ် အခုရော ကသစ်နွယ်ကို လိုက်ရှာနိုင်ရဦးမှာလား''

"ဟင့်အင်း အဲဒီ မိန်းကလေး တော်တော် အရှက်ရသွားပြီ ဘယ်တော့မှ ငါတို့ မိသားစုနဲ့ ဆက်ဆံရဲတော့မှာ မဟုတ်ဘူး၊ သားလည်း ဒီကောင်မလေးကို တကယ် သံယောဇဉ်ရှိရင် ထပ်ပြီး အထင်သေးရှုတ်ချခံရမှာစိုးလို့ ပတ်သက်ရဲတော့မှာ မဟုတ်ပါဘူး''

အမုန်းခံ လူကြမ်းလုပ်လိုက်မိတာ သားနားလည်စေချင်သည် မိဘဆိုတာ ပေးဆပ်တဲ့ မေတ္တာတရားတွေ ပိုင်ဆိုင်ထားပေမယ့် ငါ့သား ငါ့သမီးရယ်လို့ အတ္တကြီးတတ်ကြတာ ဘယ်လိုလုပ်ရမလဲ''

သားသမီး လိုချင်တဲ့ ဆန္ဒရှိလျှင် သူများဆီက ခိုးရတိုက် လုယက်ရမှာ ဝန်မလေးပေမယ့် အဆင့်အတန်းမရှိတဲ့ မိသားစုထဲ သားဘဝတစ်ခုလုံး မထိုးအပ်ရက်တာ အမှန်ပင်။

ဟိုးအရင်ကတည်းက ကသစ်နွယ်နှင့် အပေါင်းအသင်း မလု ဖို့ ပညာရေးကို ဂရုစိုက်ဖို့ ဦးကောင်းမြိုင် အတင်းအကြပ် စည်းကာ ဆတ်မှတ်ချုပ်ချယ်ခဲ့ဖူးသည်။ ဒါပေမဲ့ ဒီလိုမျိုး တုံ့ပြန်တော်လှန်ရဲခြ





မရှိသော်လည်း ကသစ်နွယ် စာကျက်ခိုင်းမှ ကျက်၏။

တစ်နေရာမှာရာမှာ ပုန်းအောင်း ရှောင်တိမ်းနေသည့်အခါမှာလည်း ကသစ်နွယ် ပြန်ခေါ်မှ လိုက်၏။

ဒဏ်ရာအနာတရ ဖြစ်လျှင် ကသစ်နွယ် ဆေးထည့်ပေးမှ လက်ခံ၏။

အဲဒီအချိန်တွေကတည်းက ကသစ်နွယ်လောက် မိဘတွေ အရေးမပါခဲ့ဘူးဆိုတာ သိသင့်သည်။

အခုရော...။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၁)

"အခု သွားပြောမယ်၊ ဦးကောင်းမြိုင်တို့ကို မေမေ အခု သွားရှင်းမယ် သမီး၊ အကျင့်ပျက် မိန်းကလေးဆိုတဲ့ ပုဒ်မ တပ်ရအောင် သူတို့မှာ ဘာသက်သေ အထောက်အထား ရှိလို့လဲ၊ ကွယ်ရာမှာ အတင်း အဖျင်း ပြောတယ်ဆိုတာ နားခံသာသေးတယ်၊ အခုက သက်သက်မဲ့ စော်ကားတာ၊ အထင်သေးတာ"

ဒေါ်မြသီတာ အသားတွေ တဆတ်ဆတ် တုန်ကာ ဒေါသခွေ့ခွေ့ ခုန်နေသည်။ အမိုအကွယ် အားကိုးအားထားစရာ မရှိလို့ ဆင်းရဲသွားတာ ကလွဲရင် သားသမီးတွေ လိမ္မာရေးခြား ရှိအောင် ကိုယ်ကျင့်တရား မပျက်အောင် ဒေါ်မြသီတာ ဂရုစိုက်နိုင်ပါသေးသည်။

ပြည့်စုံအောင် မထားနိုင်တော့ပေမယ့် ဂုဏ်သိက္ခာအပျက်ခံပြီး





လည်း ရှာဖွေမကျွေးခဲ့ပါ။

ရိုးတဲ့အတွင်းပစ္စည်းတွေ ရောင်းချပေါင်နှံ၊ တတ်သမျှ မှတ်သမျှ မုန့်စားအလုပ်လေးနှင့် ကျွမ်းကျင်တဲ့သူတွေကို အားကိုးပြီး ရိုးသားစွာ ရောင့်ရဲတင်းတိမ်ခဲ့ကြသည်။

သားသမီး သုံးယောက်လုံးကလည်း ဘယ်သူ့မှ တပ်မက်မှုနှင့် သောဘမရှိ။

ဒါကိုမှ အကျင့်ပုဒ်မ တပ်လိုက်သတဲ့။ ဘယ်လောက်များ ဆိုး ဝါးလိုက်သလဲ။

သမီး ကသစ်နွယ် ငိုယိုကာ ခြံထဲ ပြေးဝင်လာတော့ သမီး အိမ်ပြန်နောက်ကျတာကို စိတ်ပူပြီး အိပ်မပျော်နိုင်ဘဲ စောင့်နေမိတဲ့ ဒေါ်မြသီတာ အလန့်တကြား ဖြစ်သွားခဲ့သည်။

စိုးရိမ်စိတ်နှင့် သမီးပခုံးလေးကို ထွေးဖက်ကာ တတွတ်တွတ် မေးနေပေမယ့် ကသစ်နွယ်က ကြိတ်ရှိုက်၍သာ ငိုနေလေ၏။

နောက်ဆုံး ချော့၍တစ်မျိုး ခြောက်၍တစ်မျိုး မေးမှ အကျိုး အကြောင်း ရှင်းပြဖော်ရသည်။

သမီးရဲ့ ကိုယ်ကျင့်သိက္ခာကို စော်ကားရက်လေခြင်းဟု ဒေါသ တွေ ဘယ်လိုမှ ထိန်းမရ။

တစ်ဖက်ခြံထဲကို သွားဖို့ တကဲကဲဖြစ်နေတော့ သမီးက သူမ



www.burmeseclassic.com

www.burmeseclassic.com



လက်ကို လုံးဝလွှတ်မပေးဘဲ တားဆီးနေ၏။

"တောက်"

"စိတ်လျှော့လိုက်ပါ မေမေရယ်၊ ကသစ်က ခန့်ညားရဲ့ ည

အချိန်မတော်ကြီးထိ အတူတူနေမိတာကို၊ ကသစ် မှားတာပါ မေမေ"

"မှားတယ်ဆိုရအောင် လွန်လွန်ကျူးကျူး ဘာတွေဖြစ်ခဲ့ကြလို့

လဲ၊ အိုးကမပူ စလောင်းကပူ၊ သမီးရှင်က နစ်နာတယ် မပြောရဘူး

သူတို့က အလံထူ မဏ္ဍပ်တိုင်တက်ပြနေတယ်၊ အရင်တုန်းက ဆွေမျိုးတ

ရင်းနှီးခဲ့ကြတာ၊ ခုလို ဆင်းရဲမှ နှိမ့်ချစရာလား"

"တော်ပါတော့ မေမေရယ်၊ သွားပြီး ဖြေရှင်းမှ တစ်ရက်က

နှစ်ရက် ဖြစ်နေပါ့မယ်၊ ကသစ်တို့ရဲ့ရိုးသားဖြူစင်မှုကို ခန့်ညား သိပ

တယ်"

"တော်တော့ သမီး၊ ခန့်ညားလေးကို မေမေ သားတစ် ယောက်

လို ချစ်ပါတယ်၊ သမီး သံယောဇဉ်တွေကို နားလည်လို့လည်း လိုက်လျော

ဆုံးဖြတ်ခဲ့ဖူးတယ်၊ ဒါပေမဲ့ ကိုယ့်ဘဝကို အထင်သေး ရှုတ်ချ စော်ကား

ရက်တဲ့ အဲဒီ အသိုက်အဝန်းကို စိတ်ကူးတောင် မယဉ်နဲ့တော့ သမီး"

"မေမေ"

"နာတတ်အောင် ကြိုးစားစမ်းပါကွယ်၊ မိန်းကလေးဆိုတာ

အရှက်အကြောက်ရှိရတယ်၊ ကိုယ်ကျင့်တရားကောင်းရတယ်၊ ဂုဏ်သိက္ခာ





ကို ကိုးကွယ်တတ်ရတယ်၊ ပြီးတော့ ကွယ်လွန်သွားတဲ့ သမီး အဖေရဲ့

ဂုဏ်နှာ၊ ဆင်းရဲပင်ပန်းပေမယ့် မရိုးမသား ရှာဖွေမကျွေးခဲ့တဲ့ မေမေ့

ဂုဏ်နှာ၊ ဒါတွေကို သမီးလေး ငဲ့ညှာထောက်ထားပေးပါ"

ကသစ်ရဲ့ နှလုံးသားကို မညှာတာတော့ဘဲနဲ့လား မေမေဟု

ကသစ် စကားနာမထိုးရက်ပါ။

ကသစ် မေမေ့ကို ဘာတွေ ပေးဆပ်ခဲ့ရသေးလို့လဲ။

ဖေဖေရှိတုန်းက တင့်တောင်းတင့်တယ် နေနိုင်ခဲ့သည်။ မိသားစု

ဘဝလေး ငြိမ်းချမ်းသာယာခဲ့၏။ ဂုဏ်ထည်ဝါမှုတွေ အများကြီး မပိုင်ဆိုင်

ခဲ့ရသော်လည်း အဆင့်အတန်းရှိရှိ သူများ လက်ညှိုးထိုး မခံခဲ့ရချေ။

ထို့နောက် ဖေဖေ ဆုံးပြီးကတည်းက ဆိုးဝါးလိုက်တဲ့ ကံကြမ္မာ

က ဆက်တိုက်။

ကြီးကြီးပါ ဒုက္ခတဖြစ်နေပြီဆိုတော့ အဆင်ပြေမှုဆိုတာ ဘယ်

မှာ ရှာတွေ့ပါတော့မလဲ။

ဒါပေမဲ့ သားသမီးတွေ အားမငယ်အောင် မေမေ နှစ်သိမ့်

အားပေးခဲ့သည်။ ရှေ့ကနေ မိန်းမသားတန်မဲ့ မားမားမတ်မတ် ရုန်းကန်

ရင်ဆိုင်ခဲ့၏။

ကသစ် အလုပ်ထွက်လုပ်ပါ့မယ်ဆိုတာတောင် အိမ်မှုကိစ္စတွေ

တာဝန်ယူရင်းနဲ့သာ သက်တောင့်သက်သာ နေစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမေတ္တာ ဒီကျေးဇူးတွေကို နှလုံးသားနှင့် ရင်ဆိုင်ရမည်ဆိုလည်း တန်ပါသည်။

ဒါပေမဲ့ ရှိုက်သံတွေ တိုးတိတ်အောင်တော့ မစွမ်းဆောင်နိုင်သေးဘူး မေမေရယ်။

"သမီး"

ကသစ် အသံထွက်ပြီး ပြန်မထူးနိုင်ပါ။ မေမေ့ကို မော့ကြည့်တော့ ဆက်တီခုံတွေရှိရာ ကသစ်ကို ဆွဲခေါ်သွားသည်။

သားသမီးတွေ အပူနှင့် မေမေ့ မျက်နှာမှာ ဘာမှ ပြင်ဆင်ခြယ်သထားခြင်း မရှိ။ ဆံပင်တွေ ဖရိုဖရဲ၊ ညဝတ်အင်္ကျီ နွမ်းနွမ်းနှင့် အရမ်းကို ပင်ပန်းနွမ်းနယ်နေသလိုပင်။ ပင့်သက်ရှိုက်နေတာလည်း လေးပင် ပြင်းရှလွန်း၏။

"သမီးကို အလေးနက်ဆုံး အရေးကြီးဆုံး ကိစ္စတစ်ခု မေမေ တိုင်ပင်ချင်တယ်၊ မေမေ့ဆန္ဒဆိုပေမယ့် နာခံရမယ်လို့ မေမေ အမိန့်မပေးပါဘူး သမီး"

"ဘာ ဘာလဲ ပြောပါ မေမေ"

"ဟိုတစ်လောက စိန်ပွဲစား မြမြဖင် ပြောတဲ့ကိစ္စကို မေမေ လက်ခံလိုက်ချင်တယ်"

"ရှင်"





မဖြစ်နိုင်ဘူး မေမေလို့ ဒုတိယအကြိမ် ထပ်ပြီး ကသစ် ငြင်းဆန်လိုက်ချင်သည်။ ဟိုအရင်တစ်ခါ ပြောတုန်းက ကသစ် ခါးခါးသီးသီး မငြင်းဆန်ရသေးဘဲနဲ့တောင် မေမေ နားလည်လက်ခံပေးခဲ့၏။

"အရမ်းချမ်းသာတယ် ဆိုပေမယ့် သားကြီး သမီးကြီးရှိတဲ့ ကလေးနှစ်ယောက် အဖေ မုဆိုးဖိုဆိုတော့ မေမေ မတိုက်တွန်းရက်ပါဘူး သမီးရယ်၊ မေမေ့သမီးက အပျိုစင်လေးလည်း ဖြစ်တယ်၊ နိုင်ငံခြားက ပြန်လာတော့မယ့် ခန့်ညားး သံယောဇဉ်ကလည်း ရှိသေးတယ်၊ မေမေတို့ အဆင်မပြေဘူးဆိုပေမယ့် ရပ်တည်နေနိုင်သေးတာပဲ၊ မြမြဖင်ကို မေမေ ဘာမှအကြောင်းမပြန်သေးဘူး သမီး"

တဲ့။ အဲလို ဖျောင်းဖျ ဖြေသိမ့်ခဲ့ရှာတာ။

ခုတော့ ခန့်ညားတို့ဘက်က အခြေအနေကြောင့် မေမေ့ စိတ်ဓာတ်တွေ တစ်မျိုးပြောင်းပြန်ပြီ ထင်၏။

မျက်ရည်စတွေ သိမ်းလျက် ကသစ် ငြိမ်နေတော့ မေမေက ကသစ် ပခုံးကို ဖွဖွလေး ထွေးဖက်လာသည်။

"ခန့်ညားနဲ့ သမီး အခြေအနေကို မေမေ အရင်သိချင်တယ် သမီး"

"က ကသစ်တို့ သူငယ်ချင်း သံယောဇဉ်နဲ့ ရိုးရိုးသားသားပါပဲ မေမေ၊ ချစ် ချစ်သူ မဖြစ်ကြသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခန့်ညားက ဖွင့်မပြောသေးလို့လား"

"ရှင် ဟို"

"သမီး ချစ်နေတာကို မေမေသိတယ်လေ၊ ခန့်ညားလည်း အလေးအနက် ရှိတဲ့ပုံပါပဲ၊ ဒါပေမဲ့ သူ့မိဘတွေကို မလွန်ဆန်နိုင်လို့ သမီးအပေါ် မပွင့်လင်းရဲသေးတာလည်း ဖြစ်နိုင်တယ်၊ သမီးက မျှော်လင့်နေချင်သေးလား"

ကသစ် ချက်ချင်း အဖြေမပေးနိုင်။ ရင်ထဲ ဆူးနှင့်ထိုးဆွသလို နာကျင်ခံရခက်လျက် မျက်ရည်တွေ ဝေ့သီလာ၏။

ဖြည်းလည်းစွာ ခေါင်းယမ်းရင်း မျက်ရည်တွေ တစ်ခါတည်း ခါထုတ်ပစ်လိုက်သည်။

"ဒါဆိုရင် မြမြဖင်ကို မေမေ လက်ခံတယ်လို့ ပြောလိုက်ရတော့ မလား သမီး၊ မေမေတို့ဘက်က အကျိုးအကြောင်းသိရရင် သူတို့ဘက်က အမြန်ဆုံး စီစဉ်ကြမှာ"

"ခန့် ခန့်ညားနဲ့ ကသစ် တိုင်ပင်ကြည့်ချင်သေးတယ် မေမေ"

"ဒီလောက် အခွင့်အရေးတွေ ရနေတာတောင် တွေဝေပြီး မပွင့်လင်းရဲတာ သမီးက မျှော်လင့်နေချင်သေးတာလား။ တွယ်မက်နေ တယ်ဆိုရင်လည်း ငယ်သံယောဇဉ်တစ်ခုပဲ ရှိပါတယ်၊ ဟိုဘက်က ချမ်းသာ တာ သူတို့ထက် အဆပေါင်းများစွာ သာတယ်လေ၊ မုဆိုးဖိုကိုရှိပြီး





ဂုဏ်တူဂုဏ်ပြိုင် မလုပ်ချင်ပေမယ့် မေမေတို့ တစ်မိသားစုလုံး လူ့အောက် ကျနေတော့မှာ အထင်မြင်သေး ရှုတ်ချကဲ့ရဲ့ မခံရတော့မှာတော့ သေချာ တယ် သမီး"

မျက်စိမှိတ် ခေါင်းညိတ်လိုက်ဖို့ တွန့်ဆုတ်နေတာ နှင့်စိတ် တစ်ခုတည်းကြောင့်ပါ ခန့်ညားရယ်။

ဒီမိသားစုအတွက် ငါ့ဘဝ ငါ့နှလုံးသား ရင်းနှီးပေးဆပ်သင့် တယ်ဆိုတာ ငါ နားလည်ပါတယ်။

နင့်ဘက်က အဟန့်အတားတွေရှိလို့ ပွင့်လင်းခဲ့မယ်ဆိုရ လည်း ဒါ စွန့်စားဖြစ်မယ် ထင်ပါတယ်။

ခုတော့ အချိန်တွေ မလုံလောက်ခဲ့လို့လား။ အဆီးအတားတွေ ရှိနေလို့လား။

ရင်ဆိုင်ဖို့ရော ဂုဏ်ဒြပ်တွေက တွန်းအားမပေးခဲ့ဘူးလား ခန့်ညားရယ်။ ချစ်ခဲ့ရတာတွေနဲ့ နာကျင်ရတာတွေ မတန်တော့ဘူး။

ဟိုးအဝေးကြီးကို ထွက်ပြေးပျောက်ကွယ်သွားလိုက်ချင်ပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

"ဟား စောစောစီးစီး ဘယ်ကလွင့်လာတာလဲ ခန့်ညား။ အိမ်ရှင်က မျက်နှာသစ်ပြီးရုံ ရှိသေးတယ်နော်"

အိမ်ရှေ့မှာ ကားရပ်ပြီး အိမ်ထဲ လှမ်းအဝင် ဦးမောင်က စ နောက်နေသည်။

ခန့်ညား မပြုံးနိုင် မရယ်နိုင်။ ဆက်တီခုံရှည်လေးမှာ ဝင်လှဲ လိုက်သည်။

"နိုင်ငံခြားက ပြန်လာတာ မကြာသေးဘူး။ ဘိုးတော်နဲ့ ကျိုင်တက်လာပြန်ပြီလား ခန့်ညား"

"အလည်အပတ် မဟုတ်ဘူး။ အပြီး ဆင်းလာတာ"

ခန့်ညား ဘုဆတ်ဆတ် ပြောတော့ ဦးမောင်က ကွမ်းချိုးတွေ





နီရဲနေသော သွားတွေပေါ်အောင် ရယ်ချလေ၏။

"ငယ်ငယ်ကလို ကသစ်နွယ် လာခေါ်ရင် ပြန်လိုက်သွားမှာပဲ မဟုတ်လား"

"အဲဒီကိစ္စမျိုး ဘယ်တော့မှ ရှိလာမှာ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် နောက်မှပြောပြမယ်၊ အခု ဗိုက်ဆာနေတယ်၊ တစ်ညလုံး မအိပ်ခဲ့ရသေးဘူး"

"ဟ ဘယ်လိုဖြစ်"

"ကျွန်တော် နောက်မှ ပြောပြပါမယ်ဆို ဦးမောင်ရာ"

"ဩော် အေး အေးပါ၊ ဆင့်ဆင့်ရေ တူလေးအတွက် ကော်ဖီနဲ့မုန့် ယူခဲ့ပါကွာ"

ဦးမောင်မိန်းမ အန်တီဆင့်က ကော်ဖီနဲ့မုန့် အမြန်ဆုံး လာချပေးသည်။

"ဆင့်ဆင့် ကလေးတွေ ကျောင်းပို့ရင်းနဲ့ မင်း ဈေးတစ်ခါတည်း သွားမယ်ဆို သွားလေ၊ ဟင်းစားလည်း ပိုဝယ်ခဲ့၊ ဒီဧည့်သည်က အားနာ ဆတ်တာ မဟုတ်ဘူး၊ အိမ်ပေါ်ကတောင် အပြီးဆင်းလာတာတဲ့"

"ဟဲ့ နိုင်ငံခြားပြန် ဆရာဝန်ကြီးတောင် ဖြစ်နေပြီ၊ အရင်က အကျင့်မပျောက်သေးဘူးလား။ ဟိုကောင်မလေး လာခေါ်စေချင်လို့ ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ် ဟုတ်လား ခန့်ညား''

''မဟုတ်ပါဘူး အန်တီဆင့်ရာ''

''ကဲ ဆင့်ဆင့် ဒီကောင် အရမ်းညစ်လာတာ ထင်တယ်၊ ရုပ်တည်ကြီးနဲ့ စနောက်မနေနဲ့ ဈေးသွားစရာရှိတာ သွား။ အမြန်လည်း ပြန်လာခဲ့၊ ကိုယ် အပြင်သွားဖို့ နောက်ကျနေမယ်''

''ဟင် ခန့်ညား ရှိနေတာ ကိုက အလုပ်သွားဦးမလို့လား''

''ချိန်းထားတဲ့ကိစ္စတွေ ရှိလို့ပေါ့ကွာ၊ မင်းက တကယ်လျှာရှည်တာပဲ၊ သွားစရာရှိတာ သွားပါ''

အန်တီဆင့်က မျက်စောင်းထိုးလျက် လေးတန်းကျောင်းသားအရွယ် အမွှာပူး သားနှစ်ယောက်ကို ခေါ်၍ ထွက်သွားသည်။

''ဟိတ်ကောင် ဗိုက်ဆာတယ်ဆို ကော်ဖီနဲ့မုန့် ထစားလေ၊ တခြား ဘာစားချင်သေးလဲ၊ ဘာလုပ်ပေးရမလဲ''

''ရတယ် ဦးမောင် ဒါတောင် အကုန်စားလို့ပြင်မယ် မထင်ဘူး''

''အေး မင်း ဒီလောက် လည်နင်နေပြီဆိုရင် အကြောင်းအရာက သေးသေးမွှားမွှား မဟုတ်လောက်ဘူးဆိုတာ ငါသိတယ်၊ ငါလည်း မင်းဒယ်ဒီ ငါ့အစ်ကိုနဲ့ နေခဲ့တုန်းက အဲလို လည်နင်လောက်တဲ့အထိ စိတ်ဒုက္ခတွေ ခံစားခဲ့ရဖူးတယ်၊ စားရင်းနဲ့ ရင်ဖွင့်ကာ ပေါ့သွားတာပေါ့''

ဦးမောင်က အဲလို စာနာ နားလည်မှုရှိသူပါ။





တကယ်ဆို ဦးမောင်က ခန့်ညားထက် ရှစ်နှစ်လောက်သာကြီးပေလိမ့်မည်။ ဒယ်ဒီ့ရဲ့ ညီနှစ်ဝမ်းကွဲလောက် တော်စပ်ပေမယ့် ခန့်ညားကို တူအရင်း ညီအရင်းလို ချစ်ခဲ့သည်။

ဦးမောင်မှာ မိဘတွေ မရှိ။ ငွေကြေးကလည်း မပြည့်စုံ။ ပညာရေးကလည်း မထွန်းပေါက်တော့ ဒယ်ဒီက အိမ်ပေါ်မှာ ခေါ်ထားပြီး သူ့ရဲ့ ကားဒရိုင်ဘာအဖြစ် အလုပ် လုပ်ခိုင်းခဲ့သည်။

ထိုအချိန်က ဒယ်ဒီ့ရဲ့စိတ်တိုင်းမကျမှုတွေနှင့် ဦးမောင်လည်း စိတ်ပင်ပန်းခဲ့သည်ဟု ညည်းညူခဲ့သည်။ နောက်တော့ စောစီးစွာ အိမ်ထောင်ကျ ကားပွဲစား အိမ်ပွဲစားလုပ်ကာ ကိုယ်လွတ်ရုန်းထွက်သွားလေ၏။

ဒါပေမဲ့ ဘယ်လိုပြေးပြေး ခန့်ညား စိတ်ထွက်ပေါက်ရှာတိုင်း တစ်ခါတစ်ရံ ဦးမောင်တို့အိမ်မှာ ပုန်းနေတတ်သည်။

ဦးမောင်လည်း စာနာ နားလည်ကာ ဒယ်ဒီတို့ မသိအောင် နှစ်သိမ့်လက်ခံခဲ့၏။ သူ ပုန်းအောင်းတတ်တဲ့ နေရာတွေကို သိတာဆိုလို့ ကသစ်နွယ် တစ်ယောက်သာ ရှိသည်။

ခုတော့ ဒယ်ဒီ့ရဲ့ သားသမီးချင်း မစာမနာ ပြောထွက်ရက်သော စကားတွေကြောင့် အရှက်ရကာ ကသစ်နွယ် သူ့ကို လိုက်ရှာတော့မည် ထင်။

သူကလည်း ကသစ်နွယ် လိုက်ခေါ်မှ ပြန်လိုက်[illegible]သော



www.burmeseclassic.com

www.burmeseclassic.com



အလှအပတွေ ရှိတာကြောင့် ကိုယ့်သဘောနှင့်ကိုယ် အိမ်ပြန်ဖို့ စိတ်ကူးမရှိချေ။

ဒါဆို သူ ဘာလုပ်ရမလဲ။

"ဦးမောင် ကျွန်တော် စိတ်ဖြေသာအောင် တစ်ခုခု လုပ်ပစ်ချင်တယ်ဗျာ"

"အာ"

သူ ကျုံးထကာ အော်ဟစ်လိုက်တော့ ဦးမောင် လန့်ဖျပ်သွားသည်။

"မင်း ဘာတွေဖြစ်လာသလဲဆိုတဲ့ အကြောင်းရင်းကို အရင်ပြောလေ၊ စိတ်ကောက်လာအောင်လည်း ကလေးအရွယ် မဟုတ်တော့ဘူး အသိဉာဏ်ရှိတဲ့ ပညာတတ် တစ်ယောက်လည်း ဖြစ်နေပြီ၊ မင်း ခံစားလာခဲ့ရတာ မချိမဆံ့ကြီးလား ခန့်ညား"

ခန့်ညား ကော်ဖီခွက်ကို အပူအအေး မခြည်းစမ်းဘဲ တစ်ရှိန်ထိုး မော့သောက်ပစ်လိုက်သည်။ လည်ချောင်းတစ်လျှောက် ပူဆင်းသွားပေမယ့် ရှုံ့မဲ့ညည်းညူဖို့ သတိမရဘဲ ခေါင်းညိတ်ပြလိုက်၏။

ပြီးတော့ အစအဆုံး ရှင်းပြလိုက်သည်။ စကားအဆုံးမှာ မျက်ရည်တွေ ဝေ့သီလာတာကြောင့် ဦးမောင်က သူ့ခေါင်းကို ဖွဖွပုတ်၍ နှစ်သိမ့်လေ၏။





"အစ်ကိုက သူဖြစ်ချင်တဲ့ ဆန္ဒကို ဦးစားပေးပြီး အတ္တကြီးလွန်းနှန်း ဦးမောင်ကိုယ်တိုင် ခံစားခဲ့ဖူးလို့ ကိုယ်ချင်းစာပါတယ် ခန့်ညား၊ သူက အရမ်းတော် အရမ်းထက်မြက် အောင်မြင်နေတဲ့သူဆိုတော့ သူများတွေကို အားမရဘူး၊ ငါ့လို ဘာကြောင့် မဖြစ်နိုင်တာလဲဆိုတာကို နှစ်သိမ့်မှုနဲ့ မြှင့်တင်ပေးဖို့အတွက် အသုံးမကျရကောင်းလားလို့ အပြစ်မြင်နေတာက ပိုဆိုးတယ်၊ ပြီးတော့ သူများကို အထင်သေး ရှုတ်ချတတ်သော ဉာဉ်ဆိုးတစ်ခုပဲ"

"ကျွန်တော့်ကို ဘာပြောပြော ဘာလုပ်လုပ် ဒီလောက်ကြီးနှင့်ထဲမှာ ခံစားရမှာ မဟုတ်ဘူး၊ အခုဟာက ကသစ်ကို သားသမီးချင်းစာမနာ မှိုချိုးမျှစ်ချိုး ပြောလိုက်တာ ကသစ်ကိုရော သူ့မိသားစုကိုရော အားနာဖို့ကောင်းတယ်၊ ကသစ် ငိုပြီး ထွက်ပြေးသွားတာ မျက်လုံးထဲက မထွက်ဘူး၊ ကျွန်တော့်ကို မေတ္တာတရားအကြောင်းတွေ လာပြောနေသေးတယ်၊ ဘယ်ချိန်တုန်းက ကြင်နာတတ်ခဲ့လို့လဲ၊ လိုချင်တဲ့ ပုံစံကို နွားရိုင်းတစ်ကောင်လို ကျုံးသွင်းပြီး ဒဏ်ရာပေးနေတာ၊ ဆင်တစ်ကောင်လို အနာတရဖြစ်အောင် ချွန်းနဲ့အုပ်နေတာ ဆင်တစ်ကောင်လို အနာတရဖြစ်အောင် ချွန်းနဲ့ အုပ်နေတာ သက်တောင့်သက်သာ မရှိဘူး"

ခန့်ညား အသံက တုန်ခါအက်ရှနေသည်။ ဦးမောင်က လေးကြီး မှုတ်ထုတ်ပြီးမှ သက်ပြင်းရှိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကာသစ်နွယ်ကို မင်း ချစ်နေသလား ခန့်ညား"

"ဗျာ"

"သူငယ်ချင်း သံယောဇဉ်ထက် ပိုနေပြီလားလို့ ဝန်ခံနိုင်

တာ"

တွန့်ဆုတ် တွေဝေမလို ဖြစ်ပြီးမှ ခန့်ညား အလော

ခေါင်းညိတ်ပြလိုက်သည်။ ဒီနေရာမှာ ဟန်ဆောင် ထိန်းချုပ်စရာ မ

ပွင့်လင်းလို့လည်း အပြစ်တင်မည့်သူ မရှိ။

"ကျွန်တော် အရမ်းချစ်တယ်၊ နိုင်ငံခြားမှာကတည်းက ထ

သိမ်းဆည်းလာတာ တနင့်တပိုးပဲ"

"ကာသစ်နွယ်ကိုရော သေချာဖွင့်ပြောပြီးပြီလား"

"စိတ်ချင်းနှလုံးသားချင်း နားလည်နေတယ်၊ အတိအလ

ပြောဖို့ စဉ်းစားလိုက်တိုင်း ဒယ်ဒီနဲ့ မာမိက တံတိုင်းကြီးလို ဖြစ်နေတယ

မစွန့်စားရဲလို့တော့ မဟုတ်ဘူး၊ ကာသစ်နွယ်နဲ့ ပတ်သက်ရင် အရာ

ရင်ဆိုင်ရဲတယ်ဆိုတာ ကိုယ့်ကိုယ်ကို သိနေတယ်၊ ဒါပေမဲ့ အချိန်တ

စောင့်သင့်သလားဆိုပြီး ကျွန်တော် တန်ဖိုးထားနေခဲ့တာ"

"ခုလိုတွေ ဖြစ်လာပြီဆိုတော့ မင်း ဘာလုပ်မလဲ"

"ကာသစ်နဲ့ အန်တီမြသီတာကို တောင်းပန်ချင်တယ်၊ ကာ

နားလည်ပေးရင်တောင် အန်တီမြသီတာ လက်ခံပါ့မလား မသိဘူး"





လေသံက တိုးတိတ် အက်ရှနေ၏။ အားလျော့ စိတ်ပျက်နေခြင်း

သား။

"အခုမှ အဲဒီဘက်က အခြေအနေကို တကယ်စောင့်ကြည့်ဖို့

လိုအပ်လာတာ၊ လတ်တလော သွေးပူပြီး ပေါက်ကွဲနေမှာတော့ အသေ

အချာပဲ၊ သွေးအေးစိတ်ပြေမှ သွားပြီး တောင်းပန်ပေါ့"

"ကျွန်တော် ဒီမှာ ခဏခိုလို့ရတယ် မဟုတ်လား"

"အရင်ကလို တိတ်ဆိတ်အေးချမ်းမှာတော့ မဟုတ်ဘူး၊ မျောက်

သောင်းနှစ်ကောင်ကို တစ်နေ့တည်း တစ်ချိန်တည်း မွေးမိတာ အိမ်ဆူ

ဘယ်၊ ဦးနှောက်ပူတယ်၊ မိန်းမက ပစိပစပ် လေမုန်တိုင်းတိုက်လွန်းလို့

နားမချမ်းသာဘူး၊ အခုနောက်ပိုင်း အလုပ်ပင်ပန်းတဲ့အခါ စိတ်ထွက်

ပေါက် ရနိုင်တဲ့နေရာမှာ အနားယူတယ်"

"ဘယ်နေရာလဲ"

ဖိုးခနဲ ဆတ်ခနဲ ခန့်ညား မေးလိုက်တော့ ဦးမောင်က အဓိပ္ပါယ်

တစ်မျိုးနှင့် မချိုမချဉ် ပြုံးသည်။

"အတတ်ကောင်းတွေ သင်မပေးချင်ပေမယ့် မင်းက နိုင်ငံခြား

မှာ နေလာတဲ့ကောင်ဆိုတော့ အထာကျေပြီးသား ဖြစ်မှာပါ၊ မနေ့က

အတိတ်ထိ မေ့နိုင်ပြီး ပစ္စက္ခ အခြေအနေမှာ စိတ်လွတ်ကိုယ်လွတ်

ပျော်နိုင်ရင် တော်ပြီပေါ့၊ ပဋိပက္ခဆိုတာကတော့ နေ့စဉ် ရင်ဆိုင်နေရမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ခထာပေါ့ကွာ''

တရားချနေတာတော့ မဖြစ်နိုင်။ ပြေရာပြေကြောင်း ထွက်ပေါက်

တစ်ခုကို လမ်းပြနေတာ ဖြစ်လိမ့်မည်။

ပြတင်းပေါက်က တိုးဝင်လာတဲ့ လေကလည်း လူကို မလန်း

ဆန်းစေနိုင်။

သက်ပြင်းပူတွေ မှုတ်ထုတ်တော့လည်း ရင်ထဲမှာပေါ့ပါးမသွား

နင့်ကို သတိရလိုက်တာ ကသစ်ရယ်။

■ ■ ■



## အခန်း (၁၃)

ခန်းမတစ်ခုထဲ ရောက်သွားတော့ မှန်ဖျော့ အားနည်းနေသော ရောင်စုံမီးပွင့်လေးတွေ မှိတ်တုတ်မှိတ်တုတ် အောက်မှာ ယောကျ်ား မိန်းမ အတွဲကိုယ်စီ တွေးရောယှက်တင် ငြိမ့်ညောင်းသာယာသော တီးလုံးသံနှင့်အတူ လှုပ်လှုပ်ရွရွ ကနေကြသည်။

သီချင်းသံ တီးလုံးသံ မြူးကြွလျှင် လူတွေက ပိုပြီး မြူးကြွသွားဆူကြ၏။

ကိုယ့်ကိုယ်မှလွဲလျှင် ဘယ်အရာမှ ဂရုစိုက်ဟန်လည်း မရှိ။ ကိုယ့်အာရုံနှင့်ကိုယ် ယစ်မူးပြီး ကျန်တာတွေ မေ့လျော့ထားလို့ ရတယ်ဆိုတာ ဒီနေရာမျိုးလား။

''ခန့်ညား မင်း ဘာသောက်မလဲ၊ ဘူဖေးစနစ်ပဲ ကြိုက်တာဆွဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘီယာလောက်ဆို အဆင်ပြေပါတယ်"

"ဟာ မင်းကလည်း ပျော့လိုက်တာ ပြင်းပြင်းလေးမှ လန်းသွာ
မှာပေါ့"

"မူးအောင်သောက်လို့ အရာအားလုံး မေ့သွားမယ်ဆိုရင်တော့
ကောင်းတာပေါ့ဗျာ"

"အစကတည်းက ခဏလို့ ငါပြောခဲ့သားပဲ"

"အဲလို မူးအောင်သောက်ပြီးမှ မေ့ရမှာဆိုရင် အိမ်မှာ အေ
သောက်ပြီး မှောက်အိပ်နေလည်း ဖြစ်တာပဲ၊ ဘာလို့ ဒီနေရာ လာနေမှာ
ဦးမောင်ရာ"

"ဟကောင် ထူးခြားမှုမရှိရင် မင်းကို တကူးတက ခေါ်လာ
မလား၊ ရော့ ဒါကိုင်ပြီး နောက်ကသာ လိုက်ခဲ့"

ဦးမောင်က ကလပ် ဖန်ခွက်လေး သူ့လက်ထဲ ထည့်ပြီး အခ
တစ်ခုအတွင်း ဦးဆောင်ဝင်သွားပြန်သည်။

"အိုး ဘော့(စ်) မျက်စိလည်လာပြန်ပြီလား"

ကြိုဆိုပုံက တရင်းတနှီး။ ချိုအီရှုတစေသော ရနံ့တစ်ခု အ
ကပ် တိုးခွေ့ရောက်လာ၏။

"မျက်စိလည်လာတာ မဟုတ်ဘူး၊ ကိုယ့်ရဲ့ အထူးဧည့်သည်
သီးသန့် မိတ်ဆက်ပေးချင်လို့ ရောက်အောင် လာခဲ့တာ"





"အိုး လန်းလှချည်လား"

သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ တည့်တည့်ပြောသည်။ ဝတ်
ားတာက ပေါင်လယ်လောက်ရှိသော စကတ်အတိုနှင့်၊ အင်္ကျီက မပြင်
င်သော အရာတွေကို တမင်တကာ ဖွင့်လှစ်ပြချင်ဟန်ဖြင့် လက်တစ်လုံး
သာ ပခုံးကြိုးသိုင်း လည်ဟိုက်။

မျက်နှာမှာ မိတ်ကပ်ရောင်စုံ ဆေးရောင်ခြယ်ထားပြီး ပုံဖော်
ားတဲ့ နှုတ်ခမ်းပါးမှာ စွဲညို့သိမ်းသွင်းဖို့အတွက် ပါဝါအပြည့်။

အတုတပ်ထားတာ သိသာစေသော မျက်တောင်ရှည်ကော့ကော့
အောက်က မျက်ဝန်းတို့သည် မေးစင်းရီဝေသလိုနှင့် စူးစိုက်သော အကြည့်
ကို မလွှဲဖယ်တာက ရဲတင်းလွန်းခြင်းရဲ့ သင်္ကေတလား။

"ဟွန့်"

ခန့်ညား အကြည့်လွှဲတော့ ထိုမိန်းမက ဟွန့်ခနဲ တိုးတိတ်သော
သံပြုလျက် မပွင့်တပွင့် ပြုံးသည်။

"ဘယ်လိုလဲ စန္ဒီ သူ့အာရုံတွေ လန်းဆန်းအောင် မင်း တာဝန်
ယူနိုင်ပါ့မလား"

"အသစ်ဆိုရင်တော့ အပိုင်သိမ်းပြီး ဆွဲစိထားလိုက်မှာ"

"နိုး နိုး အကြာကြီးတော့ ရမှာမဟုတ်ဘူး၊ အစိုင်အခဲတွေနဲ့
ဆုံးစားပြီး ညစ်နေတာ၊ ခဏလောက် အရည်ဖျော်ပေးနိုင်ရင် ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေလေ စန္ဒီ့အစွမ်းအစကို ဘော့(စ်)သိပါတယ်"

"ယုံကြည်ပါတယ်ကွာ၊ ဒီနေ့အတွက် အချိန်ပေးနိုင်တယ် မဟုတ်လား"

စန္ဒီက အပြုံးလေးနှင့် အခန်းတံခါးကို မှေ့ဖွင့်ပြသည်။ အစားအသောက်တွေ လာပို့တဲ့ ဝိတ်တာလေး ပြန်ထွက်သွားသည်နှင့် တစ်ခါတည်း တံခါးလော့(ခ်)ချသွားတာ သတိထားမိလိုက်၏။

ဦးမောင်က သဘောပေါက်ကာ အစားအသောက်တွေ တင်ထားတဲ့ စားပွဲခုံနားက ဆိုဖာထိုင်ခုံတွေဆီ ခန့်ညားကို ခေါ်သွားသည်။

ခြေပစ်လက်ပစ် ခန့်ညား ထိုင်ချလိုက်ချိန်မှာ ထိုမိန်းကလေးက သူနှင့်ပူးကပ်စွာ ဝင်ထိုင်လိုက်သည်။

အနေကျုံ့သလို ဆိုဖာခုံနောက်မှီကို ကျောကပ်သွားတော့ ထိုမိန်းကလေးက ခစ်ခနဲ အသံထွက်ရယ်လေ၏။

"ဒီလောက် ကြောက်တတ်ရင် ဘုန်းကြီးကျောင်းကို ခေါ်သွားပါလား ဘော့(စ်)ရယ်၊ ဘာလို့ ဒီနေရာ ခေါ်လာရတာလဲ"

"အတွေ့အကြုံ မရှိသေးလို့ပါ၊ စန္ဒီက သင်ပေးလိုက်ပေါ့ ခန့်ညား ရဲဆေးအရင်တင်လိုက်ပါလား"

"ဟင့်အင်း ကျွန်တော် ပြန်ချင်တယ်"

"ဟကောင် ဘယ်လိုဖြစ်တာလဲ ကြာခြေရရ နေစမ်းပါ"





ဦးမောင်က မျက်ခုံးပင့်ပြီး မျက်လုံးပြူးပြ၏။ စန္ဒီက ခန့်ညား မျက်နှာကို သူမ လက်ချောင်းလေးတွေနှင့် ရွရွလေး တို့ထိပွတ်သပ်နေကာ

"ပျင်းနေပြီလား၊ တို့ သီချင်းဆိုပြမယ်လေ"

"ဟင့်အင်း ကျွန်တော် ခံစားလို့ ရမှာမဟုတ်ဘူး"

"ဒါဆို ဘာခံစားချင်တာလဲ၊ ဒီတစ်ည သူ့ဆန္ဒတွေ အားလုံးကို တို့က ဖြည့်ဆည်းပေးမှာပါ"

သူ့အင်္ကျီရင်ဘတ်က ကြယ်သီးတွေကို တို့ထိ ဆော့ကစားတော့ ညို့ရှိစွာ သူ့မျက်နှာနား တိုးကပ်၍ ပြောလိုက်တော့ ခန့်ညား ကြက်သီးမွေးညှင်းထကာ ဖျပ်ဖျပ်ခါသွားသည်။

"ကျွန်တော့်အာရုံကို ဒါမျိုးတွေနဲ့ မဆေးကြောချင်ဘူး၊ အနာတခြား ဆေးတခြား ဖြစ်နေသလိုပဲ"

"မင်းပျော်အောင် မနေတတ်လို့ ဖြစ်မှာပါ၊ အာရုံတွေ မလွှင့်ပါးဘဲ ဒီနေရာမှာ စုစည်းကြည့်လိုက်၊ မင်းပျော်မွေ့သွားလိမ့်မယ်၊ ဒါပေမဲ့ စကားကို တို့ ကိုယ်ချင်းမစာ ပြောလိုက်တယ်ဆိုတာတော့ ဝန်ခံတယ်၊ ဒို့လည်း ဒီဘဝကို မပျော်မွေ့ဘဲ ရပ်တည်နေခဲ့တာ"

ဖျတ်ခနဲ အကြည့်ဆုံပြီးမှ ခန့်ညား ပြုံးခနဲ ထရပ်လိုက်သည်။ ဘဝအကြောင်း အစချီနေသော်လည်း သူ စိတ်မဝင်စား။ သနားဖို့သည်း စိတ်ကူးမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ရအောင် ဦးမောင်"

သူ ဒုတိယအကြိမ် ထပ်ပြောတော့ ဦးမောင်က သူ့လက်ကို ဆွဲပြီး ပြန်ထိုင်ခိုင်း၏။

"ဒီတစ်ညအတွက် ပုံအပ်ပြီးသား၊ မင်းစိတ်မပါလည်း အချိန်ကုန်တဲ့အထိတော့ နှပ်နေလိုက်ကွာ၊ ငါ အပြင်မှာ သွားကဲလိုက်ဦးမယ်"

ခန့်ညား တားဆီးချိန် မရလိုက်။ သူ့ကို စန္ဒီနှင့် သီးသန့်ခန်းအတွင်းမှာ ယုံကြည်စိတ်ချစွာ ထားရစ်ပြီး ဦးမောင် ထွက်သွားခဲ့သည်။ ခန့်ညား၊ သက်ပြင်းချကာ စန္ဒီနှင့် ပူးပူးကပ်ကပ် မနေချင်၍ ခုံပြောင်းထိုင်လိုက်၏။

စန္ဒီက ခပ်စူးစူး စိုက်ကြည့်ကာ လက်ပိုက်၍ ပြုံးနေပြီး

"ခန့်ညား တို့ကို မသတီဘူးလား၊ အထင်သေးနေတာလား"

"အထင်ကြီးစရာရော ရှိလို့လား၊ မင်းတို့ ရုန်းကန်နေရတဲ့ ဘဝကို ရှုတ်ချချင်လို့တော့ မဟုတ်ဘူး၊ ဘဝရပ်တည်မှုအတွက် ဝါသနာမပါလည်း ကျင်လည်သလို လုပ်စားနေရတာ ငါ နားလည်တယ်၊ ဒါပေမဲ့ လားရာအရပ်တွေ မတူကြသလို လာရာအရပ်တွေလည်း ကွဲပြားနေမှာပဲ၊ ဒီဘဝကို ရောက်လာတဲ့ မိန်းကလေးတွေက စားဝတ်နေရေးကြောင့် မိသားစု ပြုသနာ ပတ်ဝန်းကျင် တိုက်တွန်းအားပေးမှု၊ ဝါသနာ အကျင့်ဆိုးဖျောက်ဖျက်မရလို့ ငွေရလွယ်လို့ နောက်မဆုတ်ချင်တော့တာ၊ အမျိုး





မျိုးပဲ မဟုတ်လား"

စန္ဒီ အလေးအနက်ဖြစ်ကာ ခေါင်းလေး မော်သွား၏။ ငွေတွေ အပုံလိုက် ရလိုက်တာထက် ခန့်ညား စကားတွေက တန်ဖိုးရှိနေသည်။

သူမက ဘယ်အခန်းကဏ္ဍက ဇာတ်ရုပ်လဲ။

မေးရိုးကားကား ပါးမြိုင်းမွှေး ရေးရေး၊ ပိရိသေသပ် တိကျသော နှုတ်ခမ်းစိုစိုနှင့် ယောက်ျားပီသသော ခန့်ညားက သူမ ဆက်ဆံဖူးသော ယောက်ျားတွေနှင့် မတူ။

ငွေပေးပြီး ရမ္မက်ဆန္ဒနှင့် အာသာဖြေနေတာလည်း မဟုတ်။ ထိုကောင်ကို ဆားနှင့်တို့သလို တွန့်လိမ် ရှောင်တိမ်းနေပုံက အသည်းယားစရာပင် ကောင်းနေသေးသည်။

"ခန့်ညား တို့အကြောင်း ဘယ်လောက် သိပြီးပြီလဲ"

"ဒီနေရာကို ဦးမောင် အကျိုးအကြောင်း ပြောပြီး ခေါ်လာတာမှ မဟုတ်တာ၊ စိတ်ပေါ့ပါး လန်းဆန်းသွားမယ်၊ ပျော်ရွှင်ရမယ်တဲ့၊ အရမ်း မွန်းကြပ်နေလို့ လိုက်လာခဲ့တာ"

"အခုရော"

"ပြန်ချင်တယ်၊ ဒါပေမဲ့ အရက်ကိုပဲ မူးအောင်သောက်တော့မယ်"

ပြောရင်းနှင့် ဖန်ခွက်လေးကို ခန့်ညား ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီက အရက်တိုက်ပေးဖေါ်၊ အမြည်းခွံ့ကျွေးဖေါ်၊ ကြည်နူးကျေနပ်နေလို့ မဟုတ်ပေမယ့် မငြင်းဆန်ဖြစ်။

လည်ချောင်းထဲကနေ ရင်တွေထဲအထိ ပူပြင်းရှတစွာ စီးဆင်းသွား၍ စိတ်တွေ ပေါ့ပါးသွားတာမျိုး မဟုတ်ပေမယ့် လေးလံနေတဲ့ ဝေဒနာမျိုး မဟုတ်တော့ပေ။

သူရာရည် အားလုံးကို မေ့နိုင်စွမ်းသည်တဲ့။

ဒယ်ဒီ့ရဲ့ ဆူပူကြိမ်းမောင်းမှုတွေ၊ မာမီ့ရဲ့ ပြစ်တင်ငြိုငြင်မှုတွေ၊ မမြင်ချင် မကြားချင်။

ကာသစ်ရဲ့ ရှိုက်သံတွေ၊ ရက်စက်သည်းထန်စွာ ထွက်ပြေးသွားတဲ့ ပုံရိပ်တွေ မကြားရက် မမြင်ရက်။

အနားမှာ ထိုင်နေသည့် စန္ဒီ့ကိုယ်ခန္ဓာလည်း လွင့်ပါးပျောက်ကွယ်သွားလျှင် ကောင်းမည်။

အပြုံးတစ်စက အဆိပ်အတောက်နှင့် တူနေလို့ပါ။

■ ■ ■



## အခန်း (၁၄)

"ဒီကိစ္စက ဒီလောက်ကြီး ဆွေးနွေးစရာ မလိုပါဘူး မြဖင်ရယ်၊ ဟိုတစ်ဖက်က လူကြီးမိဘတွေ ကိုယ်တိုင် ကမ်းလှမ်းညှိနှိုင်းပြီးမှ ဘာမှ ထပ်မတောင်းဆိုချင်တော့ပါဘူး"

"ပြော် ဒါက အရမ်းလိုချင်စိတ်နဲ့ လောဘကြီးပြီး တောင်းဆိုမှာမှ မဟုတ်တာ၊ ကိုယ်က အပျိုစင် သမီးရှင်၊ ဟိုက သားကြီး သမီးကြီးရှိတဲ့ မုဆိုးဖို၊ ပြီးတော့ ငွေတွေ အများကြီး အကုန်အကျခံ မင်္ဂလာဆောင်ရမှာလည်း မဟုတ်ဘူးလေ၊ အရင် မိန်းမတုန်းကဆိုရင် သိန်းပေါင်းထောင်ချီပြီးတောင် အကုန်အကျခံခဲ့တာတဲ့"

"ဒါကတော့ သူ ချစ်မြတ်နိုးလို့ တန်ဖိုးကြီးကြီး လက်ထပ်ခဲ့တာ အားကျစရာမှ မဟုတ်ဘဲ မြမြဖင်ရယ်၊ အခုက သူ့အမေဆန္ဒနဲ့ ကျွန်ုပ်ရဲ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ သားသမီးတွေ အထိန်းအကွပ်ရှိအောင် လက်ခံခဲ့တာ မဟုတ်လား၊ တင်တောင်းထားတဲ့ အတိုင်းအတာကလည်း မက်လောက်စရာပဲဥစ္စာ၊ ရတနာ့ပစ္စည်းမျိုးစုံ တစ်ဆင်စာစီနဲ့ သီတာတို့အတွက် ကားတစ်စီး၊ လုပ်ငန်းလုပ်ဖို့ ငွေသိန်းတစ်ထောင် ခမ်းခမ်းနားနားဖြစ်အောင် အိမ်အတွင်းပစ္စည်းတွေလည်း ပြန်ဝယ်ပေးမယ်တဲ့၊ သူတို့ ဂုဏ်အဆင့်အတန်းနဲ့ တူစေချင်လို့ ညှိပေးတဲ့ သဘောပေါ့''

ဒေါ်မြသီတာ တက်တက်ကြွကြွ ဖြစ်နေတော့ ဒေါ်မြမြဖြင် ဘာမှ မပြောတော့။ တကယ်တိုင်းတာ ကြည့်မည်ဆိုလည်း မုဆိုးဖိုကို ယူလို့ နာမည်ဆိုးပဲ ရှိမည်။

အသက်အရွယ်အားဖြင့်လည်း ကြီးရင်မှီ၊ ငယ်ရင်ချီ အသက် ဆယ့်သုံးနှစ် ဝန်းကျင်လောက်သာ ကွာပေမည်။

ရုပ်ရည်အရလည်း ပြောစရာမရှိ။ ယောကျ်ားပီသ တည်ငြိမ်ခန့်ညားသည်။ လုပ်ငန်းများစွာ ပိုင်ဆိုင်သည့် အောင်မြင်တိုးတက်နေသော မျိုးရိုးစဉ်ဆက် ချမ်းသာသူ။

မုဆိုးဖို ဖြစ်တာတောင် အမိဖမ်းချင်သည့် သူတွေ အများအပြားကြားမှ ကသစ်နွယ်ကို တန်ဖိုးရှိရှိ လက်ထပ်ယူဖို့ ကမ်းလှမ်းခဲ့သည်။

ကသစ်နွယ်ဘက်က လက်ခံပြီဆိုတော့ တိုင်းကမ္ဘာ မိခင်က တလေးတစား လာဆွေးနွေးခဲ့သည်။





လိုက်လျောမှုတွေ များလို့ လိုအပ်မှု မရှိ အားနာစရာပင် ကောင်းနေခဲ့သည်။

အကျဉ်းရုံးဆိုလို့ ကသစ်နွယ် ဆန္ဒအရ တရားရုံးတွင် လက်မှတ်ထိုး၊ ဘုန်းကြီးကျောင်းတွင် မင်္ဂလာဆွမ်းကျွေးလောက်ပင် လုပ်ဖြစ်ပေလိမ့်မည်။

ဒါလည်း အကျယ်တဝင့် မဖြစ်တာကို တစ်ဖက်က လက်ခံပေး၍ ဒေါ်မြသီတာ စိတ်ချမ်းသာခဲ့ရသည်။

''သမီး စိတ်မကောင်း မဖြစ်နဲ့နော်၊ ချစ်တာနဲ့ လက်ထပ်တာ တစ်ယောက်စီ ဖြစ်သွားတာကလွဲရင် မေမေတို့ တစ်မိသားစုလုံးကို သမီးက ကယ်တင်လိုက်တာပါပဲ၊ သမီးကို မေမေ ရောင်းစားလိုက်တာလို့ တွေးပြီး မနာကြည်းပါနဲ့ကွယ်၊ သမီး ဒီအတိုင်းနေရင် ခန့်ညားနဲ့ ပတ်သက်မိဦးမှာပဲ၊ ပတ်သက်ခဲ့ရင် သူတို့ အသိုက်အဝန်းက လက်ညှိုးထိုးမယ်၊ နှိမ့်ချစော်ကားမယ်၊ အကျင့်ပျက် မိသားစုလို့ ထင်ပြီး စွပ်စွဲကြမှာ မလွဲမသွေပဲ သမီး၊ မေမေ့ သားသမီးတွေကို မေတ္တာနဲ့ ရင်အုပ်မကွာ စောင့်ရှောက်ခဲ့တာ အဲလို အပြော မခံနိုင်ဘူး၊ အထင်သေး မခံနိုင်ဘူး၊ မေမေ မျက်ရည်မကျပါရစေနဲ့တော့ သမီးရယ်''

သမီးကို ဖျောင်းဖျခဲ့ရသည်။ နားချသိမ်းသွင်းခဲ့သည်။ ပတ်ဝန်းကျင်ကို အရှုံးပေးချင်လို့ မဟုတ်ပေမယ့် သားသမီးတွေ ပန်းတိုင်



www.burmeseclassic.com

www.burmeseclassic.com



မပျောက်အောင် ဒေါ်မြသီတာ ဒီအတိုင်း ဆုံးဖြတ်ခဲ့ရသည်။

အမြန် အကောင်အထည်ဖော်ရမယ့် ပွဲမို့ အချိန်လည်း မဆွဲချင်၊ တစ်ဖက်ကလည်း အမြန်လိုနေတာမို့ ရက်ကပ်၍ စီစဉ်နိုင်အောင် ကြိုးစားနေသည်။

မနက်ဖြန်ဆို သမီးကြီး ကသစ်ရဲ့ဘဝ။

"နှစ်ဦးနှစ်ဖက် အဆင်ပြေသွားပြီဆိုရင်လည်း မြမြ ဝမ်းသာပါတယ်၊ မြက မသီတာတို့ကို ဒီ့ထက်ပိုပြီး ကောင်းစားစေချင်တာ၊ မြန်နဲ့ မသီတာက မုဆိုးမ ဘဝတူချင်းဆိုတော့ ကိုယ်ချင်းစာတယ်၊ လင်မရှိ ငွေမရှိဆိုရင် လူတွေက အထင်သေး စော်ကားချင်ကြတယ် မဟုတ်လား၊ အဲဒါကြောင့် မြမြ ငွေကို ကုန်းရုန်းရှာနေတာ၊ လင်ကတော့ ကိုယ့်အသက်အရွယ်နဲ့ အမှီအတွယ် မရှာချင်တော့ဘူးလေ၊ သားသမီးတွေ ပထွေးရမှာစိုးလို့ ဟင်း ဟင်း ကသစ်နွယ်လေးက မိထွေးဘဝ ရောက်သွားပေမယ့် ကံကောင်းမှာပါ"

သမီးတစ်ယောက် မိထွေးဘဝ ရောက်တာ ဘယ်မိဘမှ ဝမ်းသာ ပီတိ ဖြစ်နိုင်လိမ့်မည် မထင်ပါ။

ဒါပေမဲ့ ကံတရားက ဒီအတိုင်းပဲ ဖြစ်စေခဲ့ပြီ။

မကျေနပ်လို့ ရမလား။

နောက်ဆုတ် ထွက်ပြေးလို့ရော ရတော့မည်လား။ ကြားပွဲစား





အောင်သွယ်တော် မြမြဖင် ပြန်မည်ဆိုတော့ ခြံအထိ ဒေါ်မြသီတာ လိုက်ပို့လိုက်သည်။

ပြီးလျှင် သမီး ငိုနေသလား၊ ဝမ်းနည်းနာကျင်နေသလား သိရအောင် သမီးအခန်းကို သွားပြီး နှစ်သိမ့်အားပေးရဦးမည်။

"အန်တီမြသီတာ ကသစ် ရှိလား"

"ဟင် မင်း ခန့်ညား မင်း ဒီကို ဘာလာလုပ်တာလဲ၊ မင်း လာစရာ မလိုဘူး အခု ထွက်သွား"

"ကျွန်တော် ဘာအပြစ်မှ မကျူးလွန်ခဲ့ဖူးပါဘူး အန်တီ၊ ဒယ်ဒီတို့ အမှားတွေကို ကျွန်တော် တောင်းပန်ဖို့ လာတာပါ"

ဒေါ်မြသီတာ တွေခနဲ ဖြစ်ကာ မင်းခန့်ညားကို မျက်ရည်တွေ ပြည့်လျှံနေသော မျက်ဝန်းတွေနှင့် သေချာကြည့်မိ၏။

ဒီကလေးမှာ အပြစ်မရှိတာ သူမ သိနေတာပဲလေ။ သမီး အပြစ်ကင်းတာလည်း သူမ သိသည်။

နှောင်တွယ် ရစ်ပတ်တတ်တဲ့ အချစ်တို့ သံယောဇဉ်တို့ဆိုတာ အပြစ်ရဲ့ ဖော်မြစ်မှ မဟုတ်တာဘဲ။

ဒါဆို ဆုံဆည်းခြင်း၊ ကွဲကွာခြင်းကရော အပြစ်ဖြစ်နိုင်သလား၊ ဂုဏ်စနစ် အဆင့်အတန်းကပဲ တရားခံ ဖြစ်နိုင်ပါလိမ့်မည်။

"ကသစ်ကို မင်း မတွေ့သင့်တော့ဘူး ခန့်ညား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာဖြစ်လို့လဲ အန်တီ၊ ဒယ်ဒီတို့ကြောင့်လား။ ကျွန်တော် အိမ်မှာမနေတော့ဘူး။ ဒယ်ဒီတို့နဲ့ ကျွန်တော် မပတ်သက်အောင် နေနိုင် တယ်၊ ကိုယ့်ဘ၀ကိုယ် ရပ်တည်ပြီး ကသစ်နဲ့ ဆုံဆည်းအောင် ကြိုးစား ချင်တယ်၊ ကျွန်တော့်ကို ခွင့်ပြုပါ အန်တီ"

ဒေါ်မြသီတာ ရင်ထဲ ဆို့နင့်သွားသည်။ ဒီစကားတွေ အခု ဘာလို့ လာပြောနေရတာလဲ၊ အရင်ကတည်းက ဖွင့်ပြောခဲ့လည်း သ မျက်နှာငယ်ရမည့် အဖြစ်မျိုးမှ ဒေါ်မြသီတာ ခွင့်ပြုနိုင်လိမ့်မည် မထ

ဒါပေမဲ့ ခန့်ညား ရင်ထဲက စကားတွေကို သမီး နားထောင် ပေလိမ့်မည်။

"သမီး အပေါ်ထပ်မှာ ရှိတယ်၊ မင်း သွားတွေ့လိုက်ပါ"

အလွယ်တကူ ခွင့်လွှတ်လိုက်တာ မဟုတ်။ ခွင့်ပြုလိုက်တ လည်း မဟုတ်။

နောက်ဆုံးအနေဖြင့် ရင်ထဲမှာ ရှိတာတွေ ပွင့်လင်းခွင့်ရကြ စိတ်ဖြေသာနိုင်လိမ့်မည် ထင်၏။

"ရင်ကွဲနာကျအောင် ဆုံတွေ့ခွင့် ပေးလိုက်တာလား ညီမလေ

"ရှင် ဩော် မမ"

ဗိုးချဲလေးနှင့် အနားရောက်လာသည့် မမ စကားကြေ ဒေါ်မြသီတာ ဆတ်ခနဲ တုန်သွားသည်။





"အနေဝေးလည်း သွေးအေးမယ့် သံယောဇဉ်တွေ မဟုတ် သေမယ့် ထိပ်တိုက် ဆုံပေးလိုက်တာ ပိုပြီး မနာကျင်နိုင်ဘူးလား"

"မတတ်နိုင်ဘူး မမရယ်၊ မျိုသိပ်ထားတာတွေ သိခွင့်မရဘဲ သေသွားတာနဲ့စာရင် မဖြစ်နိုင်တာတွေ ညှိနှိုင်းရင်းနဲ့ ခွဲခွာရတဲ့ အကြောင်း ရင်းကို နားလည်သွားကြတော့ ဖြေသာသေးတာပေါ့"

"ညည်းလည်း အတ္တကြီးတဲ့ မိခင်တစ်ယောက်ဖြစ်နေပါပေါ့လား မြသီတာ၊ ခန့်ညား ရင်ဖွင့်တာ ပွင့်လင်းတာကို သိခွင့်ရရင် ကသစ် စိတ်ချမ်းချမ်းသာသာနဲ့ ဘ၀သစ်မှာ ပျော်နိုင်မယ် ထင်နေလား။ ပိုပြီး ခံစားရမှာ ရင်ကွဲနာကျမှာ၊ ကိုယ့်ဘ၀ ပြည့်စုံဖို့အတွက် ဒီကလေးနှစ် ယောက် သံယောဇဉ်တွေကို ဥပေက္ခာပြုတာ တရားတယ်လို့ ထင်နေ သား မြသီတာ"

ဒေါ်မြသီတာ ခေါင်းငိုက်စိုက်ချကာ မမ ရှေ့မှာ ဒူးထောက်ထိုင် ချလိုက်ပြီး မျက်ရည်တွေ စီးကျလာ၏။

"မတရားဘူး ဒီလို မဆုံးဖြတ်သင့်ဘူးဆိုတာ ကျွန်မ သိပါတယ် မမရယ်၊ သူတို့ရဲ့ သံယောဇဉ်ကို ဥပေက္ခာမပြုချင်ပေမယ့် ကိုယ့်အိမ်မှာ မွေးထားတဲ့ ခွေးတစ်ကောင်တောင်မှ တခြားခွေးတွေနဲ့ ကိုက်ရင် နိုင်စေ ချင်တာ၊ ကိုယ့်ခွေး သွေးထွက်သံယိုဖြစ်ရင် ဆွေ့ဆွေ့ခုန် ဆတ်ဆတ်တုန် အောင် ဒေါသတွေဖြစ်၊ မခံမရပ်နိုင်ဖြစ်ကြတာ လူတွေရဲ့ အတ္တမဟုတ်

www.burmeseclassic.com



လား မမရယ်၊ ခန့်ညားတို့ အသိုက်အဝန်းက သမီးကို မလိုလားတာ၊ မှိုချိုးမျှစ်ချိုး အထင်သေး စော်ကားတာ၊ ကျွန်မ ဘယ်လိုနှလုံးသားနဲ့ ခံစားပေးရမှာလဲ၊ ခန့်ညားမှာ အပြစ်မရှိဘူးဆိုတာ သိလို့ နားလည်ပေး ခဲ့ရင်ရော ကျွန်မတို့ တစ်မိသားစုလုံး သူများကဲ့ရဲ့ လက်ညှိုးထိုးခံရတဲ့ ဘဝက တစ်သက်လုံး လွတ်မြောက်ပါတော့မလား''

မမဘက်က လှိုက်မော နင့်သီးနေသော သက်ပြင်းရှိုက်ကြီးချသံ ကြားလိုက်ရ၏။ မမ ပေါင်ပေါ်မှာ ခေါင်းမှေးတင်ပြီး ဒေါ်မြသီတာ အားရ ပါးရ ရင်တွေ ပွင့်ထွက်အောင် ရှိုက်ငိုပစ်လိုက်သည်။

ဒီအမေရဲ့ ရင်မှာ မချိတော့ဘူး။ မခံစားနိုင်တော့ဘူး။

အပေးပဲရှိသည့် ဒီမေတ္တာတရားတွေကို တုံ့ပြန် စီးဆင်းဖို့ တောင်းဆိုမိတာ ခွင့်လွှတ်တော့ သမီးရယ်. . .။

■ ■ ■



## အခန်း (၁၅)

''ကသစ်''

''ဟင်''

ခေ့ထားသော အခန်းတံခါးကို တွန်းဖွင့်သံကြားလိုက်ရပေမယ့် ခန့်ညား ဖြစ်နေလိမ့်မည်ဟု မထင်မိ။

ပြင်ဆင်နောက်ဆုတ်လို့ မရတော့သည့် လမ်းကြောင်းပေါ်ကို ရောက်နေပြီမို့ တွေးငေးမှိုင်တွေနေမိဆဲ ခန့်ညားကို မြင်လိုက်ရသည့် အတွက် ရင်တွေထဲက လှိုက်မောကျုပ်ဆို့နေသည်။

ဟင့်အင်း ဒီမျက်ရည်တွေ ခန့်ညား မမြင်စေချင်။

''နင်ဘာလာလုပ်တာလဲ ခန့်ညား''

''ငါပုန်းနေမှန်းသိရဲ့သားနဲ့ နင် လာမရှာတော့၊ မနေနိုင်တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



က ရောက်အောင် လာရတာပေါ့၊ အရင်ကဆိုရင် နေမဝင်ခင် ငါ့ကို တွေ့အောင်ရှာပြီး ပြန်ခေါ်တယ်နော်၊ အခုနင်က အရမ်းစိတ်နာနေလို့ လား၊ အရင်ကလို မာမီက သားကို ရှာပေးပါလို့ နင့်ကိုအကူအညီ မတောင်းလို့လား ကသစ်နွယ်”

နင့်မာမီကိုယ်တိုင် မလာပေမယ့်၊ ဦးသာအောင်လာပြောတယ် ဟု ခန့်ညားကို ပြောပြသင့်ရဲ့လား။

“ခန့်ညား သူ့အဖေနဲ့စကားများပြီး အိမ်ပေါ်ကဆင်းသွားတာ သုံးရက်ရှိပြီ အိမ်ပြန်မလာလို့ သူ့မြေးကတော့ အရမ်းစိတ်ပူနေတယ်၊ သူတို့လိုက်ရှာလို့တွေ့လည်း ပြန်လိုက်မလာမှာ သိနေလို့ ကသစ်ပြန်ခေါ် ပေးပါလားကွယ်”

“ဒေါ်ခင်ထိပ်ထားက ပြောခိုင်းလိုက်တာလား ဦးသာအောင်”

“ဟုတ် ဟုတ်ပါတယ် ကလေးအရွယ် မဟုတ်လို့ စိတ်ပူစရာ မရှိပေမယ့် ကသစ်နွယ် လိုက်မခေါ်ရင် ပြန်မလာမယ့် အကျင့်ကတော့ ပျောက်မှာ မဟုတ်ဘူး။ ပြီးတော့ ဆရာဝန်ဂုဏ်ပုဒ်ကိုတောင် ပိုင်ဆိုင်ထားမှ ဒီလိုအဖြစ်တွေရှိနေသေးတာ၊ သူတို့ရှက်လည်း ရှက်နေတယ် ထင်ပါတယ်”

“ကသစ်ကိုတော့ အရှက်မရှိ လိုက်ခေါ်စေချင်တယ်ပေါ့၊ ခန့်ညားကို သံယောဇဉ်ရှိပေမယ့် ကသစ် ဒီလောက်ထိ သိက္ခာမဲ့သေးပါဘူး





ဦးသာအောင်၊ ဒေါ်ခင်ထိပ်ထား ကိုယ်တိုင်လာပြီး ပြောလည်း ကသစ် အားနာတော့မှာ မဟုတ်ဘူး။ မိသားစုနဲ့ ကသစ်ရဲ့သိက္ခာအတွက် ခွင့်လွှတ် နားလည်ပေးပါ”

စိုးရိမ်ပူပန်နေမိပေမယ့် ကသစ် ဒီအတိုင်းပြောခဲ့သည်။ ခန့်ညား ကို သံယောဇဉ်ရှိသော ဦးသာအောင်လည်း မျက်ရည်စက်လက်နှင့် ပြန် သွားခဲ့၏။

ခံစားမှုတွေ ချုပ်ချော်တိမ်းစောင်းမှု မရှိအောင် အသိစိတ်နှင့် ထိန်းထားရပေမယ့် ရင်ထဲမှာ စူးစူးနင့်နင့် နာကျင် အောင့်မျက်နေတာ မခံစားနိုင်အောင်ပင်။

တစ်ဖက်ခြံကို ခွေးခွေးမြှေမြှေ မျှော်ငေးကြည့်ရင်း အသည်း နှလုံးတွေ စုတ်ပြတ်သတ်ကြေမွနေတာ၊ ခန့်ညားသိမှာမဟုတ်။

“ကသစ်”

ခန့်ညားက ရှေ့ခြေတစ်လှမ်းတိုးကာ တုန်ယင်အက်ကွဲ တိုးတိတ် စွာခေါ်၏။

“ဒယ်ဒီတို့နဲ့ ငါ့ကို ခွဲခြားမြင်ပေးပါ။ တို့နှစ်ယောက်ရဲ့ သံယော ဇဉ်ကို ဘယ်တော့မှ မေ့မပစ်လိုက်ပါနဲ့၊ ငါမမှားခဲ့ပေမယ့် နင်တို့မိသားစု အရှက်ရသိက္ခာကျအောင် ဒယ်ဒီပြောခဲ့တာတွေအတွက် ငါ တောင်းပန် ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"မလိုတော့ဘူး ခန့်ညားရယ် နင်ဘာမှမပြောပါနဲ့တော့"

"ဘာဖြစ်လို့လဲ ကသစ်၊ ငါဘာပြောပြော လက်မခံချင်တော့အောင် ငါ့ကိုပါ ရောနှော မုန်းတီးနာကြည်းသွားပြီလား"

အဆက်မပြတ် ခေါင်းရမ်းလိုက်မိပေမယ့်၊ ဘယ်လိုအဓိပ္ပါယ် သက်ရောက်မှုလည်း ကိုယ့်ကိုကိုယ် ခွဲခြားလို့မရ။

ရင်ဘတ်ထဲမှာ စကားလုံးတွေပြည့်နေသည်။

ပါးစပ်ဖျားက ထုံထိုင်းဆွံ့အနေခြင်းသည် မပြောရက်တာနှင့် ပြောမထွက်တာကို တစ်ပြိုင်တည်းခံစားနေရလို့ ဖြစ်ပေလိမ့်မည်။

"ကသစ် ငါ့ကို တစ်ခုခုပြောပါဟာ စိတ်ဆိုးစိတ်နာနေတာဆိုလည်း ငါတောင်းပန်ပါတယ်၊ စိတ်ကောက်နေတာဆိုလည်း မချော့တတ်ပေမယ့် ငါကြိုးစားပြီး ချော့ပါ့မယ်၊ နင် အရမ်းစိတ်အပြင်းအထန်ခံစားနေရရင်လည်း ငါ့မိဘတွေကို ဆန္ဒပြပြီး နင့်ဘက်က ရပ်တည်မယ်"

"ခန့်ညား"

"ငါ တကယ်ပြောတာ ငါ့ဘဝမှာ နင့်လောက် ဘယ်သူမှ အရေးမကြီးဘူး၊ နင့်လက်ကို ရဲရဲတွဲထုပ်ပြီး ဒယ်ဒီတို့ကို တိုက်ပွဲဝင်မယ်လို့ ငါ ဆုံးဖြတ်ထားတယ်၊ ငါထွက်မသွားခင်က ဒယ်ဒီကို တစ်ခါတည်း ကြေညာခဲ့တယ်လေ၊ ဒယ်ဒီတို့ သင်ပေးလိုက်တဲ့ ပညာတွေနဲ့ မရပ်တည်ဘူးလို့ ငါ့ဘဝမှာ နင် ရှိရင်အရာရာပြည့်စုံတယ် ဘာဖြစ်ဖြစ် ချင်ဆိုင်ရဲလိမ့်





ဘယ်လိုလည်း ယုံကြည်နေတယ်၊ နင့်ကိုငါ အရမ်းချစ်တယ် ကသစ်"

"ခန့်ညား"

ခန့်ညား ရင်တွင်းခံစားချက်တွေ စကားစပြတ်အောင် ကသစ် မှာနဲ့ ကုန်းအော်ပစ်လိုက်သည်။

ဒါတွေကို ကသစ် နားမထောင်ချင်၊ ရင်ဘတ်ထဲထိရောက်အောင် ပြောနေလို့ရော ဘာထူးတော့မှာလဲ။

အသံထွက် ရှိုက်ပစ်လိုက်သည့် ကသစ် ပခုံးလေးကို ခန့်ညား အလန့်တကြား ဆုပ်ကိုင်လိုက်သည်။

"ကသစ် နင်ဘာဖြစ်နေတာလဲ ဘာဖြစ်လို့လဲ"

"ငါ ငါ လက်ထပ်တော့မှာ"

"ဘာ"

အကျယ်ကြီး အော်ချလိုက်ကာ သတိလက်လွတ် ကသစ် ပခုံးလေးကို ဆောင့်ခနဲ တွန်းပစ်လိုက်သည်။ ပြီးမှ ဆတ်ခနဲ ဆုပ်ကိုင်ကာ ရှေ့တိုးနောင်ငင်ဖြစ်အောင် လှုပ်ယမ်းနေ၏။

"ကသစ် ခုနက နင်ဘာပြောတာလဲ ပြန်ပြောစမ်း၊ အာ မဟုတ်ဘူး ခုနက စကားက နင်ငါ့ကို စနောက်နေတာ မဟုတ်လား"

ကသစ် ဖြည်းလေးစွာ ခေါင်းယမ်းတော့ ပခုံးသားတွေကို ပြီး တင်းကျပ်နေအောင် ဆုပ်ညှစ်ပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါ့မိဘတွေကို နာကြည်းလို့ တမင်သက်သက် ပြောနေတာ မဟုတ်လား"

"အဲလို နာကြည်းရုံတစ်ခုတည်းနဲ့ ဆုံးဖြတ်လိုက်တာတော့ မဟုတ်ပါဘူး ငါ့ မိသားစုအတွက်ရော"

"ကသစ် နင်တကယ်ပြောနေတာလား နင်လက်ထပ်တော့မယ် ဆိုတာတကယ်လား"

ခန့်ညား မယုံကြည်နိုင်အောင် အသားတွေက ဆတ်ဆတ်တုန်၍ အသံတွေပြာနေသည်။ မျက်ရည်တွေက မျက်ဝန်းအိမ်မှ ဖိတ်လျှံကျကာ ပါးပြင်တလျှောက် လိမ့်ဆင်းလာ၏။

"ကသစ်ရယ်"

နင့်သီးစွာ ခေါ်ရင်း ရင်ချင်းအပ်ကာ ခပ်တင်းတင်း ဆွဲဖက်ပစ်လိုက်၏။

"ငါ နောက်ကျလို့လား၊ ဖွင့်မပြောခဲ့လို့လား၊ ငါ မပွင့်လင်းခဲ့လို့လား"

"ဖွင့်ပြောမှ သိရမယ့်သူတွေမှ မဟုတ်တာ၊ နှလုံးသားချင်း နားလည်ပြီးသားပဲ မလိုအပ်ပါဘူး ခန့်ညားရယ်"

"ဒါဆို ငါ့အချစ်တွေ ငါ့ခံစားမှုတွေကို သိနေရဲ့နဲ့ ဘာလို့ ဒီလို ဆုံးဖြတ်လိုက်ရတာလဲ၊ လက်ထပ်ဖို့"





"ဖြစ်မှ မဖြစ်နိုင်တာ နင့်အသိုင်းအဝန်းက ငါ့ကို မလိုလားဘူးလေ လက်မခံကြဘူးလေ၊ ငါ နင့်ကို အရှက်မရှိ တွယ်ကပ်နေဖို့ သတ္တိမရှိဘူး၊ ပြီးတော့ မိသားစုအတွက် ငါ့ရဲ့ရွေးချယ်မှုကလည်း အရေးကြီးတယ်"

"ငါကရော ငါကရော နင့်အတွက် အရေးမကြီးဘူးလား ကသစ်ရယ်"

မခံမရပ်နိုင်အောင် နာကျင်လျက် ခန့်ညား ညည်းညူနေသလို ဖြစ်နေသည်။ ရင်ခွင်မှ ရုန်းထွက်ကာ ခန့်ညား မျက်နှာကို ဆွေးမြေ့စွာ ကြည့်လိုက်၏။

"ငါ့ရင်တွေ အဆမတန်နာကျင်နေပါတယ်ခန့်ညား ထုတ်ဖော်ပြောစရာမလိုပေမယ့် ငါ ဝန်ခံလိုက်ပါရစေ၊ ငါနင့်ကို အရမ်းချစ်တယ် ဒါပေမဲ့ ဒီနေရာမှာပဲ ငါတို့အချစ်တွေ အဆုံးသတ်သွားပြီ ဘယ်လိုလှည့်တွေးတွေး ဆက်လျှောက်လို့ မရတဲ့လမ်းကို ဒီအတိုင်း ရပ်တန့်လိုက်ကြတာပေါ့"

"ဟင့်အင်း ငါအဲလိုမလုပ်နိုင်ဘူး နင်လည်း ငါ့ကို ချစ်တယ် ငါလည်း နင့်ကိုချစ်တယ် မဖြစ်နိုင်တာတွေ သီးခြားထားခဲ့ပြီး တို့အချစ်တွေနဲ့ ကမ္ဘာငယ်လေးတစ်ခု တည်ဆောက်ကြမယ် ကသစ်"

"စိတ်ကူးယဉ်ပြီး ရူးသွပ်ရမယ့်အရွယ်မှ မဟုတ်တာ ခန့်ညား



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ လက်တွေ့မှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာတွေ ဦးစားပေးရင်း အချစ်တွေရှိခဲ့ဖူးတယ်ဆိုတာနဲ့တောင် ရောင့်ရဲလိုက်ကြရအောင်"

ခန့်ညားက ခေါင်းကို တွင်တွင်ယမ်းပြီး သူမကို ရင်ခွင်မှာ ဆွဲကာဝ်ထားပြန်၏။

"တောင်းပန်းပါတယ် ငါတောင်းပန်ပါတယ် ကသစ်ရယ် နင်ငါ့ အနားမှာ မရှိဘဲနဲ့ ငါဘာကိုမှ ရောင့်ရဲနိုင်မှာမဟုတ်ဘူး၊ ဒီလက်ထပ်ပွဲ ကို နင်လက်မခံပါနဲ့၊ ငါ့ကို ခွဲထားခဲ့ဖို့မကြိုးစားပါနဲ့"

"အားလုံး စီစဉ်ပြီးနေပြီ နောက်ဆုတ်လို့ရတယ်ဆိုရင်တောင် ငါနောက်မဆုတ်တော့ဘူး ခန့်ညား၊ ငါအလွယ်တကူ ခေါင်းညိတ်ခဲ့တာ မဟုတ်ဘူး၊ နှလုံးသားတွေ ကြေမွခံစားပြီး စဉ်းစားဆုံးဖြတ်ခဲ့တာ"

"ဘာ"

ကသစ် ကိုယ်လေးကို ဆတ်ခနဲတွန်းပစ်ကာ ခန့်ညားမျက်နှာ သွေးရောင်လွှမ်းကာ တင်းထန်သွားသည်။

"နောက်မဆုတ်တော့ဘူးတဲ့လား ဆုံးဖြတ်ပြီးပြီတဲ့လား နင်နဲ့ ငါရဲ့ ပတ်သက်မှုကို အဲဒီဘက်က သိရင်ရော လက်ခံပါ့မလား"

"ခြိမ်းခြောက်နေတာလား ခန့်ညား၊ နင်တို့အသိုင်းအဝန်း ငါ့ကိုအထင်သေးသလိုမျိုး ဟိုဘက်ကလူတွေ အထင်သေးစေချင်လို့လား ပတ်သက်မှုတွေကို ချပြချင်တာလား ငါဂုဏ်သိက္ခာ၊ ကိုယ်ကျင့်တရား





မြောင်းထဲမှာ တိုးသိပ်ပြီးမှ အပိုင်သိမ်းချင်တာလား၊ လူတန်းစား ဘယ် နှစ်မျိုးရှိလဲ ငါ မသိဘူး၊ နင်ကတော့ နင့်မိဘတွေလိုပဲ ငါ့ကို တန်ဖိုး ခဲ့စေချင်တာ သိသာနေပြီ"

"မဟုတ်ဘူး နင့်ကို ငါဘယ်တုန်းကမှ အထင်မသေးခဲ့ပါဘူး၊ တန်ဖိုးမဲ့တယ်လို့လည်း မထင်ခဲ့ပါဘူး၊ ငါ့ဘဝအတွက် လိုအပ်လို့ပါ ငါ့အတွက် အရေးကြီးဆုံးမို့ပါ ကသစ်ရယ်၊ ငါဘယ်လိုကျန်ခဲ့ရမှာလဲ ဘယ်လို နေခဲ့ရမှာလဲ၊ ငါ ငါက "

ခန့်ညားစကားတွေ ရှေ့ဆက်မလာ တုန်ယင်အက်ရှပုံးတိတ် သွား၏။ ရှိုက်သံလိုလို လွင့်ပျံ့လာတော့ အကြားအာရုံတွေ ပိတ်ပစ်လိုက် သည့် အမြင်အာရုံတွေ ကန်းပစ်လိုက်ချင်၏။

မသိလို့မှမဟုတ်တာ နင့်စိတ်ခံစားမှုတွေ ပြောင်းသွားစေချင်လို့ ခန့်ညားရယ်။ မာန၊ သိက္ခာ၊ ဂုဏ်ဒြေ၊ အဆင့်အတန်း။ မိသားစု တွေအတွက် ငါ့နှလုံးသားကို ရင်းလိုက်ရတာ နင်လည်းသိတယ် ဟုတ်လား။

ငါသိပ်ချစ်တာကိုလေ..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကသစ်အခန်းက ထွက်လာခဲ့တော့ အပေါ်အောက် အစေ
အဆင်းကျွန်းလှေကားကြီးမှာ အန်တီ မြသီတာနှင့် ဆုံသည်။ ညှော်ခ
ထဲကိုရောက်လာတော့ ဝိုးချဲလေးပေါ်ကနေ ကြိုးကြိုးသူကို သနားကရုဏာ
သက်သလို ငေးကြည့်နေ၏။

အခန်းထောင့်ရှိ တစ်နေရာမှာ ကသစ် မောင်လေးနှင့် ညီမလေ
က စာကျက်နေကြ၏။

ခန့်ညား ဘယ်သူ့ကိုမှ နှုတ်မဆက်ဖြစ်။

ခန္ဓာတစ်ခုလုံး ဝိညာဉ်ပျောက်သလို ဗလာကျင်းနေ၏။ မျက်
တွေက အမြင်အာရုံတွေကို မှုန်ဝါးနေစေသည်။ ခြေလှမ်းတိုင်းမှာ ဦးတ
ချက်ပျောက်နေ၏။





"ခန့်ညား"

"သား"

ကသစ်တို့ အိမ်ရှေ့မှာ ရပ်ထားခဲ့သော သူ့ကားအနီးမှာ ဒယ်ဒီ နှင့် မာမီ့အသံကိုကြားလိုက်ရ၏။ သူ လှည့်မကြည့်ဘဲ ကားပေါ်တက်ဖို့ ပြင်လိုက်သည်။ ဒယ်ဒီက လက်မောင်းရင်းက ဆောင့်ဆွဲလိုက်၍ အသိမဲ့ အချိန်မှို့ အရုပ်တစ်ရုပ်လို ပါသွားသည်။

"ခန့်ညား မင်းကွာ ဘာကြောင့် မရင့်ကျက်သေးတာလဲ၊ အသက်အရွယ်၊ အတတ်ပညာ၊ ဒါတွေက မင်း အသိစိတ်ကို အထောက် အကူ မဖြစ်ခဲ့ဘူးလား"

"သားရယ် ကသစ်နွယ်တောင် မင်းကို ဥပေက္ခာပြုပြီး သူ့မိသား အတွက် မုဆိုးဖိုနဲ့ လက်ထက်တော့မယ်၊ သားက ကိုယ့်ကိုကိုယ် မြင် အောင် မကြည့်တတ်ဘူးလား"

"ဒါတွေအားလုံးက ဒယ်ဒီနဲ့ မာမီကြောင့် ကသစ်နွယ်ထားခဲ့ တာကို ဝမ်းနည်းနေတာ မဟုတ်ဘူး မုဆိုးဖိုတစ်ယောက်ကို လက်ထပ် လိုက်တာ၊ အထင်သေး ရှုတ်ချချင်တာ မဟုတ်ဘူး၊ ဒီလိုတွေ ဖြစ်အောင် လုပ်လိုက် တဲ့ ဒယ်ဒီနဲ့မာမီကိုပဲ သား မုန်းတာ၊ သားကို မင့်ညှာချင် လောက်အောင် နာကြည်းစိတ်တွေ ရိုက်သွင်းပေးလိုက်တာကို မကျေနပ် ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခန့်ညား"

"ရိုက်ချင်ရိုက် သတ်ချင်သတ်ပစ်လိုက် ဒယ်ဒီ၊ သားသမီးရဲ့ စိတ်ကို နားမလည်ဘဲ အတ္တစွဲနဲ့ ပုံသွင်းချင်တဲ့ ဒယ်ဒီ့အရိပ်အောက်မှာ သား မနေနိုင်ဘူး။ အရင်တုန်းက ကြောက်အားလန့်အားနဲ့ ပုန်းရှောင်ခဲ့ တယ် အနေရင်ဘတ်တစ်ခုလုံး နာကျင်နေပြီး ရှောင်တိမ်းနေတယ်။ ကသ နွယ် ဘယ်တော့မှ သားကို လာခေါ်တော့မှာ မဟုတ်ဘူး။ သားလည်း ဘယ်တော့မှ ပြန်မလာတော့ဘူး ဒယ်ဒီ"

"ခန့်ညား မင်း"

ခန့်ညားပခုံးကို ဦးမင်းကောင်းမြင့် အံကြိတ်ကာ ဆောင့်ခါလိုက် သည်။ ဒယ်ဒီလက်တွေကို ခန့်ညားခပ်တင်းတင်း ဆွဲဖယ်ပစ်လိုက်သည်။

"သား မာမီ့ကို သနားပါဦး သားရယ်"

မာမီက ခန့်ညားကို သိုင်းဖက်ကာ ငိုချလိုက်သည်။

"မိဘတွေ မှားချင်မှားမယ် ဒါပေမဲ့ မေတ္တာတွေနဲ့ပါ သား သားဘဝ ယိမ်းယိုင်ပြိုလဲမှာကို မာမီတို့ မြင်ရက်ပါ့မလား။ အပင် ယုယစိုက်ပျိုးခဲ့တာ အညွန့်တလူလူနဲ့ ပွင့်လန်းစေချင်လို့ပါ၊ ရင် ပေးဆပ်ခဲ့တာ တိုးတက်အောင်မြင်စေချင်လို့ပါ၊ အဲဒီအသီး အပွင့် မာမီတို့ စားသုံးချင်လို့မှ မဟုတ်တာ သားရယ်"

"လှောင်ချိုင့်ထဲမှာ သော့ခတ်ထားတဲ့ ခွေးတစ်ကောင်ရဲ့





ကျပ်မှုမျိုးနဲ့လား မာမီ၊ ရုန်းထွက်ခွင့်မရအောင် ကြိုးချည်ထားချင်တာမျိုး လား။ စိတ်ခံစားမှုဆိုတဲ့အရာက ဘာနဲ့မှသိမ်းပိုက်ထားလို့မရဘူး၊ တစ်ခြား လူရဲ့ဝေဒနာကို ကိုယ်ချင်းမစာတတ်ရင် ကိုယ်ကိုယ်တိုင် ဘာဖြစ်နေ တယ်ဆိုတာ သိမှာ မဟုတ်ပါဘူး၊ ကသစ်နွယ် မရှိတဲ့ဘဝမှာ သားမှာ ရှင်သန်ချင်စိတ်မရှိတော့တာ၊ ထားလိုက်ပါတော့မာမီ"

"သား"

မာမီရဲ့ ထိတ်ထိတ်ပျာပျာ အော်လိုက်သံကိုကြားသည်။ ဒယ်ဒီ တောင့်တောင့်ကြီး လူသေတစ်ကောင်လို ကျန်ရစ်ခဲ့တာ သိ၏။ ကားကို မယူဘဲ ဘာတစ်ခုမှ ပါမလာဘဲ ခြေတစ်စုံနှင့် လမ်းလျှောက်လာခဲ့သည်။

ခြေလှမ်းတိုင်းမှာ အသိစိတ်မရှိ၊ အနာဂတ်မရှိ၊ ဦးတည်ချက် မရှိ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"မင်းလမ်းပျောက်နေပြီလား ခန့်ညား"

စန္ဒီအမေးကိုပြန်မဖြေဘဲ အရက်ခွက်ကို တစ်ရှိုက်ထိုးကောက်မော့လိုက်၏။ အရက်ပုလင်းတွေ အလဲလဲအပြိုပြို ဖြစ်နေသော်လည်း သူ ဘာကိုမှ မေ့လို့မရသေး၊ အသိစိတ်တို့ကတခြား ရင်ခွင်မှာမပျော်မွေ့ဘဲ နိုဝင်နေရတဲ့ ကာသစ်နွယ်မျက်နှာ နွမ်းနွမ်းလေးကို မြင်ယောင်သည်။ တားဆီးခြင်းမရှိဘဲ စန္ဒီက ပုလင်းအသစ် ဖောက်ကာ သူ့ဖန်ခွက်ထဲကို ထပ်ထည့်ပေး၏။

"အရက်နဲ့ ကုစားလို့ပျောက်တဲ့ဝေဒနာ ဒီကမ္ဘာပေါ်မှာရှိတယ်လို့တော့ မကြားမိသေးဘူး၊ ဒါပေမဲ့ တို့ ဟန့်တားလိုက်ရင် မင်းရဲ့အမုန်း





ခံလူသားတွေထဲမှာ တို့ပါသွားမှာစိုးလို့"

"အဓိပ္ပါယ်မရှိတာတွေ မပြောနဲ့ ငါခံစားလို့မရဘူး စန္ဒီ၊ မင်းအရိပ်မှာ လာခိုတာ ဦးမောင် ထားခဲ့လို့ရောက်လာတာ"

"တို့က လိုလိုလားလား လက်ခံခဲ့တာ မင်းစိတ်သက်သာအောင်ဖြေသိမ့်ချင်လို့ပါ၊ မနေသင့်တဲ့အရပ်မှာ ထားခဲ့တာ မင်းရဲ့ ဦးမောင်တို့ကို စိတ်ချယုံကြည်လို့ဆိုတာ မမေ့နဲ့"

ကယ်တင်ရှင်အလား စန္ဒီ့ကို သူမော့ကြည့်လိုက်၏။ ကာသစ်နှင့်နောက်ဆုံးတွေပြီးကတည်းက အရက်ကို မိတ်ဆွေအပေါင်းအသင်း အဖြစ်သူဖက်တွယ်ခဲ့သည်။ သုံးဖို့ဆွဲဖို့ငွေကို ဦးမောင်က ထုတ်ပေး၏။

"လူမိုက်အားပေး လုပ်ချင်လို့တော့ မဟုတ်ဘူး ခန့်ညား ငါကဆွေမရှိမျိုးမရှိကောင်၊ အနီးဆုံးတော်စပ်တဲ့ မင်းအဖေဆီမှာ ငါခိုကပ်ခဲ့ဖူးတယ်၊ အစေအပါးလို နေခွင့်ရပေမယ့် ငါ့ခြေထောက်ပေါ် ငါရပ်ရမယ်ဆိုတဲ့ အားမာန်တွေတော့ ရလာခဲ့တယ်၊ မင်းလေလွင့်နေတာ မမြင်ရက် မကြည့်ရက်ပါဘူးကွာ၊ မင်းအိမ်မပြန်ချင်သရွေ့ ငါ့ဆီမှာနေလို့ရတယ် ဒါပေမဲ့"

ဒါပေမဲ့ရဲ့ နောက်က ဦးမောင်ဆီက စကားသံ တော်တော်ကြာကြာပျောက်သွားသည်။ အိမ်ထဲက မိန်းမနှင့် ကလေးတွေရဲ့ ဆူဆူညံညံအသံတွေကို နားစွင့်၏။ အိမ်ရှေ့မြေကွက်လပ်မှာ အရက်ဝိုင်းထောင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာမြင်၍ မိန်းမရဲ့မလိုလားသည့် အရွဲ့အစောင်း ငြီးငြင်သံများ။

"ညှော်ဝတ်မကျေမှာတော့ စိုးတယ် ခန့်ညားရာ"

"ကောင်းတဲ့အလုပ်မှ မဟုတ်တာ ဘယ်သူ့အားပေးချင်ပါ့မ

ကျွန်တော်ကအလိုက်မသိတာ ဟိုနေ့က ဦးမောင်မိန်းမပြောသံကြားတ

ကလေးတွေအတုခိုးမှာစိုးလို့ဆို တကယ်တော့ ဒီအိမ်မှာ ကျွန်တော်မ

သင့်ပါဘူး"

"အဲလို စိတ်မကောင်းအောင်တော့ မပြောနဲ့ကွာ မင်း

ဦးမောင် တာဝန်ယူနိုင်ပါတယ်၊ ဒါပေမဲ့ တစ်လလောက်နယ်ကို ခရီးထွ

ရမယ် မြိုးမြိုးမြက်မြက်ရနိုင်မယ့် အလုပ်ဆိုတော့ လက်မလွှတ်ချင်ဘူ

ဦးမောင် ပြန်လာခင် ခဏလောက် စန္ဒီ့ဆီမှာ သွားနေလိုက်ပါလာ

ခန့်ညား"

"အာ အဲဒီ မိန်းမဆီ ဘာလို့ သွားနေရမှာလဲ၊ ကျွန်တော်

တခြားမှာ ဖြစ်သလိုနေမယ် ဦးမောင် ကျွန်တော့်ကို စိတ်မပူနဲ့"

"မဟုတ်သေးဘူး ခန့်ညား၊ စန္ဒီဟာ မိန်းမကောင်းလို့ အမည်

တပ်လို့ မရပေမယ့် စိတ်ထားကောင်းတဲ့ မိန်းကလေးပါ၊ ဘဝပေးအခြေ

အနေအရ ဒီလောကထဲကို သူရောက်လာတယ်၊ လူအထင်ကြီးစရာ

အလုပ်မဟုတ်ပေမယ့်၊ ယောကျ်ားတိုင်း သူ့ကို မလေးမစားတော့ မလုပ်ရဲ

ကြဘူးကွ ငွေအတွက် ကိုယ်ခန္ဓာကို ရင်းတယ်၊ အရမ်းလော်လီ ဖောက်





ပြာပြီး ရသလိုခွဲသွားတာမျိုး မဟုတ်ကူး အကြီးကြီးကိုင်ပြီး သက်တောင့်

သက်တာနေတာ"

"ရှန်ပိန်နဲ့ဝိုင် မူးတာချင်းအတူတူ ဘာတွေ ကွဲပြားနေလို့လဲ၊

မိန်းမပျက်နဲ့ မကောင်းတဲ့မိန်းမ ကွာခြားတာရှိသေးလို့လား"

"တန်ဖိုးလေ၊ လူချင်းတူပေမယ့် အသက်ရှူတာချင်းကွာတယ်

ဆိုတာ မင်းလည်းသိတာပဲ၊ ဆရာဝန်ဂုဏ်ဒြပ်ကို ပိုင်ဆိုင်ကြတဲ့ သူတိုင်း

မင်းလိုလေလွင့်နေတဲ့သူတွေချည်း မဟုတ်ဘူး ခန့်ညား၊ ဥပမာပြောတာ

ပါ၊ အဲလိုပဲ ဒီလောကထဲက မိန်းမပေမယ့် စန္ဒီမှာထူးခြားမှုတွေရှိတယ်"

"ကျွန်တော် နားလည်အောင်ပြောကြည့်ပါ ဦးမောင်"

"စန္ဒီ အဖေက မယားငယ်နဲ့ နေတယ်၊ အမေက နောက်

ယောကျ်ားနဲ့နေတယ်၊ စန္ဒီက တစ်ယောက်တည်း ဆိတ်ငြိမ်ရပ်ကွက်လေး

မှာ ပေနှစ်ဆယ်ခြံဝင်းလေးနဲ့ တစ်ထပ်တိုက်လေးဆောက်ပြီး နေတယ်၊

အဲဒီမိဘတွေရဲ့ အပယ်ခံဘဝနဲ့ ဒီလောကထဲရောက်ပြီး လောကခံကို

ရဲရဲရင့်ရင့် ရှန်းကန်ရင်ဆိုင်နေတာ"

"အဲဒီတော့"

"မင်းအကြောင်း သူမေးလို့ ပြောပြရင်းနဲ့ အဲဒီတိုက်လေးမှာ

လက်ခံဖို့ တိုင်ပင်ဖြစ်တယ်၊ ငါမရှိတဲ့အချိန်မှာ မင်းကိုသူစောင့်ရှောက်

လိမ့်မယ်၊ သူက ညမင်းသမီးပဲ၊ နေ့ဘက်လည်း တစ်ခါတစ်ရံ မရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက် အေးအေးချမ်းချမ်းနဲ့ စိတ်ချမ်းသာနိုင်မှာပါ"

ဦးမောင် ပြောခဲ့တာက အဲသလောက်ပဲဖြစ်သည်။ တကယ်တမ်းက လိုအပ်တာထက်ပိုလွန်သော ဂရုစိုက်မှုတွေနှင့် စန္ဒီဘက်က ဖြည့်ဆည်းပေးခဲ့သော်လည်း ခန့်ညားဘယ်လိုမှ မပျော်နိုင်ခဲ့ပေ။

ဝင်ငွေရအောင် အလုပ်လုပ်ချင်စိတ်လည်း မရှိ၊ တစ်ယောက်တည်း အရက်ကိုအဖော်ပြုရင်း၊ စန္ဒီမရှိတဲ့အချိန်တွေမှာ အိမ်ထဲမှာ ဟိုလျှောက်ဒီလျှောက် သောက်လိုက်စားလိုက် အချိန်ဖြုန်းရင်း ပိုပြီးသွေ့ခြောက်နေ၏။ စန္ဒီရှိတော့လည်း အနေအထိုင်ကျဉ်းကျပ် စိတ်ကျဉ်းကျပ်လျက် ထွက်ပေါက်ပိတ်မိနေသလိုပင်။

"မင်း ဒီမှာမပျော်ဘူး မဟုတ်လား"

"ဟင်"

စန္ဒီအမေးကြောင့် အတွေးတွေအားလုံး ပြတ်တောက်သွား၏။ ဟင်ခနဲ ရီဝေစွာမော့ကြည့်မိတော့ စန္ဒီက ဟက်ခနဲ နှုတ်ခမ်းတွန့်ကာပြုံးသည်။

"အရက်က ဒီနေရာမှာ ထိုင်သောက်နေတယ်၊ စိတ်ကအဝေးကြီး ပျံ့လွင့်နေတယ်၊ တော်တော်ထူးဆန်းတာပဲ"

"မင်း ငါ့ကို လှောင်နေတာလား စန္ဒီ၊ ငါ့စိတ်တွေက တခြားကို ပျံ့လွင့်နေတာ မဟုတ်ဘူး၊ ကသစ်အတွက်ပဲ စုပြုံခံစားနေတာ"





"မင်း ကသစ်ကို တော်တော်ချစ်တာပဲနော်၊ ဒီနေရာရောက်ရင် ဒီလိုခံစားလိုက်၊ ဟိုနေရာရောက်ရင် ဟိုလိုခံစားလိုက်တော့ စိတ်သက်သာတာပေါ့"

"အဲဒီအတွေးမျိုးရှိနေလို့ မင်းကအလေးအနက်မရှိတဲ့ မိန်းမဖြစ်နေတာ"

"အပေါ်ယံအရေပြားကိုကြည့်ပြီး ပြောနေတာလား ခန့်ညား၊ လူတစ်ယောက်ရဲ့ ရင်ထဲမှာ ရှိနေတာကို ငါလည်းမဝေဖန်တတ်ဘူး၊ မင်းလည်းမခန့်မှန်းတတ်ပါဘူး၊ ရင်ဖွင့်တိုင်တည်ကျမှ တစ်ယောက်အကြောင်းတစ်ယောက်နားလည်ကြတာ၊ မင်းအကြောင်းကိုတော့ ဦးမောင်ပြောထားလို့ သိသင့်သလောက်သိပြီးပါပြီ"

"မင်းအကြောင်းလည်း ဦးမောင်ငါ့ကိုပြောထားပါတယ် စန္ဒီ၊ ဘဝကို တစ်သက်လုံးဒီအတိုင်းရေစုန်မျောပြီး ဖြတ်သန်းတော့မှာလားလို့ ငါမေးခဲ့ရင်၊ နင်ကရော ဘယ်လောက်တန်ဖိုးရှိတဲ့ကောင်မို့လို့လဲဆိုပြီး ရန်တွေ့မယ်ထင်တယ်"

မူးရစ်ရီဝေနေသော်လည်း ခန့်ညားက အလေးအနက်စကားတွေပြောတတ်နေသဲပင်။

"ခန့်ညား မင်းကို တို့လေးစားတာ၊ တို့ကိုတန်ဖိုးမဲ့တဲ့ မိန်းမတစ်ယောက်လို မဆက်ဆံခဲ့လို့ပါ၊ မင်းပြောတဲ့ စကားတိုင်းကို တို့အလေး



www.burmeseclassic.com

www.burmeseclassic.com



အနက်ထားပါတယ်၊ မင်းကို ပြုပြင်ရင်လည်း ကသစ်နွယ်မဟုတ်လို့ လက်ခံမှသာ မဟုတ်တဲ့အတွက် တို့ဘာမှ မပြောချင်တော့ပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုကိုယ်အသိစိတ်မပျောက်ပါစေနဲ့ ခန့်ညား၊ အချိန်တွေ ငွေတွေနဲ့ ဆက်ပြီး ယူခဲ့ရတဲ့ ဆရာဝန်ဂုဏ်ပုဒ်ကို အလကားဖြစ်မသွားပါစေနဲ့"

"ငါ့ကိုယ်ငါတောင် မချစ်တော့တာ အဲဒါကိုမက်မောနေရဦးမှာလား မလုပ်သင့်၊ မလုပ်ထိုက်တာတွေ လုပ်နေမိတာ ကသစ်ကို မေ့နိုင်မလားလို့"

ပြောရင်းနှင့် စီးကရက်ကို ပါးစပ်ဖျားမှာ တေ့ကပ်ပြီး နိုင်ငံခြား မီးခြစ်လေးကို ဖျောက်ခနဲခြစ်ကာ မီးညှိရှိုက်ဖွာလေ၏။

ထောင့်ချိုးညီ ပိရိသေသပ်သော နှုတ်ခမ်းဖျားလေးမှ မီးခိုးလေးတွေ ထွက်လာတာ ကြည့်လို့ကောင်းသော်လည်း ဒါအဆိပ်အတောက်တွေပဲဟု ခံစားမိ၏။ ခန့်ညားဘက်က ထိုင်ခုံကိုပြောင်းကာ စီးကရက်လေးကိုယူပြီး ခွက်ထဲထိုးချေပစ်လိုက်၏။

ခန့်ညားက နောက်တစ်လိပ် မီးညှိပြီး ထပ်သောက်သည်။ အရက်တစ်ကျိုက်ဆေးလိပ်တစ်ရှိုက်နှင့် ဘဝကို ရေစုန်မျောဖို့ ကြိုးစားနေတာ နှမြောစရာကောင်းလွန်းလှသည်။ ကသစ်နွယ်ရှိမှ ဖြစ်မှာတဲ့လား မရှိတော့တာ မရှိဘူးလို့ ခံစားလိုက်ပါတော့လား။

စီးကရက်တိုတွေ အရက်ပုလင်းတွေ ဗရပွ။ ခန့်ညားဖြစ်ချင်





ဆိုင်းဖြစ်နေတာ ကသစ်နွယ် သိမှာမဟုတ်။ သူမကရော မသိသလို နေလိုက်လို့ မဖြစ်ဘူးလား။

ဘာကြောင့် ဒီရင်က ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

နန်းတော်တမျှ ခမ်းနားကြီးကျယ် ဝင့်ထည်လှသော ဒီလိုအိမ် မျိုးကို တီဗွီတွေထဲမှာသာ မြင်ဖူးသည်။ အိမ်ထောင်ရှင်မတစ်ယောက် အနေနှင့် ထိတွေ့ခံစားရမည်လို့ စိတ်ကူးတောင် မယဉ်မိခဲ့။

အခြေအရံတွေကလည်း ခန့်ညားတို့အိမ်ထက် များလိမ့်မည် ထင်သည်။ ရေကူးကန်၊ ပန်းခြံ၊ ကားအဝင်အထွက် ပတ်လမ်း၊ ကတ ကွင်းငယ်သေးသေး၊ ဖိမ်ခံကားအမျိုးမျိုးနှင့် သူမ လက်ထပ်လိုက် သောသူက ဒီလောက်ကြွယ်ဝ ချမ်းသာလိမ့်မည်ဟု ထင်မထားမိ။

"ဒီပိုင်ဆိုင်မှုတွေကို ထိန်းသိမ်းအုပ်ချုပ်ဖို့နဲ့ သားကြီး တိုင်းကျ နဲ့ မြေးလေး မပေ်ာ၊ မြေးမလေး ယသော်တို့အတွက် အိမ်ထောင်ရှ မကောင်း၊ မိခင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပေးပါ၊ ဘွား





အသက်ကြီးပြီဆိုတော့ ဘာတာဝန်မှ ဖိဖိစီးစီးမယူနိုင်တော့ဘူး။ သားကြီး ကလည်း သူ့အလုပ်နဲ့သူ့တာဝန်တွေက မအားမလပ်လေ၊ ကလေးတွေ ပညာရေးကိုလည်း လှည့်မကြည့်နိုင်ဘူး။ အိမ်ကိုလည်း ပြန့်ပြီးမအုပ်ချုပ် နိုင်ဘူး ဒါ့ကြောင့် အစစအရာရာ တာဝန်ယူနိုင်လိမ့်မယ်ထင်လို့ ကသစ် နွယ်ကို ရွေးချယ်ခဲ့တာ"

"ဟုတ်ကဲ့ ကျွန်မအတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

အရှိန်အဝါကို သွေးလန့်မိသော်လည်း သူ့ဆန်စားလျှင် ရဲရပေ တော့မည်။ ဘွားတော်ပြောသမျှ အရိုအသေပေးကာ နာခံနေရသည်။

"ကိုယ့်အိမ်သားတွေဖြစ်နေပြီပဲ သက်တောင့်သက်သာ ဆက်ဆံ ပါ.ကသစ်နွယ်၊ ဘွားကတော့ ကသစ်နွယ် ရောက်လာတာနဲ့ တာဝန်တွေ ပေါ့သွားပြီဆိုပြီး ဝမ်းသာနေတာ၊ သားကြီး ကမ္ဘာ မင့်သားနဲ့သမီးရော ဘယ်ရောက်နေလဲ၊ ကသစ်နွယ်နဲ့ မိတ်ဆက်ပေးရအောင်

"တစ်အိမ်တည်း အတူတူနေကြမှာပဲ၊ နောက်တော့ဆုံကြမှာ ပဲ မယ်မယ်၊ သူတို့ဘယ်သွားကြလဲ မသိဘူး"

ကလေးတွေကပဲ မလိုလားတာလား၊ တိုင်းကမ္ဘာကပဲ အရေး မကြီးဘူးထင်၍လား မသိ။ မင်္ဂလာဆွမ်းကျွေးသည့်နေရာနှင့်၊ လက်မှတ် ရေးထိုးသော ပွဲတွေမှာလည်း တိုင်းကမ္ဘာရဲ့ သားနဲ့သမီးကို မတွေ့ရချေ။

အိမ်ရောက်တော့လည်း ကြိုဆိုအသိအမှတ်ပြုခြင်းမရှိ၊ ည

www.burmeseclassic.com



အချိန်ရောက်နေတာတောင် အိမ်မှာမရှိကြဘူးတဲ့၊ စည်းကမ်းပျက် အုပ်ချုပ်မှုမဲ့နေကြတာလား။ အသက်အရွယ် မတိမ်းမယိမ်းသာကွာတဲ့ သူမကို လေးစားစရာမလိုဘူးဟု သတ်မှတ်ကာ တိုက်ခိုက်ဖို့ ပြင်ဆင်နေကြခြင်းလား။

"သားနဲ့ ကသစ်နွယ် အနားယူကြလေ တစ်နေကုန် ပင်ပန်းထားကြတာ"

အဘွားကြီးက လိမ္မာပါးနပ်စွာ ထိုနေရာက နှင်လွှတ်သည်။

"လာ ကသစ်နွယ်"

တိုင်းကမ္ဘာက ဝတ်ကျေတန်းကျေ တစ်ခွန်းသာ ခေါ်လျက် ပန်းကနုတ်တွေနှင့် နင်းရက်စရာမရှိသော လှေကားထစ်တွေကနေ အပေါ်ထပ်ကို ဦးဆောင်တက်သွားသည်။ သိမ်ငယ်နေတာ မဟုတ်ပေမယ့်၊ မဝံ့မရဲသာ ကသစ်နွယ် နောက်က လိုက်သွားရလေ၏။

အခန်းကျယ်တစ်ခုရှေ့ကို ရောက်တော့၊ တိုင်းကမ္ဘာက ရီမုတ်နှင့် အခန်းတံခါးကို ဖွင့်လိုက်သည်။ အခန်းထဲကိုရောက်သွားသည်နှင့် သင်းပျံ့ပျံ့ ပန်းရနံ့ကို ရှူရှိုက်လိုက်ရသလိုဖြစ်ကာ၊ အခန်းရဲ့ဒက်ကဒေးရှင်း လုပ်မှုကိုပါ မြင်လိုက်ရသည်အတွက် လူကို လန်းဆန်းသွားစေသည်။

ထိုအခန်းကပင် အိမ်တစ်ဆောင်မျှ ကျယ်ဝန်းကာ ခေတ်မီဒီဇိုင်းဆန်းသော ပရိဘောဂတွေလည်း ပြည့်စုံစွာရှိနေ၏။





အိစက်ညက်ညောလွန်းသော ဆိုဖာခုံရှည်တစ်ခုပေါ်မှာ တိုင်းကမ္ဘာ ဝင်ထိုင်လိုက်တော့၊ သူမက ဘာလုပ်ရမှန်းမသိဘဲ မိုးတိုးမတ်တတ်။

"မဝံ့မရဲမဖြစ်ပါနဲ့ ဒီမှာလာထိုင်ပါ"

လေယူလေသိမ်းက အေးစက်စက်။

ကိုယ် လက်ထပ်ထားသည့် မိန်းမတစ်ယောက်ကို ဆက်ဆံတာ ဒါ သွေးအေး စိမ်းသက်လွန်းသည်ဟု ထင်မိသည်။ သူမက အဆင့်အတန်း မတူ နိမ့်ပါးလွန်းသူမို့လား။

"ကိုယ်တို့ ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးရအောင် တကယ် ဆိုရင် ကိုယ် လက်မထပ်ချင်တော့ဘူး။ မင်းကိုမှမဟုတ်ဘူး၊ ဘယ်မိန်းမကိုမှ လက်မထပ်ချင်တာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က သွေးကင်ဆာနဲ့ ဆုံးသွားတဲ့ ကိုယ့်ဇနီးကို ကိုယ်ချစ်တုန်းပဲ ကိုယ်ချစ်ထိ တစ်နေ့မှ မေ့လို့မရသေးဘူး"

"ဪ"

တိုင်းကမ္ဘာ မော့ကြည့်နေသည့် နံရံဆီမော့ကြည့်မိရင်း အသံထိတ် ဪဟု မြည်တမ်းမိသွားသည်။ တိုင်းကမ္ဘာနှင့် သူ့ဇနီး မင်္ဂလာဆောင်စဉ်က ရိုက်ထားသည့် ဓာတ်ပုံကြီးက ဝင့်ထည်စွာ။

"သူ သက်ဆိုး မရှည်နိုင်ဘူးဆိုတာ သိသိကြီးနဲ့ ကိုယ်တန်ဖိုးဦးကြီး လက်ထပ်ယူထားတာ၊ သူ သေသွားလည်း တစ်သက်လုံး ဒီအတိုင်း နေမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ပေါ့၊ ခုတော့ မင်းမယ်ရဲ့



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းမှုတွေ စိမ်မှုတွေကို မငြင်းဆန်နိုင်ဘဲ မင်းကို ကိုယ် လက်ထပ်လိုက်ရတယ် မင်းကိုအသိပေးနေတာက အချစ်ဦးဆိုတာ ဆံမြှုသွားကျိုးတဲ့အထိ မမေ့နိုင်တာ မင်းနားလည်စေချင်လို့"

ပြတ်သားအေးစက်စွာ ပြောနေသည့်စကားလုံးတိုင်းက အပျိုစင်လေးဖြစ်သော သူမကို အလေးအနက် အရေးအရာထားတာ တစ်ခုမှမပါ။

ဒါဖြစ်သင့်သလား၊ ဟင့်အင်း သူမ ရင်ထဲမှာပဲ သိမ်းထားလိုက်ပါသည်။

"သားနဲ့သမီးအတွက် မိခင်ပီသနိုင်မယ့် မိထွေးတစ်ယောက်လိုအပ်တယ်၊ စက်ရုပ်တစ်ခုလို အလုပ်အပေါ်မှာပဲ အာရုံစိုက်နေတဲ့ကိုယ့်အတွက် အနီးကပ် ဂရုစိုက်ပြုစုမယ့် ဇနီးကောင်းတစ်ယောက်လိုအပ်တယ်၊ ဒီတစ်အိမ်လုံးကို ထိန်းသိမ်းစောင့်ရှောက်နိုင်မယ့် အိမ်ထောင်ရှင်မကောင်း တစ်ယောက် လိုအပ်တယ်လို့ မယ်မယ် ပြောတယ် အဲဒီအရည်အချင်းတွေနဲ့ ပြည့်စုံမယ်ထင်လို့ မယ်မယ် မင်းကို ရွေးချယ်ခဲ့တာ ကိုယ် စိတ်မပျက်သွားအောင် ကြိုးစားပေးပါ"

"အတတ်နိုင်ဆုံး ကျွန်မကြိုးစားပါ့မယ်၊ ကျွန်မဘက်က ဆန္ဒကိုရော တင်ပြခွင့်ရှိပါသလား"

"ပြော် ရှိပါတယ်ပြောပါ"

"လင်ရယ် မယားရယ်ဖြစ်လာပြီးမှ အဲလို တင်တင်စီးစီးပြော





နေတာမျိုး ငွေနဲ့ဝယ်ထားတဲ့ ကျွန်တစ်ယောက်လို သဘောထားတာမျိုး ဆင်ခြေပေးပါ"

တိုင်းကမ္ဘာ မျက်မှောင်ကြုတ်သွား၏ သူမဘက်ကို တစ်ချက်စောင်းငဲ့ကြည့်ပြီးမှ ဓာတ်ပုံကြီးရှေ့မှာ မတ်တပ်သွားရပ်သည်။

သူချစ်လို့လက်ထပ်ထားတဲ့ မိန်းမ မဟုတ်လို့ မလိုက်လျောနိုင်ဘူးဆိုတဲ့ သဘောလား။ သူမကလည်း ချစ်လို့လက်ထပ်ခဲ့တာမှ မဟုတ်တာ။

"သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှု ရှိပါတယ်ဆိုတာသိစေချင်တယ်၊ မင်းကို ကိုယ်စောင့်ကြည့်မယ်"

"အဆိုးဝါးဆုံးအချိန်တွေ မရောက်အောင် ကျွန်မကပဲ တစ်ဖက်သတ် ထိန်းသိမ်းဆင်ခြင်နေရမှာလား"

သူမဘက်ကို တိုင်းကမ္ဘာ ချာခနဲလှည့်ကာ စူးခနဲကြည့်သည်။

"မင်းကိုယ့်ကို ဘာအတွက် လက်ထပ်ခဲ့တာလဲ"

"ငွေကြောင့်ဆိုပေမယ့်၊ ကျွန်မအဲလောက်ကြီး အဖိနှိပ်ခံမှာ မဟုတ်ဘူး၊ အိမ်ထောင်ပြုတာ တန်ရာတန်ကြေးသတ်မှတ်ဖို့မဟုတ်ဘူးထင်တယ်၊ နားလည်မှုမရှိရင် အိမ်ထောင်ရေး ခိုင်မြဲဖို့မလွယ်ဘူး"

"မင်းက ဒီလို မင်္ဂလာဦးနေ့မှာပဲ ကွဲဖို့ကွာဖို့စကားတွေ စပြောနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



တိုင်းကမ္ဘာ ရှုးရှုးရှားရှားနှင့် မျက်နှာကြီးနီမြန်းနေသည်။ နှုတ်ခမ်းတွန့်ကာ ကသစ်မဲ့ပစ်လိုက်ချင်ပေမယ့်၊ မချိတရိသာ ပြုံးလိုက် မိသည်။

"လိုအပ်မယ်ထင်လို့ ကြိုအသိပေးထားတာပါ၊ ကျွန်မဘက်က ဖနီးကောင်းတစ်ယောက်၊ အိမ်ထောင်ရှင်မကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေချိန်မှာ၊ ငွေနဲ့ဝယ်ထားတဲ့ သက်မဲ့တစ်ယောက်လို မသတ်မှတ် ဖို့တော့ အရေးကြီးတယ်။ ဝမ်းနည်းတတ်တယ်၊ နာကျင်တတ်တယ် ခံစားလွယ်တဲ့ သက်ရှိလူသားဆိုတာ မမေ့ပါနဲ့"

တိုင်းကမ္ဘာမျက်ခုံးနှစ်ခုတွန့်ချိုးကာ ကြည့်၏။ အလေးမထား ဟန် တစ်ချက်သာ လှည့်ကြည့်လိုက်ပြီး ရေချိုးခန်းတွင်းဝင်ခဲ့သည်။

အစကနဦးမှာပင် သူမဦးချိုးမခံနိုင်၊ သားကြီးသမီးတွေရှိ မုဆိုးဖိုတစ်ယောက်ဖြစ်ပါလျက် အပျိုစစ်စစ် ယယ်ရှယ်သူကို လက်ထ ပိုင်ဆိုင်ခွင့်ရတာတောင် တန်ဖိုးမဲ့စွာ တင်တင်စီးစီးပြောနေတာ ဒီအတိုး ကျိုးနွံနာခံနေလို့ဖြစ်မလား။

မိသားစုရဲ့ အခက်အခဲကြောင့် ငွေနဲ့ဆက်ကာ ဘဝကိုရင်းလို ရပေမယ့်၊ တစ်သက်လုံးဒါကို အကြောင်းပြုပြီး နိုင်ထက်စီးနင်း အ ကျင့်ခံရမှာမျိုးကိုတော့ လက်မခံနိုင်။

ငွေကြေးချို့တဲ့ပေမယ့်၊ မာနတွေ အလျှံပယ် ချမ်းသာတာ





တိုင်း ကမ္ဘာမှ မဟုတ် တစ်မိသားစုလုံးသိအောင် လုပ်ရမည်။

"ကသစ်နွယ် ရေမြန်မြန်ချိုး သားနဲ့သမီးပြန်ရောက်နေပြီ မင်းနဲ့ မိတ်ဆက်ပေးမလို့"

ရေချိုးခန်းတံခါးခေါက်သံနှင့် တိုင်းကမ္ဘာ အသံက အလော တကြီး။ ကသစ်နွယ် ရေချိုးနေရာမှ ခဏရပ်ကာ နားစွင့်ရင်း

"ကျွန်မဒီနေ့ အရမ်းပင်ပန်းနေလို့ မနက်မှတွေ့ရအောင် ပြော လိုက်ပါ"

ကျစ်ခနဲ စိတ်မရှည်လေသံနှင့် တံခါးကို ဝုန်းခနဲ ထုသွား၏။ မခံချိမခံသာ ဖြစ်သွားမှာ သေချာသည်။

မာနဆိုတာ အရှုံးပေးဖို့ ခေါင်းငုံ့ခံဖို့မှ မဟုတ်တာ။ တိုင်းကမ္ဘာ သိကိုသိမှဖြစ်မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"သိရုံ ခင်မင်ရုံ မိတ်ဆက်ပေးတာ မဟုတ်ဘူး၊ ကသစ်နွယ်က မိသားစုဝင် ဖြစ်သွားပြီ၊ ပိုပြီး နားလည်ထားရမှာက ဒီမိသားစု ဒီ အိမ်ကြီးကို ထိန်းသိမ်း စောင့်ရှောက်ရမယ့် အိမ်ထောင်ရှင်မပဲ၊ မင်းတို့ မောင်နှမရဲ့ မိခင်နေရာမှာ အစားမထိုးနိုင်သေးရင်တောင် မလေးမစား မဆက်ဆံပါနဲ့၊ ဘွား ပြောတာ ကြားလား မြေးတို့"

ဘွားအေပြောတာ ဘယ်သူမှ အင်းမလုပ် အဲမလုပ်၊ ကော်ဖီ သောက်လိုက် မုန့်စားလိုက်၊ တစ်သျှူးယူသုတ်လိုက်၊ အလုပ်ရှုပ်ပြနေကြ သည်။

တိုင်းကမ္ဘာကလည်း ဘာမှမပြော၊ သူ့ရှေ့က အစားအသောက် ကိုသာ ဣန္ဒြေရရ စားသောက်နေ၏။ ကသစ်ကရော ဘာအရေးတယူလုပ်





ရောလိုသလဲ၊ ရှမ်းခေါက်ဆွဲကို ဟန်ကျပန်ကျစား၍ ကော်ဖီကို တစ်ငုံ ချင်း ဖိမ်ဆွဲသောက်နေလိုက်သည်။

"ဟဲ့ ဘယ်လိုဖြစ်နေကြတာလဲ မိသားစုတွေ ရင်းနှီးအောင် မိတ်ဆက်ပေးနေပါတယ်ဆိုမှ ၊ ငါ့စကားကို ဘယ်သူမှ အရေးအရာ လုပ်ကြပါလား၊ ကဲ မဟော်နဲ့ ယသော် ကသစ်နွယ်ကို လေးလေးစား စား နှုတ်ဆက်စမ်း၊ ကသစ်နွယ်လည်း မိသားဝင်အဖြစ်နဲ့ အသိအမှတ် ပြုလိုက်"

မဟော်နှင့် ယသော် ဆောင့်ခနဲ မတ်တပ်ထရပ်တော့ ကသစ် နွယ်လည်း ထရပ်လိုက်ရသည်။ ပထမဦးဆုံး ယသော်ရဲ့ လက်ဆွဲ နှုတ်ဆက်ခြင်းနှင့် မပွင့်တပွင့် အပြုံးက ရင်းနှီး နှစ်လိုဟန် မရှိပေမယ့် ခုစိမ်းဆန်လွန်းတာလည်း မဟုတ်ချေ။

ထပ်တူညီမျှသော အပြုံးနှင့် ကသစ် တုံ့ပြန်လိုက်၏။

"ဟင်"

မဟော်ရဲ့အလှည့်ကျတော့ ကသစ်ရဲ့လက်ကို အကြာကြီးဆုပ် ကိုင်ထားပြီး ရီဝေဝေ အပြုံးက ရိုးသားခြင်းတို့ ပျောက်ဆုံးနေ၏။ လက် ချောင်းလေးတွေရဲ့ လှုပ်ရှားထိတွေ့မှုက အသက်ငါးနှစ်လောက်သာ ရှိသော မိထွေးကို အထင်သေးခြင်းနှင့် မခန့်လေးစားနိုင်ခြင်းက အပေါ်တင် ရဲတင်းလွန်းလှသည်။ စိတ်ဝင်စားမှုမရှိတာမို့ ကျန်တဲ့ သူတွေ

www.burmeseclassic.com



သတိမထားမိလောက်ပေမယ့် ကသစ်နွယ် မခိုးမခန့်ပြုံးရင်း မဟော် မျက်လုံးတည့်တည့်ကို စိမ်းနေအောင် ကြည့်လိုက်၏။

"အရမ်းချောလှတဲ့ မိန်းမတစ်ယောက်ကို မိတ်ဆွေတော်ခွင့်ရတဲ့ အတွက် ဂုဏ်ယူပါတယ်"

"အဟင်း ဘယ်လိုတော်စပ်တယ်ဆိုတာ သိသေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ နောက်လည်း မမေ့နဲ့ပေါ့"

ဆုပ်ကိုင်ခံထားရစဲ လက်ကို အဓိပ္ပါယ်ပါပါ ကြည့်ရင်းပြောလိုက် တော့ မဟော် မချိုမချဉ်ပြုံးပြီး ဖြုန်းခနဲလွှတ်လိုက်ကာ ဘရိတ်ဖက်(စ်) ဝိုင်းက ထွက်သွားလေသည်။

"ဘွားနဲ့ ကိုတိုင်းကို ကျွန်မတစ်ခုလောက် တောင်းဆိုပါရစေ"

က္ကန္ဒြေရရ ခုံမှာဝင်ထိုင်ရင်း ခွင့်တောင်းလိုက်တော့ ဘွားတော် က မျက်ခုံးပင့်ကြည့်ကာ

"ပြော ကသစ်နွယ်၊ ပွင့်ပွင့်လင်းလင်း ပြောတာ ဘွား ကြိုက် တယ်"

"ဒီလိုပါ တစ်ပတ်တစ်ခါဖြစ်ဖြစ်၊ နှစ်ပတ်တစ်ခါဖြစ်ဖြစ် ကျွန်မ ကို မေမေ့အိမ်သွားခွင့်ပြုပါ၊ အိမ်မှာက ကျောင်းသားအရွယ် မောင်လေး ညီမလေးရှိတယ် ဒုက္ခိတဖြစ်နေတဲ့ ကြီးကြီးကလည်း မသန်မစွမ်းနဲ့ မေမေကလည်း သူ့အလုပ်နဲ့သူ အိမ် သိပ်မကပ်နိုင်တော့၊ အရမ်းကြ





ပစ်စလက်ခတ်ထားလို့ မဖြစ်ဘူး၊ ဟို ဒီအိမ်က အလုပ်တွေလည်း မလစ်ဟင်းစေရ၊ တာဝန်မလျော့စေရပါဘူး"

"ဘွား နားလည်ပါတယ်ကွယ်၊ သမီး လိမ္မာဆိုတာ၊ အဲဒီလို သိတတ်မှုမျိုးရှိရမှာပေါ့၊ ဒီအိမ်က တာဝန်ဆိုတာကလည်း ပင်ပန်းတကြီး အလုပ်လုပ်ဖို့ မဟုတ်ပါဘူး။ အခြွေအရံ ဝန်ထမ်းတွေအများကြီးရှိနေတာကို စီမံခန့်ခွဲရုံပါ၊ ဒါပေမဲ့ မဟော်နဲ့ ယသော် အပါအဝင် အများကိုစည်းကမ်းနဲ့ အုပ်ချုပ်ဖို့ ဆိုတာ ကိုယ်တိုင်ကလည်း စည်းကမ်းရှိမှ ဖြစ်မှာနော်"

ဘွားတော်ရဲ့ စကားလိမ္မာပါးနပ်မှုနှင့် ပညာသားပါသည်။ တိုင်းကမ္ဘာက သူမကို မျက်ခုံးပင့်ကြည့်ပြီး

"မင်းကား မောင်းတတ်တယ် မဟုတ်လား၊ မင်းအပြင်သွားရင် အဆင်ပြေအောင် ကားတစ်စီး အပိုရှိတာ ယူမောင်းပေါ့"

"ဟင့်အင်း မေမေတို့သုံးဖို့ ရှင်တို့ကားတစ်စီးပေးထားတယ် မဟုတ်လား၊ ကျွန်မအတွက် သီးသန့်ထပ်ပေးစရာ မလိုတော့ပါဘူး။ Taxi ကားတွေရှိနေတာ ဘယ်သွားသွားအဆင်ပြေမှာပါ"

"အို ကမ္ဘာမြေ မိသားစုဝင်အနေနဲ့ Taxi ကားသုံးရင် အထင် သေးကြမှာပေါ့၊ အိမ်မှာ ဒီကားတစ်စီးပဲ ရှိတာမဟုတ်ဘူး၊ ကုမ္ပဏီမှာ လည်း တခြားကားတွေ အများကြီးရှိသေးတယ်၊ ကြိုက်တဲ့ကားကို ယူသုံး လို့ရတယ်။ ကသစ်နွယ်၊ အိမ်ရဲ့ အသုံးစရိတ်မင်းရဲ့ အသုံးစရိတ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘယ်သူ့ဆီမှ လက်ဝါးဖြန့်စရာမလိုဘူး။ ဘဏ်က ထုတ်သုံးနားလည်ပြီလား"

"ဟုတ်ကဲ့ ဘွား"

ဘွားတော် စကားကို ကသစ်နွယ် အလေးအနက် နားခံလိုက်သော်လည်း ယသော်က ဖြုန်းခနဲထရပ်သည်။

"ဒီလို အခွင့်အရေးတွေ ပေးနေရင်တော့၊ ရသလောက်ယူပြီး ခေါင်းတွေပေါ်တက်ထိုင်တော့မှာ သေချာနေပြီ"

"အဲဒီအခွင့်အရေးတွေကို တို့က မမက်မောတဲ့အတွက် မင်းစိတ်မပူပါနဲ့ ယသော်၊ တို့ဒီအိမ်ကြီးကို စည်းပျက်ကမ်းပျက်နေဖို့ ရောက်လာတာမဟုတ်ဘူး၊ အခွင့်အရေးကိုမျှော်ကိုးပြီး ခိုကပ်ဖို့ စိတ်ကူးခဲ့တာလည်း မဟုတ်ဘူး"

"ကဲ တော်တော်၊ မြေးယသော်ရော၊ ကသစ်နွယ်ရော စကားပြောတာ ဆင်ခြင်ကြ၊ မိသားစု ခွေးနွေးတဲ့ သဘောပဲ ဖြစ်စေချင်တယ်၊ တိုက်ခိုက်ဖို့ ဓားသွေးနေရမယ့်လူတွေမှ မဟုတ်တာ"

ယသော် ခြေဆောင့်ကာ ထွက်သွားသည်။ ဘွားတော်က ကသစ်နွယ် ကိုအားနာသလိုကြည့်ကာ

"တိုင်းကမ္ဘာ မင်းသားနဲ့ သမီးအချိုးတွေ မယ်မယ် မကြိုက်ဘူးကွယ်၊ ကသစ်နွယ်က မင်းမိန်းမဖြစ်ပြီ၊ မလေးမစား ဆက်ဆံနေတာ





မင်းနည်းနည်း ဆုံးမသင့်တယ်"

"ဆယ်ကျော်သက်အရွယ်က သူတို့ကို ချုပ်ကိုင်တာ လွှမ်းမိုးတာ မကြိုက်ဘူး မယ်မယ်၊ သူတို့သဘောနဲ့ သူတို့ အပေးအယူမှုပြီး သဟဇာတဖြစ်တဲ့အချိန်ကို စောင့်ကြည့်တာ ကောင်းမယ် ထင်ပါတယ်"

သူမဘက်က တင်းမာနေသည့်အတွက် သူသားသမီးတွေ အလျော့မပေးတာ၊ အလွန်မဟုတ်ဘူးလို့ ပြောချင်တာများလား။

ဖခင်တစ်ယောက်ရဲ့ လိုအပ်မှုတွေကြောင့် ဒီကလေးတွေ ဆိုဆုံးမမှုမဲ့ စည်းလွတ်ဝါးလွတ် ဖြစ်နေကြတာ ဖြစ်ပေလိမ့်မည်။

ကသစ်နွယ်က ဒီအတိုင်းရောင့်ရဲမယ့်သူတော့ မဟုတ်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဒီအတိုင်း နေတော့မှာလား၊ ခန့်ညားကို ရှာမတွေ့ရင် သတင်းစာထဲကထည့်ပြီး ကြော်ငြာမှပေါ့၊ လူမမာက နေ့လား ညလား ဖြစ်နေပြီ၊ ခန့်ညား မလာမချင်း ဒယ်ဒီအသေဖြောင့်မှာမဟုတ်ဘူးမာမီ"

မဟာ စကားကို မိုးစပယ်က နှာခေါင်းရှုံ့ပြီး မျက်နှာလွှဲသည်။

ဒေါ်ခင်ထိပ်ထားက မျက်ရည်လည်ရွှဲဖြင့်

"သတင်းစာထဲထည့်လို့ဖြစ်မလား သားကြီးရယ်၊ သားငယ် ဂုဏ်သိက္ခာနဲ့ မာမီတို့ အဆင့်အတန်း မြောင်းထဲရောက်သွားမှာပေါ့ လူကိုယ်တိုင်တွေ့လို့သွားခေါ်ရင်လည်း သားငယ်က လိုက်ချင်မှလိုက်မှာ"

"အာ သူ့စိတ်ကြောင့် ဒယ်ဒီ အိပ်ရာထဲလဲတာ၊ သူ့ မလိုက်ရင် ခွေးဖြစ်သွားမှာပေါ့၊ ဦးသာအောင်ကို မတွေ့တွေ့အောင် ရှာခိုင်းလိုက်





မာမီ"

"ဦးသာအောင် ကြိုတ်ပြီးရှာနေတာ နှံ့နေပြီပဲကွယ် ငယ်ငယ်က သွားတတ်လာတတ်တဲ့၊ မင်းဒယ်ဒီရဲ့ ညီမောင်ငယ် အိမ်ကို သွားစုံစမ်း တော့လည်း မောင်ငယ်က ခရီးထွက်နေတာတဲ့ သူ့မိန်းမကပြောတော့ လည်း အရင်က သားငယ်အဲဒီမှာ လာနေဖူးတယ်တဲ့၊ အခုမောင်ငယ်ခရီး ထွက်သွားကတည်းက သားငယ်လည်း ဘယ်ရောက်သွားမှန်း မသိတော့ ဘူးတဲ့ကွယ်"

ပြောရင်း ရှိုက်သံမကျယ်အောင် ဒေါ်ခင်ထိပ်ထား သတိထား နေရသည်။ ဆေးရုံအတင်မခံဘဲ၊ အိမ်မှာပင် ရောဂါကုသ ပေးနေရကာ ခင်ပွန်းသည်ရဲ့ ဝေဒနာကို ဒေါ်ခင်ထိပ်ထား မကြည့်ရက်။

သားငယ်နာမည်ကို တတွတ်တွတ်ခေါ်ရင်း၊ ဘာမှလည်း မစား သောက်။ လာမှာပါဟု နှစ်သိမ့် ဖျောင်းဖျနေပေမယ့် ခေါင်းတယမ်း ယမ်းနှင့် သားငယ်ကိုသာ မြင်ချင်တွေ့ချင်နေသည် ထင်၏။

သားငယ် ထွက်သွားကတည်းက စိတ္တဇနှင့် ပုံလဲသွားလိုက်တာ အခုထိ နလံမထူ။

သူ့ရဲ့ ပယောဂကြောင့် သားငယ်နာကြည်းပြီး ထွက်သွားခဲ့တာ မို့ စိတ်မကောင်းနေခဲ့တာ ဖြစ်လိမ့်မည်။

သားက ပျောက်၊ လင်က အိပ်ရာထဲလဲနှင့် ဒေါ်ခင်ထိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



လည်း အရှုံးမီးဝိုင်းဖြစ်နေရသည်။

"မာမီ ကြက်စွပ်ပြုတ်ရပြီ"

"ဩော် မိုးစံပယ် ဒယ်ဒီကို သမီးပဲ တိုက်လိုက်ပါကွယ်၊ အပြင်မှာ ဦးသာအောင် စောင့်နေလို့ ဘာထူးလဲ မာမီသွားမေးလိုက်ဦးမယ်"

ယောက္ခမကို ပြုစုရမှာ မိုးစံပယ် မျက်နှာမကြည်မသာ ဖြစ်နေမှန်းသိသော်လည်း မတတ်နိုင်။

အခန်းအပြင်မှာ စောင့်နေသည့် ဦးသာအောင်ဆီ ဒေါ်ခင်ထိပ်ထား ထွက်လာခဲ့သည်။

"ဘာထူးလို့လဲ ဦးသာအောင်၊ သားငယ်သတင်းရပြီလား"

"ဟိုး သားငယ် သတင်းတော့ မရသေးပါဘူး။ ဟိုတက်အိမ်မှာ ကသစ်နွယ်ရောက်နေတယ်၊ သူ သိမလားသွား မေးကြည့်ရင် ကောင်းမလားလို့ပါ"

"ဟင် ကသစ်နွယ် သူ့အမေအိမ် အလည်လာတာလား။ ဟုတ်တယ် ကသစ်နွယ် သိချင်သိနိုင်တယ်၊ သွားမေးလိုက်ပါဦး ဦးသာအောင် လိုအပ်ရင်လည်း တောင်းတောင်းပန်ပန်သာ မေးခဲ့၊ လူမမာက အသည်းအသန် နောက်ဆုံးအချိန် ရောက်နေလို့ပါလို့ နော် ဦးသာအောင်"

ဒေါ်ခင်ထိပ်ထား မာနတွေ၊ အာဃာတတွေ မထားနိုင်အောင် ဗျာများလျက် မျက်ရည်လည်ရွဲ ဖြစ်နေသည်။





ဦးသာအောင်လည်း စိတ်မကောင်းဖြစ်ကာ၊ ကသစ်နွယ်တို့ အိမ်ဘက်ပြေးရသည်။

ဟိုရောက်တော့ ကသစ်နွယ်က သူ့မ အမေနှင့် စကားလက်ဆုံကျနေ၏။

"ဘာကိစ္စလဲ ဦးသာအောင်"

ဒေါ်မြသီတာ လှမ်းမေးတော့ ဦးသာအောင် တွန့်ဆုတ် တုန့်ယင်သွား၏။

"ခန့် ခန့်ညား ဘယ်မှာရှိနိုင်လဲ ကသစ်နွယ် သိနေမလားလို့ပါ"

"အို ကျွန်မ သမီးက ခန့်ညားကို ထိန်းကျောင်းနေတာမှ မဟုတ်တာ ဘယ်လိုလုပ်သိမှာလဲ"

"သူ့ သူ့ဖေက အရမ်းကို အသည်းအသန်ဖြစ်နေလို့ပါ၊ နောက်ဆုံးအချိန်လည်း ရောက်နေပါပြီ"

"ဘယ်လို ဦးသာအောင်၊ ဘယ်သူဘာဖြစ်နေတယ်"

ဦးသာအောင်အနား ကသစ် ရွေ့ခနဲ ရောက်သွားပြီး အထိတ်တလန့် မေးလိုက်သည်။

"ဦးမင်းကောင်းမြိုင် ခန့်ညားစိတ်နဲ့ အိပ်ရာထဲလဲနေတာပါ၊ ခန့်ညားကို တွေ့ချင်တာ သူ့ရဲ့ နောက်ဆုံးဆန္ဒ ဖြစ်မယ် ထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကသစ်သိရင် သေမယ့်လူရဲ့ဆန္ဒလေးကို ဖြည့်ဆည်းတဲ့အနေနဲ့ ပြောပြပါလားကွယ်''

''က ကသစ် မသိဘူး ဦးသာအောင်၊ တကယ်ပြောတာပါ။ နေဦး ဟိုသူဦးလေးတစ်ယောက်ရှိတယ်လေ၊ မြောက်ဒဂုံဘက်မှာ အဲဒီကို သွားစုံစမ်းကြည့်ပါလား။ ဒီလိုဖြစ်နေတာသိရင် သူလိုက်လာမှာပါ''

''ဦးသာအောင် စုံစမ်းကြည့်ပြီးပါပြီ ကသစ်ရယ်၊ သူ့ဦးလေးလည်း မရှိတော့ လမ်းစပျောက်နေတယ်၊ သတင်းစာထဲ ထည့်ဖို့လည်း မဖြစ်နဲ့၊ ခေါင်းမီးတောက်နေကြပြီ''

''အဲဒီ အခြေအနေတောင်ဖြစ်နေကြပြီလား၊ စိတ်မကောင်းလိုက်တာ ဦးသာအောင်ရယ်၊ ကသစ် လိုက်ကြည့်လို့မရဘူးလားဟင်''

''သမီး''

ဒေါ်မြသီတာ ဘုတ်ခနဲ ရောက်လာပြီး ဟန့်တားသည်။

''သေမယ့်သူဖြစ်ဖြစ်၊ ရှင်မယ့်သူဖြစ်ဖြစ်၊ သူတို့တွေနဲ့ ကိုယ်နဲ့က မိတ်ဆွေတွေ မဟုတ်တော့ဘူး သမီး၊ ကိုယ့်အလှည့်တုန်းကလည်း စာနာခဲ့တာ၊ ဖေးမခဲ့တာ မဟုတ်ဘူး''

''မိတ်ဆွေ မဟုတ်တော့ပေမယ့် ရန်သူလို သဘောထားလို့လည်း မဖြစ်ဘူး မေမေ၊ ခန့်ညားမျက်နှာက ရှိသေးတယ်''

''သမီးရယ် အဲဒီမျက်နှာကြောင့် မေမေတို့''





''ကသစ် မနာတတ်လို့မဟုတ်ပါဘူး မေမေ၊ မာနမရှိလို့လည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ခန့်ညားနဲ့ ပတ်သက်ရင် ကသစ်နှယ် နှလုံးသားက ခုချိန်ထိ မာကျောလို့မရသေးတာအမှန်ပါပဲ၊ ပြီးတော့ နောက်ဆုံးအချိန်ရောက်နေတဲ့ လူတစ်ယောက်ကို ခဏလေးဖြစ်ဖြစ် သွားကြည့်ပါရစေ၊ ခန့်ညား ကိုယ်စားဖြစ်ဖြစ်ပေါ့''

ဒေါ်မြသီတာ ဆက်ပြီး တားဆီးနေလည်း ကသစ် နာခံလိမ့်မည် မထင်ပါ။ ခန့်ညားနှင့်ပတ်သက်ပြီး ခံစားမှုတွေမှ မရင့်ကျက်သေးဘဲ။

ဒီအတိုင်း ကြည့်နေလိုက်တော့ ဦးသာအောင် နောက်က ကသစ် လိုက်သွားသည်။

''ဟော ရောက်စေချင်တဲ့သူက မလာဘူး၊ မလာစေချင်တဲ့သူက ရောက်လာတယ်၊ တော်တော် အရှက်နည်းတာပဲ''

မိုးစံပယ်ရဲ့ မကြားတကြား ဓောင်းချိတ်သံကို ဂရုမပြုအား။ မွေ့ယာခင်း ထက်မှာ ဖြူဖျော့ပိန်လှီစွာ လှဲလျောင်းနေတဲ့ ဦးမင်းကောင်းမြိုင် ခုတင်အနီးသို့ ဆို့နင့်စွာ လျှောက်သွားနေမိသည်။

အချိန်တိုတိုအတွင်းမှာ ဒီလောက်ကြီး အဖြစ်အပျက်က မြန်ဆန်လှချည့်လား။

''ကသစ်နှယ် အနားတိုးလေ သမီး ရောက်လာတာကို သမီး အန်ကယ် သိနေတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ထိပ်ထားဆီက ချိုသာသော စကားကိုကြားတော့ ကသစ် အံ့သြသွားသည်။ ဒေါ်ခင်ထိပ်ထားဆီက မာနတွေ ဘယ်ရောက် သွားပြီလဲ သူမ တွေးချိန်မရ။

ရင်ဘတ်ပေါ် တင်ထားသော ဦးမင်းကောင်းမြိုင်ရဲ့ လက်ကလေး သူမဘက် တရွေ့ရွေ့ ရောက်လာသည့်အတွက် ထိုလက်ကို ကသစ်နွယ် နွေးထွေးစွာ ဆုပ်ကိုင်ထားလိုက်မိသည်။

ဦးမင်းကောင်းမြိုင်ဆီမှာ အမြဲမြင် တွေ့နေရသည့် မိုးပုံနေသော မာနတွေ အတ္တတွေအစား မျက်ဝန်းအိမ်က စိမ့်ထွက်လာသည့် မျက်ရည်တွေကို ထိတ်လန့်တကြား မြင်လိုက်ရသည်။

"တောင်း တောင်းပန်ပါတယ် ကသစ်နွယ်၊ သား သားကို တွေ့ချင်တယ်၊ မကြင်နာတတ်ပေမယ့် ရင်ထဲက မေတ္တာတွေ အပြည့် ရှိတယ်ဆိုတာ သားနားလည်အောင် ပြော ပြောပြချင်တယ်"

ပြောလိုက်တာက မပွင့်တပွင့် တိုးသဲ့သဲ့လေး။ ရင်ထဲမှာတော့ ပြောင်းဆန်အောင်လှုပ်ခါသွားသည်။

ခန့်ညားကို ပြောခွင့်သာပါဦးမလား စိုးရိမ်လာ၏။ ခန့်ညား နင်ဘယ်ရောက်နေလဲ။

အတ္တတွေကျုံ့နေတဲ့ နင့်ဒယ်ဒီရဲ့ နောက်ဆုံးအချိန်ကို အမြန် လာကြည့်ပါဦးလား ခန့်ညားရယ်။





သူ့အထင်သေး ရှုတ်ချခဲ့တဲ့ ငါ့လို မိန်းမကိုတောင် တောင်းပန် ပါတယ်တဲ့။ အာဃာတတွေ မရှိတော့လို့ ငါ့ကို ချစ်မြတ်နိုးလာလို့တော့ မဖြစ်နိုင်ဘူး။

ငါ့လိုက်ခေါ်ရင် နင်ပြန်ပါလာတတ်မှန်းသိလို့ ငါ့ကို အားကိုး လိုက်တာဖြစ်မှာ။ အရှုံးပေး ကျေအေးလိုက်တာဖြစ်မှာ။

နင့်ကို သူတွေ့ချင်ရှာလို့ သူ့မှာ အတ္တတွေမရှိတော့တာ သိစေ ချင်လို့ဖြစ်မှာပါ။

ငါလည်း နင့်ကို သိပ်တွေ့ချင်တယ် ခန့်ညား။ နင်နဲ့ ပတ်သက် ရင် ငါ့ရင်မှာ မာနတွေ အတ္တတွေ ကြာရှည်မခိုအောင်းနိုင်တာ မထူးဆန်း ဘူးလား။

အချစ်က အဲလိုအဘိဓာန်တွေနဲ့ ဂန္ထဝင်ဆန်ခဲ့တာလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

မြင်နေရတာ အကျည်းတန်လိုက်တာ။ ဒီလောက်ထိ ပုံပျက်ပန်းပျက် ရေစုန်မျောပစ်ရလား။

ကြည့်ပါဦး အခန်းထဲမှာ အရက်ပုလင်းတွေ အလဲလဲ အပြိုပြိုစီးကရက်တိုတွေ ပွစာကြဲ၊ အဝတ်အစားတွေ တိုလိုတွဲလောင်း။

သူ့ကိုယ်သူလည်း ဆံပင်ရှည်ရှည်။ ပါးသိုင်းမွေးတွေလပျစ်ဖရိုဖရဲနှင့် ခန့်ညားဆိုပြီး မခန့်ညားတော့။

သူမ ရှိနေလျှင် သူ့ကိုပေးထားသည့် အခန်းထဲက ခန့်ညားအပြင်မထွက်။ ဖြစ်သလိုနေပြီး အခန်းအောင်းသည်။ သူမကသာ မနေနိုင်မထိုင်နိုင် အစားအသောက် အမျိုးမျိုးလုပ်၍ ချော့မော့ဖျောင်းဖျကာဝင်အောင် ကျွေးရသည်။





"ငါက သက်ဆိုးမရှည်ချင်တဲ့ကောင်၊ နင်က အဲလိုတွေ ပြုစုနေတော့ လူ့လောကမှာ အကြာကြီးနေပြီး ဝေဒနာတွေ ကြာရှည်ခံစားရအောင် လုပ်နေသလိုပဲ"

အဲလိုပြောတော့ သူမ လက်တွေ တွန့်ဆုတ်သွားပြီး ရင်ထဲမကောင်း။

"မိန်းမတစ်ယောက်အတွက် အချစ်အတွက် ကိုယ့်ဘဝကိုယ်ပြန်သတ်နေတာ၊ ဘယ်လောက် ရှက်စရာကောင်းလဲ မင်းမတွေးမိဘူးလား ခန့်ညား"

"ငါ့ကို ထားခဲ့ပြီး နောက်တစ်ယောက်ကို ယူသွားတာ၊ အသည်းကွဲရုံလောက်ပဲ ခံစားရမှာ၊ အခုဟာက ဒယ်ဒီ့ကြောင့် ဒီလိုတွေ ဖြစ်သွားရတယ်ဆိုပြီး ရင်တစ်ခုလုံး စုတ်ပြတ်နေအောင် နာကျင်နေတာ၊ ပုံစံခွက်နဲ့လောင်းပိတ်ခံထားရတဲ့ ဂုဏ်ပုဒ်တွေကို ရွံမုန်းတယ်၊ ကိုယ်ဖြစ်ချင်သလိုမဖြစ်ရရင် ဖြစ်သလို နေလိုက်တာ မကောင်းဘူးလား၊ ကသစ် ငါ့ကိုမချစ်လို့မှ မဟုတ်တာဘဲဟာ"

"အေး မင်း ဒီလိုတွေ ဖြစ်နေတယ်ဆိုတာ သူ သိသွားရင်ဘယ်လောက် ရင်နာပြီး စိတ်မကောင်းဖြစ်လိုက်မလဲ"

"ငါ့ကို သူ လှည့်ကြည့်ချိန် မရပါဘူး၊ ဘယ်တော့မှလည်းငါ့ကို လာခေါ်တော့မှာ မဟုတ်ဘူး။ သားသမီး အပိုဆုတွေနဲ့ ပြည့်ကြယ်ဝ

www.burmeseclassic.com



တဲ့ စည်းစိမ်ဥစ္စာတွေနဲ့ ငါ့ကို သတိရချိန်တောင် ရှိမှာ မဟုတ်ဘူး''

"အဲဒါတွေ တွေးပြီး မင်းတစ်ယောက်တည်း အထီးကျန်နေတယ်လို့ ထင်နေလား၊ တို့ဘက်က ဖြည့်ဆည်းမှုတွေကိုရော မင်း အသိအမှတ် မပြုတော့ဘူးလား''

အရက်ခွက်ကို ကောက်မော့ရင်း ခန့်ညား မျက်ခုံးပင့်ကာ သူမကို ရီဝေစွာ ကြည့်သည်။

"ကုန်ကျစရိတ်တွေ အားလုံး ဦးမောင်လာရင် နင့်ကို ရှင်းပေးပါလိမ့်မယ်''

"ခန့်ညား မင်းကွာ''

စန္ဒီ အသားတဆတ်ဆတ် တုန်ကာ ရင်ဘတ်တစ်ခုလုံး အောင့်မျက်သွားသည်။ လက်ထဲမှာ ကိုင်လာသည့် သတင်းစာတွေ ဂျာနယ်တွေကိုလည်း စားပွဲပေါ် ဖြန်းခနဲ ပစ်ချလိုက်၏။

"တို့ စေတနာကို မစော်ကားနဲ့ ခန့်ညား၊ ငွေအတွက် တို့ အလုပ်လုပ်နေတာ မှန်တယ်၊ မင်းအတွက် စေတနာနဲ့ ဖြည့်ဆည်းပေးတယ် ဆိုတာလည်း ယုံကြည်ပေးရမယ်''

"ငါ့မိဘတွေကတောင် လိုချင်တာတွေ ရှိလို့ မေတ္တာတွေ ပေးခဲ့တာ၊ နင် ဖုံးပေါ်လအောင် ပေးနေတာတွေက ဖြူစင်ပါတယ်လို့ ငါ ဘယ်လို ယုံရမလဲ၊ နင် ငါ့ဆီက လိုချင်တာတွေ မရှိပါဘူးလို့ အာမခံ





နိုင်သလား စန္ဒီ''

စန္ဒီ့မျက်နှာ ဖြတ်ရိုက်ခံလိုက်ရသလို နီမြန်းလည့် ထွက်သွားသည်။ အံကြိတ်လိုက်ကာ မျက်ရည်တွေ လည်နေတာကိုလည်း သတိထားမိ၏။

ဘာမှမတတ်နိုင်။ ကိုယ့်မှာ ဘာမှပေးစရာ မရှိတာ သေချာနေသော်လည်း စန္ဒီ စိတ်အပင်ပန်းခံလွန်းတာကို လက်ခံလို့ မရ။ အနားမှာ တွတ်တီးတွတ်တာ ပွတ်သီးပွတ်သပ် နေတာကိုလည်း မကြိုက်။

ကိုယ့်စိတ်ခန္ဓာမှာ ကသစ်ကလွဲ၍ ဘယ်မိန်းမကိုမှ မတွယ်ကပ်စေချင်တာ ဘယ်လိုလုပ်ရမလဲ။

"မင်းအတွက် တို့လို မိန်းမက ဘာတန်ဖိုးမှ မရှိဘူးဆိုတာ တို့ နားလည်ပါတယ် ခန့်ညား၊ လင်ကောင်းသားကောင်း မရနိုင်တဲ့ အကျင့်ပျက် မိန်းမတစ်ယောက်ဆိုတာလည်း ကိုယ့်ကိုယ်ကို နားလည်ပါတယ်၊ ဒါပေမဲ့ တို့လည်း မင်းလို မေတ္တာငတ်နေတဲ့ လူတစ်ယောက်ပါ၊ အဖေရော အမေရော နောက်အိမ်ထောင်ကိုယ်စီနဲ့ နောက်မွေးထားတဲ့ သားသမီးတွေနဲ့ ပျော်ရွှင်နေကြတယ်၊ တို့ကတော့ သူတို့နဲ့ မသက်ဆိုင်တော့တဲ့ အပိုလူ သက်သက်ပေါ့''

ပြောရင်းနှင့် တစ်ချက် ရှိုက်လိုက်တာ ခဏ ရပ်သွားသည်။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ကိုယ့်ဘဝကိုယ် တသီးတခြား ရပ်တည်ခဲ့တ
ဒါပေမဲ့ အဖေက လိုအပ်ရင် ငွေလာတောင်း၊ အမေက လိုအပ်ရင်
လာတောင်းတဲ့ အချိန်လေးတွေကို တို့ ပီတိဖြစ်ပြီး အသက်ရှင်
ရတယ်၊ သူ့တို့တွေအတွက်ဆိုပြီး ရည်ရွယ်ချက်တွေနဲ့ ငွေကိုလည်း ပိုတိုး
ရှာဖွေ မိတယ်၊ ဒါဟာ မိဘတွေဘက်ကပဲ ပေးဆပ်တဲ့ မေတ္တာတ
လား၊ မင်းတွေးကြည့်ပါ၊ တို့က သူတို့အတွက် အဖြည့်ခံသက်သ
လူဖြစ်လာတာ ထင်တယ်၊ ရယူချင်စိတ် ရှိပေမယ့် ဘာမှမရတဲ့ သ
ဖြစ်လာတယ်၊ အဲသလိုပဲ မင်းကိုလည်း ရယူချင်စိတ် ကင်းကင်း
ဖြည့်ဆည်းနေချင်ခဲ့တာ၊ မင်းဆီက ဘာမှ မတောင်းဘဲနဲ့ပေါ့၊
မပေးနိုင်ဘူးဆိုတာလည်း တို့ သိနေတာပဲ"

ငါ့မှာ ပေးစရာ မရှိလို့ပါဟု တိုးသဲ့စွာ ပြောမိရင်း မျက်နှာ
အားနာစွာ ကယောင်ကတမ်းနှင့် သတင်းစာကို ဆွဲယူပြီး စာမျက်နှာ
လှန်လှော ဖတ်နေမိ၏။

ခုချိန်မှာ စန္ဒီ့ဆီမှာ မှီခိုနေမိသူ မဟုတ်ပါလား။

"ဟာ မဖြစ်နိုင်တာ"

"ဘာ ဘာဖြစ်လို့လဲ ခန့်ညား"

ခန့်ညား အလန့်တကြား အသံအက်အက်ကြီးနှင့် အော်ချလို
တော့ စန္ဒီလည်း ထိတ်ပျာလန့်ဖျပ်သွားသည်။





"နာ နာရေးသတင်း"

"ဘယ်သူ့နာရေးသတင်းမို့လဲ"

"ဒယ် ဒယ်ဒီ"

"ဟင်"

"ဟာကွာ ဒယ် ဒယ်ဒီ ဘာလိုဖြစ်သွားရတာလဲ"

ငိုချလိုက်တော့မလို မျက်နှာမှာ ခန့်ညားအသံတွေ အက်ကွဲ တုန်ယင်နေသည်။ စန္ဒီက ခန့်ညားအနား ဖွေ့ခနဲ ကပ်ထိုင်လိုက်ကာ

"သေချာလို့လား ခန့်ညားရယ်၊ နာမည်တွေ ဘာတွေက တူတာတဲ့တာပဲ"

"ဘွဲ့ထူး ဂုဏ်ထူး မိန်းမနဲ့ သားတွေ နာမည်ကတော့ လိုက် မတူနိုင်ပါဘူး၊ တောက် ဒါ ဒါ ဘယ်လိုဖြစ်သွားတာလဲ"

စားပွဲခုံကို ဒုန်းခနဲ ထုသည်။ အရက်ကို ပုလင်းလိုက် တစ်ရှိန် ထိုးမော့သောက်ချ၏။ စန္ဒီ ကပျာကယာ ပုလင်းကို ဆွဲထားလိုက်ရ သည်။

"အဲလို သွေးပျက်မသွားပါနဲ့ ခန့်ညား၊ သေချာတယ်ဆိုရင် အဲဒီကို ခန့်ညား ရောက်အောင် သွားရမှာပေါ့"

"ဟား အား"

ခန့်ညား အသံကုန် လည်ချောင်းတွေ ပေါက်ကွဲထွက်မတတ်



www.burmeseclassic.com

www.burmeseclassic.com



အော်ပစ်လိုက်သည်။ ဒေါသမီး အတ္တမီးတွေ အလုံးညီးညီး တောက်လော
နေတဲ့ ဒယ်ဒီက လောကကြီးကို စောစီးစွာ ခွဲခွာသွားသင့်သလာ
သူ့ကို အဆုံးထိ တိုက်ခိုက်ဖို့ ကောင်းပါသည်။

■ ■ ■



## အခန်း (၂၂)

ဦးမင်းကောင်းမြိုင်

အသက် (၄၈) နှစ်

ဈာပန အခန်းအနားက မီးသင်္ဂြိုဟ်ဖို့ ရေဝေးသုသာန် ရောက်
ဖို့ ဖြစ်သော်လည်း အချိန်အနည်းငယ် စောင့်ပေးဖို့ ဒေါ်ခင်ထိပ်
း တောင်းပန်ထားသည်။

သားငယ် သတင်းစာ ဖတ်မိလျှင် သူ့ဒယ်ဒီ နောက်ဆုံး ဈာပန
ို ရောက်အောင် လာလိမ့်မည်။

ဘယ်လောက်ပဲ နာကြည်းနေပါစေ ရောက်အောင်လည်း လာ
ည်ဟု ယုံကြည်နေမိသည်။

သားဘဝ အမြင့်ဆုံး ပန်းတိုင်ရောက်အောင် အမုန်းခံ ပန့်သင်း



www.burmeseclassic.com

www.burmeseclassic.com



တင်ပေးခဲ့သည့် ဖခင်ကြီးပင်။

အချိန်မီရုံလေး ဖြစ်ဖြစ် ရောက်အောင် လာပေးပါ သားရယ်။

"ဟာ လာပြီ လာပြီ"

"သူတို့ စောင့်နေတဲ့ သားငယ်ပဲ ဖြစ်မှာပါ"

"ဟုတ်မှာပေါ့။ ဆယ်မိနစ်ကျော်တဲ့အထိ စောင့်နေတာ"

အဝင်ဝကို လည်တဆန့်ဆန့် ဖြစ်နေကြသည့် လူအုပ်ကြီးဆီမှ အသံဗလံတွေ ထွက်လာတော့ ကသစ်နွယ် လည်ပင်းရှည်ကာ မျက်လုံး အစုံက လူအုပ်ကြားကနေ ပြူးပြဲ ရှာမိသည်။

"ဟင်"

ညှင်းသိုးသိုး ဗိုသီဖတ်သီနှင့် Taxi ကားပေါ်က ယိမ်းထိုးယိုင် ကာ ဆင်းလာသည့် ခန့်ညားကို မြင်လိုက်ရသည့် အချိန်မှာ ကသစ်နွယ် မှုးမေ့လဲမတတ် ဖြစ်သွားသည်။

ဘယ်မှာနေပြီး ဘယ်လိုနေရာမျိုးကို ရောက်နေလို့ ခန့်ညား ဒီလိုပုံစံ ဖြစ်သွားရတာလဲ။

ခန့်ညားက နီရဲနေသော မျက်လုံးအစုံနှင့် ဘယ်သူ့ကိုမှ မကြ ပါ။ ရှောင်ဖယ်ပေးကြသည့် လူတွေကြားမှ ရှေ့ကို တဖြည်းဖြည်း တိုး ရောက်လာသည်။

ဒေါ်ခင်ထိပ်ထား အနားကို အရောက်မှာ ရှေ့ကို ဟပ်ထိုး





သွားချေ၏။ ပြီးတော့ သူ့ဟာသူ ကုန်းရုန်းထကာ ဦးမင်းကောင်းမြိုင် မျက်နှာကို ရီဝေမှေးစင်းနေသော မျက်လုံးတွေနှင့် ကြည့်နေ၏။

"ဒယ်ဒီ ဘယ်လိုဖြစ်သွားတာလဲ မာမီ၊ ဒယ်ဒီက အရမ်းတော် ပြီး ထက်မြက်တဲ့ လူကောင်းတစ်ယောက်ပါ၊ သူ လိုချင်တဲ့ ဘွဲ့တွေ ဂုဏ်တွေ ရာထူးတွေကို ရအောင်ယူနိုင်တယ်၊ အဲဒါတွေကို အရမ်းမက်မော ပြီး ဖက်တွယ်ထားခဲ့တာ ဘာလို့ အလွယ်တကူ စွန့်ပစ်ထားခဲ့တာလဲ၊ ဖြစ်သင့်သေးဘူး။ မသေသင့်သေးဘူး မာမီရဲ့ သူ ပိုင်ဆိုင်ထားတဲ့ အတ္တတွေ မာနတွေနဲ့ သေမင်းကို စိန်ခေါ်ရမှာ နိုင်အောင် တိုက်ရမှာ"

အာလေးလျှာလေးနှင့် မျက်ရည်မကျဘဲ ခန့်ညား တတွတ်တွတ် ပြောနေသည်။ ဒေါ်ခင်ထိပ်ထားက ရင်ထဲဆို့နင့်ကာ အံကြိတ်ထားရင်း မျက်ရည်တွေ ကျနေသည်။

ဖခင်တစ်ယောက်ကို နောက်ဆုံး ဂါရဝပြုတာ ဘယ်လောက် မှုပ်ပျက်ဆင်းပျက်နိုင်လိုက်သလဲ။

ဂုဏ်အဆင့်အတန်းမြင့်တဲ့ လူတွေရှေ့မှာ အရှက်ရ သိက္ခာကျ အောင် ဒင်းမို့ လုပ်ရက်သည်။

ဒီလိုနည်းနှင့် ကျေးဇူးဆပ်တာ အသည်းခိုက်အောင် နာသည်။

"ကြည့်ပါဦး ဒယ်ဒီက ပြုံးပြုံးလေးနဲ့ အိပ်နေတဲ့ အတိုင်းပဲ၊ နေရင် ပြာဖြစ်သွားတော့မှာနော်၊ ဒယ်ဒီ ဘာမှ ယူမသွားနိုင်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



သနားစရာကောင်းလိုက်တာ၊ ဒယ်ဒီ့ကို သားက အမြဲတမ်း တည်တင်း အေးစက်နေတဲ့ မျက်နှာကိုပဲ မြင်ချင်တာ၊ ဒေါသတွေ မာနတွေ အတ္တတွေနဲ့ တောက်ပပြင်းထန်နေတဲ့ လူတစ်ယောက်အဖြစ်နဲ့ပဲ ဆုံဖူးခဲ့တာ၊ ဒီလိုအပြုံး ဒီလို ငြိမ်သက်နေတာ မမြင်ရက်ဘူး၊ မကြည့်ရက်ဘူး မာမီရယ်''

''တော်တော့ ခန့်ညား မင်းဘာမှ မပြောပါနဲ့တော့၊ မဟာတာဝန်ရှိတဲ့သူတွေကို သင်္ဂြိုဟ်ဖို့ ပြောလိုက်တော့''

ဦးမင်းကောင်းမြိုင် ရုပ်ကလပ်ကို ဒီအတိုင်း ထားခဲ့ကာ ခန့်ညားလက်ကို ဆွဲရုန်း၍ ဒေါ်ခင်ထိပ်ထား ထွက်လာခဲ့သည်။ စိတ်ထဲကနေ တောင်းပန်ကန်တော့၍ မင်းခန့်ညားရဲ့ အပြုအမူတွေအတွက် အသည်းတွေ နာလှ၏။

ကားပေါ်တင်ကာ အိမ်ရောက်အောင် ခေါ်လာခဲ့ပြီး ပါးတွေကို ဆင့်ကာ ဆင့်ကာ ရိုက်ပစ်လိုက်၏။

''တောက် အဲဒီ ဈာပနကို မင်း ရောက်မလာတာကမှ ကောင်းဦးမယ်၊ ခုတော့ တမလွန်က မင်း ဒယ်ဒီ ကြည့်နေရင်တောင် ဘယ်လောက်များ ရှက်နေရှာမလဲ''

''သားက ဘာတွေလုပ်နေလို့လဲ''

ဒယီးဒယိုင် ထရပ်ကာ ပါးနှစ်ဖက်ကို ပွတ်ရင်း ခန့်ညား မေးနေ၏။





နောက်တစ်ချက် ထပ်ရိုက်ပစ်လိုက်တော့ ဆိုဖာထိုင်ခုံပေါ် ပုန်းခနဲ ပစ်ကျသွားသည်။

''ဘာတွေ လုပ်နေလို့လဲ ဟုတ်လား၊ မင်း မေးရဲသေးတယ်ပေါ့၊ အဲဒီပုံစံ အပြုအမူတွေနဲ့ ဒီလိုဖြစ်နေတာ၊ ငါတို့အဆင့်အတန်းနဲ့ ဘယ်လောက် ရှက်စရာ ကောင်းလဲ မင်းမသိဘူးလား၊ မင်း စိတ်ကြောင့် မင်းဒယ်ဒီ သေရတာကိုရော အားနာရမှန်း ဝမ်းနည်းရမှန်း မသိဘူးလား၊ တောက် ခန့်ညားရယ် မွေးကျေးဖူး ကျွေးကျေးဖူးကို ဒီလိုနည်းနဲ့ ဆပ်လိုက်တာ အံ့သြတယ်''

ခန့်ညားက မရယ်ချင်ဘဲနှင့် ဟက်ခနဲ ဖျစ်ညှစ်ရယ်ချသည်။

''ဘာမှ မျှော်လင့်မထားပါဘူး၊ ဖြည့်ဆည်းပေးဆပ်ချင်တဲ့ မေတ္တာတရားတွေနဲ့ပါဆို မာမီရဲ့၊ နားလည်မှုရှိတဲ့ မိဘဆိုရင် သားဘာလို့ ဒီလို ဖြစ်နေရသလဲဆိုတာ သိနေသင့်တာပေါ့''

''သိစရာလိုသေးလား၊ မင်းစိတ်နဲ့ မင်းကိုယ် မိဘတွေရဲ့ မေတ္တာကို နားမလည်ဘဲ အိမ်ပေါ်က ဆင်းသွားတယ်၊ ဘယ်နေရာ ဘယ်အခြေအနေရောက်နေမှန်း မသိဘဲ ပတ်ဝန်းကျင် သတိမထားမိအောင် တိုးတိုးကြိတ်ကြိတ် လိုက်ရှာနေခဲ့ရတယ်၊ မင်းရဲ့ စိတ်သောကနဲ့ အိပ်ရာထဲ လဲနေတဲ့ လူမမာက မင်းပြန်ရောက်လာမှာပဲဆိုတဲ့ မျှော်လင့် ချက်နဲ့ အသက်မထွက်နိုင်ဘဲ ဝေဒနာတွေ တနင့်တပိုး ခံစားသွား



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ အခုလည်း ငါ့အသက်ကို မီးသဂြိုဟ်စက်ထဲ ထည့်ပေးရမလား။ အဲဒါမှ မင်းကျေနပ်မှာလား၊ ပြောစမ်းပါ ခန့်ညားရဲ့ ငါတို့ မိဘတွေရဲ့ အပြစ်တွေ အဲလို လုပ်ပေးမှ ကျေတော့မှာလား''

စူးဝါးစွာ အော်ဟစ်ရင်း ဒေါ်ခင်ထိပ်ထား မျက်ရည်တွေ တသွင်သွင် စီးကျနေ၏။ ခန့်ညားက ခေါင်းကို ဘယ်ညာယမ်းခါ၍ ဒေါ်ခင်ထိပ်ထား ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

''သား မှားခဲ့တယ်ဆိုရင် အဲဒါက ကသစ်နွယ်ကို သိပ်ချစ်ခဲ့လို့ပါ မာမီ၊ မာမီတို့ဘက်ကလည်း ကသစ်နွယ်နဲ့ သားကို ကွဲကွာစေခဲ့တဲ့ အမှားကြီးကို ကျူးလွန်ခဲ့တာပဲ မဟုတ်လား၊ ကသစ်နွယ်လည်း သူ မပျော်တဲ့ဘဝမှာ အရမ်းပင်ပန်းနေမှာပါ မာမီ၊ အားလုံး ဒဏ်ရာ မကင်းကြပါဘူး။ အနာဂတ်ရတွေနဲ့ အဆုံးသတ်ရတော့မှာ၊ မသေဆုံးခင် အချိန်လေးမှာ သားစိတ်နဲ့ သားကို နေချင်သလို နေခွင့်ပေးပါ မာမီ''

''အေးပေါ့လေ ကိုးလလွယ် ဆယ်လဖွား အသက်နဲ့တောင် ရင်းပြီး မွေးလာခဲ့ပြီးပြီပဲ၊ မင်း ဒီအိမ်က ထွက်မသွားတော့ဘူးဆိုရင် မင်းဖြစ်ချင်တာတွေ ငါ လိုက်လျောပေးရတော့မှာပေါ့''

တိုပြတ်စိမ်းသက်စွာ ပြောပြီး မာမီ လှည့်ထွက်သွားသည်။ ဒီအိမ်ကြီးထဲမှာ ဒယ်ဒီ မရှိတော့ပေမယ့် ဒယ်ဒီ့အရိပ်အငွေ့တွေ ကျန်နေဆဲပါလား။





ထိုအလွှာပါးပါးက သံမဏိကြိုးမျှင်လေးလို ခိုင်ခံ့တင်းကြပ်စွာ ချည်နှောင်ခံရဦးမည် ထင်ရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"အသုဘလည်း မြေချပြီးပြီ၊ သမီး မပြန်သေးဘူးလား"

"ရက်လည်ပြီးမှ ပြန်လာမယ်လို့ ဖုန်းဆက်ထားတယ် မေမေ"

"အို ကိုယ့်ယောက်ျားကို တလေးတစား ဖုန်းမဆက်ဘဲ အဘွားဆီပဲ ဆက်လိုက်ရသလား သမီးရယ်၊ အိမ်ထောင်သက်က မရင့်သေးဘူး၊ ငြိုငြင်ခံနေရပါဦးမယ်ကွယ်"

"သူက ပုသိမ်ဘက် ခရီးထွက်သွားတယ်၊ အရေးအကြောင်းမရှိရင် ဖုန်းမဆက်နဲ့လို့ မှာသွားတာ၊ ကသစ်က ဂရုစိုက်စရာ လိုသလား။ ဘွားဆီ ခွင့်တောင်းပြီးပြီပဲ၊ ငြိုငြင်လည်း မတတ်နိုင်ဘူး မေမေ"

"သမီးတို့ အိမ်ထောင်ရေး အဆင်ပြေရဲ့လား"

သမီးအရိပ်အကဲ ခန့်မှန်းကြည့်ပြီး သဘောပေါက်နေပေမယ့်





မိတ္တဝတ္တရားအရ မယုတ်မလွန် မေးကြည့်ရသည်၊ ကသစ်နွယ်ကလည်း မသိနိုးနား ကွယ်ဝှက်ထားမည့်သူမျိုး မဟုတ်ပါ။

"အချစ်တွေ သံယောဇဉ်တွေနဲ့ တည်ဆောက်ထားတဲ့ အိမ်ထောင်ရေးမှ မဟုတ်ဘဲ မေမေရယ်၊ သူ့သဘောနဲ့သူနေ၊ ကိုယ့်သဘောနဲ့ကိုယ်နေတာပဲ"

"သူတို့က ငွေကြေးနဲ့တိုင်းထွာချိန်ဆက်ပြီး အိမ်ထောင်ရှင်မကောင်း လိုချင်ခဲ့တာလေ၊ သမီးဘက်က တာဝန်ဝတ္တရားတွေ ပျက်ကွက်နေမလား မေမေ စိုးရိမ်လို့ပါ၊ သူတို့က ဆွေကြီးမျိုးကြီး ကိန်းကြီးခမ်းကြီးနိုင်တယ် မဟုတ်လား"

"တွေးကြောက်နေရင် လက်ထပ်မြဲတဲ့ညကတည်းက ဆင်းပြေးခဲ့ရပြီးပြီ မေမေ၊ ကသစ်ဘက်က တာဝန်ဝတ္တရား ပျက်ကွက်ခဲ့ရင်လည်း ခုချိန်ဆို တစ်ခုလပ်ဘဝနဲ့ မေမေ့အိမ်ပေါ် ပြန်ရောက်နေပြီ အထက်စီးနင်းပြောဆိုပြုမူတတ်တဲ့ သူတို့ ဆက်ဆံရေးကို ကသစ် ခေါင်းငုံ့သည်းမခံချင်ပေမယ့် ကသစ်ဘက်ကစပြီး မမှားအောင် ကြိုးစားပါတယ်"

သက်ပြင်းရှည်ကြီးချကာ သမီး ပခုံးလေးကို ဒေါ်မြသီတာ ပွေ့ဖက်လိုက်သည်။

"သမီး ခံစားချက်ကို မေမေ နားလည်ပါတယ်၊ အဲလိုနေပေးတဲ့အတွက် ကျေးဇူးလည်း တင်ပါတယ် သမီးရယ်၊ ဒါနဲ့ ဦးဆေးကောင်း



www.burmeseclassic.com

www.burmeseclassic.com



မြှိုင် ရက်လည်တဲ့နေ့မှ တစ်ခေါက်ပြန်လာပါလား သမီးရယ်၊ ရက်တွေ ကြာနေတော့ တိုင်းကမ္ဘာ မရှိတဲ့အချိန် အိမ်ကို ပစ်ပလက်ခဲ့တဲ ဂရုမစိုက် သလိုကြီး ဖြစ်နေမလားလို့''

''စိတ်မပူပါနဲ့ မေမေ၊ အကြောင်းအမျိုးမျိုးနဲ့ အခေါက်ခေါက် အခါခါ ပြန်ထွက်ရတာ ခက်တယ်၊ ကသစ် အဲဒီအိမ်ကြီးပေါ် မရောက်ခင် ကလည်း သူတို့ ဒီလိုနေလာခဲ့ကြတာပဲ၊ ကသစ် ကိစ္စ ကသစ် ရှင်းနိုင်ပါ တယ်၊ ခန့်ညားကိုသာ ကသစ် စိတ်ပူနေတာ''

''ဟင် ခန့်ညားက ဘာဖြစ်လို့လဲ''

''အရက်တွေ အလွန်အကျွံသောက်နေတာလို့ ဦးသာအောင် ပြောတယ်၊ သူ့အမေလည်း လက်လျှော့ထားလိုက်ပြီတဲ့၊ မရီးနဲ့အစ်ကို ငြိုငြင် တာလည်း ခံနေရတော့ ကသစ် စိတ်မကောင်းဘူး''

''အဲဒီတော့ သမီးက ဘာလုပ်ချင်လို့လဲ''

''ဖျောင်းဖျ နားချကြည့်ချင်တယ်၊ ကသစ်က ပျော်တဲ့ မပျော် တာထက် ကိုယ့်ဘဝနဲ့ကိုယ် ဖြစ်နေပြီ၊ သူ့အဖေလည်း သေပြီဆိုတော့ သူ လည်း ပြုပြင်ပြောင်းလဲသင့်ပြီ''

''ဆက်စပ်ပတ်သက်မှု မလုပ်ပါနဲ့တော့လားကွယ်၊ ကိုယ့် အကြောင်းတရားတွေနဲ့ ကိုယ့်လမ်းကိုယ် လျှောက်နေကြပြီ၊ တစ်ဖက်က သိရင် ပြဿနာ မတက်နိုင်ဘူးလား''





''ကသစ် ဂရုမစိုက်ဘူး မေမေ၊ တိုင်းကမ္ဘာ အပေါ်လည်း မဖောက်မပြန် သစ္စာရှိရှိ နေပေးမယ်၊ ခန့်ညားကိုလည်း ယယ်သယောဇဉ် မဖြတ်နိုင်ဘူး။ သူ ဒီလိုဖြစ်နေတာ ကသစ်ကြောင့် အဓိကပဲ၊ သူ့ကို လမ်းကြောင်းမှန်ပေါ် ပြန်ရောက်စေချင်တယ်၊ ကသစ် ဥပေက္ခာမပြု နိုင်ဘူး''

ခန့်ညားနှင့်ပတ်သက်လျှင် တားဆီးပိတ်ပင်ဖို့ မလွယ်ကူဘူး ဆိုတာ ဒေါ်မြသီတာ သိပါသည်။

ဒီအတိုင်း လျစ်လျူရှုလိုက်လျှင်လည်း အများကျူးလွန်ဖို့ အားပေးသလို ဖြစ်နေမလား စိုးရိမ်မိ၏။

''ခန့်ညားက သူ့ဘဝ သူ ဖျက်နေတာ၊ သမီးကလည်း အိမ် ထောင်သည် ဖြစ်နေပြီ၊ ခန့်ညား အမေ ဒေါ်ခင်ထိပ်ထားကလည်း ကြည်ဖြူလာပြီဆိုပေမယ့် လိုလားတယ်လို့ မပှာဆနဲ့ သမီး၊ ဆင်ခြင်လိုက် တာ အန္တရာယ်ကင်းပါတယ်''

''ကသစ် ကြိုးစားကြည့်ချင်သေးတယ် မေမေ၊ ခန့်ညားဘဝ အဲလို ရေစုန်မျောပြီး ပျက်စီးသွားမှာ ကသစ် မကြည့်ရက်ဘူး''

နောက်ဆုံးတော့လည်း သမီး ဟိုဘက်အိမ် ကူးသွားတာကို ဒီအတိုင်း ကြည့်နေလိုက်ရသည်။

ဘယ်လိုနည်းနှင့်ဖြတ်ဖြတ် ဒီသံယောဇဉ်က ပြတ်မည် မထင်



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့် မျက်နှာသာ ပေးလိုက်တာနဲ့ ချောင်းပေါက်အောင် လာပါတော့မယ်"

ဧည့်ခန်းထဲ အဝင်မှာပဲ မိုးစံပယ်က မကြားတကြား ပြောကာ မဲ့ရွဲ့သွားသည်။ ပက်ခနဲ ပြန်ပြောလိုက်ဖို့ စိတ်က ပေါက်ကွဲလိုက်ချင် သော်လည်း ဒေါ်ခင်ထိပ်ထား သူမ အနား ရောက်လာ၍ ပါးစပ်ကို ဘရိတ်အုပ်ထားလိုက်ရသည်။

"သားငယ်ဆီ လာတာလား ကသစ်"

"ဟုတ်ကဲ့ ဦးသာအောင် လာပြောလို့ပါ"

"အန်တီ ပြောခိုင်းလိုက်တာပါ သမီး၊ ကိုယ်တိုင် လာပြော မဝံ့ရဲဘူးလေ၊ အန်တီတို့ဘက်က မှားခဲ့တာလည်း မိဘတွေရဲ့ မေတ္တာ ဆိုတာ သမီး နားလည်မှာပါ၊ အခုတော့ သား နေချင်သလို နေနေတာ ဒီအတိုင်း ကြည့်နေရတယ်၊ အန်တီတို့ ဘယ်လိုမှ မပြောသာဘူးလေ အဲဒါကြောင့် သမီးကို အားကိုးတကြီး ပြောခိုင်းလိုက်ရတာပါ"

"ကသစ် နားလည်ပါတယ် အန်တီ အန်တီတို့ဘက်က တောင်းဆိုမှု မရှိလည်း ခန့်ညား ဒီလိုကြီး ဖြစ်နေတာ ကသစ် မမြင်ရက် မကြား ရက်ပါဘူး၊ ဒါပေမဲ့ ကသစ် စကားကို ခန့်ညား နားထောင်ချင် တော့မလား မသိဘူး"

"သားဘက်က သမီးကို မုန်းနေတာမှ မဟုတ်တာ၊ ခံစားချက်





တွေ ရှိချင် ရှိမယ်၊ ဒါဟာ အချစ်ကြောင့်ပဲလေ၊ မနာခံချင်တော့ဘူးဆိုရင် တောင် ဆင်ခြင်မှု လိုက်လျောမှု တစ်ခုခုတော့ ပြောင်းလဲလာလိမ့်မယ်လို့ အန်တီ ယုံကြည်တယ်၊ သား အပေါ်ထပ်က သူ့အခန်းထဲမှာ ရှိတယ်၊ တက်သွားလိုက်ပါ သမီး"

"ဟုတ်ကဲ့"

ဒေါ်ခင်ထိပ်ထားရဲ့ လက်ခံနားလည်မှုနှင့် ကသစ် အပေါ်ထပ် တက်လာခဲ့သည်။ ခြေလှမ်းတွေက ကလေးဘဝတုန်းကလို သွက်လက် တက်ကြွမှုတွေ မရှိ။

တရားဝင် လင်ယောက်ျားရှိသည့် စည်းတစ်ခုကလည်း တွန့် ဆုတ်တွေဝေစေသည်။ ဒါပေမဲ့ အချစ်ဆိုသောအရာနှင့် ငယ် သံယောဇဉ် က တွန်းအားပေးကာ ခန့်ညား အခန်းတံခါးကို ခပ်ဖြည်းဖြည်း ဖွင့်မိ လျက်သား ဖြစ်သွားသည်။

"ခန့်ညားရယ်"

မြင်ကွင်းက မလှပပါ။

အခန်းတစ်ခုလုံး ရှုပ်ပွညစ်ပတ်လျက် လူကလည်း လမ်းဘေးက အရက်သမားပုံစံပေါက်နေသည်။

"အခန်းအောင်းပြီး ဖြစ်သလိုနေတယ်၊ သူ့အခန်းထဲကို ဘယ်သူမှ ဝင်တာ မကြိုက်ဘူး၊ ရှင်းလင်း သန့်စင်ပေးဖို့တောင် ခွင့်မပြုဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပေတော လွန်းတယ်ကွယ်၊ အရင်တုန်းက အဆောင့်အတန်း သိက္ခာ
တောက်ပမှုတွေ သူ့မှာ ဘာမှမရှိတော့ဘူး၊ ဦးတို့လည်း တော်တော်
စိတ်မကောင်းဖြစ်ရပါတယ်''

ဦးသာအောင် ပြောခဲ့တာတွေ အမှန်တရားပဲဆိုတာ ကာသ
မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရ၍ ရင်ထဲ ဆို့နင့်နာကျင်သွားသည်
အရက်ပုလင်းတွေ ဖန်ခွက်တွေ စီးကရက်တိုတွေကို ရီဝေဝေ အာ
ရောက်နေသော ခန့်ညားက သူမ ရောက်လာတာကိုတောင် သတိထား
မပေါ်။

''ခန့်ညား''

''ဟင်''

သူမအသံက အဖျားခတ် တုန်ယင်လိုက်ဖြာသွားသည်။ ဟင်
မော့ကြည့်လိုက်သည့် ခန့်ညား မျက်ဝန်းအိမ်မှာ ချက်ချင်းဆိုသ
မျက်ရည်တွေ ရစ်ဝိုင်းပြည့်လျှံလာကာ ရီဝေမှေးစင်းစွာ သူမကို ကြည့်
နေ၏။

''ငါ့ရဲ့ ဒီပုံစံကို မြင်တော့ နင် ဘယ်လိုခံစားရလဲ ကာသစ်

''နင် အရူးလား၊ အရူးလား ခန့်ညားရဲ့၊ နင် အဆင့်အတန်
ရှိတဲ့ ပညာတတ် တစ်ယောက် မဟုတ်ဘူးလား၊ နင်က ပျော့ညံ့
ယောက်ျားလား၊ အသုံးမကျတဲ့ကောင်လား။ ဘာလို့ ဒီလိုကြီး ဖြစ်သွား





ရတာလဲ ဘာကြောင့်လဲ''

မခံစားနိုင်လွန်းစွာ အော်ဟစ်ပေါက်ကွဲရင်း ခန့်ညား ကျောပြင်
ကို ကာသစ် တအုန်းအုန်း ထုပစ်လိုက်သည်။

ခန့်ညားက ကာသစ် လက်နှစ်ဖက်ကို ဆုပ်ကိုင်ဆွဲချုပ်လိုက်ကာ
သူ့ရင်ဘတ်မှာ ကပ်ထား၍ မျက်ရည်တွေ လိမ့်ဆင်းကျလာ၏။

''ငါ့ဘဝကို ငါ နေချင်သလို နေကြည့်တာ၊ အရူးလို့ စွပ်စွဲခံရ
လည်း ငါ မနာပါဘူး ကာသစ်ရယ်၊ နင် ဒီထက်ပိုပြီး ဘာပြောချင်သေးလဲ
ပြောလိုက်စမ်းပါ''

''ကျွတ် ခန့်ညားရယ်၊ ဒီအရက်တွေ နင်မသောက်ပါနဲ့တော့၊
နင့်ကိုယ်နင် ပြုပြင်ပါတော့၊ ငါ စိတ်ဆင်းရဲလွန်းလို့ပါ၊ ငါ့ရင်တွေ
နာလွန်းလို့ပါ''

''ဘာ စိတ်ဆင်းရဲတယ်၊ ရင်တွေ နာတယ် ဟုတ်လား၊ ငါ့
ကြောင့်လား ငါ ဒီလိုကြီး နေလို့လား၊ နင်နဲ့မှ မပတ်သက်တော့တာ၊
နေသာသလို နေလိုက်စမ်းပါ ကာသစ်ရယ်၊ နင်လည်း နင့်ဘဝနဲ့နင်
ငါလည်း ငါ့ဘဝနဲ့ငါ''

''မှန်တယ် နင်ပြောသလို နင့်ဘဝနဲ့နင်၊ ငါ့ဘဝနဲ့ငါဆိုတာ
ဟုတ်တယ်၊ အဲလိုသိနေရင် ကိုယ့်ဘဝကိုယ် ပြုပြင်ပါလား၊ ဒီလိုကြီး
သုပ်ပစ်ရလား၊ နင့်အတွက် နင့်မိဘတွေ နိုင်ငံခြားထိ ပညာသင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ဘယ်လောက်ထိ ရင်းနှီးပေးဆပ်ခဲ့ရလဲ၊ မျှော်လင့်ခဲ့ရလဲ အဲဒီ ကျေးဇူးတွေ မဆပ်ချင်ရင်တောင် မမေ့ကောင်းသင့်ဘူး၊ ဒီလိုပုံစံမျိုး အရုက်သိက္ခာကျအောင် မလုပ်သင့်ဘူး၊ နင် အရှုံးပဲဟာ ခန့်ညား၊ အဲ စိတ်ကင်းမဲ့နေတဲ့ အရှုံးပဲ''

ယူကျုံးမရ အော်ရင်း၊ ရင်ဘတ်တစ်ခုလုံး နာကျင်အောင် မျက်ကာ မျက်ရည်တွေလည်း သွန်ကျလာသည်၊ ခန့်ညား အထိတ်တလ မြူးပြူးပျာပျာ ဖြစ်သွား၏။

''မငိုပါနဲ့ ဘာလို့ ငိုတာလဲ၊ ငါလိုကောင်အတွက် မျက်ရည် မကျပါနဲ့၊ ဟိုလေ ကသစ် နင်ပိုင်တဲ့ ပစ္စည်းလေးတစ်ခု ငါ အမှတ်တ သိမ်းထားတာ နင်ကြည့်မလား''

''ဟင် အမှတ်တရ ဘာပစ္စည်းမို့လဲ၊ နင့်ကိုပေးမယ်ဆို ရည်ရွယ်ထားတဲ့ ခွေးရုပ်လေးတောင် နင့်ကို မပေးရသေးဘူး''

ကသစ် မျက်ရည်တွေကို မမြင်ချင်၍ ခန့်ညား စကားလ ကြောင်း ပြောင်းလိုက်မှန်း သိနေသော်လည်း ထိုစကားကို ကသ စိတ်ဝင်စားသွား၏။

ခန့်ညားက သူ့အဝတ်ဗီရိုရှိရာ ကသစ်ကို ဆွဲခေါ်သွားသည် ဗီရိုကို ဆွဲဖွင့်ပြီး အပေါ်ဆုံးထပ်တွင် သေချာထုပ်ပိုးသိမ်းဆည်းထားသော သော့ခတ်လို့ရသည့် ယွန်းဘူးလေးကို ယူလိုက်၏။





အသေးဆုံး သော့ခလောက်နှင့် သော့တံလေးက ချစ်စရာပင် ကောင်းနေသေးသည်။

''ကသစ်ရော့ နင် ဖွင့်ကြည့်လိုက်''

ခန့်ညား ကမ်းပေးသော သော့တံလေးကိုယူကာ ကသစ် ဖွင့်လိုက်သည်။

''ဟင် ငါ ငါ ငယ်ငယ်က ပျောက်သွားတဲ့ ပလက်တီနမ် ဆန်းချိန်းလေး၊ နင့် နင့်ဆီ ဘယ်လိုရောက်နေတာလဲ''

''ငါ နိုင်ငံခြားကို သွားတဲ့နေ့က ၅-၂-၂၀၀၀ ခုနှစ်၊ နင့် ဒီဟန်းချိန်းလေး ပျောက်တဲ့နေ့က ၂-၂-၂၀၀၀ ခုနှစ်က၊ ဟုတ်တယ်နော် နင် မှတ်မိတယ် မဟုတ်လား''

''မှတ်မိတာပေါ့ ဒီဟန်းချိန်းလေး ပျောက်သွားတဲ့နေ့က နင့်မွေးနေ့ လေ၊ ဖေဖေ ရိုက်မှာစိုးလို့ ငိုယိုပြီး ရှာနေရတာနဲ့ပဲ နင့်ကို ခွေးရုပ်လေး တောင် လက်ဆောင် မပေးလိုက်ရဘူး''

''အေး အဲဒီနေ့ကတည်းက ဒီဟန်းချိန်းလေးကို ငါ ကောက်ရ ခဲ့တာ၊ နင် ငိုနေတာ သိပေမယ့် နင့်လက်မှာ အမြဲတမ်း နီးနီးကပ်ကပ် နေခွင့်ရတဲ့ ဟန်းချိန်းလေးကို ငါနဲ့အတူတူ ရှိစေချင်တယ်၊ အဲဒါကြောင့် နိုင်ငံခြားထိ ငါ ယူသွားခဲ့တာ၊ အခု နင်ပြန်ယူချင်ရင် ခွေးရုပ်လေးနဲ့ သမယ်လေ၊ နင် ပိုင်တာ ဘာပဲဖြစ်ဖြစ် ငါ တန်ဖိုးထားမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ခန့်ညားရယ်"

ရင်ထဲစူးရှကာ ဆို့နှစ်နေသည်။ ဝိုးတိုးတိတ်သော ညည်းညူသံလေး လွှတ်ခနဲ ထွက်သွားသော်လည်း ကသစ် မျက်ရည်မကျအောင် ထိန်းထား လိုက်ရ၏။ လက်ထဲမှာ အိတ်နှင့်ထည့်ယူလာသော ခွေးရုပ်လေးနှင့် ဟန်းချိန်းလေးကို လဲယူလိုက်သည်။

"အမှတ်တရပေါ့ ခန့်ညား၊ ခွေးရုပ်လေးက ငါနဲ့အတူတူ ရှိနေတယ်၊ ဟန်းချိန်းလေးက နင်နဲ့အတူတူ ရှိနေတယ်"

"နှစ်ခုလုံးက နင်ပိုင်တာတွေချည်းပါပဲ၊ ငါက နင့်ကို ခုချိန်ထိ ဘာမှပေးခွင့်မရှိသေးဘူးနော်"

"နှောင်တွယ်ရစ်ပတ်လာခဲ့တဲ့ သံယောဇဉ်တွေက အမှတ်တရပေါ့ ခန့်ညားရယ်၊ တစ်သက်လုံး တန်ဖိုးထားနေမှာပါ၊ ဒါပေမဲ့ အဖြူရောင်က လွဲပြီး ကျန်တာတွေ ဖက်တွယ်ခံစားခွင့် မရှိတော့ဘူးဆိုတာ နင်ရော ငါရော နားလည်ထားရမယ်"

ခန့်ညား ပြုံးလိုက်သော်လည်း မဲ့သလို ဖြစ်နေသည်။ အရက်ပုလင်းရှိရာ လျှောက်သွားပြီး ဖန်ခွက်ထဲ ထည့်ကာ မော့သောက်၏။

"ဟင့်အင်း ခန့်ညား ဒီအရက်တွေ နင် မသောက်နဲ့တော့"

"ဘာဖြစ်လို့လဲ သောက်မယ်ဟာ"

"မသောက်ရဘူး ခန့်ညား၊ အရက်ဆိုတာ အဆိပ်ပဲ၊ နင်က





ဆရာဝန် နင်ပိုသိရမှာပေါ့၊ အသက်အရွယ်နဲ့ အသိတရားလည်း ရင့်ကျက်နေပြီ၊ နင် ဆင်ခြင်လိုက်ပါ"

"အရွယ်ရောက်လို့ အသိရှိလာတယ်၊ အသိရှိလာလို့ ခံစားတတ်လာတယ်၊ မခံစားနိုင်တော့ အရက်သောက်တယ်၊ စွဲလန်းစရာ ဒီအရက်ပဲ ရှိတော့တယ်၊ ငါ အရက်ကို မဖြတ်နိုင်ဘူး"

"မဖြတ်နိုင်ဘူးဆိုတာ စိတ်ပဲ ခန့်ညားရဲ့၊ အဲဒီစိတ်ကို နင် နိုင်အောင် ထိန်းရမှာပေါ့"

"မဖြစ်နိုင်ဘူး"

"ဖြစ်ချင်တဲ့စိတ်ရှိရင် ဖြစ်အောင် လုပ်နိုင်ရမှာပေါ့"

"နင် ငါ့ကို မေ့နိုင်လား ကသစ်"

"ဟင့်အင်း"

"နင် ငါ့နောက်ကို ခိုးရာလိုက်မလား"

"ခန့်ညား"

စကားရည်လုပွဲ မဟုတ်ပေမယ့် အပြိုင်အဆိုင် ငြင်းခုန်သလို ဖြစ်နေသည်။ မတတ်နိုင်သည့်အဆုံး အကျယ်ကြီး အော်ကာ ကသစ် ငိုချလိုက်၏။ ခန့်ညားက ခေါင်းတခါခါ လက်တကာကာနှင့်

"နိုး နိုး နင့်မျက်ရည်တွေက အရက်တွေ ငါ့အသွေးအသားထဲ စိမ့်ဝင်တာထက် ပိုပြီး ပူလောင်တယ်၊ မငိုပါနဲ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အိမ်ထောင်ကျသွားလို့ တခြားယောကျ်ားကို ယူလိုက်လို့ ငါ့စကားကို နားမထောင်ချင်တော့တာလား ခန့်ညား"

"မဟုတ်ပါဘူး စိတ်တွေကို မထိန်းချုပ်နိုင်လို့ မှားမှန်းသိရဲ့နဲ့ မဖြစ်သင့်တာတွေကိုလည်း မဆင်ခြင်နိုင်တာပါ၊ နင် ငါ့နောက်ကို နိုးရာ မလိုက်နိုင်တာ နင် မမှားဘူး၊ ငါ အရက်ကို မဖြတ်နိုင်တော့တာလည်း မမှားဘူး မဟုတ်လား၊ နင့်ကိုငါ ချစ်နေသေးသ၍ အရက်ကိုလည်း ဖြတ်နိုင်တော့မယ် မထင်ဘူး၊ အရက်ကို သောက်နေတဲ့ အချိန် နင့်ဆီ ရောက်နေတဲ့စိတ်တွေ ရီဝေထိုင်းမှိုင်းသွားတော့ ခံစားရ သက်သာတာ ပေါ့"

"အရှူး"

ထိုနာမ်စားထက်လည်း ခန့်ညားကို နာကျင်အောင် မပြောရက်တော့ပါ။ အခန်းထဲက ပြေးထွက်လာခဲ့သော ခြေလှမ်းတိုင်းမှာ ခန့်ညား အသည်းနှလုံးတွေကို နင်းခြေဖြတ်လျှောက်လာခဲ့ရသလို ခံစားရသည်။

ငါ့ရင်တွေလည်း နာနာကျင်ကျင်ပဲ ခန့်ညားရယ်။

■ ■ ■



## အခန်း (၂၄)

"မင်းကိုယ်မင်း ကမ္ဘာမြေစံအိမ်ရဲ့ အိမ်ထောင်ရှင်မဆိုတဲ့ အသိ ရော ရှိသေးရဲ့လား"

"အဘွားကို ကျွန်မ လေးလေးစားစား ခွင့်တောင်းသွားတာပါ"

"မင်းကို ခွင့်တောင်းသွားသလားလို့ မေးနေတာ မဟုတ်ဘူး၊ မိဘအိမ်သွားတာ တစ်ရက် တစ်ညပေါ့၊ ခုတော့ တစ်ပတ်လုံးလုံး အိမ်ပြန် မလာဘူး၊ ငါ ခရီးထွက်တာ ပြန်လာပြီလားဆိုတဲ့ စကားနဲ့လည်း မကြိုဆို ခဲ့ဘူး၊ မင်းကို ဒီအိမ်ကြီးရဲ့ အိမ်ထောင်ရှင်မကောင်း ရာထူးပေးတာ"

"မတန်ဘူးထင်ရင် အစေအပါးလို နေပေးမယ် ကိုတိုင်းကမ္ဘာ ခေါ်အပ်ရင် ခုဆင်းသွားမယ်၊ ကျွန်မကို အော်ကြီးဟစ်ကျယ် လာမပြောပါနဲ့"

"တောက် မင်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



လက်ကို မြှောက်ရှယ်လိုက်ပေမယ့် စူးရဲသော အကြည့်တို့ကြောင့် နံရံကိုသာ ပစ်ထိုးလိုက်မိသည်။

စကားလုံးတိုင်းမှာ နူးညံ့မှု မပါ။ ပြေရာပြေကြောင်း တောင်းပန်ခယခြင်း မရှိ။ ဘယ်လိုမိန်းမမျိုးလဲ။

"ကိုယ့်ကို ကန့်လန့်တိုက် စကားတွေနဲ့ တုံ့ပြန်တာ ဆင်ခြင်ပါကသစ်နွယ်၊ ကိုယ်က လူတကာ လေးစားတဲ့ ဂုဏ်ဒြပ်နဲ့ နေနေတာ၊ ဆုံးသွားတဲ့ ကိုယ့်ဇနီးလည်း ကိုယ့်ကို လေသံမာမာတောင် ပြန်မပြောဖူးဘူး"

"ဒါကတော့ သူ့ကို ရှင် ကြင်ကြင်နာနာ ဆက်ဆံခဲ့လို့ ဖြစ်ပါလိမ့်မယ်၊ ကိုယ်ပေးတဲ့အတိုင်း ကိုယ်ပြန်ရတာတတ်တာ၊ ရှင်မမေ့ပါနဲ့ ရှင်ရောကျွန်မကို အရေးတယူ ရှိခဲ့ဖူးလို့လား၊ ရှင် ခရီးသွားတာလည်း ကျွန်မမသိလိုက်ဘူး။ မှာခဲ့တာကလည်း အရေးအကြောင်းကိစ္စ မဟုတ်ရင်ဖုန်းမဆက်ပါ နဲ့တဲ့၊ အဲဒါကို ကျွန်မက နှုတ်ခမ်းပါးနားလျက်ပြီး နှံ့နှံ့တက်ကြိုဆိုရမလား။ အိပ်ရာဘေးမှာ အဖော်အဖြစ် နေပေးမယ့် မိန်းမအဆင့်လောက်ပဲ သဘောထားလို့ကတော့ ကျွန်မကလည်း ဝတ္တရားကျေအိပ်ပေးလိုက်ရင် တာဝန်ကျေတယ်လို့ သတ်မှတ်ရုံပဲ"

မခြေမင် ပြောပြီး မွေ့ရာထူထူပေါ် ဝုန်းခနဲ ပစ်လှဲကာ စောင်ကိုခေါင်းထိ ဆွဲခြုံ၍ ကသစ်နွယ် တစ်ဖက်လှည့်အိပ်သည်။ သူ ဘာပြောပြော





နားမထောင်နိုင်ဘူးဆိုတဲ့ ပုံစံနှင့် ခေါင်းအုံးနှစ်လုံး ဆွဲယူကာ နားနှစ်ဖက်ကိုလည်း ဖိအုပ်ပိတ်ထားလိုက်သေးသည်။

ဒီမိန်းမ အလိုက်ကမ်းဆိုး မသိပါလား။ လင်ယောကျ်ား ခရီးထွက်ပြီး ပြန်လာတော့လည်း အိမ်မှာမရှိ။ သူမ အမေ အိမ်ကို ဖုန်းဆက်ခေါ်လို့ ရောက်လာတော့လည်း ပြေပြေလည်လည် မဆက်ဆံ။ တစ်ပြန်ကြီး စိတ်ဆိုး စိတ်ကောက်နေတာက အသည်းယားစရာပင် ကောင်းနေသေးသည်။

ဒေါသထွက်ရမည့်အစား ရင်ထဲက လှိုက်ဖိုစွာ ကြည်ကြည်နူးနူးပြုံးမိလိုက်တာ ဘာကြောင့်မှန်းမသိ။

ခေါင်းအုံးတွေကို ဆွဲယူ၊ စောင်တွေကို ဆွဲလှပ်ပြီး ကသစ်နွယ်မျက်နှာလေးကို အငမ်းမရ နမ်းပစ်လိုက်သည်။ မှတ်ထား အဲဒါ အပြစ်ပေးတာ။ ဒဏ်ခတ်လိုက်တာ။ ကြိုးဝါးမှုက အဆုံးမသတ်လိုက်။

သူ့ကိုယ်ကြီးကို တဗုန်းဗုန်း ထုရိုက်ကုတ်ဖဲ့နေ၍ ငုတ်တုတ်ထထိုင်လိုက်ရသည်။ အရှိန်မသေသော သူမ ဒေါသက ကုန်းရုန်းထလာကာ ထပ်တွန်းလိုက်၍ မွေ့ရာပေါ် ပက်လက်လှန် ကျသွားသည်။

ဒီအတိုင်း မထဘဲ သူမကို ငူးငေးငေးလေး စိုက်ကြည့်နေလိုက်၏။

"ရှင်ကြီးကို အဲလို အပြုအမူတွေ ကြမ်းတမ်းလို့ မုန်းတာ



www.burmeseclassic.com

www.burmeseclassic.com



သိလား။ ငွေနဲ့ဝယ်ထားတဲ့ မိန်းမ ဘယ်လိုလုပ်လုပ် ရတယ်ဆိုပြီး တန်ဖိုးမရှိ ဆက်ဆံခံရလို့ ရင်နာတာ''

''တော်ပြီကွာ တစ်ဖက်သတ် အတွေးတွေနဲ့ လျှောက်မပြောနဲ့ လင်မယားဆိုတာ နားလည်မှု ရှိရမယ်လို့ မင်းပဲ ပြောတာ၊ အစက ဘာပဲ ဖြစ်ဖြစ် အတူနေ အတူစား ငြိတွယ်မှုက ဘယ်လောက် ခိုင်မာလဲ၊ ကိုယ့်ဇနီးကို ချစ်ခဲ့တာလည်း မေ့ထားလို့ မရဘူး၊ မင်းကို မုန်းနေတာလည်း မဟုတ်ဘူး၊ ပြီးတော့ မင်းကို ကိုယ်တို့မိသားစုနဲ့ အဆင်ပြေအောင် နေစေချင်တယ်''

''အမိန့်ပေးနေတာလား''

''တောင်းဆိုတာပါ၊ မင်းရဲ့ အရည်အချင်းတွေကို မယ်မယ် ပြောပြတယ်၊ ဝန်ထမ်းတွေကို စီမံကွပ်ကဲတာ၊ ကုန်ကျစရိတ်တွေကို ချွေတာ သုံးစွဲတာ၊ သားနဲ့သမီးအပေါ်လည်း စည်းကမ်းရှိစေချင်လို့ တင်းတင်းမာမာ ဆက်ဆံတာတဲ့၊ အဲဒါ အမှန်တွေလား''

''ရှင့်အမေ ပြောတာကိုတောင် သံသယ ဝင်လို့ ကျွန်မကို မေးနေရင် ကျွန်မ ပြောတာကိုရော ရှင် ဘယ်လိုလုပ် ယုံမှာလဲ၊ ရှင် တွေးချင်သလိုတွေး၊ ရှင် ယူဆချင်သလို ယူဆ၊ ကျွန်မ ဘာမှပြောမပြနိုင်ဘူး''

''ဟိတ် ဟိတ် ဘယ်ပြေးမလို့လဲ၊ ပြောနေတဲ့စကားတွေ မဆုံး





သေးဘူး ငြိမ်ငြိမ်နေ''

ခုတင်ပေါ်က ပြေးဆင်းတာကို တိုင်းကမ္ဘာ ပြန်ဆွဲလိုက်၍ သူမ ကိုးရိုးကားယား မွေ့ယာပေါ် ပစ်လဲသွားသည်။

''ကိုယ် အရင်က ဘယ်သူ့ကိုမှ အရှုံးမပေးဖူးဘူး၊ စီးပွားရေးနဲ့ ပတ်သက်ရင်ပဲဖြစ်ဖြစ်၊ လူမှုရေးနဲ့ ဖြစ်ဖြစ်ပေါ့၊ ပြုံးဖို့ရယ်ဖို့လည်း ခဲယဉ်းတယ်၊ ကိုယ့်ဇနီး ဆုံးပြီးကတည်းကဆိုပါတော့ ခုတော့ အိမ်မှာ မင်းရှိနေတဲ့အတွက် အိမ်ပြန်ချိန်တွေ မှန်ချင်လာတယ်၊ မင်းနဲ့ အခြေအတင် စကားများရတာကို စိတ်မဆိုးချင်တော့ဘူး အလျှော့မပေးချင်ပေမယ့် သားနဲ့သမီးအတွက် ကိုယ့်အတွက် မယ်မယ် ရွေးချယ်ပေးတာ၊ သင့်လျော်တယ်လို့ လက်ခံချင်လာတယ်၊ နောက်ဆိုရင် ကိုယ့်တက်က ပြုပြင်စရာတွေကိုလည်း ပြုပြင်ပါ့မယ်၊ မင်း ကျေနပ်တယ် မဟုတ်လား''

''မကျေနပ်ဘူးပြောရင် ရှင် ကွာပေးပလား''

''ဟော့ ဟော့ တော်ပြီ မင်းနဲ့ အခြေအတင် စကားမများချင်တော့ဘူး၊ ကိုယ် ခရီးထွက်တာ မင်းနဲ့ဘုဘောက်ကျတာတွေ ပြန်သတိရတယ်ကွ၊ နှုတ်ခမ်းကြီးထော်ပြီး ရန်တွေ့တာလည်း မျက်စိထဲမှာ မြင်ပြီး ရယ်ချင်တယ်၊ ပြီးတော့ ညှ ညှ''

''ဟာ ရှင်ကြီး မညစ်ပတ်နဲ့နော်၊ အသားတွေ အဆုံးလိုက်



www.burmeseclassic.com

www.burmeseclassic.com



အတစ်လိုက်ပါအောင် ကိုက်ဆွဲပစ်မယ်''

သူမ ဟန်ပြင်လိုက်သည်နှင့် တိုင်းကမ္ဘာ တဟားဟား ရယ်ကာ ပတ်ပြေးလေသည်။ ကလေးဆန်ဆန် အပြုအမူတွေကြောင့် သူမလည်း ပြုံးမိသည် ထင်၏။

ဒါပေမဲ့ ငါ မပျော်ပါဘူး ခန့်ညားရယ်။

ပြန်ပြင်လို့ မရတဲ့ အိမ်ထောင်သည်ဘဝလေ။ ပျော်တာ မပျော်တာ စိတ်မဝင်စားတာ ဝင်စားတာထက် ဒီဘဝထဲမှာပဲ နစ်မြုပ်နေရတော့မှာ။

အချစ်တွေ သံယောဇဉ်တွေထက် ခိုင်မြဲတဲ့ ကြိုးတွေနဲ့ ချည်နှောင်ခံရတာ။ ဘယ်တော့မှ မလွတ်မြောက်နိုင်မယ့် အနက်ရှိုင်းဆုံး ချောက်ကမ်းပါးထဲကို တဖြည်းဖြည်း ကိုယ်တိုင် ထိုးဆင်းနေရတာ ဘယ်သူ့အကူအညီမှ မပါဘဲနဲ့ပေါ့။

ခန့်ညားရေ နားလည်ပေးပါ။ နားမလည်လည်း ဘာမှ မတတ်နိုင်တော့ဘူး။

အဲဒါကြောင့်. . .။

■ ■ ■



## အခန်း (၂၅)

အတွေးတွေ ကစဉ့်ကလျားနှင့် အိပ်မပျော်နိုင်ဖြစ်ကာ လသာဆောင်ထက် ကသစ် ထွက်လာခဲ့သည်။

တိုင်းကမ္ဘာကတော့ တရှူးရှူးနှင့် အိပ်မောကျကာ ကျန်ခဲ့၏။ ကျယ်ဝန်းသော လသာဆောင်အပေါ်ထပ်မှာ အလှပန်းအိုးတို့နှင့် စိုက်ပျိုးထားသော ပန်းရနံ့လေးက သင်းပျံ့ပျံ့လေး မွှေးနေသည်။ တစ်ခြမ်းပဲ့လက ကဗျာဆန်စွာ ဖြာကျနေ၏။

''အဟင့် ဟင့် အီး''

''ဟင်''

ညည်းညူသံလား။ ငိုရှိုက်သံလား။

ဘယ်နေရာကလဲ။ ဘာကြောင့်လဲ။



www.burmeseclassic.com

www.burmeseclassic.com



တိုးသဲ့သဲ့ အသံကြားရာဆီ တရွေ့ရွေ့ လျှောက်လာခဲ့သည်

"ဟင်"

ထိုင်ခုံလေးတွေနှင့် ပန်းအိုးနှစ်လုံးကြားမှာ ဒူးနှစ်ဖက်ကို မွေ့ပိုက်ပြီး ယသော် တိုးတိုးကြိတ်ကြိတ် သည်းထန်စွာ ရှိုက်ငိုနေသည်

လှည့်ပြန်သွားရလောက်အောင် သူမ စာနာစိတ် မကင်းမဲ့

"ယသော်"

"ဟင် မ မမ ကသစ်"

ထိုနာမ်စားက ဘွားသင်ပေးထားတာ ဖြစ်သည်။ အမေအရွယ် မဟုတ်လို့ အမေ မခေါ်ချင်တောင် လေးစားမှုနှင့် မမကသစ်ဟု ခေါ်ရမည် တဲ့။ ယသော့် လက်ကလေးကို ဆွဲပြီး ထိုင်ခုံမှာ ထိုင်စေလျက် ကသစ် ပင့်သက်ရှိုက်မိသည်။ ချမ်းသာ ကြွယ်ဝပြည့်စုံသည့် သူဌေးသမီး ဖြစ်လျက် ဘာကြောင့် မျက်ရည်ကျရလောက်တဲ့အထိ ခံစားနေရတာလဲ

"ဘာတွေဖြစ်နေတာလဲ ယသော်၊ ပြောပြလို့ရရင် တို့ ပြောပြပါ"

"ဟို ဟင့်အင်း"

"တို့ အတင်းအကြပ် မတောင်းဆိုပါဘူး ယသော်၊ မင်းတို့ နဲ့ ပတ်သက်တယ်ဆိုပေမယ့် တို့ကို သူစိမ်းတစ်ယောက်လို သတ်မှတ် ဆဲဘဲဆိုရင် ဘာမှမပြောပါနဲ့"





ယသော် ရှိုက်သံတိတ်သွားကာ ကသစ်ကို မဝံ့မရဲ ကြည့်သည်။ အားကိုးရိပ်စွန်းသော မျက်ဝန်းတွေဟု ကသစ် နားလည်လိုက်၏။

"ယ ယသော် လပတ်စာမေးပွဲတွေ အောင်မှတ်မရဘူး၊ ကျောင်းအုပ်ကြီးက မိဘတွေနဲ့ ခေါ်ဆွေးနွေးမယ်တဲ့၊ ဖေ ဖေဖေ့ကို မပြောရဲလို့"

"ဟင် အကောင်းဆုံး ဆရာတွေ အိမ်မှာခေါ်ပြီးသင်တာတောင် ဘာလို့ မအောင်တာလဲ၊ စာကိုရော အချိန်ဇယားနဲ့ မကျက်ဘူးလား ယသော်ရယ်"

"ဟင့်အင်း ယသော် ကျောင်းလည်း မှန်မှန်မတက်ဘူး၊ အိမ်မှာ လည်း သူငယ်ချင်းတွေနဲ့ ဖုန်းပြော၊ ရှော့ပင်ထွက် ဂိမ်းဆော့နဲ့ ကျောင်းစာ ဘက်ကို အာရုံမရောက်မိလို့ပါ၊ အခု အတန်းတင်စာမေးပွဲနီးမှ ယသော် ကြောက်လာတာ၊ စာမေးပွဲမအောင်ရင် ဖေဖေ ယသော့်ကို ရိုက်မှာ"

"အို ရိုက်ဆုံးမရမယ့် အရွယ်မှ မဟုတ်တော့တာ ယသော်ရယ်၊ နားလည်အောင် ပြောဆို ဆုံးမ၊ မိသားစု နွေးနွေးထွေးထွေး နေပြီး ဂရုလည်း စိုက်ရမှာပေါ့"

"ယ ယသော်တို့က အဲသလို နေချင်ပါတယ်၊ ဖေဖေက ဂရုမစိုက်တော့ ယသော်တို့လည်း နေချင်သလိုနေကြတာ၊ ကိုကိုဆိုရင် သူငယ်ချင်း တွေနဲ့ လောင်းကစားလည်းလုပ်၊ မိန်းကလေးတွေနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်တာပဲ''

"ဟင်''

ကသစ် ထိတ်ထိတ်ပျာပျာ လှိုက်ခနဲ တုန်ခါသွားသည်။ ပ

ကလေးတွေ ခန့်ညားနှင့် ဝေဒနာတူနေကြပြီလား။

မိဘတွေ အနေစိမ်း မကြင်နာလို့ လုပ်ချင်ရာလုပ်ပြီး ပျက်စီး

သွားလျှင် မခက်ပါလား။

တိုင်းကမ္ဘာ အေးစက်စက် ဂရုမစိုက်တတ်တာ သူမ သိသည်။

သူ့အလုပ်အပေါ်မှာသာ အာရုံစိုက်ပြီး မိသားစုကို ဥပေက္ခာပြုနေသည်

ဖြစ်နေတာ သတိထားမိပါရဲ့လား မသိ။

သားသမီးတွေ လိုချင်တာက ခန့်ညားလိုပဲ နွေးထွေးတဲ့ မေတ္တာ

တရားတွေ ဖြစ်ပေလိမ့်မည်။

"ယသော် ဖေဖေနဲ့တို့ ဆွေးနွေးကြည့်မယ်၊ ဆူပူမာန်မဲ

ရိုက်ပုတ်တာမျိုး မဖြစ်အောင်လည်း တို့ တာဝန်ယူတယ်၊ ဒါပေမဲ့ အခု

ကျန်နေတဲ့ ရက်ပိုင်း လပိုင်းလေးနဲ့ ဒီစာမေးပွဲကို အောင်အောင် ကြိုးစား

မယ်လို့ ယသော် ကတိပေးရမယ်''

"ဟာ စာမေးပွဲက နှစ်လလောက်ပဲ လိုတော့တာ၊ ဘယ်လို

ကြိုးစားရမှာလဲ''

"အောင်ချင်စိတ်ရှိရင် အဲဒီနှစ်လက အရမ်းတန်ဖိုးရှိပါတယ်





ယသော်၊ အချိန်ဇယားအတိုင်း မင်းနဲ့အတူတူ တို့စာကျက်ပေးမယ်၊

ဂရုစိုက်ပေး မယ်၊ မင်းစာမေးပွဲအောင်လိမ့်မယ်လို့ တို့ ယုံကြည်ပေးသလို

မင်းလည်း တို့ကို ယုံကြည်ပေးရမယ် ဘယ်လိုလဲ''

ယသော် မျက်နှာလေး ဝင်းထိန်တောက်ပသွားကာ ကသစ်

လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်၏။

"ယသော်တို့ဘက်က သိတတ်မှုမရှိတဲ့ မမကသစ် နားလည်ပေး

တာ ကျေးဇူးတင်လိုက်တာ၊ ဝမ်းသာလိုက်တာ မမ ကသစ်ရယ်၊ မေမေ့

မေတ္တာတွေ အသစ် ပြန်ရသလို ခံစားရပါတယ်၊ ကသစ်တို့ အမှားတွေ

အတွက် တောင်းပန်ပါတယ်နော်''

"မိသားစုဝင်တွေပဲဥစ္စာ၊ အဲလို ကျေးဇူးစကားတွေပြောဖို့

မလိုပါဘူးကွယ်၊ နားလည်မှုရှိမှ အတူတူနေလို့ဖြစ်မှာပေါ့၊ ဝတ္တရားအရ

ပြောနေတာ တော့ မဟုတ်ဘူးနော်၊ လူငယ်တွေရဲ့ စိတ်နဲ့တောင်းတမှုကို

ကိုယ်ချင်းစာမိလို့ပါ''

"ဟို ဟိုလေ ကျောင်းအုပ်ကြီးနဲ့ လိုက်တွေ့ဖို့ရော ဖေဖေ့ကို

ပြောပေးမှာလားဟင်၊ ဖေဖေက ဒီလောက်တောင် ပုံပိုးထားပါရဲ့နဲ့ ဒီလိုမျိုး

ဖြစ်တယ်ဆိုရင်တော့ ပေါက်ကွဲမှာ သေချာတယ်''

"မင်း လက်ခံမယ်ဆိုရင် မိဘနေရာမှာ တို့လိုက်ပေးပါ့မယ်''

"ဟုတ် ဟုတ်ကဲ့ လက်ခံပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



လှိုက်လှဲသော အပြုံးနှစ်ခု ရင်ဆိုင်ဆုံမိကြသည်။ ယသော်ဆိုက ဒီလို အပြုံးမျိုး ကသစ် ဒီအိမ်ကြီးကို စရောက်ကတည်းက မမြင်ဘူးခဲ့ချေ။

ကသစ် ရင်ထဲမှာလည်း ဘာအားဃာတမှ ရှိမနေသည့်အတွက် ထိုနေ့ကစပြီး ယသော်ကို ဂရုစိုက်ပေးမကာ စေတနာတွေ ပိုနေမိသည်။ ယသော်နှင့်အတူတူစား၊ အတူတူ စာကျက် ရှင်းပြ၊ မပျင်းမရီအောင် အစားအသောက်တွေ လုပ်ကျွေးနှင့် ယသော် အိပ်ရာဝင်မှ သူမလည်း အိပ်ရာ ဝင်ရလေသည်။

"ကိုယ့်ကို ဂရုမစိုက်နိုင်အောင် သမီးအပေါ် အာရုံစိုက်နေတာ ဘာဖြစ်လို့လဲ ကသစ်"

"စာမေးပွဲနီးနေလို့ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်စေချင်လို့ပေါ့"

"သူ ကြိုးစားမှုရှိရင် အောင်မှာပဲ၊ မင်းက အဲလောက် အပင်ပန်းခံစရာ လိုသလား"

"အဲဒါ ရှင့်သမီးလေ၊ အဲလို တာဝန်မဲ့စကား ပြောစရာလား မိဘနေရာမှာနေပြီး အနေစိမ်း ဥပေက္ခာပြုနေလို့ သူတို့လေးတွေ အတွင်းဒဏ်ရာ ရနေကြတာ"

"မင်း ဘာဆိုလိုတာလဲ ကသစ်၊ သားနဲ့သမီးကို ကိုယ်မချစ်ဘူးလို့ ထင်နေတာလား"





အိပ်ရာထဲက ဝုန်းခနဲ ထပြီး မှန်တင်ခုံရှေ့မှာ ထိုင်နေသည့် ကသစ်အနား ထိုင်ကာ တိုင်းကမ္ဘာ ဖြုန်းခနဲ ရောက်လာကာ မေးနေသည်။ တစ်ချက်သာ မျက်လုံးလှန်ကြည့်ပြီး ကသစ် ခေါင်းဆက်ဖြီးရင်းမှ

"ကန်းနေတဲ့မျက်လုံးနဲ့ကြည့်ပြီး ရှင့်ကို စွပ်စွဲနေတာ မဟုတ်ဘူး၊ ရှင့်အလုပ် အောင်မြင်တိုးတက်ဖို့လောက် ဒီကလေးတွေကို တန်ဖိုးမထားဘူး ဆိုတာ ရှင် ငြင်းမလား၊ သူတို့အတွက် ကြိုးစားနေတာပဲလို့ ရှင် ဆင်ခြေမပေးနဲ့၊ သူတို့လိုချင်တာ ငွေကြေးပစ္စည်းဥစ္စာတွေ မဟုတ်ဘူး၊ မိသားစု ဘဝရဲ့ ကြင်နာနွေးထွေးမှုပါဆိုရင် ရှင် ရှာဖွေနေတာတွေ အလကားဖြစ်သွားမှာပေါ့၊ ကိုယ်ဖြစ်ချင်တာတွေ ဦးစားမပေးဘဲ သူတို့တွေ ရဲ့ စိတ်ကို နားလည်အောင် အရင်ကြိုးစားကြည့်သင့်တယ်"

"မင်း ကိုယ့်ကို ရန်တွေ့နေတာလား"

"ကိုယ့်ရင်သွေးတွေကို ဂရုစိုက်ပေးနေတာ၊ ရှင် ပီတိမဖြစ်လို့ ဒေါသဖြစ်နေတာ သိလား"

"ဟား ခက်တော့နေပြီ၊ မိထွေးဖြစ်တဲ့သူက ကိုယ့်သားသမီးတွေကို ဂရုစိုက်ပေးနေတာ ပီတိ မဖြစ်ဘဲ မကျေနပ်ဘဲ နေမလားကွ၊ သူတို့က ကြိုးစားမှုနည်းပြီး မင်း အရမ်းပင်ပန်းခံနေလို့ ကိုယ် စိတ်မကောင်းဖြစ်နေတာ နားလည်လား၊ ဘယ်တော့မှ စေတနာကို နားမလည်တဲ့ မိန်းမ"



www.burmeseclassic.com

www.burmeseclassic.com



ကသစ်နွယ် မျက်စောင်း သူ့ဆီ ဒိုင်းခနဲ ရောက်မလာခင် ကိုယ်က အရင် စိတ်ဆိုးချင်ယောင်ဆောင်၍ အိမ်ရာခုတင်ပေါ် တက်လှဲနေလိုက်သည်။ အဲလိုမှ မလုပ်လျှင် ကသစ်နွယ် တစ်ညလုံး ပေါက်ပေါက်ဖောက်သမျှ နားရှော့(စ်)ရိုက်ခံနေရဦးမည်။

သမီးနှင့် ကသစ်နွယ် ပြေပြေလည်လည်နှင့် ရင်းနှီးနွေးထွေးပတ်သက်နေတာမြင်တော့ သူ့ရင်ထဲ ကြည်နူးမိတာ အမှန်။ သားနဲ့အဆင်မပြေသေးတာ သိနေပေမယ့် တစ်နေ့နေ့မှာ သားကို စည်းရုံးသိမ်းသွင်းနိုင်လိမ့်မည်ဆိုတာလည်း သူ ယုံကြည်သည်။

ကသစ်နွယ်မှာ လျှို့ဝှက်သော လက်နက်ပုန်းတွေ ရှိတာ မသိတဲ့နေပါ့မလား။

ဒါတွေဟာ သူတို့မိသားစုရဲ့ သွေးအေးစိမ်းသတ်မှုကို ပူနွေးအောင် ကြိုးညှိပေးနိုင်တဲ့ ဗျပ်စောင်းတစ်ခုသာ ဖြစ်ခဲ့လျှင်. . ။

■ ■ ■



## အခန်း (၂၆)

"ကျွန်မကတော့ မထင်ဘူး၊ ရှင့်ဒယ်ဒီ သာမုခေါ်နိုင်အောင်ဆိုပြီး ရှင့်မာမီ ရက်ရက်ရောရော လှူတန်းနေတာ၊ ရစရာ အမွေထဲက လျော့သွားတာ မဟုတ်ဘူးလား။ သေတဲ့လူက အရိုးခွေပြီး ဘယ်အစရောက်နေမှန်းမသိဘူး၊ ကျောင်းဆောက်တယ်၊ သိမ်ဆောက်တယ်၊ တမ္ပည်းထိုးပြီး လှူတယ်၊ မျက်မမြင်ကျောင်း၊ ပရဟိတဆေးရုံ ဆေးခန်းသိန်းပေါင်းထောင်ချီလှူဒါန်းနေတာ၊ နောက်ဆိုရင် အိမ်တောင်ရောင်းပြီးလုပ်ချင်လုပ်နေမှာ"

"ဒယ်ဒီ ရှာခဲ့တဲ့ငွေတွေ ဒယ်ဒီ့အတွက် လှူတာ မင်းက ဘာလို့နောလိုစိတ် ပွားနေရတာလဲ မိန်း၊ မင်းစုဆောင်း ရှာဖွေထားတာ ဘယ်နှပြားပါလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



''အံ့မယ် အံ့မယ် နာတတ်လိုက်တာ၊ ရှင်ကရော ကိုယ့်အရည်အချင်းနဲ့ ကျွန်မလုံချည်ဖိုးတောင် ရှာနိုင်လို့လား၊ ကုန်တာတွေများလို့ ကျွန်မတို့ရမှာတွေ နည်းသွားရင် ရှင့်ညီကရော သူရမယ့်အထဲက ခွဲပေးမယ် ထင်လား၊ အခုတောင် သူ့ကို နိုင်ငံခြားပညာသင် လွှတ်လိုက်တာ စည်းစိမ်တစ်ဝက် ကုန်တယ်၊ ပြန်လာတော့လည်း အကျိုးအမြတ် တစ်ဝက်ကုန်တယ်၊ ပြန်လာတော့လည်း အကျိုးအမြတ် အသုံးချချိန် မရဘဲ အရက်သမားဘွဲ့ ထပ်ယူသတဲ့၊ အံ့သြဖို့ကောင်းလိုက်တာ၊ သူ့ကြောင့် အရက်ကွဲ သိက္ခာကျတာ ရှင်တို့မိသားစုတင် မှတ်နေလား၊ ကျွန်မလည်း ကျွန်မ အသိုင်းအဝန်းကြားမှာ အရက်သမား မရီးဆိုပြီး သူများတွေ လက်ညှိုးထိုး မေးငေါ့ခံရတာပဲ သိလား''

သက်ပြင်းရှည်ကြီး ချပြီး မဟာ ငြိမ်သက်သွားသည်။

မိုးစံပယ် ပြောတာ တစ်ခုမှ မမှား။ ဒယ်ဒီ ဆုံးပြီးကတည်းက မာမီ့စိတ်တွေလည်း ပြောင်းလဲလာသည်။ အလှူအတန်းတွေ တစ်မျိုးပြီး တစ်မျိုးလုပ်ပြီး အိမ်ကပ်တယ်ဆိုတာ သိပ်မရှိ။ အရက်ကို အဖော်လုပ်နေသည့် ခန့်ညားကို ကြည့်ပြီး စိတ်ဆင်းရဲသောက ဖြစ်နေတာလည်း ပါလိမ့်မည်။

ခန့်ညားကလည်း အိမ်မှာနေဆိုလို့သာ နေလိုက်သည်။ အရက်ကလွဲပြီး ဘာမှစိတ်မဝင်စား။ ကသစ်နွယ် လာပြောပြီး နောက်ပိုင်း





အရက်လျှော့ သောက်တယ်ဆိုပေမယ့် လုံးလုံးဖြတ်လိုက်တာတော့ မဟုတ်။ စားချိန်မမှန် သောက်ချိန်မမှန်၊ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်တဲ့ အေးစက်စက် ထုံပေပေနှင့် သီးခြားလိုဖြစ်နေ၏။

ကိုယ်ကလည်း ဒယ်ဒီ့ အလုပ်တွေလည်း နားမလည်။ နဂိုထဲက သက်တောင့်သက်သာနေပြီး လက်ကြောမတင်းသူမို့ ကိုယ်နှင့်မဆိုင်သလို အားထွက်ရပ်နေလိုက်သည်။

မနေနိုင်တာက မိုးစံပယ်။ ခန့်ညားနှင့်ပတ်သက်ပြီး ပွစိ ပွစိလုပ်၊ ဘာမဆိုကိစ္စကိုလည်း ပူညံ ပူညံဖြစ်။ ဒီနားတွေက ဘယ်လိုမှ သည်းမခံနိုင်ဖြစ်နေလည်း ဘာမှမတတ်နိုင်။

တစ်ခါတစ်ခါ လောင်းကစား ဝါသနာထုံပြီး အရက်မသောက်တတ်ပေမယ့် မူးအောင်သောက်၍ စိတ်ထင်ရာ ပေါက်ကွဲပစ်လိုက်လျှင်ကောင်းမလားဟု တွေးမိသည်။

ဒါပေမဲ့ မိုးစံပယ်က ကိုယ့်မိန်းမ။ ကိုယ်တိုင်က အရည်အချင်းရှိသည့် ယောက်ျားမို့ ဘာမှ အတိုက်အခံ မလုပ်ချင်။

''ကျွန်မ တစ်ခုစဉ်းစားမိတယ်''

''ဟင် ဘာလဲ''

''ဒီလိုလေ ကျွန်မတို့ အရမ်းကြောက်ရတဲ့ ရှင့်ဒယ်ဒီလည်း မရှိတော့ဘူး၊ မာမီ့ကိုလည်း ဒီစိတ်တွေနဲ့ မပင်ပန်းစေချင်ဘူးလို့ တိုက်



www.burmeseclassic.com

www.burmeseclassic.com



တွန်းပြီး ရိပ်သာဝင် ဘုရား တရားအလုပ် လုပ်နိုင်၊ ခန့်ညားကိုလည်း သူ အရက်မူးနေတဲ့အချိန် မကောင်းတဲ့ မိန်းမတစ်ယောက်နဲ့ ဖမ်းပိတ်ပေးစားပြီး အိမ်ပေါ်က နှင်ချ၊ ကျွန်မတို့ လင်မယားနှစ်ယောက် ဒီစည်းစိမ် ဥစ္စာတွေ လုပ်ငန်းတွေအပိုင်သိမ်းလိုက်ရင် မကောင်းဘူးလား"

"ဟာ ဒီမိန်းမ ဘယ်လိုအကြံဆိုး ကြံနေတာလဲ"

"အကြံဆိုးဆိုရင်လည်း ရှင်နဲ့ကျွန်မ ကောင်းစားဖို့ပဲလေ၊ ကျွန်မတို့က ဖြုန်း၊ ခန့်ညားကသုံး၊ မာမီက လှူဒါန်းနဲ့ လုံးပါးပါးရင် ကျွန်မတို့ ဘာမှရတော့မှာ မဟုတ်ဘူး၊ သူတို့ ဒီထက်ပိုပြီး ဒုက္ခရောက်ရင် ကျွန်မတို့ပဲ ကြည့်ရှုစောင့်ရှောက်ရမှာ မဟုတ်ဘူးလား၊ ခုရိုက်မှာ ကျွန်မတို့ ဒီပုံစံမျိုးနဲ့ ထိန်းထားမှ ဖြစ်မယ်၊ စိတ်ကူးမလွဲနဲ့၊ ခန့်ညားရော ရှင့်အမေရော အသိစိတ် ပျောက်နေကြပြီ"

"ဟုတ်တော့ ဟုတ်တယ် ကိုယ်တို့ အမြန်ဆုံးစဉ်းစား ဆုံးဖြတ်မှ ဖြစ်တော့မယ်"

"ဩော် သူတော်ကောင်းအလုပ်တွေ လုပ်ဖို့ တိုင်ပင်နေကြတယ်ပေါ့"

"ဟင် ခန့်ညား"

"ညီလေး"

ဒယီးဒယိုင်နှင့် ဆိုဖာခုံမှာ ဝင်ထိုင်ရင်း ပြောလိုက်သည့်





ခန့်ညား အသံကြောင့် မဟာနှင့် မိုးစံပယ် မလှုံမလဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။

ဘယ်အချိန်ကတည်းက သူတို့ပြောနေသော စကားတွေကို ခန့်ညား နားထောင်နေသလဲ သတိမထားမိ။

"ညီလေး အရက်ကုန်လို့လား၊ ဦး ဦးသာအောင်ကို ဝယ်ခိုင်းလိုက်လေ"

"ဟုတ်သားပဲ မမမိုး အမြည်းလုပ်ထားပါ့မယ် ဟင်း ဟင်း"

"တော်စမ်းပါ လေပြည်မထိုးနဲ့ မျက်နှာချိုမသွေးနဲ့ ခင်ဗျား...တို့ ပြောနေတာတွေ ကျွန်တော် အကုန်ကြားတယ်၊ ခင်ဗျား ဗျာ ဘာလို့ သုတ်မာတဲ့စိတ် မွေးရတာလဲ၊ မာမီ့အိမ်မှာနေ မာမီကျွေးတာ စားပြီး ကျေးဇူးကန်းဖို့ ကြံစည်ရက်တယ်၊ ကိုကိုကရော ဒီမိန်းမ မကောင်းမှန်း သိရဲ့နဲ့ အလိုတူ အလိုပါ မိုက်မဲဖို့ ကြိုးစားရသလား"

"အောင်မာ ခွေးပါးစပ်က နတ်စကားထွက်လို့၊ မင်းကရော ဘယ်လောက် တန်ဖိုးရှိနေလို့လဲ၊ မိဘကျေးဇူးဆပ်နေလို့လဲ၊ ငွေတွေ အများကြီး ကုန်ပြီးမှ အရက်သမားဘွဲ့ သွားယူတာ၊ အံ့ဩဖို့ကောင်း ကောင်းသေး"

မိုးစံပယ် ဒွေ့ဒွေ့ခုန်ကာ မဲ့ရွဲ့နေသည်။ မဟာက သူ့အတွင်း စိတ်ကို သိသွားသည့်အတွက် တုန်လှုပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိုး တော်ပြီ ဘာမှလျှောက်မပြောနဲ့"

"ပြောရမှာပဲ အတူတူချင်း တစ်မတ်ဖိုး ပိုရှုဖို့ ကြိုးစားနေတာ မိုးတို့က ခေါင်းငုံ့ခံရမှာလား၊ သူလည်း သူ့စိတ်နဲ့သူ့ကိုယ် နေချင်သလို နေ နေတာ၊ မိုးတို့လည်း ကိုယ့်အတွက်ကိုယ် စဉ်းစားတာ မှားသလား၊ ကျေးဇူးဆပ်ဖို့ထက် ကိုယ်ကောင်းစားဖို့ အရေးကြီးတယ်၊ ဘယ်သူ့ မျက်နှာမှ မထောက်ထားနိုင်ဘူး"

"တောက် ခင်ဗျား မိန်းမယုတ်"

"ဟာ ညီလေး မလုပ်နဲ့ လွှန်မယ် လွှန်မယ်"

ဝုန်းခနဲ ခုန်ထကာ မိုးစံပယ်ကို ဆွဲလွှဲရိုက်မည်ပြင်တော့ မဟာ သူ့မိန်းမရှေ့က ကာဆီးထား၍ ခန့်ညား ရင်ဘတ်ကို ဆောင့်တွန်းလေ၏။

"ဟာ တောက်"

"ဗုန်း ခွမ်း ခလွမ်"

စားပွဲပေါ်က အရာတွေကို ခန့်ညား ပေါက်ကွဲပစ်လိုက်တော့ သံစုံတီးဝိုင်းနှင့် ဝုန်းဒိုင်းကြသွားသည်။ တင်းမာနီမြန်းနေသော မျက်နှာနှင့် စူးစူးရဲရဲ ကြည့်လိုက်သည်နှင့် မဟာရော မိုးစံပယ်ပါ ကိုယ်ရှိန်သတ်ကာ ဖြုံသွားကြသည်။

ခန့်ညား ဒီလိုမျိုး ဒေါသကြီးပေါက်ကွဲတာမျိုးမှ မမြင်ဘူးခဲ့တာ။

"ခင်ဗျားတို့ အဲလိုစိတ်မျိုး မွေးနေမယ်ဆိုရင် သတ်ပစ်ဖို့





ဝန်မလေးဘူး နားလည်လား၊ ခန့်ညား ငြိမ်နေတာ ဘာမှ မသိလို့ မဟုတ်ဘူး၊ ဥပေက္ခာပြုထားတာလည်း ကိုယ့်အမှားကို လက်ညှိုး ပြန်ထိုး မှာစိုးလို့ မဟုတ်ဘူး၊ သူစိမ်းတစ်ယောက်က မိသားစုအပေါ်မှာ အတိ အလင်း စော်ကားလာပြီဆိုရင်တော့ အသက်ချင်း လဲပစ်မယ်"

"အံမယ်လေး ကြည့်စမ်းပါဦး ပြောလိုက်တာ ပြောလိုက်တာ ကိုမဟာ ရှင့်ညီက ကျွန်မကို သူစိမ်းတဲ့၊ ရှင့်ကို ယူထားတာတောင် ကျွန်မက ဒီမိသားစုနဲ့ ဘာမှ မပတ်သက်ဘူးလား၊ ရှင်ပြောလေ၊ ဘာလို့ အရက်သမား ပြောနေတာ ဘာမှ ပြန်မပြောတာလဲ"

"ဟုတ်သားပဲ ညီလေးရာ၊ ကိုကိုက ဘာအလုပ်မှ မလုပ်ပေမယ့် ဒီအိမ်မှာ မာမို့ကိုယ်စား မင်း မရှိ ကိုကို့မိန်းမပဲ စီမံအုပ်ချုပ်နေရတာ၊ အရက်သောက်ပြီး ဆွေမှန်းမျိုးမှန်းမသိတော့ဘူးလား"

"ဟား ဟား"

ခန့်ညားက အရက်ကို ပုလင်းလိုက် မော့၍ အော်ရယ်ချ လိုက်သည်။

"ကျေးဇူးရှင်ကြီးလို့တောင် ကမ္ပည်းထိုးပေးရဦးမှာလား ကိုကို၊ ဘာကြောင့် တွယ်ကပ်နေတယ်ဆိုတာ အခုသိရပြီပဲ၊ အဲဒီလို မိန်းမကို အိမ်ဦးခန်းမှာတင်ပြီး ကိုးကွယ်စရာ လိုသလား၊ ခု ဒီအိမ်ပေါ်က ဆင်းသွား ဒေါ်မိုးစံပယ်၊ မခွဲနိုင်လို့ ကိုကိုပါ လိုက်သွား သွား"



www.burmeseclassic.com

www.burmeseclassic.com



"ခန့်ညား မင်းမူးပြီး လျှောက်မရမ်းနဲ့ ငါတို့ကိုတော့ ပြောပြီး မင်းကရော ဘယ်လောက် အသုံးကျတဲ့ကောင်မို့လို့လဲ"

"အာ"

"အံမယ်လေး လုပ်ပါဦး ကိုမဟာ ရှင့် ရှင့်ညီ"

ခန့်ညားက တအားကြီးအော်ကာ အရက်ပုလင်းနှင့် လိုက်ရိုက်သည်။ မဟာရော မိုးစံပယ် ဆိုဖာခုံတွေကို ပတ်၍ ဝရုန်းသုန်းကား ထွက်ပြေး နေရသည်။

"ဟဲ့ ဒါ ဘာဖြစ်နေတာလဲ၊ ဘာဖြစ်နေကြတာလဲ"

ဒေါ်ခင်ထိပ်ထား အသံကြားတော့ အားလုံး ကိုယ်ရှိန်သတ်သွားကြကာ မိုးစံပယ်က ဒေါ်ခင်ထိပ်ထားအနား ငိုမဲ့မဲ့နှင့် ပြေးကပ်လိုက်သည်။

"မာမ့်သား အရက်မူးပြီး သောင်းကျန်းနေတာ၊ မိုးတို့ကိုလည်း ပြဿနာရှာပြီး လိုက်ရိုက်နေတယ် မာမီရယ် မိုး ကြောက်လိုက်တာ မာမီ မရှိရင် မိုး ဒီအိမ်ကြီးမှာတောင် မနေရဲတော့ဘူး"

ကြည့်စမ်း တော်တော် မျက်နှာပြောင်တဲ့ မိန်းမ။

အကယ်ဒမီရှော့ အိုက်တင်တွေနှင့် ပက်ချွဲနှပ်ချွဲ မျက်ရည်များ ပင်ကျလို့။

ရွံရှာစက်ဆုပ်စွာ ကြည့်ရင်း အရက်ပုလင်းကို ခပ်တင်းတင်း





ဆုပ်ကိုင်၍ မိုးစံပယ် ဒယီးဒယိုင် ပြေးဝင်လိုက်သည်။

"ဖြန်း"

မိုးစံပယ်ဆီ မရောက်လိုက်။ ခန့်ညား ပါးတစ်ဖက် ပူပြင်းကျိန်းစပ်သွားသည်။ ခန့်ညား အံ့ဩစိတ်နှင့် မော့ကြည့်တော့ မီးဝင်းဝင်းတောက် စူးစိမ်းနေသော မျက်ဝန်းတွေနှင့် မာမီက သူ့ကို ဒေါသတကြီး ကြည့်နေသည်။

"ခန့်ညား အရက်သမား လူရမ်းကား၊ မင်း လူစိတ်မရှိတော့ဘူးလား၊ တိရစ္ဆာန်တစ်ကောင်လို ရိုင်းစိုင်းကြမ်းတမ်းနေရသလား"

"မ မဟုတ်ဘူး မေမေ၊ သား သား ပြောပြမယ်"

"မပြောနဲ့ မကြားချင်ဘူး၊ မင်းလို အရက်သမား ပြောတဲ့စကားကို ငါက အရေးတယူ နားထောင်ပေးနေရဦးမှာလား၊ မင်းဒယ်ဒီ မင်းစိတ်နဲ့ သေပြီးလို့ ငါ့ကိုပါ သေစေချင်ပြီလား ခန့်ညားရဲ့၊ မိသားစု အသိုက်အဝန်း ဂုဏ်သိက္ခာအကျခံပြီး အိမ်မှာ အရက်ပုလင်းစိတ်ကြိုက် ဝယ်ပေးထားတာတောင် ကောင်းကောင်းမွန်မွန် မနေနိုင်ဘူး၊ ရန်ရှာတယ်၊ ပြဿနာရှာတယ်၊ မင်းကို ငါ ထိုင်ရှိခိုးရတော့မှာလား ပြော ခန့်ညား ပြောစမ်း"

ဒေါ်ခင်ထိပ်ထား အသားတွေ တဆတ်ဆတ် တုန်ပြီး မျက်ရည်တွေလည်း ကျသည်။ ရှုံ့မဲ့ဝါးဝါး ရင်ထုမနာလည်း အော်သည်။ ခန့်ညား



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းအိမ်မှာလည်း မျက်ရည်တွေ ပြည့်လျှံလို့ ခေါင်းကို အဆက်မပြတ် ယမ်းခါကာ ဒူးညွှတ်ခွေ ယိုင်ချင်နေ၏။

မာမီက သူပြောတာတွေ မကြားချင်ဘူးတဲ့၊ သူ ဘာပြောရ မှာလဲ။ ဘယ်လိုဖြေရှင်းပြရမလဲ။

''သားက မာမီအတွက် အသုံးမကျတဲ့ သားတစ်ယော ဖြစ်နေပြီလား မာမီ''

''မဟုတ်လို့လား ခန့်ညား၊ ငါ ပြောပြနေတာထက် မင်းကို မင်း ပိုသိမှာပါ၊ အရင်တုန်းက မဟာတို့ လင်မယားကို ဆန့်က မြေလေးလို့ ငါပြောခဲ့ဖူးတယ်၊ အခုတော့ မင်းရော ဘာထူးသလဲ''

''မာမီ''

''ငါ့သားတွေ ငါ မပြောရက်ပါဘူး၊ အရမ်းကို အောင်မြင် ချင်တာ၊ ထွန်းထွန်းပေါက်ပေါက်နဲ့ ဂုဏ်သိက္ခာရှိစေချင်တာ၊ ငါတို့ ကွေဘက်က မင်းတို့ကို တာဝန်မကျေတာ ရှိခဲ့သလား၊ လိုအပ်ချက် ရှိခဲ့သလား၊ အစစအရာရာ မျက်နှာမငယ်ရအောင် လူ့အောက် အောင် ပံ့ပိုးခဲ့တယ်၊ ဖြည့်ဆည်းခဲ့တယ်၊ ဒါကိုတောင် ဘာမဟုတ် လေးနဲ့ အပြစ်ကြီးတစ်ခု ကျူးလွန်သလို ငြင်ကြတယ်၊ စော်ကာ တယ်၊ အဖေဖြစ်တဲ့သူတောင် မင်းရဲ့စိတ်ကြောင့် အရှုံးပေးပြီး သေခဲ့ မင်းတို့တက်က သားသမီးဝတ္တရား ကျေတာ ဘာရှိလဲ ပြောစမ်း ပြော





စမ်း''

မာမီ ပေါက်ကွဲသမျှ ခန့်ညား ဘာမှမတုံ့ပြန်ဖြစ်ပါ။ မာမီတို့ သေးသေးမွှားမွှားလို့ ယူဆထားတဲ့အချစ်က သူ့အတွက် ကြီးကြီးမားမား ဝေဒနာတွေ တနင့်တပိုး ခံစားရတာ မာမီတို့ နားမလည်သေးပါလား။

နားလည်အောင်လည်း ခန့်ညား ရင်ဖွင့်မပြချင်တော့။

မာမိရှေ့က နေးကွေးလေးလံစွာ ခန့်ညား ထွက်လာခဲ့သည်။ မာမိရဲ့ တားဆီးသံ မကြားရ။ လှည့်ကြည့်နိုင်သလားဆိုတဲ့ မျက်ဝန်းတွေက လည်း သူ ရှာမတွေ့ခဲ့ပါ။

မဟာနှင့်မိုးစံပယ် လျောင်ပြုံးပြုံးနေမှာတော့ သေချာသည်။ ကွယ်ရာမှာ လက်ခုတ်တီးပြီး လုပ်ချင်တာတွေ လုပ်ခွင့်ရသွားပြီပေါ့။

ခန့်ညားက သားကောင်း မဟုတ်ပါဘူး မာမီ။

ကသစ်နွယ် အချစ်တွေနဲ့ သေဆုံးခဲ့တာ ကြာပါပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"အဲဒီပန်းတွေ မခူးနဲ့ ဒေါ်ကာသစ်နွယ်"

"ဟင်"

"အဲဒါ မေမေ အလှစိုက်ထားခဲ့တာ၊မာလီတွေ ပြုပြင်တာတောင် စိတ်တိုင်းမကျလို့ ကျွန်တော် အိမ်ပြန်ရောက်တဲ့ အချိန်တိုင်း တယုတယ လုပ်နေတာ မတွေ့ဖူးဘူးလား"

အဲဒီပန်းတွေ ကြားမှာ အမြဲနေထိုင်တတ်တာ၊မြင်တာပေါ့ဟု ကာသစ် မပြောဖြစ်။ ကတ်ကြေးကိုချ ဖြည်းလေးစွာ ထရပ်ပြီး မဟော်နှင်း မျက်နှာချင်းဆိုင် လိုက်သည်။

"ပန်းတွေဒီလောက်လှနေတာ၊ မခူးဘဲထားရင် မျက်နှာငယ်ထား ပေါ့"





"အဲဒါ ခင်ဗျားနဲ့ မဆိုင်ပါဘူး၊ကျွန်တော်တို့ ခြံထဲက ပန်းပင်၊ ကျွန်တော်တို့ ဆန္ဒနဲ့ ဘာပဲလုပ်လုပ်"

"တို့ ပန်ဖို့မှ မဟုတ်တာ၊ ဘုရားပန်းအိုးထိုးတော့ မင်းအမေ တောင် ကုသိုလ်ရသေးတယ်"

မဟော် ကကျစ်ခနဲ စိတ်မရှည်သလို လှည့်ကာ၊နဖူးပေါ် ခပ်အုပ် အုပ် ဝဲနေကျနေသည့် ဆံပင်တွေကို ဆတ်ခနဲ ခါပစ်လိုက်သည်။

မေမေတောင် တစ်သက်လုံး အလှကြည့်ခဲ့တာ၊ ဘုရားအတွက် ဖြစ်ဖြစ်၊ဘာဖြစ်ဖြစ် ခင်ဗျား အသုံးချခွင့်မရှိဘူး ဒေါ်ကာသစ်နွယ်"

"ဘယ်လောက်ပဲ အဖိုးတန်တဲ့ ပန်းဖြစ်ဖြစ်၊ မထိမတို့ အလှ ကြည့်နေလည်း မကြွေမနွမ်းဘဲနေသလား မဟော်၊ ရှင်သန်နေတဲ့ အချိန် မှာ အသုံးမချတတ်ရင်၊ ကြွေသွားပြီး နွမ်းခြောက်သွားတဲ့ သူ့ရဲ့နောက်ဆုံး အချိန်တွေအတွက် ဝမ်းနည်းနာကျင်ရမှာ မဟုတ်ဘူးလား"

"အဲလို တက်ကြွလန်းဆန်းတဲ့ ခင်ဗျားရဲ့အလှတွေနဲ့ ကျွန်တော် တို့ ဖေဖေကို ဖြားယောင်း သိမ်းသွင်းခဲ့တာလား"

"မင်းတို့ ဖေဖေကို တို့ မသိပါဘူး၊ စိတ်လည်း မဝင်စားခဲ့ဘူး၊ ဒီဘဝထဲကို ရောက်လာတာက တို့ မိသားစုရဲ့ မပြည့်မစုံ ချို့တဲ့မှုကြောင့် လေ၊ မင်းတို့ အဘွားရဲ့ လိုလားမှုနဲ့ တို့ ဒီနေရာကို စိတ်မပါဘဲ ရောက် လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ကသစ်နွယ်ကို မဟော် မျက်နှာတစ်ချက် ပင့်ကြည့်၏။ တည်ငြိမ် ကျနေ့ရှုနေသော မျက်လုံးတွေကို မြင်ရတော့ အကြည့်လွှဲကာ ခြေလှမ်းပြင်သည်။

"မမ ကသစ်နွယ် ခြံရှေ့မှာ ဧည့်သည်ရောက်နေတယ်၊ ဦးသာအောင်တဲ့"

"ဟင် အေးအေး မမ သွားလိုက်မယ်"

ပန်းအိုးတွေကို ကွေ့ပတ်ကာ၊ ကသစ်နွယ် ကသုတ်ကရက် ခြံတံခါးရှေ့ကို ထွက်သွားသည်။

"ဦး ဦးသာအောင် ဘာကိစ္စရှိလို့လဲ"

"ခန့်ညား အိမ်ကထွက်သွားပြန်ပြီ"

"အို ဘာဖြစ်ပြန်ပြီလဲ ဦးသာအောင်ရယ်"

"မဟော်တို့ လင်မယားနဲ့ စကားများတယ်၊ သူ့အမေနဲ့လည်း ပြဿနာဖြစ်သွားတယ်၊ စိတ်ဆိုးဆိုးနဲ့ ဒေါ်ခင်ထိပ်ထားက ခန့်ညားကို နှင်ချတာ မဟုတ်ပေမယ့် တားလည်းမတားလိုက်ဘူး"

"သူ့အမေတောင် မတားလိုက်ဘူးဆိုရင်၊ အိမ်ပြန်လာအောင် ကသစ်သွားခေါ်ရင် ပိုဆိုးသွားမှာပေါ့ ဦးသာအောင်ရယ်"

"အဲလို လက်လွှတ်စပယ် လုပ်လို့မဖြစ်ဘူး ကသစ်နွယ် ဦးသာအောင် သတင်းတစ်ခု ကြားလာတာ၊ သူ့အတွက်မကောင်းဘူး





ကသစ်နွယ်"

"ဟင် ဘာ ဘာသတင်းလဲ"

ဦးသာအောင်ရဲ့ စိုးရိမ်တကြီး အသံတွေကြောင့်၊ ကသစ်နွယ် ထိပ်ထိပ်ပျာပျာ ဖြစ်သွားသည်။ ဦးသာအောင်က ပင့်သက်ရှိုက်ပြီးမှ

"မကောင်းတဲ့ မိန်းမတွေနဲ့ ခန့်ညားက အတူတူ တစ်အိမ်ထဲမှာ နေခဲ့တာတဲ့၊ အခုလည်း အဲဒီကို ထွက်သွားတာ ဖြစ်လိမ့်မယ်"

"ဘာ ဘယ်လို"

"နိုက်ကလပ်ကလား၊ ကာရာအိုကေဆိုင်လား၊ စားသောက်ဆိုင် အဆိုတော်လား တစ်ခုခုပဲ၊ ခန့်ညား အရက်သမား ဖြစ်ရုံတင်မဟုတ်ဘူး၊ ဘဝပါပျက်မှာ၊ ဒီသတင်းကို ယူကျုံးမရ နာကျင်ခံစားရမှာစိုးလို့ ဒေါ်ခင်ထိပ်ထား ကိုတောင် အသိမပေးရဲဘူး။ မဟော်တို့ လင်မယားကိုလည်း မပြောရဲဘူးကွယ်၊ ခန့်ညားကို အထင်သေးပြီး ပြဿနာရှာနေကြတာ"

"အဲ အဲဒါတကယ်လား"

ဦးသာအောင် ခေါင်းညိတ်ပြတော့၊ ရင်ဘတ်တစ်ခုလုံး ကျပ်ဆို့နင့်သီးသွားသည်။ လူကိုဖျက်တာ အရက်ဆိုရင် ဘဝကိုဖျက်မှာ အဲလို မိန်းကလေးတွေပဲ ဖြစ်လိမ့်မည်။ ခန့်ညားက အဲလို အကျင့်ပျက်အောင်တောင် ဆိုးသွမ်းနိမ့်ကျနေပြီလား။

"ဒီနွံထဲက ခန့်ညားကို ကယ်တင်နိုင်တာ ကသစ်နွယ် တစ်

www.burmeseclassic.com



ယောက်ပဲ ရှိပါတယ်ကွယ်၊ ဦးသာအောင်က ငယ်ငယ်ကတည်းက ချိုချို ထိန်းကျောင်းလာခဲ့ရတာဆိုတော့ ခန့်ညားလေးကို သံယောဇဉ် ရှိတယ်၊ မိသားစုတွေ သွေးကွဲရတာလည်း အကြောင်းအမျိုးမျိုး ရှိတယ် မဟုတ်လား၊ ဒီအကြောင်းကိုသိရင် ဒေါ်ခင်ထိပ်ထား ဘယ်လိုမှ စိတ်ကောင်း နိုင်မှာ မဟုတ်ဘူး''

ကာသစ်လည်း စိတ်မကောင်းပါဘူး၊ ဦးသာအောင်ရယ် ဟု တောင် ကာသစ်မပြောနိုင်။ ရင်ထဲမှာ ဘယ်လိုခံစားမှုကြီး မှန်းမသိ၊ နမြောတွန့်တို မခြင်းလား၊ မတန်မရာဘူး ခန့်ညားလို့ အော်ပစ်လိုက်ချင် တာလား။

''သွားခေါ်ပေးမယ် မဟုတ်လား ကာသစ်နွယ်''

''ခန့်ညားက ဒီကြီးတွေနဲ့ ငြိနေပြီဆိုရင် ပြန်လိုက်လာချင်ပါ့ တော့မလား''

''ကြိုးစားကြည့်ပေးပါ ကာသစ်နွယ်၊ ဒီလို ဘဝထဲမှာ ခန့်ညား နစ်မွန်းသွားမှာ ကာသစ်နွယ်လည်း မြင်ရက်ကြားရက်မှာ မဟုတ်ပါဘူး။ အိမ်မှာ အဆင်ပြေဖို့လည်း ဒေါ်ခင်ထိပ်ထားကို အမုန်းခံပြီး ဦးသာအောင် ဆွေးနွေးကြည့်မယ်၊ ဟိုနေ့က ပြဿနာက မဟာ့မိန်းမ မိုးစံပယ်ကြောင့် ဆိုတာလည်း ပြောပြလိုက်မယ်၊ ဒေါ်ခင်ထိပ်ထားက ခန့်ညားကို အရမ်း ချစ်တာပါ၊ လက်ခံမှာပါကွယ်''





တောင်းဆိုနေတဲ့ ဦးသာအောင် အသံတွေ တုန်ယင်အက်ရှနေ သည်။ ကာသစ်နွယ်ကတော့ သတိလက်လွတ်သာ ငိုချလိုက်ချင်၏။ ဒါပေမဲ့ တိုင်းကမ္ဘာအိမ်မှာ သူမက မှီခိုနေခဲ့ ရတာလေ၊ မိသားစုတွေနဲ့ ရင်းနှီး နွေးထွေးဖို့တောင် ကြိုးစားနေတုန်းပဲ ရှိသေးသည်။

ဖျက်မရသော သင်ပုန်းတစ်ခုမှာ သူမဘဝ စာမျက်နှာတွေက အဆုံးသတ်ထိ ထွင်းထုပြီးသား။

ဦးသာအောင် ရေရွတ်ပြတဲ့ လိပ်စာကို ဦးနှောက်ထဲမှာ မှတ်နေရတာနှင့်၊ သူမအပြင်သွားဖို့ ခွင့်တောင်းခဲ့မိသလား၊မတောင်းခဲ့ မိဘူးလား ဆိုတာတောင် မရေမရာ၊ ဇဝေဇဝါ။

နှလုံးသားရဲ့ စေစားရာ စိတ်ရဲ့ ဦးတည်ရာက. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

မှန်တင်ခုံ ရှေ့မှာထိုင်ရင်း၊ ရေချိုးပြီးစ ခန္ဓာကိုယ်အပေါ်မှာ နိုတွယ်နေသည့် ရေသီးရေပေါက်လေးတွေကို လက်ဖျားလေးတွေနှင့် သပ်ချကာ တောက်ထုတ်လိုက်သည်။

ဝင်းဝါ စိုပြည်နေသော အသားအရေနှင့်၊ ရိတ်သင်ပုံဖော်ထားသော မျက်ခုံး၊ မျက်တောင်တု မတက်ပါဘဲ၊ ရှည်ကော့နေသော မျက်တောင်လေးတွေအောက်မှ ညို့မျက်ဝန်းများ၊ မထူမပါးရင်ဖို့ စေသော နှုတ်ခမ်းများက ခန့်ညား စိတ်တို့ကို ဆွဲဆောင် ဖမ်းစားနိုင်စွမ်း မရှိတာ အံ့ဩမိသည်။

တခြား ပုရိသတွေ ဆိုလျှင်၊ သူမကို မြင်လိုက်သည်နှင့် ဒူးထောက် ခယ အပိုင်သိမ်းချင်ကြ၏။





အလှကြည့်ရုံ ခံစားချင်သူတွေလည်း ဒုနှင့်ဒေး။

ထိုယောကျ်ားတွေ အပေါ်မှာတော့၊ ငွေကြေးကိစ္စမှ လွဲ၍ သူမအလေးအနက် မခံစားခဲ့၊ အထင်မကြီးခဲ့။

ခန့်ညားကိုတော့ အသွေးအသားတွေထဲက တောင်းတသည်။ အရက်ဖန်ခွက်လေးကို နှုတ်ခမ်းမှာတေ့ကာပ် သောက်နေတာက အစ စွဲလန်းခဲ့၏။

စီးကရက်ကို အားရပါးရ ရှိုက်ဖွာပြီး၊ မီးခိုးငွေ့လေးတွေ မှုတ်ထုတ်လိုက်တာကိုလည်း ငေးမောနေချင်သည်။

သူ့ ယမကာတွေ ယစ်မူးပြီး အိပ်ရာခင်းတွေ တွန့်ကြေအောင် ပုံပျက်ပန်းပျက် အိပ်ပျော်သွားတတ်တာလေးကိုလည်း တိတ်တခိုး ကြည့်ရတာ ရင်ဖိုမိ၏။

ခုတော့

ဝင်းတံခါးရှေ့က လူခေါ်ဘဲလ်တီးသံကြောင့် အတွေးတွေ ကဆင့်ကလျား ထွက်ပြေးလွင့်စင် သွားသည်။

"ဘယ်သူများလဲ"

သူမရဲ့ ဒီအိမ်လေးကို ခန့်ညားမှလွဲ၍ ဘယ်ဧည့်သည်ကိုမှ လက်ခံတွေ့ဆုံလေ့ မရှိ။ ခန့်ညား ဆိုလျှင်လည်း ဒီလိုဘဲတီးမှာ မဟုတ်။

ပေါ့ပေါ့ပါးပါး ဖြစ်အောင်၊ မတိုမရှည် ဆံပင်လေးကို ဘစ်ချက်

www.burmeseclassic.com



နှုတ်ချော့ သပ်လိုက်ပြီး ဂျင်းကွာတားလေးနှင့် စပို့ရှပ်တစ်ထည် ဝတ်လိုက်ကာ အိမ်ရှေ့ထွက်လာခဲ့သည်။

"ဟင်"

ဝင်းတံခါးကို ဖွင့်ပြီးချိန်မှာတော့ သူမတစ်ခါမှ မမြင်ဘူးသော မိန်းကလေးက တည်တင်း အေးစက်နေသော မျက်ဝန်းတွေနှင့် သူမကို စူးစမ်းသလို စိုက်ကြည့်နေတာမို့ အံ့ဩမင်သက်သွားသည်။

အိမ်ရှင်ကို အလေးမထား၊ ဂရုမစိုက်ဘဲ အိမ်ထဲထိတောက်လျှောက်ဝင်သွားတော့ နောက်ကနေ ခပ်သုတ်သုတ်လိုက်ရင်း ပိုပြီးအံ့ဩမိ၏။

တစ်စုံတစ်ရာကို တွေးမိကာ၊ ညှို့ခန်းအဝင်ကိုအရောက်မှာတော့။

"မင်းနာမည် ကာသစ်နွယ်လား"

"ရှင် ဘယ်လိုလုပ်သိလဲ"

"ခန့်ညား ပြောပြဖူးတယ်၊ သူပျောက်လို့ လိုက်ရှာတတ်တာ ကာသစ်နွယ် တစ်ယောက်ပဲ ရှိတယ်တဲ့"

ကာသစ်နှင့် စန္ဒီ အကြည့်ချင်းဆုံသွား၏။ ကာသစ် မျက်ဝန်းတွေထဲမှာ၊ အထင်သေးရှုတ်ချ လိုသောအရိပ်တွေ စွန်းနေပေမယ့်၊ စန္ဒီကတော့ ခပ်လွှင်လွှင် အပြုံးနှင့် ဦးညွှတ်၍ အရိုအသေ ပြုလိုက်သည်။





ကာသစ် မင်သက်တွေဝေ သွား၏။

"ဒါ ဘာလုပ်တာလဲ"

"တို့ ဘယ်တော့မှ အစားထိုး မဝင်ရောက်နိုင်တဲ့ မိန်းမတစ်ယောက်ကို အထင်ကြီးလေးစား လို့ပါ"

"ဟင်း ဟင်း ရှင်တို့လို ထူးခြားတဲ့ မိန်းမတွေအကြောင်း ကြားဖူးတယ်၊ ရှင့်မှာ မာယာတွေနဲ့ပါလား"

"မင်းကြည့်တတ်မယ်ဆိုရင် တို့မှာ သိမ့်မွေ့တဲ့ နှလုံးသားလည်း ရှိတယ်ဆိုတာ မင်းတွေ့မှာပါ"

"ရှင်နာမည် စန္ဒီနော်၊ သိပ်မစုံစမ်း လိုက်ရဘဲ ရှင့်အကြောင်း တော်တော်များများ သိခဲ့ရတယ်၊ ရှင်က နာမည်ကြီးပဲ"

"အခု မဟုတ်တော့ပါဘူး"

"ဘာကြောင့်လဲ"

ထိုမေးခွန်းက မပြင်းထန်ဘူး ထင်ရသော်လည်း၊ စန္ဒီ ရှုံ့မဲ့သွားတော့၊ ကာသစ် နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ခန့်ညား ကိုတွေ့မှ အနှစ်နာခံချင်စိတ်တွေ ပေးဆပ်ဖြည်းဆည်းချင်စိတ်တွေ သူ့အလိုလို ဖြစ်ပေါ်လာလို့"

"ထူးဆန်းလှချည်လား"

"တို့လို မိန်းမမျိုးက ဒီလိုစကားတွေပြောလို့ အံ့ဩနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်၊ တို့လည်း အံ့ဩမိတယ်၊ စည်းစိမ် ဥစ္စာ ဂုဏ်မနေတွေကြွယ်ဝ လွန်းပြီး၊ မြန်မာပြည်မှာ ထိပ်ဆုံးကတိုးတက် အောင်မြင်နေတဲ့ လုပ်ငန်း ရှင်သူဌေးကြီးရဲ့ ဇနီးမယား တစ်ယောက်အနေနဲ့ တို့လို မိန်းမအိမ်ကို စွန့်စွန့်စားစား ရောက်လာလို့"

"ခန့်ညား ဘယ်မှာလဲ"

"တို့လည်း သူ့ခြေသံ ကိုကြားချင်နေတာ၊ တော်တော်ကြာပြီ"

"ဘာ အဓိပ္ပာယ်လဲ၊ ရှင်ညာနေတာလား"

"မယုံရင် ရှာကြည့်လေ၊ တို့နေတဲ့ တိုက်လေးကတစ်ထပ် တည်းပါ၊ အိပ်ခန်းကနှစ်ခန်းထဲ ကျယ်ကျယ်ဝန်းဝန်းလည်း မရှိဘူး"

"တို့ မရှာရဲဘူးထင်လို့၊ မလိမ့်တစ်ပတ် ပြောနေတာလား"

စန္ဒီ မျက်နှာ အက်ဆစ်နဲ့ ပတ်လိုက်သလို နီရဲစုတ်ပြတ်သွား သည်။ အပြုံးကလည်း မချိမဆံ့ အပြုံးမျိုး။

"ခန့်ညားကို ဒီမှာဘယ်လောက်ကြာကြာ ခေါ်ထားနိုင်မယ် ထင်လို့လဲ"

"သူ့ရဲ့ အထီးကျန်မှုတွေ၊ လိုအပ်မှုတွေ ရှင်ဖြည့်ဆည်းနေသရွေ့ မိဘအိမ်က ဆင်းလာတဲ့ သူ့ရဲ့ချို့တဲ့မှုကို ငွေကြေးနဲ့ပံ့ပိုးနေသရွေ့ မဟုတ်လား၊ ရှင်တို့က ငွေရှာနေတဲ့သူတွေပဲ၊ သူ့အတွက် ကုန်ထားသမျှ ကျွန်မပြန်ပေးပြီး၊ ရွေးယူသွားချင်တယ် ဖြစ်တယ် မဟုတ်လား"





"ဟား ဟား ခန့်ညားကို ဒီဘဝကို ရောက်အောင်လုပ်လိုက်တဲ့ သူကအခု ပြန်ရွေးချင်တယ် ဟုတ်လား၊ မင်းသူ့ကို ပြန်ခေါ်သွားရုံက လွဲပြီး သူ့အတွက် ဘာလုပ်ပေးနိုင်မှာမို့လဲ၊ အခု မင်းပိုင်ဆိုင်ထားတဲ့ စည်းစိမ် ဥစ္စာတွေကို မင်းစွန့်လွှတ်နိုင်သလား၊ အိမ်ထောင်သည် ဆိုတဲ့ စည်းကို ဖောက်ဖျက်ပြီး၊ ပတ်ဝန်းကျင်က လက်ညှိုးထိုးမေးငေါ့တာ ကိုခံနိုင်သလား၊ ဟင်း ဟင်း မင်းသူ့ရဲ့ဘောကြောင်ပြီး မပြတ်သားခဲ့လို့ မင်းနဲ့ ခန့်ညား လွဲခဲ့ရတာပါ"

အမှန်တရားတွေမို့ ကသစ်ခေါင်းငိုက်စိုက် ကျသွား၏။ ဒါပေမဲ့ ဆတ်ခနဲ ခေါင်းပြန်မော့ကာ

"ခန့်ညား တစ်သက်လုံး ဒီနွံထဲမှာ ဒုက္ခခံနေရမှာတို့ မကြည့် ရက်ဘူး။ ရှင်ဘာလိုချင်သလဲ၊ တို့ အကုန်ပေးမယ် ခန့်ညားကို ခေါ်သွားပါ ရစေ"

"မင်း တို့ကို ဘာပေးမှာလဲ၊ ပတ်ဝန်းကျင်က အသိအမှတ် ပြုတာကို ပေးနိုင်လား၊ ခန့်ညား တို့ကို ချစ်အောင်လုပ်ပေးနိုင်လား၊ သူ့ကို တစ်ခါလောက် ထိတွေ့ပြီး ပြုစုခွင့်ရအောင် လုပ်ပေးနိုင်လား၊ သူနဲ့ ပတ်သတ်ပြီး၊တို့ရင်ထဲမှာ ဖြစ်နေတဲ့ အိပ်မက်တွေ၊ဆန္ဒတွေ မျှော် လင့်ချက်တွေကိုရော တကယ်ဖြစ်လာအောင် ဖန်တီးပေးနိုင်လား၊ ဟင့်အင်း ရှင်မလုပ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်သံတွေ ရောနှောနေတဲ့ စန္ဒီရဲ့ ပေါက်ကွဲမှုတွေမှာ၊ ခန့်ညား

အပေါ်ထားတဲ့ လေးနက်မှုအချစ်တွေ လှစ်ခနဲ့တွေ့လိုက်ရ၏။ တဖွာ

တောက်ပလင်းလက်နေတဲ့ မျက်ရည်စက်တွေထဲမှာ၊ အညှို့စားမိန်း

သင်္ချာတရားတွေလား။

"ကျွန်မ သူ့ကိုခေါ်သွားမယ်"

ထိုစကားကို ရင်ထဲကမပါဘဲ ပြောမိကာ၊ ခြေလှမ်းသွက်သွ

နှင့် နေရာအနှံ့ ခန့်ညားကို လိုက်ရှာနေမိသည်။ ရေချိုးခန်း၊ အိမ်သာ

ထမင်းခန်း၊ တံခါးတွေကို ဝုန်းဒိုင်းဖွင့် ပြူးပြဲကြည့် မတွေ့တော့ သော့ထာ

လန်းနှင့် အိပ်ခန်းတံခါးတွေကို ဆွဲဖွင့်၊နောက်လိုက်လာတဲ့ စန္ဒီဆီက

ရှိုက်သံတစ်ချက် ကြားပြီးပြီးချိန်မှာ

"ဟင်"

"ခန့်ညားကို မင်းမတွေ့ဘူး မဟုတ်လား၊ တို့အတွက်တော့

ဒီအခန်းထဲမှာ သူရှိနေတယ်လို့ ခံစားရတယ်၊ကြည့်လေ အဲဒီစီးကရက်

တိုတွေကြားထဲမှာ တွန့်ကြေနေတဲ့ အိပ်ရာခင်းတွေပေါ်မှာ သူလှဲနေတယ်

ဒီအရက်ပုလင်းတွေ ကြားထဲမှာ တွန့်ကြေနေတဲ့ အိပ်ရာခင်းတွေထဲမှာ

သူလှဲနေတယ်၊ ဒီအရက်ပုလင်းတွေ ဖန်ခွက်တွေထဲမှာ သူ့အငွေ့အသက်

တွေ ရစ်ဝဲနေတုန်းပဲ၊ ဒီအရာတွေကို ရှင်းလင်းသန့်စင်လိုက်ရင် သူပျောက်

သွားမှာ စိုးလို့ ဒီအတိုင်းထားတယ်၊ သူ့အဝတ်အစားတွေ တိုးလို့တဲ့





လောင်း မြင်နေရတာ ဘယ်လောက် ကဗျာဆန်လဲ"

သူမ အချစ်ထက် တန်ဖိုးကြီးသော စွဲလန်းမှုတွေနဲ့ပါလား။

ထိုမြတ်နိုးမှုတွေကိုသာ ခန့်ညား ပိုင်ဆိုင်ရလျှင် သူမတုန်းကလို ခန့်ညား

နာကျင်ခံစားရလိမ့်မည် မထင်။

စန္ဒီက ထိုအရာတွေကို ဖွဖွလေးကိုင်တွယ်ရင်း မချိမဆံ့ မဲ့ပစ်

လိုက်၏။

"ဒါတွေအားလုံးက မင်းအပေါ် ခန့်ညားရဲ့ ရှုးသွပ်မှုတွေပဲ၊

မင်းယူနိုင်ရင် အကုန်ပြန်ယူသွား စီးကရက်တိုတွေ၊လဲပြိုနေတဲ့ အရက်

ပုလင်းတွေ ဖန်ခွက်တွေ၊ တွန့်ကြေနေတဲ့ အိပ်ရာခင်းတွေ အငွေ့အသက်

တွေ၊ အကုန်လုံးမင်းနဲ့ ပတ်သက်တဲ့ ခန့်ညားရဲ့ ဒဏ်ရာတွေ၊ တို့

တို့က သူ့ဆီကရတာ ဘာမှမရှိဘူး၊ ကသစ်ကလွဲရင် ဘယ်လိုမိန်းမမျိုးကိုမှ

သူဘာမှ မပေးနိုင်ဘူးတဲ့၊ ဒီအခန်းမှာနေရင်းနဲ့ မင်းကိုသူသတိရနေတယ်၊

တို့ အနားမှာ ထိုင်နေတဲ့အခါ မင်းအကြောင်းတွေ သူပြောတယ်၊ ဘာတွေ

ပဲပြောပြော တို့ကျေကျေနပ်နပ် နားထောင်ပေးခဲ့တာပါ၊ တို့လို မိန်းမမျိုး

မှာ အဲလိုတစ်ဖက်သတ် အချစ်တွေနဲ့ ကြေကွဲခွင့်တော့ရှိတယ် မဟုတ်

လား"

"စန္ဒီရယ်"

တိုးသက်စွာ ညည်းညူရင်း စန္ဒီ လက်ဖျားလေးတွေကို နား



www.burmeseclassic.com

www.burmeseclassic.com



လည့်စွာ ဆုပ်ကိုင်လိုက်သည်။

"ခန့်ညားကို အရမ်းချစ်တာပဲလား စန္ဒီ"

"သူ့ကို ကိုးကွယ်ချင်တာ၊ သူ့မှာဘာဂုဏ်ဒြပ် ဘာပိုင်ဆိုင်မှုမှ မရှိလည်း ဒီအတိုင်းထိုင်ကြည့်ပြီး မြတ်နိုးနေချင်တာ"

"ကျေးဇူးတင်ပါတယ် စန္ဒီရယ်၊ မင်းကတို့ထက်ပိုပြီး ခန့်ညားကို ချစ်နိုင်တဲ့ သူလို့ တို့ ယုံကြည်လိုက်ပါပြီ၊ တို့က ပိုင်ဆိုင်မှုတွေ မက်မောခဲ့လို့ ခန့်ညားကို ထားရစ်ခဲ့တာ၊ တို့ အခု ခန့်ညားကို စိတ်ချသွားပြီ စန္ဒီ မင်းရဲ့အချစ်တွေနဲ့ နီးစပ်နေရင် ခန့်ညား အထီးကျန်တော့မှာ မဟုတ်ဘူး မင်းဆီကို သူရောက်မလာဘူးဆိုရင် သူရှိနိုင်တဲ့နေရာကို တို့ ပြောပြခဲ့မယ် ငယ်ငယ်က တို့သွားခေါ်နေကျ အိမ်လေးမှာရှိမှာပါ"

"မင်း မင်းသွားမခေါ်ဘူးလား ကသစ်"

"တို့က ရုန်းထွက်မရတော့တဲ့ အနှောင်အဖွဲ့တွေထဲမှာ ပိတ်မိ နေပြီ၊ ကိုယ်တိုင်က လွတ်မြောက်ခွင့်ရအောင် ကြိုးစားလို့ မရတော့ တဲ့ ဘဝလေ၊ ခန့်ညားကို အသက်ပေးပြီး ချစ်ချင်တဲ့ဆန္ဒတွေ ရှိနေလည်း ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီး တစ်ယောက်အနေနဲ့ အိမ်ထောင်ရေး ဖောက်ပြန်ဖို့ ဘယ်တော့မှ ကြိုးစားမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ခန့်ညားကို တစ်ခါလောက်တွေ့ ချင်သေးတယ်၊ ပြောစရာ စကားတွေလည်း အများ ကြီးပဲ၊ ခန့်ညားကို မင်းသွားခေါ်လို့ ဒီအိမ်လေးကို လိုက်ခဲ့ရင်၊ တို့ရောက်





အောင် လာခဲ့ဦးမယ် စန္ဒီ"

ပြောရင်းနှင့် စလင်းဘတ် အိတ်ထဲမှာ သေချာသိမ်းဆည်း ထားသည့် ပလက်တီနမ် ဟန်းချိန်လေးကို ထုတ်ယူပြီး စန္ဒီလက်ထဲ ကသစ်ထည့်လိုက်၏။

"ဒါလေးက ခန့်ညားနဲ့ တို့ရဲ့အမှတ်တရ ပစ္စည်းလေးပါ၊ တန်ဖိုး ထားခဲ့တာ မှန်ပေမယ့် မင်းနဲ့ ထိုက်တန်ပါတယ်၊ ကသစ်ဆိုတဲ့ အင်္ဂလိပ် စာတန်းလေးကို အစားထိုးချင် ထိုးလိုက်ပါ၊ အချစ်ဆိုတာ လူတန်းစားမ ရွေး၊ အဆင့်အတန်း မရွေးခံစားခွင့်ရှိတာပဲ၊ သတ္တိရှိတဲ့သူက ပိုင်ဆိုင်ရ တယ်၊ ဘာကြောင့် ညာကြောင့် ဆင်ခြေတွေပေးပြီး တွေဝေတတ်တဲ့ သူကလက်လွှတ် ဆုံးရှုံးရမှာပဲ၊ ခန့်ညားအချစ်တွေကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းပါတယ် စန္ဒီ"

ခြေလှမ်းတွေမှာ အလာတုန်းကလို သဝန်တိုစိတ်ကို မနာလိုစိတ်တွေ မရှိ၊ မတန်မရာ နှိမ့်ချချင်စိတ်တွေ မရှိ၊ ခန့်ညား အတွက် စိုးရိမ်ကြောင့်ကျ ပူပန်ခြင်းတွေ မရှိ။ ပြောင်းလဲလာသော စိတ်ခံစားမှုတွေနှင့် ပေါ့ပါးနေ သော ခြေလှမ်းတွေက. . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

Taxi ကားပေါ်က ဆင်းပြီး ခြံဝင်းထဲကို ခြေချလိုက်သည်နှင့် မဟော်ရဲ့ မထိမဲ့မြင် မခိုးမခန့်အပြုံးနှင့် ရင်ဆိုင်လိုက်ရသည်။ အခုမှ သူမအပြင်သွားဖို့ ဘွားဘွားနှင့် တိုင်းကမ္ဘာကို ခွင့်မတောင်းမိခဲ့တာ သတိရ၏။

"ခင်ဗျား ဘယ်ကိုသွားတယ်၊ ဘယ်သူ့ဆီသွားတယ်၊ဘာကြောင့်သွားတယ် ဆိုတာ ဖေဖေကို ကျွန်တော်ပြောပြထားတယ်"

"ဟင် ဘာ ဘာပြောတယ်"

"ထိတ်လန့်မသွားပါနဲ့၊ ခင်ဗျား ကျွန်တော်တို့ အိမ်ကိုရောက်လာတာ ဖေဖေလို သားကြီး သမီးကြီးရှိတဲ့ မုဆိုးဖိုကို ယူလိုက်တာ ရိုးရှင်းတဲ့ အကြံအစည် မဖြစ်နိုင်ဘူးဆိုတာ သံသယဝင်လို့ အစကတည်း





က ကျွန်တော် စုံစမ်းခဲ့တာ၊ ခုတော့ ကြေးစားမိန်းမ တစ်ယောက်ဆီကို သွားလာ သိကျွမ်းခဲ့တဲ့ ဒေါ်ကာသစ်နွယ်ရဲ့ အဆင့်အတန်းကို ပိုပြီး သိသွားရတာပေါ့"

"မဟော် မင်း"

အသားတွေ တဆတ်ဆတ်တုန်ကာ၊ သွေးဆူသွားပေမယ့် ကာသစ် ဘာမှပြောချိန် မရလိုက်။ မဟော်က ယောကျ်ားတန်မဲ့ ရှုံ့မဲ့ကာ ကားမောင်း၍ ထွက်သွားသည်။

သူမခြေထောက်တွေ လေးကန်နေသလို ဘယ်လိုရင်ဆိုင် ရမလဲ စိုးရိမ်စိတ်တွေနှင့် မျက်နှာလေးမှိုင်းမှုန်တင်းမာနေသည်။

ကိုယ်ရဲ့ရိုးသားမှုနှင့် ကိုယ်ကျင့်တရားကို အကာအကွယ် ယူရတော့မည်ပေါ့။

"ပတ်ဝန်းကျင်က လက်ညှိုးထိုးရင် ကာသစ်နွယ် တစ်ယောက်တည်း မဟုတ်ဘူး၊ မယ်မယ်တို့ မျိုးရိုးဂုဏ်သိက္ခာပါ ကျဆင်းနိုင်တယ်၊ ချုပ်မှနောင်ရှင်း၊ ကာသစ်နွယ်နဲ့ ပြတ်ပြတ်သားသား ဆွေးနွေးရမယ်"

"ဟုတ်ကဲ့ သားပြောပါ့မယ်၊ မယ်မယ်"

ညှော်ခန်းအဝင်မှာပင် ကြားလိုက်ရသည့် စကားသံကြောင့်၊ သူမ ခြေလှမ်းတွေ တုံ့ခနဲဖြစ်၏။

ပတ်သတ်နေသရွေ့ ဆက်ဆံနေရမှာ၊ ရင်ဆိုင်ရုံပဲ ရှိတော့တာ



www.burmeseclassic.com

www.burmeseclassic.com



ပေ့ါ။ သူမကိုမြင်တော့ တိုင်းကမ္ဘာ မျက်ဝန်းတွေက စူးရှစိမ်းသက်လွန်း နေသည်။

"ခန့်ညား ဆိုတာဘယ်သူလဲ"

မေးခွန်းကရင်ဝကို ပစ်ဆောင့်လိုက်သလို ပြင်းထန်လှ၏။

ဒီအနေအထားက မိသားစု ပြေလည်အောင် ဆွေးနွေးတိုင်ပင် တဲ့ အနေအထားမျိုးမှ မဟုတ်တာ။

သူမရဲ့မျက်နှာ တိုင်းကမ္ဘာနှင့် ထပ်တူညီမျှအောင် ပြောင်းလဲ သွား၏။

"ခန့်ညားဆိုတာ ကျွန်မရဲ့ သူငယ်ချင်း၊ အဲဒီထက် လေးနက် တာက သူက ကိုယ်ခန္ဓာဆိုရင် ကျွန်မက ဝိဉာဉ်၊ သူက ကျွန်မရဲ့အချစ် ကျွန်မရဲ့မာန၊ ကျွန်မနဲ့ အမြဲအတူတူရှိနေတယ်"

မင်းအခု ဘာပြောနေလဲ မင်းသိလား၊ ဘယ်နေရာမှာ ဘယ်သူ့ ရှေ့မှာ"

"ရှင်ပြောခဲ့တာနဲ့ အတူတူပဲလေ၊ ရှင့်ဖနီးက အချစ်ဦးမို့ ဒီနေ့ ဒီအချိန်ထိ မမေ့နိုင်ဘူးဆို၊ ခန့်ညားကလည်း ကျွန်မရဲ့ အချစ်ဦးပဲ"

"ဖြန်း"

ဘွားတော်က ဒေါသတကြီးနှင့် စားပွဲခုံကို ဖြန်းခနဲရိုက်ကာ

"ကသစ်နှယ် မင်းကဒီအိမ်က အိမ်ရှင်မဆိုတာ မေ့နေပြီးလား



ငါ့သားအတွက် ငါ့မြေးတွေအတွက် မိန်းမကောင်း တစ်ယောက်ဖြစ်လိမ့် မယ်ထင်ပြီး ငါကိုယ်တိုင်ရွေးချယ်ခဲ့တာ"

"ဘွားရှေ့မှာ ကသစ် မထီမဲ့မြင် ပြောနေတာ မဟုတ်ပါဘူး၊ သူပြောခဲ့တဲ့စကားတွေတုန်းက ကသစ် ပြုံးပြုံးလေးနားထောင်ပေးခဲ့ ပါတယ်၊ လူတိုင်းမှာ အတိတ်ဆိုတာ ရှိကြတာပဲလေ၊ အဲဒီအတိတ်ကို မထိခိုက်ဖို့ဘဲ အရေးကြီးတာပါ၊အခုလည်း သူမေးလို့ ကသစ်ပြောပြတာ ဘဲရှိတယ်၊ အတိတ်ကို အက်ကြောင်းပေးပြီး တူးဆွနေတာ မဟုတ်ဘူး"

"ဒါဆိုရင် စန္ဒီဆိုတဲ့ ကြေးစားမိန်းမနဲ့ ပတ်သက်နေတာက ရော"

တိုင်းကမ္ဘာ မေးခွန်းကဒေါသဖြင့် တုန်ခါနေ၏။

ခန့်ညားနှင့် ပတ်သက်နေသော စန္ဒီ ဘက်က သူမဘယ်လို ရပ်တည်ခုခံကာကွယ် ရမည်လဲ။

"အဲလို မိန်းကလေးနဲ့ ကသစ်ကို မပတ်သက်စေချင်လို့လား၊ သူနဲ့ ကသစ်တို့ ဘာတွေများကွာခြားလို့လဲ"

"ဟား အဲဒါရှင်းပြစရာ လိုသေးလား၊ မင်းမှာမျက်စိတွေ နားတွေ မကန်းရင်၊ အသိတရားရှိရင်၊ ကောင်းကင်မှာ ပျံနေတဲ့ငှက်နဲ့ ရေထဲက ငါးဟာ ဘယ်တော့မှ ပတ်သက်စရာ မရှိဘူးဆိုတာ မင်း နားလည်ရမယ်"

စိုးမိုး၊

www.burmeseclassic.com

www.burmeseclassic.com



"ကသစ်တို့ စားနေတာနဲ့ သူတို့စားနေတာ အတူတူပဲ မဟုတ်လား"

"ငါတို့ရာထူး ဂုဏ်အဆင့်အတန်းနဲ့"

"ကသစ်တို့ လျှောက်နေတဲ့ မြေပေါ်မှာ သူတို့လည်းလျှောက်နေကြတယ်လေ၊ တစ်မိုးအောက်မှာ ရှင်သန်နေကြတာလည်း အတူတူပဲဘာတွေ မတူလို့ အသက်ရှုသံတွေ ကွဲပြားသွားကြတာပါ၊ ဘုရားတစ်ဆူတည်းကို ကိုယ်ယုံကြည်ချက်နဲ့ကိုယ် ကိုးကွယ်ကြတဲ့ သူအချင်းချင်းခွဲခြားဆက်ဆံရမယ် ဆိုတာကြီးက မညှာမတာ ရက်စက်လွန်းရာ ကျပါတယ်"

"ကသစ်နွယ်"

ဘွားတော်က လူကြီးပီပီ နားလည်သဘောပေါက် သွားဟန်ရှိ ရှောင်တိမ်းထွက် သွားသော်လည်း၊ တိုင်းကမ္ဘာရဲ့ ဟန်တားသံထဲ ဒေါသအရှိန် ပြေသေးဟန်မတူ။

ကသစ် မျက်နှာလည်း တစ်ချက်မှ ညှိုးငယ်ပျော့ပျောင်း ခြင်းရှိပါ။

"ခွင့်မလွှတ်နိုင်စရာ အပြစ်ကြီးတစ်ခု ကျူးလွန်နေတယ်လို့ယူဆရင်၊ အဲဒီအပြစ်ကို ရှင် ကျေနပ်တဲ့အထိ ကသစ် ပေးဆပ်မယ်ဦးတိုင်းကမ္ဘာ"

"ဟုတ်တယ် အဲဒီအပြစ်အတွက် မင်း ကောင်းကောင်းကြီး





ပေးဆပ်ရမယ်၊ ဒီနေ့ ဒီရက်ကစပြီး ကိုယ့်ခွင့်ပြုချက် မပါဘဲ၊ မင်းဘယ်ကိုမှ သွားလာခွင့်မရှိဘူး"

"မီဘ အိမ်ကိုတောင် မသွားရဘူးပေါ့"

"အမှန်ပဲ၊ မင်းသွားချင်တဲ့ အချိန်နဲ့ ကိုယ်အားတဲ့ အချိန်တိုက်ဆိုင်ရင် ကိုယ်လိုက်ပို့မယ်"

"အဲဒီ အပြစ်ဒဏ်ကို နောက်တစ်ကြိမ် ရှင်မကြိုက်တာလုပ်ပြီးမှ ခံမယ်ဆိုရင်ရော ဖြစ်မလား"

"ဘာ"

"အကျယ်ကြီး မအော်နဲ့၊ဘွားတော်အနားမှာ မရှိတော့ဘူး၊ ကသစ် သည်းမခံဘူးနော်၊ အပြစ်ပေးချင် အချိန်စောင့်၊ မစောင့်နိုင်ရင်ကွာရှင်း ဒါပဲ"

ကျစ်ကနဲစုတ်သပ်ကာ၊ ကသစ် ပခုံးတွေကို တိုင်းကမ္ဘာ ကိုင်လှုပ်ပစ်လိုက်၏။

"အဲဒီလို ကွဲဖို့ကွာဖို့ စကားတွေ ပေါ့ပေါ့တန်တန်နဲ့ ခဏခဏမပြောနဲ့ ကသစ်နွယ်၊ မင်းအပေါ် အလေးအနက် ထားလာတဲ့ ကိုယ်ရဲ့စိတ်တွေကို ပင်ပန်းအောင် မလုပ်မိဖို့ ကြိုးစားပါ"

"အဲဒါဆိုလည်း ရှင့်ဆန္ဒတွေ တင်းတင်းမာမာ မပြောမိစေနဲ့ပေါ့၊ ရှင့်ရဲ့ အချစ်ဦးက ရှင့်ရဲ့ဇနီးမယား ဖြစ်ခွင့်ရခဲ့တယ်၊ ကသစ်ရဲ့ အချစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



က ဆုံဆည်းခွင့် မရခဲ့လို့ အထီးကျန်ပြီး ကျန်ရစ်ခဲ့တယ်၊ ရှင့်ကာ ပျော်ရွှင်ရခဲ့ပါ သေးတယ်၊ ကသစ်တို့က နာကျင်ကြေကွဲမှုတွေနဲ့ အဆုံး သတ်လမ်းခွဲ ခဲ့ရတာ၊ ရှင့်မိန်းမကို ရှင်တကယ်ချစ်ခဲ့တယ် ဆိုရင် စာနာ တက်ပါလိမ့်မယ်''

''အေး စာနာတယ်ပဲထား၊ မင်းက ကိုယ်နဲ့လက်ထက်ထားတဲ့ အိမ်ထောင်သည် ဖြစ်နေပြီ၊ စိတ်ရောခန္ဓာရော ဖောက်ပြန်ခွင့် မရှိဘူး ဆိုတာ နားလည်ရမှာပေါ့၊ ထိန်းသိမ်းဆင်ခြင် နိုင်ရမှာပေါ့''

ကသစ် နာနာကျင်ကျင် မဲ့ပစ်လိုက်သည်။ ပခုံးပေါ်က တိုင်းကမ္ဘာရဲ့ လက်တွေကို ဖြန်းခနဲပုတ်ချကာ..

''ကသစ်က ဘာတွေဖြစ်နေလို့လဲ ဦးတိုင်းကမ္ဘာ၊ ကသစ်သာ အသိတရားမဲ့ခဲ့ရင် ရှင်နဲ့တောင်လက်ထပ် ဖြစ်မှာ မဟုတ်ဘူး ရှင့်လိုရောဂါရှိမှန်း သက်ဆိုးမရှည်မှန်း သိသိကြီးနဲ့ ချစ်သူကိုပိုင်ဆိုင်ခွင့် ရအောင် မစွန့်စားရဲခဲ့လို့လေ၊ ဘာဖြစ်ဖြစ် မျက်စိစုံမှိတ်ပြီး မမိုက်ရဲခဲ့ လို့ပေါ့၊ ဒါပေမဲ့ ခုချိန်ထိလည်း ကသစ် နောင်တမရဘူး၊ ကိုယ်တိုင် ဆုံးဖြတ် ရွေးချယ်ခဲ့တဲ့ ဒီဘဝကို ကသစ် ပျော်ပျော် မပျော်ပျော် နောက် ဆုတ်ဖို့ ဆန္ဒ မရှိခဲ့တာ ကသစ်ရဲ့ သစ္စာတရားပဲ၊ ယုံပေးပါလို့ မတောင်းဆို ဘူး၊ မှားပါတယ်လို့လည်း တောင်းပန်းမှာ မဟုတ်ဘူး၊ ဒီအမှားမျိုးက ဘယ်သူ ကင်းလို့လဲ''





စူးစူးရဲရဲ အကြည့်တို့က မာနတို့နှင့် တောက်ပရဲရင့်နေသည်။

ကိုယ်ကရော မာနတွေ အလျှံပယ်ပိုင်ဆိုင်ထားပါလျက်၊ ဘာကြောင့် ဥပက္ခာ မပြုနိုင်ရတာလဲ။

သားပြောတဲ့အချိန်ကတော့ သွေးတွေပွက်ပွက် ဆူနေသည်။ ထိုအကြောင်းအရာကို သူမဝန်ခံလျှင် ကွာရှင်းဖို့တောင် စိတ်ကူးထား၏။

ခုတော့ သူမရဲ့ ဖြေရှင်းချက်တွေမှာ သူတောင်အပြစ်မကင်း သလို ဖြစ်နေသည်။ အရမ်းတော်လွန်း ထက်မြတ်လွန်းတာကိုပဲ ကိုယ်ကမလွန်ဆန် ချင်တော့တာလားမသိ။

ထိုခံစားမှုမျိုး ဇနီးသည်တုန်းကလည်း ကြုံဖူးသည်ထင်၏။

အချစ်ကြောင့် အပြစ်မြင်ရမှာ ခဲယဉ်းလာခဲ့တာလေ။

ကသစ်နွယ်

မင်းက ကိုယ်ရဲ့ ချစ်တတ်တဲ့အသည်း နှလုံးတွေကို အသက်ပြန် သွင်းပေးနေတာပဲ။

တိုင်းကမ္ဘာ အချစ်နဲ့ ဒုတိယအကြိမ် ကြုံဖူးသွားတာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"စကားကို လွှယ်လွှယ်မပြောနဲ့ ကိုမောင်၊ လူတစ်ယောက်ကို တာဝန်မယူနိုင်လို့ မကျွေးနိုင်လို့ မဟုတ်ဘူး၊ လူလိမ္မာ လူကောင်းတစ်ယောက်ဆိုရင် အိမ်ဦးခန်းမှာ တင်ထားပါတယ်၊ ခုတော့ တစ်နေ့ကုန်သောက်စားနေတာ သားတွေ အတုခိုးမှားရင် မခက်ဘူးလား"

"မင်းကလည်းကွာ တိုးတိုးပြောပါ၊ ခန့်ညား ကြားသွားရင်အားနာစရာ၊ ကလေးတွေကိုလည်း မင်းပဲအနီးကပ် ပြောဆိုဆုံးမနေတာမဟုတ်လား"

"ဪ ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ ဒီအရွယ်က မတူမြင်အတက်သင်၊ သူများသားသင် ကိုယ့်သားတတ်၊ မကောင်းတာဆို ပိုပြီးတောင် သိလွယ်တတ်လွယ်သေးတယ်၊ ပြီးတော့ ဆံထုံးလည်းဆိုက်၊ ဆီ





လည်းဆိုက်၊ ကျွန်မကိုပေးမယ့် အသုံးစရိတ်ထဲက၊ သူ့အရက်ဖိုး နှုတ်နေရတာ မဟုတ်လား။ သူ့မို့လို့ အားမနာ လျှာမကျိုး၊ မိုခိုလည်းနေတယ်၊ စားဖို့သောက်ဖို့ အရက်ဖိုးလည်း ထောက်ပံ့ရတယ်"

"မိန်းမ တော်ပါတော့ကွာ၊ ပြောလေကဲလေ၊ တဖွတ်ထိုးပေါက်ပေါက်ဖောက်နေတော့တာပဲ"

ပြတင်းပေါက်နားမှာ ခန့်ညားကိုရိပ်ခနဲ မြင်လိုက်တာမို့ ဦးမောင်တိုးတိုးကြိတ်ကြိတ် တားဆီးနေသော်လည်း ဒေါ်ဆင့်ဆင့်က ဂရုမစိုက်တော့ပေ။ မိခင်ဆိုတော့ သားတွေအတုယူမှာ စိုးရိမ်သည်။ မပြေလည်မှုတွေဖြစ်လာမှာ ကြောက်၍ တွန့်တိုငြိုငြင်လာ၏။

ကိုယ့်ယောက်ျား အလှည့်တုန်းကတောင်၊ ခန့်ညား အဖေနိုင်ထက်စီးနင်း၊ အစေအပါး တစ်ယောက်လို နိုင်းခဲ့သေးတာပဲ၊ ခန့်ညားကိုသံယောဇဉ် ရှိပေမယ့်လည်း ဒီလောက်တော့ နားလည်းမပေးနိုင်ပါ။

ဦးမောင်က အစွန်အဖျား သွေးတော်သားစပ်လို့ သည်းခံနိုင်ပေမယ့်၊ မိန်းမသားဆိုတော့ အဖက်ဖက်ကတွေးပြီး ရက်တွေကြာလာသည်နှင့်အမျှ စိတ်မရှည်ချေ။

ဖွတ်လျှော်ပေးရတာတစ်မျိုး၊ ချက်ပြုတ်ကျွေးမွေး ရတာတစ်မျိုး၊ အရက်သောက်ဖို့ အမြည်းလုပ်ပေးရတာ တစ်မျိုးနှင့်၊ လင်မယားကြားမှာပြဿနာတွေလည်း ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘယ်အချိန် သူ့ကို ဒီအိမ်က နှင်ချမှာလဲ ကိုမောင်"

"ခဏပဲသည်းခံပါကွာ ကိုယ်ကြည့်စီစဉ်ပါမယ့်"

"အဲဒီဆင်ခြေက ကျွန်မ အသက်တိုလိမ့်မယ် ကိုမောင်၊ဒီလို သာနေမယ်ဆိုရင် ကလေးနှစ်ယောက်ခေါ်ပြီး ကျွန်မ အိမ်ကဆင်းသွားတော့မယ်"

"ဆင့်ဆင့် အဓိပ္ပာယ်မရှိတာ မပြောနဲ့ ဒီကိစ္စက ဒီလောက်ကြီးဖြစ်စရာ မလိုဘူး၊ မင်းတို့ မိန်းမတွေ အဲဒါတွေခက်တာ၊ လင်ယောက်ျားက ခဏစောင့်ဆိုရင် စောင့်ပေါ့၊ လုပ်သင့်တာ လုပ်မယ်ဆိုရင် ငြိမ်နေလိုက်ပြီးတာပဲ စကားကို ဆင်ဆင်ခြင်ခြင် မပြောဘူး"

ဦးမောင်လည်း ဒေါသဖြစ်ဖြစ်နှင့် အော်ချလိုက်သည်။ အရင်တုန်းက သူ့ကဏ္ဍနှင့်သူ လင်မယားချင်း ပဋိပက္ခဖြစ်ပြီး စကားများတယ်ဆိုတာမရှိခဲ့။

ခန့်ညား ရောက်လာခါစကတည်း ဒီလောက်ထိ အခြေအနေ မတင်းမာခဲ့ပါ။ ရက်ကြာလာသည်နှင့်အမျှ အိမ်မှုကိစ္စကတစ်ဖက် ဝေယျာဝစ္စကများနှင့် မိန်းမကပေါက်ကွဲလာသည်။

ကိုယ်ဘက်ကလည်း ခန့်ညားကို သနားလို့မပြောသာခဲ့တာ။ စန္ဒီဆီသွားနေဖို့ တိုက်တွန်းတော့လည်း . . ။

"မိန်းမ တစ်ယောက်ကို မမှီခိုချင်ဘူး ဦးမောင်၊ သူ ရှန်းကန်





နေရ တဲ့ငွေတွေကိုလည်း မသုံးဖြုန်းရက်ဘူး၊ ဦးမောင်ကိုတော့ အားမနာလို့ မဟုတ်ဘူး။ ကျွန်တော်တစ်သက်လုံး ဒီလိုကြီးနေလည်း တစ်နေ့နေ့မှာ ပေးကမ်းစွန့်ကြဲလာမယ့် အမွေတွေတော့ ရဦးမှာပါ၊ အဲဒီအချိန်ကျမှ ဦးမောင် ကျေးဇူးဆပ်ပါရစေ၊ အခုအချိန်မှာ ကျွန်တော် စိတ်တွေ အနည်မထိုင်သေးလို့ တောင်းပန်ပါတယ် ဦးမောင်"

ခန့်ညား အဲဒီလိုတောင်းပန်ထားတော့၊ ကိုယ့်အနေနှင့် ခန့်ညားကို ဘယ်လိုပြောရက်ပါတော့ မလဲ။ ခန့်ညား ကိုယ်ဆီရောက်နေတာကိုလည်း၊ စန္ဒီ ဘယ်လောက်မေးမေး နှုတ်ပိတ်ငြင်းဆန်ရတာလည်း ဒုက္ခ။

"စန္ဒီ အိမ်မလာလည်း ဦးမောင်ဆီတော့ ခန့်ညား ခဏဖြစ်ဖြစ်ရောက်လာမှာပါ၊ သူ့အဖေ ဆုံးတဲ့သတင်းကြားလို့ ထွက်သွားကတည်းက စန္ဒီ ဆီခြေဦးမလှည့်တော့တာ၊ အဲဒီလောက် ခန့်ညား ပြတ်ပြတ်သားသား သူစိမ်းဆန်လိမ့်မယ်လို့ မထင်မိဘူး၊ သူ့အိမ်မှာလည်း မနေတော့ဘူးဆိုတော့၊ ခန့်ညား ဒုက္ခရောက်မှာ သေချာတယ်၊ခန့်ညား သတင်းကြားရင် စန္ဒီကို ပြောပါနော် ဦးမောင်"

မင်းသူ့ကို သံယောဇဉ် ဖြစ်နေပြီးလား စန္ဒီ"

"စန္ဒီ ဝန်ခံပါတယ်၊ သူ့ကိုသနားတဲ့စိတ် ကိုယ်ချင်းစာတဲ့စိတ်တွေနဲ့ ငြိတွယ်နေမိပြီ၊ ကိုယ်ဘဝနဲ့ မထိုက်တန်လို့ ပိုင်ဆိုင်ချင်စိတ် မရှိပေမယ့်၊ သူ့ဘဝလေးကို ဖြည့်ဆည်းပေးဆပ် ခွင့်ရတော့ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ရယ်၊ စန္ဒီကိုက အဖြည့်ခံဘဝနဲ့ ပျော်ရွှင်ချင်တယ် ထင်ပါတယ်"

"အေးပါဟာ မင်းခံစားချက်တွေကို ဦးမောင် နားလည်းပါတယ်၊ တစ်နေ့နေ့တော့ ခန့်ညား မင်းဆီကိုရောက်လာမှာပါ"

စန္ဒီကိုလည်း စာနာစိတ်နှင့် ဖျောင်းဖျနှစ်သိမ့်ရသည်။

ဘာကြောင့်များ အလွှာမတူ အသွင်မတူ၊ စိတ်ဆန္ဒတွေ မတူကြပါဘဲ၊ စွဲလန်းငြိတွယ်နေကြပါလိမ့်။

ခန့်ညားကို မပြောသာမပြောရက်နှင့် ဦးမောင်ရင်ထဲ မွန်းကျပ်လွန်းလှသည်။

ဟူး လောကကြီးက ညီမျှမှုတွေ မရှိပါလား။

■ ■ ■



## အခန်း (၃၁)

"ဦးမောင်"

"ဟာ ခန့်ညား"

"ဦးမောင်တို့ ပြောနေတာတွေ ကျွန်တော် အကုန်ကြားပါတယ်၊ မနေသင့်မှန်းလည်း ကျွန်တော် သိပါတယ်၊ မိသားစုထဲက သွေးရင်းသားရင်းတွေတောင်၊ ချုံခိုတိုက်ခိုက်ပြီး အကောင်းမမြင်တက်ကြတာ၊ မမဆင့်ကို ကျွန်တော် စိတ်မဆိုးပါဘူး"

"ခန့် ခန့်ညားရာ အဲဒီလိုလည်း မဟုတ်ပါဘူးကွာ၊ ဟို မင်းအတွက် ဦးမောင် လုံးချင်းအိမ်လေးဖြစ်ဖြစ် ငှားပေးပါ့မယ်၊ မင်းဒီအတိုင်းကြီးထွက် မသွားပါနဲ့ကွာ"

"နေပါစေတော့ ဦးမောင်၊ဦးမောင်ကို ကျွန်တော် ဒုက္ခပေးတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ များနေပါပြီ၊ ကျွန်တော် ယောက်ျားပဲ၊ ကျွန်တော် စားဖို့သောက်ဖို့ နေဖို့ အတွက်တော့ ရှာဖွေနိုင်မှာပါ၊ဒီအချိန်ထိ ဂရုစိုက်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်''

ဦးမောင် အားနာလွန်း၍ ဆွဲရရုန်းရမလားပင် ဖြစ်နေသည်။ ခန့်ညား ကတော့ အလာတုန်းကလိုပဲ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ခြေလှမ်းပြင်လေ၏။

ထိုအချိန်မှာ ခြံဝင်းတံခါး ပွင့်သွားပြီး စန္ဒီကို မြင်လိုက်ရတော့ ဦးမောင်နှင့်ခန့်ညား အံ့ဩသွားကြသည်။

ဦးမောင်က သူ့မိန်းမ သတိထားမိသွားမလား စိုးရိမ်စိတ်နှင့် ခန့်ညား လက်ကိုဆွဲ၊ စန္ဒီ ပခုံးကိုတွန်းဖြင့်၊ ခြံဝင်းအပြင် ခေါ်လာခဲ့ရသည်။

''အိမ်ထဲမှာ ညှော်ခံမရတာ အားနာပါတယ် စန္ဒီ၊ ဟို ဦးမောင် မိန်းမနဲ့ခုလေးတင် ပြဿနာ ဖြစ်ထားကြလို့ပါ၊ ဒါနဲ့ဒီအိမ်လိပ်စာ စန္ဒီ ဘယ်လိုလုပ်သိလဲ၊ ခန့်ညား ရှိတယ်ထင်လို့ လာခဲ့တာလား''

''အတိအကျ သတင်းပေးသူ ရှိလို့ပေါ့ ဦးမောင်၊ တမင်ရှောင် ပုန်းနေမှန်း သိလို့ ဥပေက္ခာပြုထား လိုက်လည်းရပါတယ်၊ ဒါပေမဲ့ ကသစ်နွယ် စန္ဒီ ဆီရောက်လာတယ်''

''ဟင် ဘာ ဘာပြောတယ်၊ က ကသစ်နွယ် ရောက်လာတယ် ဟုတ်လား''





ကသစ်နွယ် အသံကြားတော့၊ ခန့်ညား ကြွေမြေမရ မှေးဆင်းနေသော မျက်လုံးတွေပါ အရောင်ပြောင်းတောက်ပ သွားသည်။

''ဟုတ်တယ် တို့လို မိန်းမတစ်ယောက် အိမ်ကို ကသစ်နွယ် ရောက်လာတာတို့လည်း အံ့ဩမိပါတယ်၊ စိတ်တစ်ခုရဲ့ စေ့ဆော်မှုက မထူးဆန်းဘူးလား၊ ခန့်ညားကို လာခေါ်တာတဲ့လေ''

''သူလိုက်လာတယ် ဆိုတာယုံရ ခက်ခက်ပဲ၊ ငါလိုကောင်က သူ့ဘဝအတွက် အရေးမပါတော့ပါဘူး''

''မယုံရင် ဒီပစ္စည်းလေးက သက်သေဖြစ်ပါလိမ့်မယ်''

''ဟင်''

စန္ဒီ လက်ထဲက ပလက်တီနမ် ဟန်းချိန်းလေးကို ခန့်ညား ဆတ်ခနဲ ယူကြည့်လိုက်သည်။ သေချာတာပေါ့ ဒီဟန်းချိန်းလေးက ကသစ်နွယ်နှင့် သူ့ရဲ့အမှတ်တရ။

''ဘယ်ချိန်တုန်းက နင့်ဆီသူ့ရောက်လာတာလဲ''

''သိပ်မကြာသေးဘူး၊ အကြောင်းစုံသိချင်ရင် တို့နဲ့လိုက်ခဲ့ပါ ခန့်ညား''

''ဘာ''

''လိုက်သွားလိုက်ပါ ခန့်ညားရာ မင်းတစ်ယောက်တည်း နေမှာ ထက်စာရင် စန္ဒီနဲ့ အတူရှိနေတာ မင်းအတွက် အဆင်ပြေဆုံး ဖြစ်မှာလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်''

ဦးမောင် စကားကြောင့် စန္ဒီ မျက်ဝန်းလေး ဝိုင်းဝိုင်းလည်သွား၏။

''ခန့်ညားက ဘယ်သွားမလို့လဲ''

''ဦးမောင်အိမ်မှာ အဆင်မပြေဘူးလေ၊ သူတစ်နေရာရာကို ထွက်သွားတော့မယ် ဆိုလို့ ဦးမောင် စိတ်မချဖြစ်နေတာ''

''ဪ''

တီးတိုးညည်းညူမိလျက် ခန့်ညားကို ကြည့်ကာ စန္ဒီ စိတ်မကောင်းဖြစ်မိသည်။ နေစရာအိမ်မရှိ၊ ပြေးစရာမြေမရှိ၊ ခန့်ညား သူ့ဘဝ သူအဆုံးသတ်နေတာက အကျည်းတန်လွန်းပါသည်။

''ကျွန်တော် စန္ဒီနဲ့ မလိုက်တော့ဘူး ဦးမောင်၊ ကျွန်တော်လည်း ကျွန်တော် လျှောက်တော့မယ်၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်တော့ဘူး''

''ကသစ်နွယ် မင်းနဲ့တွေ့ချင်တာကိုရော နင်လိုက်မတွေ့တော့ဘူးလား၊ တို့ဆန္ဒနဲ့ မင်းကိုခေါ်ဖို့ရောက်လာခဲ့တာ မဟုတ်ဘူး ခန့်ညား။ ကသစ်နွယ်က မင်းနဲ့တွေ့ချင်တယ်၊ စကားတွေ ပြောချင်တယ်တဲ့၊ မင်းအတွက် ပြောင်းလဲမှုတွေလည်း ရှိချင်ရှိလာနိုင်တယ် မင်းစဉ်းစားပါ''

လိမ်ညာမှုတစ်ဝက်၊ အမှန်တရားတစ်ဝက် စန္ဒီ မက်လုံးပေးလိုက်သည်။ အဲလိုပြောမှ ခန့်ညား လက်ခံမည်ဆိုတာ စန္ဒီ သိနေသည်။





တွေးထားသည့်အတိုင်းလည်း ခန့်ညား သူမအိမ်ကို လိုက်လာခဲ့၏။

''ကသစ် ဘယ်ချိန်လာမယ် ပြောလို့လဲ''

''မင်း ဒီအိမ်ကိုရောက်လာပြီ ဆိုရင် သူ့ကို ဆက်သွယ်လိုက်ပါ့မယ်၊ မင်းစိတ်တွေကို အနားယူလိုက်ပါဦး ခန့်ညား၊ ဘီယာ ပုလင်းတွေ ရေခဲသေတ္တာထဲမှာ ရှိတယ်၊ တို့ အမြည်းတစ်ခုခု လုပ်ပေးမယ်''

ခန့်ညားက ထမင်းစားခန်းထဲက စားပွဲမှာ ဘီယာပုလင်း ခန့်ခွက်ယူလာပြီး သောက်သည်။ အဆင့်သင့် ဝယ်ထားသော အသားချောင်းနှင့် ကြက်ဥဟပ်ဖရိုက် ကြော်ပေးလိုက်ကာ၊ စန္ဒီ ခုံတစ်လုံး ဆွဲ၍ ဝင်ထိုင်လိုက်သည်။ ခန့်ညားက ရီဝေ မူးရစ်စပြုနေပြီ ဖြစ်၏။

''ဒီအရက်တွေကို မင်းစွဲလန်းနေပြီလား။ အရက်နဲ့ ကသစ်နွယ် တစ်ခုခုကို ရွေးချယ်ရမယ့် အခြေအနေ ဖြစ်လာရင်ရော၊ မင်းပြတ်သားနိုင်ပါတော့မလား''

''အေ့ နင်ဘာတွေပြောနေတာလဲ စန္ဒီ၊ ငါက ကသစ်နွယ် ငါ့အနားမှာ မရှိလို့ အရက်သမားဖြစ်ခဲ့တာ၊ သူသာ ငါ့အနားမှာရှိရင်၊ ဟောဒီအရက်က ဟိုးအဝေးကြီးကို ရောက်သွားမှာပေါ့''

တို့ရှိလို့ရော မဖြစ်ဘူးလားဟု မေးထွက်လိုက်ချင်ပါသည်။ သတိလက်လွတ် မူးနေတဲ့ အချိန်မှာတောင်၊ မသိနိုးနားဖေးမခွင့် မပေးတဲ့ ခန့်ညားရဲ့ သစ္စာကြီးမှုကို၊ သူမ အံ့သြမိပါသည်။ ထိုအချစ်မျိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိတွေ့နိုး စပ်ခွင့်မရသော ကိုယ့်တာဝကိုယ်လည်း ဝမ်းနည်းနာကျင်တတ်လာသည်။

"ငါနဲ့ ကသစ်နွယ် အေ့ ဒီဘဝမှာ ဘယ်လိုမှမဆုံးဆည်းနိုင်တော့ဘူး ထင်တယ်နော်"

"ကသစ်နွယ် ရောက်လာရင် အဆုံးအဖြတ်ပေးလိမ့်မယ်"

"နင် ဘာကိုဆိုလိုတာလဲ စန္ဒီ"

ခန့်ညား အမူးပြေကာ ခေါင်းထောင်သွား၏။

"သူဘာကြောင့် မင်းကိုတွေ့ချင်တယ် ဆိုတာ တို့မသိဘူး၊ မင်းတို့ရဲ့ အမှတ်တရ ဟန်းချိန်းလေးတို့ကို ပေးထားခဲ့တာလည်း အဓိပ္ပာယ်တွေ အများကြီးပြောသွားခဲ့တယ်"

စန္ဒီ စကားကို အဆုံးမပြော၊ ဘယ်သူကနိဒါန်းအစ၊ ဘယ်သူက နိဂုံးဆိုတာ ကံကြမ္မာက ဆုံးဖြတ်ပေးသွားလိမ့်မည်။ ခန့်ညားကို အတိုင်းကြည့်နေရလည်း ကျေနပ်နေသည့် သူမအတွက် ဘာတွေမှ အရေးတကြီး မလိုအပ်ပါ။

ကသစ်နွယ် ရောက်မလာခင်အထိ ခန့်ညား ဒီအတိုင်း ငြိမ်ငြိမ်လေးနေအောင်သာ၊ စည်းရုံးသိမ်းသွင်း နေရခြင်းပင်။ ကံကြမ္မာက တို့ကို ဘယ်တုန်းကမှ မျက်နှာသာ မပေးဖူးခဲ့သေးဘူး ခန့်ညားရယ်..။

■ ■ ■



## အခန်း (၃၂)

အိပ်ရာထ မျက်နှာသစ်ပြီး ချိန်မှာ ကသစ်နွယ် ရောက်လာလိမ့်မည်ဟု စန္ဒီ အသိပေးသည်။ ရင်တွေဖျပ်ဖျပ်ခါကာ တုန်ခနဲ ဖြစ်သွား၏။

ကသစ်နှင့် ပတ်သက်လျှင် ဒီအချိန်ထိ မရင့်ကျက်နိုင်သေးသည့် နှလုံးသားကို၊ ကိုယ်တိုင်နာကြည်းရမလို ဖြစ်နေသည်။

သူ့ပုံစံကိုမြင်ပြီး ကသစ်စိတ်မကောင်း ဖြစ်မှာစိုး၍ ရေချိုးခန်းဝင်ကာ၊ ပါးသိုင်းမွေး မုတ်ဆိတ်မွေးတွေ စိတ်လိုလက်ရ ရိတ်သင်မိသည်။ ရေမိုးချိုးသန့်စင်ကာ စန္ဒီ ထုတ်ပေးထားသော စတိုင်ပန်အနက်နှင့် နံ့သာရောင် ဖျော့ဖျော့ စပို့ရှပ်အင်္ကျီကိုပါ ဝတ်လိုက်၏။

စန္ဒီက သူမသုံးနေကျ ရေမွှေးပုလင်းကို ယူလာပြီး၊ သူ့ကိုယ်ပေါ်မှာ ဖြန်းပတ်ပေးရင်း တစိမ့်စိမ့်ကြည့်ကာ..



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုနေစမ်းပါ ခန့်ညားရယ်၊ ကသစ် မလာမချင်း အရက်သောက်ဖို့လည်း စိတ်မကူးနဲ့နော်၊ နင့်ရဲ့ ဒီဖိုင်းကိုမြင်ပြီး ကသစ် ဘယ်လောက်များကြည်နူးလိုက်မလဲ၊ မင်းလည်း ကသစ် ဆိုတဲ့အသံကြားတာနဲ့ တက်ကြွလန်းဆန်းနေလိုက်တာ၊ မင်းဘာတွေ မျှော်လင့်ထားလို့ပဲ ခန့်ညား"

"ကသစ် ဘက်က ပြောင်းလဲမှု ရှိချင်ရှိနိုင်တယ်ဆိုတဲ့ နင့်ရဲ့ စကားကြောင့် ငါကိုယ်ငါ ယုံကြည်မှုရှိလာသလိုပဲ၊ ကသစ်သာ ငါ့အနားမှာနေတော့မယ်လို့ ပြောလာခဲ့ရင်၊ ငါကလည်း ကသစ်ယုံကြည်အားကိုးလာအောင်နေပြရမှာပေါ့"

ဘုရားသခင် သူလိုက်လာအောင် သွေးဆောင်စည်းရုံးမိသည့် စကားတွေက၊ ခန့်ညားကို အဲဒီလောက် စိတ်ကူးယဉ်နိုင်အောင် စွမ်းခဲ့လေသလား။ ခုချိန်မှ မဟုတ်ပါဘူးလို့ ပြောမိလျှင်လည်း ခန့်ညား သွေးဆူပေါက် ကွဲသွားနိုင်သည်။

ကသစ်လာမှ လွတ်လွတ်လပ်လပ် ဖြေရှင်းဆွေးနွေး ကြပါစေ၊ သူမက ဘာမှအရာမဝင်တဲ့ ဆောလူတစ်ယောက် မဟုတ်ပါလား။

အိမ်ရှေ့မှာ ကားတစ်စီးဟွန်းသံပေး၍ ရောက်လာသည်။

ခန့်ညား ခေါင်းထောင်ကာ လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။သူမက တော့ မမြင်ကွယ်ရာကနေ အခြေအနေ စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်





ရပါသည်။

"ခန့်ညား"

"ကသစ်"

လှိုက်မောသော ခေါ်သံနှစ်ခု တိုက်ဆိုင်သွားသည်။ ပါးသိုင်းမွေး မုတ်ဆိတ်မွေးတွေ မရှိတော့ဘဲ ရှင်းသန့်သေသပ် ချောမွေ့နေသော ခန့်ညားကို ကသစ် ဆွေးမြေ့စွာ ငေးနေမိသည်။

"ကသစ် ထိုင်လေ"

ရှေ့ကဆိုဖာမှာ မေးငေါ့ပြရင်း၊ ရတနာတွေ ဆင်ယင်ထားသော ကသစ်ရဲ့ တောက်ပမှုတွေကို သိမ်ငယ်စွာကြည့်ဖြစ်သည်။

ထိုအရာတွေ ဖယ်ကြည့်လိုက်လျှင်၊ ကသစ်က ဟိုအရင်က ကသစ်ပါပဲ။

"နင်ပြောင်းလဲသွားတယ် ခန့်ညား"

"နင့်ကြောင့်ပါ၊ နင်လာမယ် ဆိုလို့၊တစ်သက်လုံးပြောင်းလဲဖို့ဆိုရင်တော့၊ နင်ငါ့အနားမှာ တစ်သက်လုံး နေပေးမှဖြစ်မယ်"

"ဟမ်"

ခန့်ညား ဘာတွေပြောနေတာလဲ၊ ကသစ်နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ငါကနင့်ဆီကို ခဏပဲလာလို့ရတာလေ၊နင်ဘာတွေပြော



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ”

“ဘာ”

“ငါက ငါ့ဘဝနဲ့ သီးခြားဖြစ်နေပြီး နင်မြင်အောင်ကြည့်စမ်းပါ ခန့်ညားရယ်၊ ဆုံတိုင်းဒီကြောင်းတွေ ပြောပြီးအခြေအတင် မဖြစ်ချင်ဘူး နင်ရောက်နေတဲ့ နေရာကိုလည်း နင်သိအောင်လုပ်၊ ရှေ့ဆက်လျှောက်ရ မယ့် အနာဂတ်မှာလည်း စန္ဒီ နင့်အနားမှာ ရှိနေရင် ပြည့်စုံတယ်လို့ တွေးယူလိုက်ပါ”

“ကသစ်”

ခန့်ညား အထိတ်တလန့်အော်သည်။ ဆံပင်တွေကို ဆွဲဖွကာ မျက်နှာကြီးလည်း နီမြန်းသွား၏။

“ကသစ် ဟာကွာ ကျစ်”

“နင့်ကိုငါဘာတွေများ မျှော်လင့်ချက်ပေးမိလို့လဲ ခန့်ညား ချစ်ခဲ့ကြတာ တစ်ချိန်က၊ ခုအနေအထားက လုံးဝမတွေ့ကြတော့ဘဲ မေ့သင့်နေပြီ၊ ဒါပေမဲ့ သံယောဇဉ်က မေ့လွယ်ပျောက်လွယ် ပေါ့ပေါ့လေး မဟုတ်ဘူး၊ အဲဒီကြောင့် နောက်ဆုံး အနေနဲ့အလေးနက်ဆုံး စကားတွေ ပြောဖို့လာခဲ့တာ”

“နောက်ဆုံးအနေနဲ့ ဟုတ်လား”

ခန့်ညား မချိမဆံ့ ရေရွတ်ပြီး၊ပြန်းခနဲ ရေခဲသေတ္တာဆီ ထသွား



သည်။ ပြန်ထိုင်တော့ လက်ထဲမှာ အရက်ပုလင်းနှင့် ဖန်ခွက်ပါလာ၏။

“ခန့်ညား”

“နင့်ပြောနေတာတွေ ခံနိုင်ရည်ရှိဖို့ အရက်သောက်မှ ဖြစ်မယ်”

ပြောပြီး ဖန်ခွက်ထဲကို အရက်တွေထည့်၍ ဆင့်ကာ၊ ဆင့်ကာ မော့သောက်သည်။ ခန့်ညား ဘက်ကခုံကို ပြောင်းထိုင်ကာ အရက်ဖန် ခွက်ကို ကသစ်ဆွဲလုလိုက်၏။

“နင်ဘာကြောင့် ခုချိန်ထိ မရင့်ကျက်သေးတာလဲ၊ မဖြစ်နိုင် တော့ပါဘူးဆိုတာကို၊ ဘာကြောင့် တောင်းတနေရတာလဲ၊ ငါကိုနင်နဲ့ အတူ ပြိုင်မိုက်စေချင်နေတာလား၊ကောင်းပြီ ခန့်ညား ငါမပြန်တော့ဘူး၊ နင်နဲ့အတူနေမယ်၊ လူတစ်ကာ လက်ညှိုးထိုးတာကိုခံမယ်၊ ငါ့မိဘမွေးချင်း တွေစွန့်ပစ်ချင်လည်း စွန့်ပစ်ပါစေ၊ဂုဏ်သိက္ခာ အဆင့်အတန်း ဘာမှမငဲ့ မောတော့ဘူး၊ ကျေနပ်ပြီလား၊ ငါ့ကိုအဲလိုဖြစ်စေချင်တာ မဟုတ်လား၊ ဟုတ်တယ်မလား ခန့်ညား”

“မ မဟုတ်လား”

“အဲဒါဆို ဘာလဲ၊ ဘာလို့အမြင်မှန်မရတာလဲ၊ ဘာလို့အမြင်မှန် မရတာလဲ၊ငါ့ကိုချစ်တဲ့စိတ်နဲ့ နင့်ဘဝကို ရေစုန်မျောပစ်တယ်၊ နင်ရောစိတ် ချမ်းသာလား၊ ငါရော မခံစားရဘူးလား၊ဝမ်းနည်းမှုဟာ ပျော်ရွှင်မှုရဲ့ရှေ့ ပြေး နိမိတ်ဖြစ်မယ်ဆိုရင် ဆုံးရှုံးမှုတိုင်း အတွက် ဘာအကျိုးရှိနိုင်မလဲ၊နင့်



www.burmeseclassic.com

www.burmeseclassic.com



မိဘအသိုင်းအဝိုင်း၊ ငါ့မိဘအသိုင်းအဝိုင်း၊ ပြီးတော့ နင်ရောငါ့ရော ဒဏ်ရာဒဏ်ချက်တွေနဲ့ ဘယ်သူမှကောင်းအတိုင်းမရှိဘူး''

''နင်ပြောလို့ပြီးပြီလား''

''မပြီးသေးဘူး၊ တို့နှစ်ယောက်အတူနေလိုက်ရင် ဘယ်သူက လက်ခုတ်တီးပြီး ကြိုဆိုမလဲ၊ ကံကြမ္မာဖယားချတဲ့ အတိုင်းမရောင့်ရဲနိုင်ရင်၊ အဲဒီကံကြမ္မာကို အံတုရဲသလား၊ အနိုင်ရအောင် ပြန်တိုက်ရဲသလား။ လူဖြစ်ရှုံးခံပြီး အရက်နွံထဲမှာ နစ်နေတာ၊ နင့်ကိုယ်နင် သူရဲကောင်းလို့တော့မထင်နဲ့ ခန့်ညား။ ငါ့ကိုချစ်လို့ပါ ဆိုတာမျိုးနဲ့လည်း အသံကောင်းမဟစ်နဲ့၊ ပျော့ညံ့တာ၊ တွေဝေတာ၊ ရင်မဆိုင်ရဲတာ၊ ယောကျ်ား မာနမရှိတာ''

''ကသစ်ရယ်''

ကသစ်ရဲ့ စကားလုံးတွေက၊ အဆိတ်ပြင်းပြင်းနှင့် ရင်ဝကို ထိုးစိုက်နေသလိုပင်။

''သူ'' မမြင်ရဲသော မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်၊ ရင်ထဲမှာ ကျဉ်ဆို့လှိုက်မောလို့ ကသစ် မျက်နှာကိုတောင် မကြည့်ဝံ့သလိုဖြစ်နေသည်။

''တော်တော့ ကသစ်ရယ်၊ နင်ဘာမှမပြောပါနဲ့တော့''

''မပြောလို့တော့ မဖြစ်ဘူး ခန့်ညား၊ နင့်ဘက်ကသေချာတဲ့





ဆုံးဖြတ်ချက်ကို မရရင်ငါမပြန်တော့ဘူး၊ နင်ဒီလိုတဝကြီးကို အရှုံးပေးနေမှာဆိုရင်၊ ရွှေဘုံပေါ်မှာ စံနေရတော့ရော၊ ငါကပျော်နိုင်မှာလား''

''ဒါ ဒါဆိုရင်''

''နင်နဲ့ အတူတူဘဝကို အရှုံးပေးမယ်လေ၊ ငါက အိမ်ထောင်ရေးဖောက်ပြန်တဲ့ တစ်ခုလပ်၊ နင်ကလူပျော့လူညံ့ အရက်သမားဘွဲ့ရထားတယ်၊ တို့မွေးလာမယ့် ကလေးတွေက''

''တော်တော့ တော်ပါတော့၊ မပြောပါနဲ့တော့ ကသစ်ရယ်၊ နင့်ကိုငါအဲဒီလိုကြီး ဖြစ်စေချင်လို့ မဟုတ်ပါဘူး၊ ငါမရည်ရွယ်ပါဘူး၊ ငါ့ရင်ထဲမှာ ရှိတဲ့အတိုင်း စိတ်တွေကို လွှတ်ထားမိတာပါ၊ ငါချစ်တဲ့ နင်ကို အဲလို ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ရက်ပါမလား၊ နင့်ကို တန်ဖိုးထားလို့၊ အထင်သေးခံရမှာစိုးလို့ ငါနောက်ဆုတ်ခဲ့တာ နင်သိပါတယ်''

''နောက်ဆုတ်ခဲ့ပေမယ့်ရှေ့ဆက်မတိုးတာမ မဟုတ်တဲ့ ခန့်ညားရယ်၊ နင်ခုချိန်ထိ ငါ့ကိုစိတ်ဒုက္ခပေးနေတယ်၊ နင့်ဘဝနင် ဖျက်စီးနေတာ နင်ဘာကို သက်သေပြချင်လို့လဲ''

''နင်နဲ့ငါကို ကွဲကွာစေတဲ့ ကံကြမ္မာကို အရွဲ့တိုက်နေမှန်း သိသားနဲ့ ကသစ်ရယ်''

''နင်ဘာတွေပြန်ရသလဲ၊ ဘာအကျိုးအမြတ် ထွက်သလဲ၊



www.burmeseclassic.com

www.burmeseclassic.com



နင်လမ်း ဘေးရောက်သွားတယ်၊ မိဘဆွေမျိုးနဲ့ သူစိမ်းတွေ ပြုပြင်တာ ခံရတယ်၊ နင် ငါ့ကိုချစ်ရင် ကတိပေးပါ ခန့်ညား''

ခန့်ညား တွေခနဲ ဖြစ်ကာ၊ ကသစ်ကို ဆွေးမြေ့ကြေကွဲစွာ ကြည့်သည်။ ပြီးမှ လက်နှစ်ဖက်ကို ဆန့်တန်းကာ

''ငါ့ရင်ခွင်မှာ နင့်ကို ခထာလောက်ဖက်ခွင့်ပြုပါ၊ပြီးရင် နင်ပြောတာတွေ နင့်ဆန္ဒတွေကို ငါလက်ခံမယ်၊ နားထောင်ပါမယ်''

''အရက်မသောက်တော့ဘူး။ နင့်ဘဝ နင်မြင်မားအောင်ပြန် ကြိုးစားမယ်လို့ရော ကတိပေးမှာလား''

ခန့်ညားက မျက်ရည်တွေနှင့် လေးပင်စွာ ခေါင်းညိတ်၏။ အသားတွေ တဆတ်ဆတ်တုန်ပြီး၊ မှတ်သိပ်ပြင်းပြစွာ သူမကို ထွေးဖက် လိုက်တော့လည်း မြန်ဆန်သည်။

''ခန့်ညားရယ်''

နင်ရင်ခွင်မှာ နိုဝင်လိုက်ပေမယ့်၊ ဖြူစင်တဲ့စေတနာ မေတ္တာ တွေနဲ့ဆိုတာ ငါကိုယ်ငါပဲ သိပါတယ်။ အရောင်တွေ မစွန်းထင်အောင် ငါကိုယ်ငါထိန်းနိုင်နေပြီလေ။

ငါမှာမိသားစုနဲ့ အနှောင်အဖွဲ့နဲ့၊ အိမ်ထောင်ရှင်မတစ်ယောက်ရဲ့ တာဝန်ဝတ္တရားတွေနဲ့။

အဲဒါက ငါမလိုချင်ပေမယ့်၊ ကျေကျေနပ်နပ် လက်ခံလိုက်ရတဲ့





ဘဝတစ်ခုပါ။ လိုလိုချင်ချင် မရှိပေမယ့်၊နင့်ကိုလည်း ဘဝတစ်ခုမှာ ပျော်မွေ့စေချင်တယ်။ အဲဒီဘဝလေးက..

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ကသစ်နွယ်က ငါ့ကိုအေးချမ်းတဲ့ ဘဝနဲ့တည်တည်ငြိမ်ငြိမ် ဖြစ်စေချင်တယ်တဲ့၊အသင့်တော်ဆုံး လက်တွဲဖော်က နင်ပဲတဲ့လေ"

"မင်းဆန္ဒကရော"

ကသစ်နွယ် ပြောခဲ့သမျှ အကုန်ကြားပြီးပါပြီလို့ စန္ဒီ မပြော။ ခန့်ညား နှုတ်ကဖွင့်ဟလာမယ့် ရင်တွင်းစကားကိုသာ ကြားချင်လှသည်။ ခန့်ညားက သူမကိုမကြည့်ဘဲ၊ခြံဝင်းအပြင်ကို ငေးမောလျက်၊

"ငါ့ရင်ခွင်မှာ ငါးမိနစ်လောက် သူ့ကို ထွေးပွေ့ခွင့်ရလိုက်တာနဲ့ သူဖြစ်စေချင်တာတွေ အားလုံးကိုကတိပေး လိုက်ပါတယ်၊ ငါ့ဘဝ ပျက်စီးမှာကို သူအရမ်းစိုးရိမ်တယ်တဲ့လေ၊ ငါကသူကို ပျော်စေချင်တာ၊ စိတ်ချမ်းသာစေချင်တာ"





"တို့လည်း အဲလိုပါပဲ ခန့်ညား၊ မင်းဘဝ ပျက်စီးလေလွင့်မှာကို သူထက်မလျော့တဲ့ ပူလောင်မှုတွေနဲ့ စိုးရိမ်ခဲ့ပါတယ်၊တို့ကိုတော့ ကသစ်နွယ်လို စိတ်မချမ်းသာစေချင်၊ မပျော်စေချင်ဘူးပေါ့နော်၊ သံယောဇဉ်ကို ဈေးဆစ်နေတာ မဟုတ်ပါဘူး။တကယ်ဆို တို့ဘဝက ခန့်ညားနဲ့ မထိုက်တန်မှန်း သိပါတယ်"

"အဲဒီလို မပြောပါနဲ့ စန္ဒီ၊ နင့်ကိုငါဘယ်ချိန်တုန်းက အထင်သေးခဲ့ဖူးလို့လဲ၊ အချစ်ကတော့ မျှဝေပေးစရာမရှိအောင်၊ ကသစ်နွယ်ဆီမှာ အကုန်ပုံအပ်ပြီးသား ဖြစ်နေတယ်၊ လက်တွဲဖြစ်တယ် ဆိုရင်တောင်၊ ငါက နင့်ကိုအားနာရမှာပါ၊ ငါ့မှာဘာပိုင်ဆိုင်မှုမှ မရှိလည်း၊ နင်ကငါ့ကို ကိုးကွယ်ချင်တာ၊ မြတ်နိုးနေတာဆို"

"ခန့်ညား"

သူမရှက်လန့်တကြားလေး ဟန့်တားမိသည်။ မခံစားနိုင်လို့ ရင်ဖွင့်မိပေမယ့်၊ ရှေ့မှာတည့်တည့်ပြောတော့ ခန့်ညား မျက်နှာကို သူမ ဘယ်လိုကြည့်ရဲ ပါတော့မလဲ။

"မာမီတို့နဲ့ ဆွေးနွေးတိုင်ပင်မယ်လို့ ကသစ်နွယ်ပြောသွားတယ်" ကိုကိုတို့ လင်မယားကို စိတ်မချလို့ငါလည်း အိမ်ပြန်ချင်နေတာပါ၊ စည်းစိမ်ဉစ္စာတွေကို အပိုင်သိမ်းသွားတာထက် မာမီငါ့အတွက် သောကများခဲ့ရတာတွေကို ကုစားပေးချင်တယ်"

www.burmeseclassic.com



"မင်းမာမီ တို့ကို လက်မခံနိုင်ဘူးဆိုရင်ရော"

ခန့်ညား သူမကို မျက်လုံးတစ်ချက် လှန်ကြည့်၍ မပွင့်တပွင့် ပြုံးကာ . .

"မာမီတို့ နောက်တစ်ကြိမ် အဲဒီလို ဘယ်တော့မှ လုပ်တော့မှာ မဟုတ်ဘူးဆိုတာ ငါသိတယ်၊ ခြိမ်းခြောက်ချင်တာ မဟုတ်ပေမယ့်၊ ကသစ် နွယ်နဲ့ ကိစ္စက တော်တော်သွေးပျက်စရာ ကောင်းခဲ့တယ်လေ၊ နောင်တမ ရပေမယ့် ငါမှားခဲ့တယ်ဆိုတာ ငါသိပါတယ်"

"ကသစ်နွယ်က၊ မင်းရဲ့စိတ်နဲ့အပြုအမူတွေကို ပြောင်းလဲနိုင်သားပဲနော်၊ မနာလိုလို့ မဟုတ်ပါဘူး၊ မင်းတို့နှစ်ယောက် အချစ်က အရမ်းလေးစားစရာ ကောင်းပါတယ်၊ အဲဒီအချစ်တွေ ပိုင်ဆိုင်ခွင့်မရပေမယ့်၊ နားလည်ရင်းနဲ့ တို့ကျေနပ်နေမှာပါ၊ တို့ဘဝကိုလည်း မင်းကြောင့် အရာရာပြောင်းလဲပစ်ဖို့ ဆုံးဖြတ်ထားပါတယ်၊ မသန့်ရှင်းခဲ့ပေမယ့်၊ စင်ကြယ်အောင် ကြိုးစားမှာကို မင်းနားလည်ပေးနိုင်ပါ့မလား ခန့်ညား"

"ကသစ်နွယ် ဆန္ဒက မင်းကိုအလေးအနက် ရှိခဲ့တယ်၊ ကသစ်နွယ်က ဉာဏ်အမြော်အမြင်ရှိတဲ့ မိန်းမလေ၊ နှင့်ကိုသူဟန်းချိန်းပေးလိုက်ကတည်းက၊ သူဖြစ်စေချင်တာတွေကို ကြိုသိနေခဲ့ပါတယ်၊ ကသစ်နွယ် ဆိုတဲ့ စာတမ်းလေးကို မဖျောက်ဖျက်ဘဲ ဝတ်ထားပေးပါ စန္ဒီ၊ ငါဘဝကို ပေးရင် ဒီတစ်ခုတော့ လိုက်လျောပေးနိုင်တယ် မဟုတ်လား"





တောင်းဆိုမှုတရားမျှတလား၊ မမျှတဘူးလား၊ သူမ မတွေးချင်ပါ။ ဘာဖြစ်ဖြစ် ကျေနပ်နေမည့် ဒီရင်ကအသည်းရိုင်းပေမယ့် နှလုံးသားနုပါတယ် ခန့်ညားရယ်။

မပိုင်ဆိုင်သင့်မှန်း သိပေမယ့်၊ ရယူချင်စိတ်ကိုလည်း မစွန့်လွှတ်ချင်ပြန်ဘူး။

ကသစ်နွယ် ပုံဖော်ဖန်တီးပေးသွားတဲ့ ဒီဘဝလေးက၊ ပျော်ရွှင်ကြည်နူးစရာကောင်းမလား၊ ဝမ်းနည်းနာကျင်စရာ ကောင်းမလား ကြိုမသိနိုင်ပေမယ့်၊ ရင်ခုန်လှုပ်ရှားစေတာတော့ အမှန်ပါပဲ။

ငါ့ရင်တွေ သိမ့်သိမ့်လှုပ်ခတ်နေတယ် ခန့်ညား။

အချိန်တွေ ဘယ်လောက်ကြာကြာပေါ့ . .

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"မမကာသစ်ရေ မမကာသစ် ယသော် စာမေးပွဲအောင်တယ်ကွယ် ထွေးနှစ်ခုတောင် ပါတယ်"

ယသော် အသံက ဘုရားပန်းအိုးလဲနေသော နေရာအထိ ရှုးရှုး လွင့်ပျံလာသည်။ ပန်းအိုးတွေကို ဘုရားစင်ပေါ်တင်ပြီး ကာသစ် ဘုရားခန်းထဲက ပြေးထွက်လာမိ၏။

လှေကားအတက်အဆင်းမှာ ဆုံတော့ ယသော်က သူမကိုယ် အတင်း ဖက်တွယ်ထားပြီး မျက်ရည်လည်နေသည်။

"မမကာသစ် ကျေးဇူးကြောင့် ယသော် စာမေးပွဲအောင်တာ ကိုယ့်ကိုယ်ကို မယုံလို့အောင်စာရင်း တောင်သွားမကြည့်ရဲဘူး။ သူငယ်ချင်း တွေက ဖုန်းဆက်ပြောတာ"





"ဝမ်းသာလိုက်တာကွယ်၊ မမလည်း ရင်တွေတုန်ပြီး ညကတည်းက အိပ်မပျော်ဘူး။ အဲဒါကြောင့် အခုဘုရားပန်းအိုးလဲပြီး ဆုတောင်းမလို့လေ၊ ဒြော် ယသော် ဖေဖေနဲ့ ဘွားဘွားရောသိပြီးပြီလား"

"ဘယ်ပြောရသေးမလဲ၊ ဘွားကခြံထဲမှာ ပန်းအိုးအသစ်တွေ ရောက်လို့သွားကြည့်နေတယ်၊ ဖေဖေက ကုမ္ပဏီသွားပြီးလေ"

"မ မဟော်ရော သိပြီးလား"

"ဟွန်း အပြင်သွားမလို့ ထင်ပါတယ်၊ သူ့ကားရေဆေးတာ မပြောင်လို့တဲ့ ထပ်ဆေးခိုင်းနေတယ်၊ ထားလိုက်ပါ၊ ယသော် စာမေးပွဲ အောင်တာ ကိုကိုလည်း သိချင်မှာမဟုတ်ဘူး။ ဖေဖေလည်း သူ့အလုပ်နဲ့သူ စိတ်ဝင်စားမှာ မဟုတ်ပါဘူး၊ ဘွားကလည်း ငွေတွေအများကြီး ကုန်ထားလို့ အောင်တာ ဘာထူးဆန်းလဲလို့ ပြောလိမ့်မယ်၊ ပြောမနေချင်တော့ပါဘူး"

"အဲလို မပြောရဘူးလေ ယသော်ရယ်၊ သူ့စိမ်းတွေမှ မဟုတ်တာ၊ ဝမ်းသာစရာ သတင်းကို မိသားစုတွေ စုံစုံညီညီနဲ့ ပီတိဖြစ်ပြီး ကြည်နူးကြတာ မကောင်းဘူးလား။ မိသားစု ဆိုတဲ့ အဓိပ္ပာယ်ဟာ ငွေကြေးပြည့်စုံတာထက်၊ ချမ်းသာတာ မချမ်းသာတာထက် ရင်နှီးနွေးထွေးဖို့ စာနာနားလည်မှုရှိဖို့ ဒုက္ခ သုခ ဘာပဲဖြစ်ဖြစ် မျှဝေခံစားကြဖို့ပဲ"

"မမကာသစ်ကို ဖေဖေ လက်ထပ်လိုက်တဲ့ အချိန်က ယသော်တို့



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုနဲ့ ကြိုဆိုခဲ့ကြလို့လား၊ ယသော်တို့ ဘာလုပ်လုပ် ချီးမွမ်းထော ရှုတ်ချတာ၊ ဝမ်းသာ ဝမ်းနည်းပေးတာ မရှိဘူး၊ ယသော်တို့ကလည်း ဖေဖေ ဘာလုပ်လုပ် နားလည်လက်ခံပေးစရာ မလိုဘူးလေ၊ လက်ထပ် မယ်ဆိုတာတောင် အသိမပေး တိုင်ပင်ညှိနှိုင်းခဲ့တာမှ မဟုတ်တာ၊ အိမ်ကို ရောက်လာမှ ဒါပဲလို့ပြောပြတော့''

ကသစ် သက်ပြင်းရှိုက်ကာ ယသော် ကိုယ်လေးကို ခပ်တင်း တင်းဆွဲဖက်ပြီး နဖူးလေးကို နမ်းလိုက်၏။

''နားလည်ပြီ ယသော်တို့ မောင်နှမရဲ့ရင်ထဲမှာ ဘာဖြစ်နေ လဲဆိုတာ တို့သိပါပြီကွယ်၊ တစ်နေ့နေ့မှာ ဒီလိုအကြောင်းအရာတွေ အဆုံးသတ်ပြီး၊ ပျော်ရွှင်ကြည်နူးစရာ ကောင်းတဲ့ မိသားစုလေး ဖြစ်သွား အောင် တို့ကြိုးစားပေးမယ်၊ ယသော်လည်း အင်အားဖြည့်ရမယ်နော် ဘွားရယ် ယသော်ရယ် ဖေဖေရယ်၊ ကိုကိုရယ် တို့ရယ်၊ အားလုံးဟာ တစ်အိမ်ထဲမှာနေကြတဲ့၊ အရင်းနှီးဆုံး မိသားစုတွေပဲ၊ အဲဒီစိတ်တစ်ခု ပဲရင်ထဲမှာထည့်ထား ဟုတ်ပြီလား''

''ဝုန်း''

''ဖြုန်း''

''ဟဲ့ ဟဲ့ ခြံထဲမှာ ဘာတွေဖြစ်နေတာလဲ၊ လူသံတွေလည်း အော်ကြီးဟစ်ကျယ်နဲ့၊ ဘာတွေကို ရိုက်ခွဲနေကြတာလဲ မသိဘူး''





ကသစ်နှင့်ယသော် အကြည့်ချင်းဆုံကာ မတိုင်ပင်ရပါဘဲ ထိုနေရာကို အပြေးအလွှား ရောက်သွားကြသည်။

ယောက်ျားလေးသုံးယောက် ဘွားနှင့်မဟော်..။

''မင်းတို့ကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်''

''ခင်ဗျားတို့ တရားလွန်နေပြီနော်၊ ခင်ဗျားတို့ ညီမကို ကျွန်တော် လက်မှတ်ထိုးပေးထားတာပဲ၊ အိမ်အထိ လိုက်လာစရာ မလိုဘူး''

''ဟိတ်ကောင် ခွေးစကား မပြောနဲ့၊ လက်မှတ်ထိုးတာက မဖုံးနိုင် မဖိနိုင် ဖြစ်လာတဲ့ကိစ္စကို ငါတို့အားလုံး သိသွားလို့ တာဝန်ကျေ လုပ်ခဲ့တာ၊ အခု မင်းရှောင်ဖယ်ဖယ်နေပြီး ယုတ်မာတဲ့စိတ် မွေးနေတာ ဘယ်လိုဖြေ ရှင်းမလဲ''

''ချမ်းသာတယ်ဆိုပြီး လျော်ကြေးပေးလိုက်ရုံနဲ့ ပြီးပြတ်သွားမယ် ထင်လား၊ ငါတို့ညီမရဲ့ အရှက်နဲ့သိက္ခာက မင်းတို့စည်းစိမ် ဥစ္စာထက် တန်ဖိုးရှိတယ်ကွ နားလည်လား''

''မင်း ငါတို့နဲ့လိုက်ပြီး ဖြူဖြူကို ပေါင်းသင်းမလား မပေါင်းသင်း ဘူးလား ပြော၊ ငွေကြေးထောက်ပံ့ရုံနဲ့ ဒီကိစ္စက ပြေလည်သွားမှာ မဟုတ် ဘူး၊ ရပ်ထဲရွာထဲမှာ အရှက်ရနေပြီကွ''

''အဲဒါ ကျွန်တော် မတတ်နိုင်တော့ဘူး၊ ဒီမှာလည်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲနဲ့ ကျွန်တော်"

"ဟိတ်ကောင် တောက် ချပစ်ကွာ၊ သတ်ပစ်ကွာ၊ ငါတို့မိသား

တွေကို အရှက်ရအောင် လုပ်တဲ့ကောင်"

လူအုပ်က ဆဲဆိုသံတွေမျိုးစုံနှင့် မပော့်ကို ဝိုင်းလိုက်ကြသည်

မပော် ကြောက်ကြောက်လန့်လန့်နှင့် အဘွားကို ပြေးကပ်ပြီး တုန်ယင်

ချွေးပြန်နေ၏။

"ဘာဖြစ်နေကြတာလဲ၊ ပြဿနာကို ပြေပြေလည်လည် ဖြေရှင်း

ကြပါ၊ ရိုင်းစိုင်းကြမ်းတမ်းတဲ့ အပြုအမူတွေက ပြဿနာကို အဆင်ပြေ

စရာ အကြောင်းမရှိဘူး"

ကသစ် ကြားဝင်လိုက်တော့ လူအုပ်က နောက်ကို ရှဲသွားကာ

"ခင်ဗျားက ဒီကောင်ရဲ့ အစ်မလား အဒေါ်လား"

"သူ့ရဲ့အမေ"

"ဘာ"

"မဖြစ်နိုင်တာ လျှောက်မပြောနဲ့"

"မိထွေးဆိုတာ အမေမဖြစ်နိုင်ဘူးလား၊ မိသားစုဝင်ဖြစ်တဲ့

အတွက် ဒီပြဿနာကို ကျွန်မတို့ အေးအေးဆေးဆေး ဆွေးနွေးတိုင်ပင်

ရအောင်၊ ဖြစ်လာခဲ့သမျှ အစအဆုံး ကျွန်မ မသိဘူး။ ဒါပေမဲ့ ညှိနှိုင်းမှုက

တရားမျှတမှုရှိရင် ပြေလည်သွားမှာပါ"





ဒေါသမျက်နှာတွေ အရှိန်လျော့သွားကြ၏။ မိန်းမကြီးတစ်

ယောက်က ကသစ်ရှေ့ ရောက်လာကာ မျက်ရည်တွေ စီးကျပြီး အသံ

တုန်တုန်လေးနှင့်

"အ အဒေါ်သမီးနဲ့ ဒီက မောင်မပော်နဲ့ငြိစွန်းခဲ့ကြပါတယ်

ကွယ်၊ သမီးဖွင့်ပြောတော့ မောင်မပော်ကို ခေါ်တွေ့ပြီး လက်ထပ်ယူဖို့

တောင်းပန်ခဲ့ပါတယ်၊ မင်္ဂလာဆောင်ဖို့ကတော့ သူ့အဖေကို မပြောရဲဘူး၊

ရပ်ကွက်ရုံးမှာပဲ လက်မှတ်ထိုးပေးတယ်၊ ကိုယ်က သမီးရှင် ထိပ်ပြီး

အရှက်ကွဲမှာစိုးလို့ ဒီအတိုင်း ကျေနပ်ပေးလိုက်ပါတယ်၊ အစကတော့

ခဏ ခဏရောက်လာပြီး ပေါင်းသင်းပေမယ့် အခု မလာတာ တော်တော်

ကြာပါပြီ၊ ကိုယ်ဝန်က လရင့်လာရင် ဖူးပေါ်သလို ပေါ်ပြီး လင်ကောင်

မပေါ်ဘဲ ကလေးမွေးတယ်ဆိုတာမျိုးတွေနဲ့ ပတ်ဝန်းကျင် လက်ညှိုးထိုး

ခံရတော့မှာပေါ့ကွယ်"

မပော့်ကို ကသစ် စူးခနဲ လှည့်ကြည့်မိတော့ ခေါင်းကြီးငုံ့ကာ

ဟုတ်မှန်ကြောင်း ဝန်ခံနေသလိုပင်။

"အဒေါ်တို့ ဘာပစ္စည်းဥစ္စာမှ မမက်ပါဘူး၊ ကြီးကြီးကျယ်ကျယ်

ခမ်းခမ်းနားနား လက်ထပ်ပေးပါလို့လည်း မတောင်းဆိုခဲ့ပါဘူး၊ သူ

အနည်းအကျဉ်း ထောက်ပံ့ခဲ့တဲ့ ငွေလေးကိုတောင် သမီးအတွက် ဖိတ်ဖုံး

အင်္ကျီလေးတွေ ကလေးအသုံးအဆောင်လေးတွေ ကြိုဝယ်ထားခဲ့တာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သမီးက မှားယွင်းခဲ့တာဆိုတော့ အဒေါ်တို့ တစ်ပြားတစ်ချပ်မှ မသုံးစွဲခဲ့ပါဘူးကွယ်၊ အဒေါ့်မှာ သမီးသုံးယောက် ရှိတယ်၊ မောင်မပော် နဲ့ဖြစ်တဲ့သမီးက အကြီးဆုံးပါ၊ သူက လမ်းပြမကောင်းရင် နောက်လိုက် သမီးတွေ အတုယူမှား အတွေးမှားသွားမှာပေါ့၊ အဲဒါကြောင့် သူတို့ရဲ့ မောင်ဝမ်းကွဲ ဦးလေးဝမ်းကွဲတွေကို ခြိမ်းခြောက်ပေးပါလို့ ခေါ်လာခဲ့မိတာ ပါ၊ အဒေါ်တို့ဘက်က ကြမ်းတမ်းမိရင် တောင်းပန်ပါတယ်ကွယ်"

"နားလည်ပါတယ် အဒေါ်၊ ကျွန်မ သဘောပေါက်ပါတယ်၊ မပော် မင်း မိန်းကလေးတစ်ယောက်ကို မချစ်ဘဲ လက်မထပ်နိုင်ဘဲ မှားယွင်းခဲ့တာလား၊ မင်းမှာ ယသော်ဆိုတဲ့ ညီမတစ်ယောက် ရှိတယ်လေ၊ သူ့ကို တခြားယောကျ်ားတွေက အဲလို ကြောရှုံ ကြံသွားရင် မင်းခံနိုင် မလား"

"မ မဟုတ်ဘူး ကျွန်တော် ဖြူဖြူကို မချစ်လို့ မဟုတ်ဘူး၊ အရမ်းချစ်လို့ မှားယွင်းခဲ့မိတာပါ၊ အဲဒါကြောင့်လည်း သူ့ကို ရပ်ကွက်ရုံးမှာ လက်မှတ်ထိုးယူခဲ့တာ၊ ဒါပေမဲ့ ဖေဖေ့ကို မပြောရဲဘူး၊ ဖေဖေ့ကိုကြောက် တယ်၊ ဘယ် ဘယ်လိုလုပ်ရမှန်း မသိလို့ ဖြူဖြူ့ဆီကို မသွားရဲတော့ တာပါ"

"ဟား"

ကသစ် တော်တော် စိတ်ပင်ပန်းသွားသည်။ မိဘတွေရဲ့ စိမ်း





သက်မှု၊ သားသမီးတွေရဲ့ မပွင့်လင်းရဲမှုမှာ ဒီအခြေအနေဆိုးတွေ ဖြစ် ပေါ်လာတတ်တာကြီးပါလား။

သူမ ရင်ခွင်အောက်မှာ နေရတော့မယ့် ဒီကလေးတွေလိုတော့ ခန့်ညားလို အဖြစ်မျိုး မဖြစ်စေချင်ပါ။

အားလုံး ဒဏ်ရာအနာတရတွေ ကင်းစေချင်သည်။

"မင်း ဖြူဖြူ့ကို တကယ်ချစ်သလား"

"ဟုတ်ကဲ့"

"လက်ထပ်ပေါင်းသင်းချင်စိတ်ရော ရှိရဲ့လား၊ လေးလေးနက် နက် ဖြေပါ၊ မင်း အဖြေမှားရင် တစ်သက်လုံး နာကျင်နေရမှာ"

"ဟုတ်ကဲ့ ကျွန်တော် ဖြူဖြူ့ကို တကယ်ချစ်ခဲ့တာပါ၊ ဖြူဖြူနဲ့ နေရင် ဘာမှမလိုအပ်တော့ဘူး၊ ပြည့်စုံတယ်လို့ ခံစားရပါတယ်၊ ဒါပေမဲ့"

"ရပြီ မင်းအဖေကို တို့ပြောကြည့်မယ်၊ ဆွေးနွေးမယ်၊ သူလည်း လူကြမ်းကြီးတစ်ယောက်မှ မဟုတ်ဘဲကွယ်၊ မိသားစုတွေ ရင်းနှီးနွေးထွေး မှုတွေ မရှိခဲ့လို့ ဒီလို အကျိုးဆက်တွေ ဖြစ်လာကြတာပါ၊ နားလည်မှု ရှိရင် လူအချင်းချင်း ဂုဏ်ပကာသန အဆင့်အတန်း မခွဲခြားတော့ဘဲ ကိုယ်ချင်းစာစိတ်တွေနဲ့ ပြေလည်သွားကြမှာပါ"

"ကျေးဇူးတင်ပါတယ် ကျ ကျွန်တော့်အမှားတွေ အတွက် တောင်းပန်ပါတယ်၊ ကျွန်တော် နောက်ဆိုရင် မမကသစ်ကို မိခင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လို သဘောထားပါ့မယ်”

လက်အုပ်ချီလိုက်သော မဟော်လက်ကလေးကို မေတ္တာ အင်အားတွေနှင့် ကသစ် ဆုပ်ညှစ်လိုက်ကာ ယသော်နှင့် ဘွားကို လှည့်ကြည့်လိုက်သည်။

ဘွားရဲ့ပီတိဖြစ်နေသည့် အပြုံး။ ယသော့်ရဲ့ ကြည်နူးနေသည့် အပြုံးက ကသစ်ကို ယုံကြည်မှုတွေ ဖြစ်စေခဲ့သည်။

ယသော်က သူမကို ပြေးဖက်ကာ မေမေဟု တိုးတိုးလေး ခေါ်၏။ မဟော်လည်း အားကျမခံ သူမကို ဖက်တွယ်လာပြီး မေမေတဲ့။

ရင်ထဲမှာ ကြည်နူးမှုလှိုင်းလုံးကြီး ပြေးဝင်ဆောင့်၍ မူးမေ့လဲ မတတ် ပျော်ရွှင်သွားမိ၏။

ဘဝကို ရင်းရကျိုးနပ်ပါသည်။

နှလုံးသားကို ရင်းရကျိုးနပ်ပါသည်။

အချစ်တွေနဲ့အတူတူ ခန္ဓာကို စွန့်လွှတ်ရကျိုး နပ်ပါသည်။ အချစ်တွေ မရှိတော့ပေမယ့် ရင်ထဲမှာ မေတ္တာတွေ အပြည့်နှင့် ဒီမိသားစုလေးကို သူမ တစ်သက်လုံး ပိုင်ဆိုင်ရတော့မည်။

ကျေနပ်ပါတယ် ကံကြမ္မာကြီးရယ် . . ။

■ ■ ■



## အခန်း (၃၅)

နားလည်မှုတွေနှင့် မေတ္တာတွေ ပြည့်ဝနေသော ကမ္ဘာမြေ စံအိမ်ကြီးမှာ သားကြီးမဟော်ရဲ့ မင်္ဂလာဆွမ်းကျွေး အခမ်းအနားလေး ကျင်းပဖြစ်သည်။

ဖြူဖြူရဲ့ ဗိုက်ပူပူလေးက မဟော့်ရဲ့ ချစ်ခြင်းတရားတွေနှင့် ဝင့်ထည်နေ၏။ အားလုံးရဲ့ ပြုံးစိစိ အကြည့်တွေကြောင့် တိုင်းကမ္ဘာမှာ ရှက်ကိုးရှက်ကန်းနှင့် သူမလက်ကို ဆွဲပြီး အပြင်ကို ခေါ်လာသည်။

“မင်းကွာ ဗိုက်ကြီးနေတာကို လူတွေဖိတ်ပြီး မင်္ဂလာဆွမ်းကျွေး လုပ်ရသေးတယ်၊ ကလေးကင်ပွန်းတပ်ပါ တစ်ခါတည်း လုပ်လိုက် ပြီးရော လူတွေက ပြုံးစိစိနဲ့ အတင်းတုတ်နေကြတာလား မသိဘူး၊ မျက်နှာပူ လိုက်တာ”

www.burmeseclassic.com



"ပတ်ဝန်းကျင်က အကောင်းအဆိုး ဝေဖန်မှုကို ဂရုမစိုက်နဲ့၊ ဖြူဖြူ မိဘအသိုင်းအဝိုင်းရဲ့ ပျော်ရွှင်ကျေနပ်နေတဲ့ အပြုံးကို ကြည့်ပြီး ကြည်နူးလိုက်စမ်းပါ၊ ပီတိဖြစ်လိုက်စမ်းပါ၊ မိသားစုရဲ့နားလည်မှုနဲ့ ဂုဏ်သိက္ခာတွေကို လဲပစ်လိုက်စမ်းပါ၊ သားသမီးတွေ ဒုက္ခရောက်မှ အနာဂတ်ရ ကင်းမှ မိဘတွေ တစ်သက်လုံး စိတ်ချမ်းသာရမှာ၊ ရှင် မကျေနပ်ဘူးလား ဦးတိုင်းကမ္ဘာ"

"ကိုယ် ပြောမိလို့လား။ မင်းဘာလုပ်လုပ် ကိုယ် ကျေနပ်တယ်၊ မင်းဘာပြောပြော ကိုယ် လိုက်လျောခဲ့တယ်၊ ဒီကမ္ဘာမြေ စံအိမ်လေး နွေးထွေးမှုတွေနဲ့ ပျော်ရွှင်စရာကောင်းလာတာ မင်းရဲ့မေတ္တာတရားတွေ ကြောင့်ပါ၊ မင်းကို ဆုံစည်းခွင့်ပေးတဲ့ ပိုင်ဆိုင်မှုပေးတဲ့ ကံကြမ္မာကြီးကို ကိုယ် ကျေးဇူးတင်သွားပြီ ကသစ်"

မျက်နှာရှေ့မှာ ဝေ့ဝဲကျနေသည့် သူမရဲ့ ဆံနွယ်လေးတွေကို တိုင်းကမ္ဘာက တယုတယ ဖယ်ရှားပေးပြီး သူမ ပါးလေးကို စကား တပြောပြောနှင့် နမ်းဖို့ ကြိုးစားလာသည်။

မျက်နှာလေးကို ဘယ်ညာ ယမ်းကာ ရှောင်တိမ်းရင်း သူ့ရင် ဘတ်ကို လက်နှစ်ဖက်နှင့် တွန်းထားလိုက်ရသည်။

"ဘာဖြစ်နေတာလဲ ညှေသည်တွေ မပြန်သေးဘူး မြင်သွား ရင် လူကြီးလူကောင်း တည်တည်တံ့တံ့ ရှင့်ကို ကဲ့ရဲ့ခံနေရပါဦးမယ်"





"ဘာဖြစ်ဖြစ် ကိုယ် အဲဒါတွေ ဂရုမစိုက်တော့ဘူးကွ၊ မင်းကို တန်ဖိုးထားပြီး ချစ်ဖို့ပဲ စိတ်ကူးတော့တယ်"

"ဟင် ရှင့်မှာရှိတဲ့ အချစ်တွေအားလုံး ရှင့်မိန်းမကို ပုံပေးလိုက် ပြီးပြီဆို"

"အသစ် အခု နှလုံးသားအသစ် ခံစားမှုအသစ်နဲ့ ချစ်မြတ်နိုး လာတာ၊ အဲဒီအတွက် မင်းဆီက တောင်းဆိုစရာ ရှိတယ်"

"မေမေ ကသစ် ဒီမှာ မေမေကသစ်နာမည်နဲ့ မင်္ဂလာ ဖိတ်စာ တစ်စောင် ရောက်လာတယ်"

အသံစာစာနှင့် ယသော် သူမတို့အနား ရောက်လာပြီး

ဖိတ်စာလေးကို သူမ လက်ထဲ ထည့်သည်။

မောင်ခန့်ညားနှင့်မစန္ဒီ . . ။

ရင်ထဲမှာ လှိုက်ခနဲ တုန်ခါသွားသည်။

သူတို့ မင်္ဂလာဆောင်ဖြစ်ကြသည်ပဲ။ ခန့်ညား မာမိကြီးကို သွားပြီးတိုင်ပင်သည့် အချိန်က အစပိုင်းတွင် ခါးခါးသီးသီး ငြင်းဆန်ခဲ့ သည်။ နောက်ပိုင်း သူမ မျက်ရည်တွေနှင့် အချိန်ယူ ရှင်းပြမှ လက်ခံ နားလည်သွားခဲ့တာ ဖြစ်၏။

အဆင်ပြေပါစေ။ ပျော်ရွှင်ပါစေ။

နင်တို့ အိမ်ထောင်ရေး တစ်သက်လုံး နားလည်မှုတွေနဲ့ ခိုင်မြဲ

www.burmeseclassic.com



ပါစေ ခန့်ညားရယ်။

နှင်းဘဝ လမ်းကြောင်းမှန် တည့်မတ်ဖို့ အထီးကျန် အဖြူငြင်မံ ဘဝက လွတ်မြောက်ဖို့ နှင့်အနားမှာ ဖြည့်ဆည်းပေးဆပ် နားလည်မှုတွေနဲ့ ချစ်နိုင်တဲ့စန္ဒီနဲ့ ဆုံဖို့ ငါ့မျက်ရည်တွေကို ရင်းရကျိုးနပ်ပါရစေ ခန့်ညား ရယ်။

"ကာသစ်"

"ဟင်"

"စိတ်မကောင်း ဖြစ်နေတာလား"

"ဟင့်အင်း ဒီလိုဖြစ်အောင် ကာသစ် ဖန်တီးခဲ့တာပဲလေ၊ နောင်တမရပါဘူး၊ အဆင်ပြေပါစေလို့ ဆုတောင်းနေတာပါ"

"အဲဒါဆိုလည်း မျက်ရည်တွေ ဘာလို့ ဝဲနေတာလဲ"

"ဟင် ကြည်နူးလို့ ကျလာတာ ဖြစ်မှာပေါ့"

"ဘာပဲဖြစ်ဖြစ် အတိတ်မှာ ထားခဲ့လိုက်တော့၊ ကိုယ့်လိုပဲ အသစ်ခံစားပေးနော်"

"အင်း အဲလို အတွေးမျိုးက ရှင်နဲ့ လက်ထပ်ပြီးကတည်းက ဆုံးဖြတ်ခဲ့တာပါ၊ ကမ္ဘာမြေစံအိမ်ရဲ့ အိမ်ထောင်ရှင်မ ရာထူးကို ရတာနဲ့ ပြောင်းလဲခဲ့တာ"

"ဒါဆိုရင် ကိုယ့်ရဲ့တောင်းဆိုမှုကို မင်းလိုက်လျောမှာပေါ့"





"ဘာလဲ"

"ကိုယ် မင်းကို ချစ်တယ်လေ၊ မင်းအချစ်တွေကိုလည်း ကိုယ် လိုချင်တယ်၊ ပေးမှာလား"

သူမ အသံတိတ်နေတော့ တိုင်းကမ္ဘာက သူမ မေးဖျားလေးကို ဆွဲမော့ကာ တောက်ပ ရွှန်းစိုနေသော မျက်ဝန်းတွေကို မြတ်နိုးစွာ ကြည့်နေ၏။

"ပြောကွာ ကိုယ့်ကိုချစ်လား"

"ပြောမပြတော့ဘူး"

"ဟမ် ဘာဖြစ်လို့လဲ"

"ပြောဖို့လိုသေးလို့လား၊ ရှင့်ရင်ခွင်ထဲမှာ ကာသစ် ကျေကျေနပ် နပ် ခိုနားနေတယ်၊ ဒီမိသားစုကြီးကို မေတ္တာတွေနဲ့ စောင့်ရှောက်ဖို့ ဆုံးဖြတ်ထားတယ်၊ မလုံလောက်သေးဘူးလား၊ ရှင် လောဘမကြီးနဲ့နော်"

"ချစ်လာရင် လောဘကြီးတာပဲလေ၊ ပိုင်ဆိုင်ချင်တယ် မြတ်နိုး ချင်တယ်၊ ပေးဆပ်စွန့်လွှတ်ချင်တယ်၊ နားလည်မှုတွေ အချစ်တွေ"

"ဟိုး ဟိုး ရှင် ကြားချင်တာ တစ်ခွန်းတည်း မဟုတ်လား"

"အင်း"

တိုးသဲ့သဲ့လေး သူမ မျက်နှာနားကို ငုံ့မိုးချကာ ဝန်ခံ၏။

အကြည့်တွေမှာ ရှုံ့ညှို့သိမ်းသွင်း ဖြားယောင်းလိုသော မှတ်သိပ်



www.burmeseclassic.com

www.burmeseclassic.com



မှုတွေကြောင့် သူ့ရင်ခွင်ကျယ်ကြီးထဲမှာ မျက်နှာအပ်ကာ ပြောမပြတော့ဘူး ဆိုပေမယ့် ပြောပြလိုက်မိသလား မသိပါ။

ချစ်တယ်လို့ . . ။

အားလုံးအတွက်

နတ်သမီး

BURMESE CLASSIC



www.burmeseclassic.com